
http://www.dhammadownload.com

နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့ - တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ
# အမေးအဖြေများ
# (၆)



ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ (၆)

http://www.dhammadownload.com


နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့ - တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ပုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

## (၄)



http://www.dhammadownload.com

နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

## ထီးချိုင့်မြို့-တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (၆)

(ပထမအကြိမ်)

ဓမ္မဗျူဟာစာစဉ် (၄၁)
(ပထမအကြိမ်)

http://www.dhammadownload.com

ဓမ္မဇျုပဟာစာစဉ်(၄၁)

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် – (၄၆၆/၂၀၀၀) (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – (၄၄၉/၂၀၀၀) (၈)

ပထမအကြိမ်
၂၀၀၀–ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – (၁၀၀၀)
တန်ဖိုး – (       ) ကျပ်

မွမ်းမံပြင်ဆင်– ဦးဇေယ (လစ်သိုအတ်–ဖလင်)


မျက်နှာဖုံးပန်းချီ – မင်းနေလ

ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (မြ–၀၁၂၉၉)၊ တိုင်းလင်းစာပေ
အမှတ်–၈/၆၅၊ အုပ်စု(၃) အောင်သိဒ္ဓိလမ်း၊ အင်းစိန်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းရိုက်
ဒေါ်ခင်သန်း(၀၉၈၆)၊ နဝရတ်ပုံနှိပ်တိုက်
အမှတ်–၁၈၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။(ဖုန်း–၅၄၁၈၂၆)

ဖြန့်ချိရာဌာန
ဓမ္မဇျုပဟာသာသနမာမကအဖွဲ့
အမှတ်–၆၊ ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ (ဖုန်း–၅၄၉၃၉၇)

http://www.dhammadownload.com




ထီးချိုင့်မြို့ တည်တောဆရာတော်
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လူသားမဖူး စေတီထူး | ၁ |
| ၂။ | တိုက်တွန်းသူနှင့် ပေးလှူသူ | ၈ |
| ၃။ | ဦးဉာဏဝံသ၏အမေးလေးချက် | ၁၄ |
| ၄။ | ဗဒ္ဓသိမ် | ၂၂ |
| ၅။ | ဦးရန်လင်းအောင်အရေး | ၂၉ |
| ၆။ | ပရိယတ္တိတရား | ၃၆ |
| ၇။ | ကပ္ပဋိတိလေးပါး | ၄၀ |
| ၈။ | ဦးနေမင်း၏ အမေးသုံးပုဒ် | ၅၂ |
| ၉။ | စေတီရုပ်ပွား တည်ထားခြင်း | ၆၄ |
| ၁၀။ | တက္ကသိုလ်ဉာဏ်လင်း၏ အမေးစကား | ၇၆ |
| ၁၁။ | ဦးပန်းသာ၏အမေး | ၈၁ |
| ၁၂။ | သုပ္ပဗုဒ္ဓနှစ်ဦး | ၉၀ |
| ၁၃။ | သီလဆိုသည်မှာ | ၉၄ |
| ၁၄။ | ဒုလ္လဘရဟန်းအမေး | ၁၀၃ |
| ၁၅။ | စေတီ | ၁၀၉ |
| ၁၆။ | သစ်ကြီးလေးပင် | ၁၁၁ |
| ၁၇။ | ဦးအောင်မြင့်အမေး | ၁၁၆ |
| ၁၈။ | ဒေါ်နွယ်နွယ်၏မေးခွန်း | ၁၁၉ |
| ၁၉။ | ဦးထွန်းညွန့်အမေး | ၁၂၃ |
| ၂၀။ | မတသန္တက | ၁၂၅ |
| ၂၁။ | မယားရှိသူနှင့် ဒုလ္လဘရဟန်း | ၁၃၀ |
| ၂၂။ | အရှင်နန္ဒောဘာသအမေးများ | ၁၃၃ |
| ၂၃။ | မဇ္ဈိမတိုက် | ၁၃၈ |
| ၂၄။ | ပရိနိဗ္ဗာန်စံလွန်ပြီး ရဟန္တာထံ မေတ္တာပို့ခြင်း | ၁၄၀ |
| ၂၅။ | အရှင်ကုသလ မေးလျှောက်လွှာ | ၁၄၂ |

http://www.dhammadownload.com



# လူသားမဖူး စေတီထူး

"အရှင်ဘုရား... ဟောဒီစာက ပင်လယ်ဘူးမြို့၊ လေးထပ်ကျောင်းက ဦးပဏ္ဍာဝံသဓိနရဲ့ မေးစာ ဖြစ်ပါတယ်ဘုရား"

"ဦးပဏ္ဍာဝံသဓိနရဲ့ မေးစာကို ဖတ်စမ်းပါဦး"

"လေးစားစွာ လျှောက်ထားအပ်ပါသည်၊ တပည့်တော်အား ဦးလှမောင် အမည်ရှိသော ဒါယကာကြီးက လူသားများ မဖူးရသော စေတီထူး သုံးဆူကို မေးလျှောက်ပါသည်၊ တပည့်တော်မှာ စာသင်သားမျှဖြစ်၍ ဦးလှမောင် မေးမြန်းသော စေတီသုံးဆူကို မဖြေနိုင်ပါ၊ ထို့ကြောင့် ဦးလှမောင်၏ကိုယ်စား ဆရာတော်ဘုရားထံ မေးလျှောက်ပါသည်၊ ဓမ္မဗျူဟာစာစောင်မှတစ်ဆင့် ဖြေကြားပေးတော် မူပါဘုရား။

ဦးပဏ္ဍာဝံသဓိန
လေးထပ်ကျောင်း၊ မာန်အောင်ပရဟိတဂေဟာ
ပင်လယ်ဘူးမြို့၊ စစ်ကိုင်းတိုင်း

ယခု ဖတ်လျှောက်တာဟာ ဦးပဏ္ဍာဝံသဓိနရဲ့ မေးစာဖြစ်ပါတယ်၊ ပြန်လည် ဖြေကြားပေးတော်မူပါဦး ဘုရား"

"လူသားများ မဖူးရတဲ့ စေတီထူး ၃–ဆူဆိုတာ–

(၁) စူဠာမဏိစေတီတော်၊

(၂) ဒုဿစေတီတော်၊

(၃) မဟောသရစေတီတော်များ ဖြစ်ကြတယ်၊ ဒီနေရာမှာ သတိပြုဖို့ ပြောလိုက်ရဦးမယ်။

http://www.dhammadownload.com



စေတီဆိုတာ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ ရယ်လို့ ၄–ဆူရှိတယ်၊ စေတီလို့ဆိုလိုက်လျှင် ဓာတ်ထိုက်စေတီလို စေတီကိုပဲ မြင်တတ်တယ်၊ အမှန်ကတော့ မဟာမြတ်မုနိလို ရုပ်ပွားတော်ဟာလည်း စေတီပါပဲ၊ အခု စေတီသုံးမျိုးမှာ မဟေသရစေတီဟာ ရုပ်ပွားတော်စေတီဖြစ်တယ်။

လူသားများ ဖူးခွင့်မရတဲ့ စေတီသုံးဆူအနက် စူဠာမဏိစေတီဆိုတာ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း တည်ထားတဲ့ စေတီဖြစ်တယ်၊ စူဠာမဏိစေတီတော်ရဲ့အကြောင်းကို ဗုဒ္ဓဝင်မှာ ဒီလိုဖော်ပြတယ်။

သိဒ္ဓတ္ထမင်းသားဟာ ကဏ္ဍကမြင်းတော်ကိုစီးပြီး မောင်ဆန်နှင့်အတူ တောထွက်ခဲ့ကြရာမှာ အနော်မာမြစ် တစ်ဖက်ကမ်းကို ရောက်ခဲ့ကြတယ်၊ မြစ်တစ်ဖက်ကမ်းကို ရောက်တော့ မြင်းပေါ်ကဆင်း၊ သဲသောင်ပြင်မှာ ရပ်ကာ "အချင်း ဆန္န… သင်သည် ငါ၏ အဆင်တန်ဆာနှင့်တကွ ကဏ္ဍက မြင်းတော်ကို ယူဆောင်၍ တိုင်းတော်ပြည်တော်သို့ ပြန်လေလော့၊ ငါကား ရဟန်းပြုတော့အံ့"ဟူ၍ မိန့်တော်မူ၏။

ဆန္နအမတ်က– အရှင်မင်းမြတ် အကျွန်ုပ်လည်း ရဟန်းပြုအံ့ဟု လျှောက်သော် အလောင်းတော်က အချင်းဆန္န– သင်သည် ရဟန်းပြုခွင့် မရနိုင်၊ တိုင်းပြည်သို့ ပြန်သွားရမည်ဟု သုံးကြိမ်တိုင်တိုင် တားမြစ်၍ အဆင်တန်ဆာနှင့်တကွ မြင်းတော်ကို လွှဲအပ်တော်မူ၏၊ ထို့နောက် အလောင်းတော်သည် ငါ၏ ဤဆံပင်တို့ကား ရဟန်းတို့နှင့် မလျော်ချေ၊ ထိုဆံပင်တို့ကို ဖြတ်အံ့ဟု လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်ကာ လက်ဝဲလက်ဖြင့် မကိုဋ်နှင့်တကွသော ဆံထုံးကိုကိုင်၍ ဖြတ်ပယ်တော်မူ၏၊ ဆံတော်တို့သည် လက်နှစ်သစ်ပမာဏ အညီအမျှ ကြွင်းကျန်ရစ်ကြ၍ လက်ယာရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိ တည်ရှိကြကုန်၏၊ ထိုဆံတော်များကား အသက်ထက်ဆုံး အသစ်တစ်ဖန် မရိတ်မပယ်ရဘဲ လက်နှစ်သစ်ပမာဏသာ ရှိကုန်၏၊ မုတ်ဆိတ် ကျင်စွယ်တို့သည်လည်း ဆံတော်များကဲ့သို့ ကြည့်ရှုတင့်တယ် သပ္ပာယ်သည်၊ အနေအထားအားဖြင့် တစ်သက်ပတ်လုံး တည်ရှိကြကုန်၏။

အလောင်းတော်သည် ဆံတော်ကို ဖြတ်ပြီးသော် "ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည်ဆိုပါက ဤ ဆံတော်သည် ကောင်းကင်၌ တည်စေ

http://www.dhammadownload.com



သတည်း၊ အကယ်၍ ဘုရားမဖြစ်ပါက မြေ၌ကျစေသတည်း”ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ မကိုဋ်နှင့် တကွသော ဆံထုံးတော်သည် အထက်သို့ တစ်ယူဇနာတိုင်တိုင် တက်၍ ကောင်းကင်၌ တည်၏၊ ထိုအခါ သိကြားမင်းသည် ဆံတော်ကိုမြင်၍ ရတနာ ပန်းတောင်းဖြင့် ခံယူပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိ စေတီတော်ကို တည်ထားကိုးကွယ်လေ၏။

အခုပြောဆိုခဲ့တာက ဗုဒ္ဓဝင်ကလာတဲ့ စကားရပ်ကို ပြောဆိုခြင်းဖြစ်တယ်၊ အခုပြောဆိုခဲ့တဲ့ ဗုဒ္ဓဝင်လာ စကားထဲမှာပင် ပြဿနာ အတော်များများ ပါဝင်သကွယ့်”

“ဘယ်လို ပြဿနာတွေလဲဘုရား၊ မိန့်တော်မူပါဦး”

**အမှတ် ၁–ပြဿနာက** ဗုဒ္ဓဝင်မှာ ကဏ္ဍက အမည်ရှိတဲ့ မြင်းရဲ့နာမည်ကို ဇိနာလင်္ကာရဋီကာ ၂၃၃–မှာ ကန္ထက လို့ ဖော်ပြထားတယ်။

**အမှတ် ၂–ပြဿနာက** အလောင်းတော်ဟာ ရဟန်းဘဝနှင့် ဆံပင်နှင့် မသင့်လျော်ဘူး၊ ဆံပင်တို့ကို ဖြတ်မှတော်မယ်လို့ လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်၊ လက်ဝဲလက်ဖြင့် မကိုဋ်နှင့်တကွသော ဆံထုံး ကိုင်ပြီး ဆံပင်များကို ပယ်ဖြတ်တယ်လို့ အများက သိကြတယ်၊ ဇိနာလင်္ကာရဋီကာ ၂၃၃–ဗုဒ္ဓဝံသ အဋ္ဌကထာ ၃၃၂–မှာ (စူဠံ ဂဟေတွာ ဆိန္ဒိ)လို့ ပြထားတယ်၊ ဘုရားရှင် ပယ်တာဟာ ဆံပင်အားလုံး မဟုတ်ဘူး၊ (စူဠ)ဆိုတဲ့ ဦးစွန်းကို ပယ်တာတဲ့၊ စူဠဆိုတဲ့ ဦးစွန်းဟာ မြန်မာမှာ မရှိပါဘူး၊ ဟိန္ဒူတို့ရဲ့ဦးခေါင်းမှာ မိခင်မွေးရင်းကပါတဲ့ ဦးစွန်းကလေးကို ဆိုလိုပါတယ်၊ ဦးစွန်း စူဠကို ဌာပနာ တည်ထားတဲ့အတွက် (စူဠာမဏိ)လို့ ခေါ်တာတဲ့ကွယ်။

**အမှတ် ၃–ပြဿနာက** စူဠာမဏိစေတီ ဘယ်မှာ တည်သလဲ ဆိုတာပါပဲ၊ တာဝတိံသာဆိုတာ မြင်းမိုရ်တောင်ထိပ် မြေပြင်မှာ တည်နေတဲ့ ဘုမ္မနတ်ပြည်ဖြစ်လို့ စူဠာမဏိစေတီတော်ကို တောင်ထွတ်မြေပြင်မှာ တည်တယ်လို့ အဖြေပေးကြတယ်။

**အမှတ် ၄–ပြဿနာက** စူဠာမဏိစေတီတော်ဟာ ဘယ်လောက်ကြီးသလဲဆိုတာပဲ၊ စူဠာမဏိစေတီတော်ရဲ့ ပမာဏကိုလည်း အမျိုးမျိုးပြဆိုကြ

http://www.dhammadownload.com



တာယ်၊ ဇိနာလင်္ကာရဋီကာ ၂၃၃-မှာတော့ တိံသယောဇနိကံ စူဠာမဏိစေတိယံ ရယ်လို့ စူဠာမဏိစေတီတော်ဟာ ဉာဏ်တော်အမြင့် ယူဇနာ ၃၀-ရှိတယ်လို့ ဆိုတယ်၊ သီဟဠမူမှာတော့ တိယောဇနိကံ သုံးယူဇနာမြင့်တယ်လို့ ပြဆို ထားတယ်၊ မူချင်း မတူကြဘူးပေါ့ကွယ်၊ သို့သော်လည်း စဉ်းစား ကြည့်ဖို့ကတော့ သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်ပဲပေါ့၊ ဘယ်လို စဉ်းစားကြည့် ရမှာလဲ ဆိုတော့ ဝေဇယန္တာပြာသာဒ်ဟာ (**သတ္တယောဇနသတုဗ္ဗေဓော-** ယူဇနာ ခုနစ်ရာ အစောက်ရှိသော၊ **ဝေဇယန္တော နာမ ပါသာဒေါ-** ဝေဇယန္တာ အမည်ရှိသော ပြာသာဒ်သည်၊ **ဥဋ္ဌဟိ-** ပေါက်၏)လို့ ဓမ္မပဒအဋ္ဌကထာ မဃဝတ္ထုအဖွင့်မှာ ပြထားတော့ သိကြားနေရာ ပြာသာဒ် ယူဇနာ ၇၀၀-မြင့် တယ်ဆိုလျှင် ဘုရားရှင်ရဲ့ စူဠာမဏိစေတီတော် သုံးယူဇနာဆိုတော့ နိမ့်လွန်း တယ်၊ ဒါကြောင့် ယူဇနာ ၃၀-ဆိုတာ ဖြစ်လောက်စရာရှိတယ်လို့ ယူဆ မိတယ်။

ယခုပြောခဲ့တာက လူသားများ မဖူးရတဲ့ စေတီတော် ၃-ဆူအနက် စူဠာမဏိစေတီတော်ရဲ့ အကြောင်းပေါ့ကွယ်၊ ဒုတိယ လူသားများ ဖူးခွင့်မရတဲ့ စေတီတော်က **ဒုဿစေတီ**တဲ့ကွယ်၊ ဒုဿစေတီတော်ရဲ့အကြောင်းကို ဗုဒ္ဓဝင် မှာ ဒီလိုပြထားတယ်၊ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်ဟာ ဆံတော်ကို ပယ်ပြီးတဲ့နောက် ယခု ငါဝတ်ထားတဲ့အဝတ်တွေဟာ ရဟန်းများနှင့် မလျောက် ပတ်ဘူး၊ သူတို့ကိုလည်း ပယ်စွန့်မှ တော်မယ်လို့ ကြံစည်တော်မူသတဲ့၊ အဲဒီအခါ ကဿပဘုရားရှင်လက်ထက်တော်က မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ ဃဋိ ကာရဗြဟ္မာကြီးဟာ ကမ္ဘာဦးက နိမိတ်အဖြစ် ပေါ်ထွန်းလာတဲ့ ကြာရုံအတွင်း ကြာတစ်ပွင့်မှ ပရိက္ခရာရှစ်ပါးကို ထိန်းသိမ်းထားရာက အလောင်းတော်ထံ လာရောက် ကပ်လှူသတဲ့၊ အလောင်းတော်ဟာ ဗြဟ္မာမင်း လာရောက် ဆက်ကပ်တဲ့ ပရိက္ခရာများကို သပ္ပာယ်စွာ ဆင်မြန်းပြီး ဝတ်လဲတော်ကို မြှောက်ပစ်လိုက်သတဲ့၊ အဲဒီမြှောက်ပစ်လိုက်တဲ့ ဝတ်လဲတော်ကို ဗြဟ္မာမင်းက ဆောင်ယူပြီး၊ သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာ စေတီတည်ထားသတဲ့၊ စေတီတော်ဟာ ၁၂-ယူဇနာမြင့်တယ်လို့ ဗုဒ္ဓဝံသအဋ္ဌကထာ ၃၃၃-မှာ ဆိုတယ်။

ဒုဿစေတီတော်ကို တည်ထားတဲ့ ဃဋိကာရ ဗြဟ္မာဆိုတာ ကဿပ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်နှင့် အလွန် အကျွမ်းဝင်တဲ့ အိုးလုပ်သမား

http://www.dhammadownload.com



တစ်ဦးဖြစ်တယ်၊ ကဿပဘုရားရှင်ရဲ့ တရားတော်ကို နာယူရ၍ အနာဂါမ် တည်ပြီး ပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ အနာဂါမ်ဘဝဖြင့် ကွယ်လွန်လျှင် သုဒ္ဓါဝါသငါးဘုံ ရှိရာမှာ တစ်ဘုံဘုံကို ရောက်သတဲ့၊ ဒါကြောင့် ဃဋိကာရဗြဟ္မာကြီးဟာ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်တယ်၊ သုဒ္ဓါဝါသဘုံမှာ နေတယ်၊ သုဒ္ဓါဝါသဘုံမှာပဲ ဒုဿစေတီတော်ကို တည်တယ်၊ သုဒ္ဓါဝါသဘုံဟာ မြေကြီးပေါ်မှာ မဟုတ်ဘူး၊ ကောင်းကင်မှာ တည်တယ်၊ ဒါကြောင့် ဒုဿစေတီတော်ကိုလည်း ကောင်းကင် ပြင်မှာ တည်တယ်လို့ မှတ်သင့်တယ်၊ အထူး မှတ်စရာက သုဒ္ဓါဝါသဘုံမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်ရယ်၊ အရဟတ္တမဂ်ပုဂ္ဂိုဟ်ရယ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်ရယ် ပုဂ္ဂိုလ် သုံးမျိုးမျှသာ ရှိတယ်၊ ပုဂ္ဂိုလ်ပေါင်း ၁၂–ယောက် ရှိရာမှာ ပုထုဇဉ် ၄–ယောက်၊ မဂ် ၃–ယောက်၊ ဖိုလ် ၂–ယောက် ပေါင်း ပုဂ္ဂိုလ် ၉–ယောက်တို့ မရှိကြဘူး၊ ဒါကြောင့် ဒုဿစေတီတော်ကို လူသားမျှသာမက အခြားသော ဘုံများမှ လူရော နတ်ရော ဗြဟ္မာရော ဖူးခွင့် မရဘူးကွယ့်၊ ဒီအကြောင်းကို ပဟေဠိကဗျာတစ်ပုဒ် ရထားဖူးသကွယ့်။

"မှန်ပါ အဲဒီပဟေဠိကဗျာကို အမိန့်ရှိပါဦးဘုရား"

ဒုဿစေတီတော်ကို ဝှက်ဆိုထားတဲ့ ပဟေဠိ ကဗျာက ဒီလိုကွယ့်–

## ဒုဿစေတီဘွဲ့ ပဟေဠိကဗျာ

ပုထုဇဉ်လေးယောက်နှင့်၊ မဂ်သုံးယောက် ဖိုလ်နှစ်ဖြာ၊ ဖူးခွင့်မသာ၊
ဘွဲ့သညာ သောရာအာဒိ၊ ဘရဂ္ဂုအန္တေ၁နှင့်၊ သုံးလူ့ဆွေကိုယ်တော်စား၊
ဘယ် ဘုရားလေသိ–တဲ့ကွယ့်။

ဒီကဗျာမှာ သောရာဆိုတာက– စနေ၊ ဘရဂ္ဂုက သောကြာဖြစ်လို့ ဒုဿလို့ ဆိုလိုရင်းဖြစ်တယ်ကွယ့်။

## မဟောသရစေတီတော်

လူသားများ ဖူးခွင့်မရတဲ့ တတိယစေတီတော်က မဟောသရစေတီ တဲ့ကွယ့်၊ မဟောသရစေတီဆိုတာ မဟောသရနတ်မင်း တည်ထားတဲ့ ရုပ်ပွား တော်မို့ မဟောသရဘုရားလို့ ခေါ်ဝေါ်ခြင်းဖြစ်တယ်၊ မဟောသရဘုရား အကြောင်းကို (ဇမ္ဗူဒီပစာတမ်း)က ထုတ်နုတ် ပြောပြမယ်၊ ဇမ္ဗူဒီပစာတမ်း ဆိုတာ ၁၂၉၁–ခုနှစ်က ရန်ကုန်မြို့ သုဓမ္မဝတီစာပုံနှိပ်တိုက်က ရိုက်နှိပ်တဲ့

http://www.dhammadownload.com



မဟာဝင်ဝတ္ထုရဲ့အစမှာ တွဲရိုက်ထားတဲ့ စာတမ်းဖြစ်တယ်ကွယ့်၊ အဲဒီစာတမ်းကလာတဲ့ မဟောသရရုပ်ပွားတော်အကြောင်းကို အကျဉ်းချုပ် ပြောပြမယ်။

ဟိမဝန္တာတောင်အတွင်းမှာ မန္တာဂိရိအမည်ရှိတဲ့ တောင်မှာ မဟောသရအမည်ရှိတဲ့ တန်ခိုးကြီးသော နတ်တစ်ပါးရှိသတဲ့၊ နတ်မင်းရဲ့မိဖုရားကဥမ္မာဒေဝီလို့ ခေါ်သတဲ့၊ သားတော်ကတော့ ခန္ဓကုမာရတဲ့၊ မြန်မာများကမဟာပိန္နဲလို့ ခေါ်ကြသတဲ့၊ ခန္ဓကုမာရဟာ သူ့အဖေနှင့် ရုပ်အဆင်း အလွန်တူသတဲ့၊ ဒါကြောင့် သားနှင့်အဖေ မမှားရအောင် သိကြားမင်းက ခန္ဓရဲ့လည်ပင်းမှာ ဆည်းလည်းငယ် ဆွဲပေးထားသတဲ့၊ ခန္ဓသားတော်မှတစ်ပါးသားပေါင်းငါးရာ၊ သမီးပေါင်းငါးရာ ရှိသေးသတဲ့၊ အခါတစ်ပါး ဘုရားသခင်ဟာ ဟိမဝန္တာအရပ် နံ့သာတောကြွပြီး နေ့သန့်သတဲ့၊ ဒီအခါ မဟောသရနတ်မင်းက လာရောက်ပြီး ဘုရားရှင်နှင့် ယှဉ်ပြိုင် ကစားလိုပါတယ်လို့လျှောက်သတဲ့၊ ဒီအခါ ဘုရားသခင်က ဒီနတ်ဘီလူးဟာ တန်ခိုးကြီးသူဖြစ်တယ်၊ သာသနာတော်ကို ကြည်ညိုလာလျှင် များစွာ အကျိုးရှိလိမ့်မယ်၊ ဒါကြောင့် သူ့အလိုကို လိုက်ဦးမှလို့ "အချင်းနတ်မင်း ငါနှင့် ဘယ်လို ကစားချင်သလဲလို့" မေးသတဲ့။

မဟောသရနတ်က ရွာသူသားငယ်များကဲ့သို့ တူတူပုန်းတမ်း ကစားချင်ပါတယ်လို့ လျှောက်ထားတော့ ဘုရားရှင်က ဒါဖြင့် သင်က ဦးစွာပုန်းပါ၊ ငါက ဖော်ပါ့မယ်လို့ ပြောသတဲ့၊ ဒီလိုဆိုလျှင် အရှင်ဘုရား မျက်စိကိုပိတ်ထားပါ၊ ကျွန်ုပ် ပုန်းကွယ်ပါမည် လျှောက်ထားပြီး မဟောသရနတ်မင်းဟာသူ့ကိုယ်ကို ကွယ်ကာ မြေကြီးအတွင်း ပျောက်ကွယ်စေပြီးမှ ဖော်ပါလို့ အသံပြုလိုက်သတဲ့၊ ဘုရားသခင်က သူပုန်းနေတဲ့ မြေလွှာကိုယူ လက်ဝဲလက်ဝါးပေါ်တင်ပြီးမှ အခြားမြေလွှာများကို ယက်ချကာ အချင်း မဟောသရ ထလော့လို့ ဆိုသတဲ့၊ ဒီအခါ မဟောသရက အမှန်မှာ ရှင်ကြီးဂေါတမဟာ ငါ့ကိုမမြင်ဘဲ ရမ်းပြောတာ ဖြစ်မယ်လို့ အကြံဖြစ်ပြီး မထဘဲ နေသေးသတဲ့၊ ဒီအခါ ဘုရားရှင်က အချင်း မဟောသရ ဒီလိုမကြံနှင့်၊ ငါဟာ သင်ရဲ့ကိုယ်ခန္ဓာကိုမျှမက ဝမ်းတွင်းက အူခွေများထိအောင် မြင်တယ်လို့ မိန့်တော်မူမှ ပုန်းရာက ထပြီး-

http://www.dhammadownload.com



အရှင်ဂေါတမ အရှင်ဟာ အမှန်တကယ် တန်ခိုးကြီးပါတယ်၊ သို့သော် အရှင်ပုန်းပါဦး၊ အရှင့်ကို ကျွန်ုပ် ရှာပါဦးမယ်လို့ ပြောသတဲ့၊ မြတ်စွာဘုရားက ငါပုန်းရမည်ဆိုသော် သင်၏မျက်လုံးများကို လက်နှင့် ဖုံးအုပ်ထားပါလို့ မိန့်တော်မူပြီး ကိုယ်တော်ကို ပရမာဏုမြူမျှလောက် ဖန်ဆင်းပြီး နတ်မင်းရဲ့ မျက်စိနှစ်ဖက်ကြားမှာ ပုန်းတော်မူပြီး ကောင်းကင်က အသံပေးလိုက်သတဲ့။

မဟာသရနတ်လည်း မျက်နှာကိုဖွင့်၊ ထက်ဝန်းကျင်ကြည့်သော်လည်း ဘုရားရှင်ကို မမြင်ဘူးတဲ့၊ ဒါကြောင့် ရေမြေတောတောင် သမုဒ္ဒရာမကျန်အောင် ဘယ်လိုရှာဖွေလို့မှ မတွေ့တော့မှ၊ ဘုရားရှင်ကို ပန်းပေးရသတဲ့၊ အဲဒီအခါမှ ဘုရားရှင်က မဟာသရနတ်မင်းရဲ့ မျက်မှောင်အကြားက ဆင်းသက်တော်မူ လာသတဲ့။

ဘုရားရှင်ရဲ့ တန်ခိုးတော်များမြင်ရမှ မဟာသရနတ်မင်းဟာ ဘုရားရှင်ထံ သရဏဂုံခံယူကာ ဥပသကာလို့ မှတ်တော်မူပါလို့ လျှောက်ထားသတဲ့၊ မဟာသရနတ်မင်းဟာ ဥပသကာအဖြစ် ခံယူပြီးနောက် မြတ်စွာဘုရားဟာ လူသားဖြစ်သော်လည်း လူတို့စားသော ဆွမ်းကွမ်းနှင့် မတန်ဘူး၊ ဒါကြောင့် မန္ဒာဂီရိတောင်မှာ အမြဲ သီတင်းသုံးပါ၊ နတ်ဆွမ်းကွမ်းများကို အမြဲ ဆက်ကပ်ပါမယ်လို့လျှောက်ထားသတဲ့၊ ဘုရားသခင် အမြဲနေဖို့ ခွင့်မပေးတဲ့အတွက် ဘုရားရှင်ရဲ့ ရုပ်ပွားသဏ္ဌာန်တော်ကို ကိုးကွယ်ခွင့်ပေးတော်မူပါလို့ လျှောက်ထားသတဲ့၊ ဘုရားရှင်က အခွင့်ပေးတဲ့အခါ မန္ဒာဂီရိတောင်မှာ ရတနာခုနစ်ပါးတို့နှင့် ဆန်းကြယ်တဲ့ ကျောင်းတော်ကြီးကို ဆောက်တယ်၊ ကျောင်းတော်ကြီးအတွင်းမှာ ဂန္ဓကုဋီတိုက်ကို ဖန်ဆင်းတယ်၊ ဂန္ဓကုဋီတိုက်အတွင်းမှာ လက္ခဏာတော် ကြီးငယ်တို့ဖြင့် တင့်တယ်တဲ့ ဘုရားရှင်ရဲ့ ရုပ်တုတော်ကို ပြုလုပ်ပြီး မျောက်မင်းတစ်ကောင်ကို အခြံအရံနှင့်တကွ ကျောင်းပရိဘောဂကို ပြုပြင်ဆောင်ရွက်ဖို့ အပ်နှံထားသတဲ့။

အခု ပြောခဲ့တာက လူသားများမဖူးရတဲ့ စေတီသုံးဆူရဲ့ အကြောင်းဖြစ်တယ်၊ ဦးပဏ္ဍဝံသဇိနရဲ့ လျှောက်ထားလွှာအရ ဓမ္မဗျူဟာစာစောင်မှ ပြန်ကြားလိုက်ပါတယ်ကွယ်။

သာဓု… သာဓု… သာဓု…

http://www.dhammadownload.com



# တိုက်တွန်းသူနှင့်ပေးလှူသူ

"ဟောဒီမှာ ဆရာတော့်ဆီ စာတစ်စောင် စာတိုက်က ရောက်လာတယ်ဘုရား"

"ဘယ်ဆီက စာလဲကွယ့်"

"ဦးကလျာဏ၊ ဟဲဇင်းကျောင်း၊ တစ်ဆင့် ဦးထွန်း+ဒေါ်မိတင်၊ မြို့မရပ်၊ တမူးမြို့၊ စစ်ကိုင်းတိုင်းလို့ စာရဲ့အောက်မှာ လိပ်စာရေးထားပါတယ်ဘုရား"

"ဩော်– ဦးကလျာဏဆီက စာကိုး"

"ဦးကလျာဏကို ဆရာတော်သိသလားဘုရား"

"လူချင်းတော့ မသိပါဘူး၊ ဒါပေမယ့် အမေးစာ မကြာခဏရောက်လို့ ကျွမ်းနေတယ်၊ ဦးကလျာဏနှင့် လူချင်းမတွေ့ဖူးသော်လည်း သူ့ဆီကလာတဲ့ အမေးစာတွေ ထောက်ကြည့်တော့ စာပေ တော်တော်လိုက်စားတဲ့ ဓမ္မကထိက တစ်ပါးလို့ ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့အမေးစာတွေဟာ အလွန် ဗဟုသုတများတဲ့ ဓမ္မကထိကရဲ့ လေသံထွက်နေတယ်ကွယ့်၊ အခုစာကော ဖတ်စမ်းပါဦး၊ ဘာတွေများ မေးပြန်ပါလိမ့်"

"မှန်ပါ... တပည့်တော် ဖတ်လျှောက်ပါ့မယ်"

ဆရာတော်ဘုရား– တပည့်တော်သိလိုသော ပုစ္ဆာကို မေးလျှောက်ပါရစေ၊ ပဉ္စစတ္တာလီသပုစ္ဆာ, ဝိသဇ္ဇနာကျမ်းမှာ မင်းကွန်းတောရဆရာတော်က–

http://www.dhammadownload.com



**ပဏ္ဍိတာဉာဏ်ရှင့်က၊ တရားဖြင့်မိန့်ဆို၊ လူပေါင်းကုဋေတို့၊ အထွေထွေ လှူဒါန၊ ပြုကြကြည်ညို၊ ကုဋေကုန်လူအပေါင်းတို့၊ ရကောင်းသည့် ကုသိုလ်ကို၊ တစ်စုလို ပုံထား၊ နှိုးဆော်သည့် ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ် ကံဟုန်နှင့်၊ သည်နှစ်ပုံ ထောက်မျှော်ရှု၊ ဘယ်စုကများ–ဟု**

မင်းကွန်းတောရဆရာတော်က မေးပါသည်၊ ထို အမေးကို မန်လည် ဆရာတော်ဘုရားက–

**ပဏ္ဍိတာဉာဏ်ရှင့်က၊ တရားဖြင့်မိန့်ဆို၊ လူပေါင်းကုဋေတို့၊ အထွေထွေ လှူဒါန၊ ပြုကြကြည်ညို၊ ကုဋေကုန်လူပေါင်းတို့၊ ရကောင်းသည့် ကုသိုလ်ကို၊ တစ်စုလိုပုံထား၊ နှိုးဆော်သည့်ပုဂ္ဂိုလ်၏၊ မြတ်ကုသိုလ် ကံဟုန်နှင့်၊ သည်နှစ်ပုံ အညီဘက်ဟု၊ ကျမ်းထွက်ရှိသား။**

ဟူ၍ ဖြေဆိုပါသည်၊ အဓိပ္ပာယ်မှာ– နှိုးဆော်သောကုသိုလ်နှင့် နှိုးဆော်ခံ ကုဋေကုဋာမျှသော လူတို့၏ ဒါနကုသိုလ်နှင့်တူသည်ဟု ဆိုလိုပါသည်၊ ဤ အဖြေကို မန်လည်ဆရာတော်သည် အင်္ဂုတ္တရအဋ္ဌကထာ၊ ၁၊ ၃၇၃–ကို ကိုးကားဖြေဆိုထားခြင်းဖြစ်ပါသည်၊ သို့သော် ဓမ္မပဒ ဋ္ဌ–ဒု–၁၁–၅သော်ကား

“ဉပသကာ ဣဓေကစ္စော(လ)သော နိဗ္ဗတ္တိ နိဗ္ဗတ္တ ဋ္ဌာနေ၊ ဘောဂ သမ္ပဒဉ္စေဝ လဘတိ၊ ပရိဝါရသမ္ပာဒဥ္စာတိ”ဟု ဖွင့်ပြထားသည်၊ ဓမ္မပဒ အဋ္ဌကထာ ၏ ဆိုလိုချက်ကို ရှေးဆရာများ လင်္ကာရေးထားခဲ့ကြပါသည်။

၁။ ကိုယ်ကသာလှူ၊ သူများမှူ၊ မလှူစေခဲ့ပါ၊
စည်းစိမ်သာများ၊ ခြွေရံရှား၊ တစ်ပါးကျိုးပေးမှာ။

၂။ ကိုယ်ကမလှူ၊ သူများမှူ၊ ပေးလှူစေခဲ့ပါ၊
ခြွေရံသာများ၊ စည်းစိမ်ရှား၊ တစ်ပါးကိုပေးရှာ။

၃။ ကိုယ်လည်းမလှူ၊ သူများမှူ၊ မလှူစေခဲ့ပါ၊
စည်းစိမ်လည်းပါး၊ ခြွေရံရှား၊ ဆိုးဝါးကျိုးပေးမှာ။

၄။ ကိုယ်ကလည်းလှူ၊ သူများမှူ၊ ပေးလှူစေခဲ့ပါ၊
စည်းစိမ်လည်းပွား၊ ခြွေရံများ၊ ထင်ရှားကျိုးပေးမှာ။

ဤဓမ္မလင်္ကာနှင့် ပဥ္စစတ္တာလီသ အဖြေတို့သည် မတူညီသကဲ့သို့ တွေ့ရပါသည်၊ မည်ကဲ့သို့ မှတ်ယူသင့်သည်ကို အဖြေရေးသား ပေးသနား

http://www.dhammadownload.com



တော်မူပါရန် ကြည်ညိုလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရားတဲ့။

ယခုလျှောက်ထားတဲ့စာဟာ ဟဲဗင်းဦးကလျာဏ ထံက မေးလျှောက်စာ ဖြစ်ပါတယ်၊ အဖြေစကား မိန့်ကြားတော်မူပါဘုရား။

ကျမ်းနှစ်ကျမ်းလာ စကားနှစ်ရပ်ကို ယှဉ်ကြည့်လိုက်တော့ မတူသလိုလို ဖြစ်နေတယ်၊ အမှန်ကတော့ အဓိပ္ပာယ်ချင်း အတူတူပါပဲကွယ်။

"ဘယ်လို တူတာလဲဘုရား၊ အမိန့်ရှိပါဦး"

"ကုသိုလ်ဖြစ်တဲ့ အကြောင်းတရားကို ပုညကြိယဝတ္ထုလို့ ခေါ်တယ်၊ **ပုည**ဆိုတာက ကုသိုလ်၊ **ကြိယ**က ပြုတာ ဖြစ်တာ၊ **ဝတ္ထု**က အကြောင်း၊ ပုဒ် ၃-ခုစပ်လိုက်တော့ ကုသိုလ်ပြုခြင်း ဖြစ်ခြင်းရဲ့အကြောင်းလို့ ဆိုလိုတယ်၊ အဲဒီ ပုညကြိယဝတ္ထုဆိုတဲ့ ကုသိုလ်ဖြစ်တဲ့ အကြောင်းဟာ ၁၀-ပါးရှိတယ်၊ ဆယ်ပါးဆိုတာက ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ရယ်လို့ ပေါင်း ၁၀-ပါးရှိတယ်။

ပေးကမ်းစွန့်ကြဲခြင်းက **ဒါန**၊ ၅-ပါး, ၈-ပါး, ၁၀-ပါးစသော သီလ စောင့်ထိန်းတာက **သီလ**၊ ကမ္မဋ္ဌာန်း စီးဖြန်းတာက **ဘာဝနာ**၊ ကုသိုလ် နှင့်ပတ်သက်တဲ့ အမှုကိစ္စ ဆောင်ရွက်တာက **ဝေယျာဝစ္စ**၊ မိမိရတဲ့ ကုသိုလ်ကို အမျှပေးဝေတာက **ပတ္တိဒါန**၊ သူတစ်ပါး ပေးဝေတဲ့ ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်တာက **ပတ္တာနုမောဒန**၊ ကောင်းမြတ်တဲ့တရားကို နာယူတာက **ဓမ္မဿဝန**၊ ကောင်းမြတ်တဲ့တရားကို ဟောပြောတာက **ဓမ္မဒေသနာ**၊ အယူကို ဖြောင့်မတ်စွာ ယူတာက **ဒိဋ္ဌိဇုကမ္မ** လို့ ခေါ်တယ်။

ဗုဒ္ဓဘာသာဝင်များဟာ မိမိရဲ့စိတ် အကုသိုလ် ဖြစ်လျှင် မကောင်းဘူး၊ ကုသိုလ်ဖြစ်လျှင် ကောင်းတယ်လို့ ယူဆသူတွေချည်းဖြစ်တယ်၊ သို့သော်လည်း ကုသိုလ်ဆိုတာဟာ နေရင်းထိုင်ရင်း မိမိဆီကို လာဖြစ်တာ မဟုတ်ဘူး၊ ဒီ အကြောင်း ဆယ်ပါးရှိမှ လာဖြစ်သတဲ့ကွယ့်၊ ဒါကြောင့် ပုညကြိယဝတ္ထု လို့ခေါ်သတဲ့၊ ပုညကြိယဝတ္ထုဟာ တစ်ခုစီပြားလိုက်တော့ ၁၀-ပါးရှိသော် လည်း တူရာတူရာ ပေါင်းလိုက်တော့ ဒါန,သီလ,ဘာဝနာအတွင်း ဝင်ရောက် သွားကြတယ်၊ ဝင်ရောက်ပုံက ဒါန,သီလ, ဘာဝနာ ၃-ပါးကို အစဉ်ချထား၊

http://www.dhammadownload.com



အစဖြစ်တဲ့ အပစာယနနှင့် ဝေယျာဝစ္စ ၂-ပါးက သီလမျိုးဖြစ်လို့ သီလအတွင်းကို ဝင်သွားတယ်၊ အလယ်ဖြစ်တဲ့ ပတ္တိဒါန ပတ္တာနုမောဒန နှစ်ပါးက ဒါနမျိုးဖြစ်လို့ ဒါနအတွင်း ဝင်သွားတယ်၊ ဓမ္မဿဝနနှင့် ဓမ္မဒေသနာက ဘာဝနာမျိုးဖြစ်၍ ဘာဝနာအတွင်း ဝင်သွားတယ်၊ နောက်ဆုံး ဒိဋ္ဌိဇုကမ္မ အယူဖြောင့်မတ်မှုက ဒါနပြုတယ်ဆိုတာလည်း အယူဖြောင့်မတ်မှ ပြုနိုင်တယ်၊ သီလစောင့်ရှောက်တာဟာလည်း အယူဖြောင့်မတ်မှ စောင့်ရှောက်နိုင်တယ်၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာလည်း အယူဖြောင့်မတ်မှ စီးဖြန်းနိုင်တယ်၊ ဒါကြောင့် ဒိဋ္ဌိဇုကမ္မ ကို ဒါန,သီလ,ဘာဝနာ ၃-ပါးအတွင်း ထည့်သွင်းရတယ်၊ ဒီလို အကျဉ်းချုံးလိုက်လျှင် ပုညကြိယဝတ္ထုဟာ ၃-ပါးတည်းသာ ရှိတယ်၊ သုံးမျိုးတည်း ရှိတဲ့အတွက် ဒါနကြောင့် ဖြစ်ပေါ်လာတဲ့ ကုသိုလ်ကို ဒါနကုသိုလ်၊ သီလကြောင့် ဖြစ်ပေါ်လာတဲ့ကုသိုလ်ကို သီလကုသိုလ်၊ ဘာဝနာကြောင့် ဖြစ်ပေါ်လာတဲ့ကုသိုလ်ကို ဘာဝနာကုသိုလ်လို့ ခေါ်ကြရတယ်၊ ဒီနေရာမှာ ကုသိုလ်ဆိုတဲ့စကားကို ပြန်ရှင်းကြည့်ကြစို့။

ကုသိုလ်ဆိုတာ ကုသလပုဒ်က ဖြစ်တာကိုးကွယ့်၊ ကုသလပုဒ်ကို ဝိဂြိုဟ်ဆရာက **(ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာနိ)** လို့ ဖွင့်ပြကြတယ်၊ အနက်ကတော့-

**ကုစ္ဆိတေ**- စက်ဆုပ်အပ်ကုန်သော၊ **ပါပဓမ္မေ**- အကုသိုလ်တရားတို့ကို၊ **သလယန္တိ ကမ္ပေန္တိ**- ပြင်းထန်စွာ တုန်လှုပ်စေတတ်ကုန်၏၊ **သလယန္တိ ဝိဒ္ဓံသေန္တိ**- ဖျက်ဆီးတတ်ကုန်၏၊ **ဣတိ တသ္မာ**- ထို့ကြောင့်၊ **ကုသလာနိ**- ကုသိုလ်တို့ မည်ကုန်၏တဲ့ကွယ်။

ဒီ ဝိဂြိုဟ်အရဆိုခဲ့လျှင် ကုသလဆိုတဲ့ပုဒ်ဟာ **ကုပုဒ်နှင့် သလပုဒ်** တွဲထားတာ ဖြစ်တယ်၊ **ကုပုဒ်က** ကုစ္ဆိတ- စက်ဆုပ်ဖွယ်အနက်ကို ဟောတယ်၊ **သလ** ပုဒ်က သာမန်တုန်လှုပ်ခြင်း စလအနက်၊ ပြင်းစွာတုန် လှုပ်ခြင်း ကမ္ပအနက်၊ ဖျက်ဆီးပစ်ခြင်း ဝိဒ္ဓံသနအနက်တို့ကို ဟောတယ်၊ အဲဒီအနက် ၃-ပါးအရ-

၁။ ပထမကုသလက စက်ဆုပ်ဖွယ် မကောင်းမှုတွေကို သာမန် တုန်လှုပ်စေသတဲ့၊ အဲဒီအနက်အရ ကာမာဝစရကုသိုလ်စိတ်ကို အရကောက်တယ်။

http://www.dhammadownload.com



၂။ ဒုတိယကုသလက စက်ဆုပ်ဖွယ် မကောင်းမှုတွေကို ပြင်းထန်စွာ တုန်လှုပ်စေသတဲ့၊ အရကောက်တော့ မဟဂ္ဂုတ်ကုသိုလ်ကို အရ ကောက်တယ်။

၃။ တတိယကုသလက စက်ဆုပ်ဖွယ် မကောင်းမှုတွေကို အမြစ်ပြတ်အောင် ဖျက်ဆီးပစ်သတဲ့၊ အရကောက်တော့ မဂ်ကုသိုလ် ၄-ပါးကို အရ ကောက်တယ်။

ဒီနေရာမှာ ပုညကြိယဝတ္ထုကြောင့် ဖြစ်ပေါ်လာတဲ့ ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ် လောကုတ္တရာ မဂ်ကုသိုလ်၊ သည် ၃-ပါးကို သတိပြုရမယ်၊ ပုညကြိယဝတ္ထု ၃-ပါးကို အားထုတ်ခဲ့လျှင် မိမိသန္တာန်မှာ ကုသိုလ်ဖြစ်မယ်၊ ကုသိုလ် ၃-ပါးမှာ ကာမာဝစရကုသိုလ်က ဦးစွာဖြစ်မယ်၊ ဒါန, သီလ, ဘာဝနာ, အပစာယနစတဲ့ ပုညကြိယဝတ္ထုကို ပြုတိုင်း မိမိသန္တာန်မှာ ကာမာ ဝစရ ကုသိုလ်စိတ်တွေဖြစ်တယ်၊ အဲဒီ ကာမာဝစရကုသိုလ်စိတ်ဟာ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်စသော အားဖြင့် ၈-ပါးရှိတယ်၊ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ် စသောအားဖြင့် အမည်သာ ပြားနေတယ်၊ အဲဒီရှစ်ပါးလုံးဟာ ကုသိုလ်ချည်းပါပဲ၊ အခု ဦးကလျာဏရဲ့အမေးကို ဖြေကြစို့ရဲ့။

ပဏ္ဍိတ ပညာရှိတဲ့ပုဂ္ဂိုလ်က အလှူပေးကြဖို့ ဟောပြော တိုက်တွန်းတယ်၊ အဲဒီလို တိုက်တွန်းတဲ့အတွက်ကြောင့် သူ့မှာ ကုသိုလ်ရသွားပြီ၊ ဘာကုသိုလ် တွေရသလဲဆိုတော့ (ကာမာဝစရ)ကုသိုလ်တွေ ရတာပေါ့။

ပဏ္ဍိတက ဟောပြောတိုက်တွန်းလို့ တရားနာ ပုဂ္ဂိုလ်တွေက ဒါန ပြုကြတယ်၊ ဒါနကိုမှီပြီး ဒါနကုသိုလ် တွေ ရသွားကြပြီ၊ ဒါနကုသိုလ်ဆိုတာ ကော ဘာလဲလို့ မေးခဲ့လျှင် (ကာမာဝစရကုသိုလ်ပဲပေါ့။)

ဒါနပြုသူ ရတာကလည်း ကာမာဝစရကုသိုလ်၊ ဟောပြောသူ ရတာ ကလည်း ကာမာဝစရကုသိုလ်၊ ကုသိုလ်နေရာကျတော့ ကုသိုလ်ချင်းဟာ အတူတူပါပဲ၊ ပညတ်နယ်မှာသာ ဒါန, သီလ, ဘာဝနာ ကွဲပြားသော်လည်း ပရမတ်နယ်ကို ရောက်တော့ ကုသိုလ်ချင်း အတူတူပါပဲ၊ ဒါကြောင့် အလှူ ပေးသူများရဲ့ ကုသိုလ်နှင့် ဟောပြောသူရဲ့ကုသိုလ် ဘာမျှ ထူးခြားမှုမရှိတဲ့ အတွက် နှိုးဆော်သည့်ပုဂ္ဂိုလ်၏ မြတ်ကုသိုလ်ကံဟုန်နှင့် သည်နှစ်ပုံ အညီ


http://www.dhammadownload.com



ဘက်ဟု ကျမ်းထွက်ရှိသားလို့ ဖြေဆိုခြင်း ဖြစ်တယ်၊ ဒီစကားရပ်ဟာ ပရမတ်ဘက်က စကားရပ် ဖြစ်တယ်။

ဓမ္မပဒအဋ္ဌကထာ၊ ၃၊ ၁၁၊ ဗိဠာလပါဒကသေဋ္ဌိဝတ္ထုမှာ ဘုရားရှင် အနုမောဒနာပြုတော်မူတဲ့ ကိုယ်တိုင် အလှူပေးတယ်၊ သူတစ်ပါးကို မတိုက်တွန်းဘူး၊ ထို သူဟာ ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝမှာ စည်းစိမ်ဥစ္စာ ရှိတယ်၊ အစရှိတဲ့စကားက ပညတ်ကို ရည်ရွယ်ပြီး ဟောတာဖြစ်တယ်၊ ဒါကြောင့် အင်္ဂုတ္တရအဋ္ဌကထာ၊၁၊ ၃၇၃–လာ စကားနှင့် ဓမ္မပဒအဋ္ဌကထာလာ စကားဟာ အမှတ်မဲ့ဆိုလျှင် မတူသလိုလို ရှိသော်လည်း အဓိပ္ပာယ်မှာတော့ အတူတူပါပဲလို့ အဖြေပေးလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...



http://www.dhammadownload.com



# ဦးဉာဏဝံသ၏ အမေး ၄-ချက်

“ဟောဒီစာက စလင်း ဦးဉာဏဝံသထံက အမေးလွှာပါဘုရား”

“ဦးဉာဏဝံသက ဘာတွေ မေးထားတာလဲကွယ့်”

“ဦးဉာဏဝံသ ပေးစာကို တပည့်တော်ဖတ် လျှောက်ပါမယ်ဘုရား၊ ဆရာတော်ဘုရား-

၁။ ဘုရား အနေကဇာတင်ရာ အချို့က နံနက်ဆို၍ အချို့က ဘယ်အချိန် တင်တင် ရသည်ဟု ဆိုကြပါသည်၊ ဘယ်ဟာက သင့်ပါသလဲ။

၂။ ရဟန်းခံရာတွင် ပါရာဇိက ကျပြီးသောပုဂ္ဂိုလ်၊ သံဃာဒိသိသ် အာပတ် သင့်သောပုဂ္ဂိုလ်များ ကမ္မဝါစာ ဖတ်လျှင် ရဟန်းလောင်း ရဟန်း ဖြစ်,မဖြစ်။

၃။ အသက်မစေ့သူ ရဟန်းခံထား၏၊ ထိုသူ ကမ္မဝါဖတ်သော် ကံ အောင်, မအောင်၊

၄။ အဂ္ဂိရတ်ပညာကို ရဟန်းတော်များ လိုက်စားသင့်၊ မလိုက်စားသင့်၊ အထက်ပါပြဿနာ လေးရပ်ကို ဖြေရှင်း ဆုံးဖြတ်ပေးတော်မူပါဘုရား။

(ဦးဉာဏဝံသ-စလင်း)

“အခု ဖတ်လျှောက်တဲ့စာဟာ စလင်းမြို့က ဦးဉာဏဝံသရဲ့အမေးစာ ဖြစ်ပါတယ်ဘုရား၊ အဖြေ စကား မိန့်ကြားတော်မူပါဦး”

http://www.dhammadownload.com



## အနေကဇာတင်

အနေကဇာတင်ဂါထာကို ဗုဒ္ဓရှင်တော်ဘုရားဟာ ဗောဓိပင်အောက် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဆိုတဲ့ ဉာဏ်တော် ၃-ပါးကို ရပြီးတဲ့အခါ ဘုရားရှင်ဟာ ငါဟာ သံသရာဝဋ်က လွတ်မြောက်ပြီ၊ ဘုရားအဖြစ်သို့ ရောက်ပြီ၊ ငါဟာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို တရားဟောပြီး ချွတ်နိုင်စွမ်း ရှိပြီလို့ စဉ်းစားတဲ့အခါ လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရား ဖြစ်ပွားလာသတဲ့၊ အဲဒီလို နှစ်သက်ဝမ်းမြောက်ခြင်းပီတိကြောင့် ဥဒါန်းကျူးရင့်ခြင်း ဖြစ်တယ်၊ အဲဒီ ကျူးရင့်တဲ့ ဥဒါန်းဂါထာကို အနေကဇာတင်ဂါထာလို့ ခေါ်ကြတာကိုး၊ အနေကဇာတင်ဂါထာလို့ ခေါ်ရတာက ဂါထာရဲ့အစမှာ အနေကဇာတိသံသာရံလို့ ပါတဲ့အတွက် အနေကဇာတင်ဂါထာလို့ ခေါ်ခြင်းဖြစ်တယ်၊ ဒီ အနေကဇာတင်ဂါထာကို ဘယ်အချိန်ရွတ်ဆိုတာလဲဆိုတော့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် စန်းနှင့် ဝိသာခါအကြံ့မှာ ဘုရားအဖြစ်ရောက်ပြီး ရွတ်ဆိုတာတဲ့ကွယ်။

အရုဏ်တက်ချိန်မှာ ရွတ်ဆိုတဲ့ဂါထာ ဖြစ်လို့ ဘုရားရှင်ကို အတုယူပြီး ရွတ်ဆိုကြတဲ့ ပုဂ္ဂိုလ်များလည်း နံနက် အရုဏ်တက်အချိန်မှာ အနေကဇာတင်ကြတာ များပါတယ်၊ သို့သော်လည်း အနေကဇာတင်တယ် ဆိုတာဟာ ကံဆောင်တာ မဟုတ်ပါဘူး၊ ကုသိုလ်တရား ဖြစ်ပွားအောင် လုပ်ကြတာကိုး။

နံနက်မဟုတ်၊ နေ့လယ်တင်သည်ဖြစ်စေ၊ ညနေမှ တင်သည်ပင်ဖြစ်စေ ကံပျက်ဖွယ်မရှိလို့ ဘယ်အချိန်မှာ တင်သည်ပင်ဖြစ်စေ မအပ်ဖူးလို့ မရှိပါဘူး၊ အချိန်လွဲတဲ့အတွက် အနေကဇာတင်တဲ့ ရဟန်းများမှာ အာပတ် မသင့်ဘူး၊ အပြစ်မရှိပါဘူး၊ ဒါကြောင့် ဘယ်အချိန်မှာပဲ တင်တင်၊ အားလုံး သင့်တင့်လျောက်ပတ်ပါတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်။

## ကံ အောင်,မအောင်အဖြေ

ဒုတိယအမေးနှင့် တတိယအမေး ပါရာဇိကကျ ပြီးသောရဟန်း၊ အသက်မစေ့မီ ရဟန်းဖြစ်သောပုဂ္ဂိုလ်များ ကမ္မဝါစာဖတ်လျှင် ပြုလုပ်တဲ့ကံ အောင်,မအောင်၊ ပြဿနာပေါ့ ဟုတ်လား။

http://www.dhammadownload.com



"ဟုတ်မှန်ကြောင်းပါဘုရား"

ဒီအမေးပြဿနာနှင့် ပတ်သက်ပြီး မန်လည်ဆရာတော်ဘုရားက မေးတဲ့အတွက် မင်းကွန်း ဥဒုမ္ဗရချောင်တောရဆရာတော်ကြီး ဖြေဆိုတော်မူတဲ့ (သတပဒိက ပုစ္ဆာ၊ ဝိသဇ္ဇနာကျမ်း) သောဠသပုစ္ဆာ၊ ဝိသဇ္ဇနာကဗျာနှစ်ပုဒ်ကို ထုတ်ပြဦးမယ်။

## သောဠသပုစ္ဆာ

ကမ္ဗဝါရွတ်မှု၌၊ ဘိက္ခုမှုပြည့်စုံ၊ ဆိုပုံကလွန်များ၊
လူဖြစ်သူ၊ မှန်မှန်ရွတ်က၊ ကံချွတ်မည်လား။

## သောဠသဝိသဇ္ဇနာ

ကမ္ဗဝါရွတ်မှု၌၊ ဘိက္ခုမှုပြည့်စုံ၊ ဆိုပုံကလွန်များ၊ လူ့အသွင်၊ သမဏသညာကြဉ်လို့၊ ထိုသူလျှင် မှန်အောင်ရွတ်သော်လည်း၊ ကံချွတ်လောက်သား။

ဒီအမေးအဖြေမှာ အမေးကား ကမ္ဗဝါဖတ်ရာမှာ ရဟန်းဖတ်မှ ပြည့်စုံတယ်လို့ အပြောများပါသတဲ့၊ အကယ်၍ လူဖြစ်သူ ကမ္ဗဝါဖတ်လျှင် ကံပျက်မည်လားလို့ မေးတယ်။

အဖြေက သမဏသညာမရှိတဲ့ လူဖြစ်ခဲ့လျှင် ကမ္ဗဝါစာကို ဌာန်၊ ကရိုဏ်း၊ ပယတ် ဘယ်လိုပင် ပီသအောင် ရွတ်သော်လည်း ကံပျက်ပါလိမ့်မယ်လို့ ဖြေထားတယ်၊ ဒီအဖြေစကားရပ်မှာ သမဏသညာဆိုတာ ဘာကို ခေါ်တာလဲလို့ သိဖို့လိုတယ်။

**သမဏသညာ**ဆိုတာ သိက္ခာမရှိဘဲ သင်္ကန်းဝတ်ထားသူ ဖြစ်တယ်၊ သူ့ကို ဘာကြောင့် သမဏသညာ ခေါ်တာလဲဆိုတော့ အဲဒီပုဂ္ဂိုလ်ဟာ သင်္ကန်းပင် ဝတ်သော်လည်း ပါရာဇိကကျပြီးသား ဖြစ်ချင်ဖြစ်မယ်၊ အသက်မစေ့ဘဲ ရဟန်းခံသူ ဖြစ်ချင်ဖြစ်မယ်၊ သို့မဟုတ် ရဟန်း ယောင်ဆောင်ထားသူ ဖြစ်ချင်ဖြစ်မယ်၊ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်ဟာ ရဟန်းအစစ် မဟုတ်ဘူး၊ သို့သော် သူဟာ ရဟန်းအစစ် မဟုတ်ပါဘူးလို့ ဝန်ခံထားခြင်း မရှိဘူး၊ အများက သူ့ကို ရဟန်းစစ်လို့ ထင်ကြတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သမဏသညာပုဂ္ဂိုလ်ပဲ၊ လောကစကားအရဆိုလျှင် ရဟန်းမဟုတ်လျှင် လူပဲပေါ့၊

http://www.dhammadownload.com



ဒါပေမယ့် အဲဒီလူဟာ သူ့ကိုယ်သူ လူလို့ ဝန်မခံဘူး၊ ရဟန်းအသွင်နှင့် ရဟန်းတွေနှင့် ရောနှောနေတယ်၊ ပစ္စယသမ္ဘောဂ– အတူ စားနေတယ်၊ ဓမ္မသမ္ဘောဂ– အတူ ကံကြီးကံငယ် ပြုနေတယ်၊ သူဟာ ရဟန်း မဟုတ်ဘူး၊ ရဟန်းတု ရဟန်းယောင်ပဲလို့ ဘယ်သူမှ မသိဘူး၊ အဲဒီ ရဟန်းတု ရဟန်း ယောင် ကမ္မဝါဖတ်လျှင် ကံအောင်သတဲ့၊ ကံ အောင်တဲ့အတွက် ရဟန်းလောင်း ရဟန်းဖြစ်သတဲ့၊ ဒီ ပုဂ္ဂိုလ်ဟာ ရဟန်းမဟုတ်ဘူးလို့ အများက သိခဲ့လျှင် ထိုသူကမ္မဝါ ဖတ်တဲ့ကံဟာ မအောင်ဘူး၊ ပကတိသော လူသား ဖတ်လျှင်လည်း မအောင်ဘူး။

ဒီအကြောင်းကို အဖြေဆရာတော်က တတြိဒံ ယုတ္တိ,စသော ဝဇိရဗုဒ္ဓိ ဋီကာကို ကိုးကားပြီး ပြဆိုထားတယ်၊ ဋီကာရဲ့အဓိပ္ပာယ်က ဒီလိုတဲ့ကွယ့်”

“မိန့်တော်မူပါဘုရား”

ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား ယုတ္တိ (နှိုင်းယှဉ်ခြင်း)တည်း၊ ရဟန်းဖြစ်ဖူးသော ပုဂ္ဂိုလ်သည် အကယ်၍ ကမ္မဝါစာကိုဖတ်အံ့၊ ရဟန်းတော်များကလည်း ကမ္မဝါစာဖတ်နေသူကား ရဟန်းဟူ၍ အမှတ်ရှိကြအံ့၊ ဤသို့ အမှတ်ရှိသော် ပြုသောကံသည် အောင်မြင်၏၊ ထိုသို့ မဟုတ်ပါက ကံ မအောင်မြင်ပါ၊ ဤသည်ကား ငါကျမ်းပြုဆရာ၏ အလိုတည်း။

လူသားဖြစ်စေ၊ တိတ္ထိဖြစ်စေ၊ ပဏ္ဍုက်ဖြစ်စေ၊ လူသာမဏေအဖြစ်ဖြင့် ကမ္မဝါစာကို ဖတ်ကြအံ့၊ သံဃာ ကမ္မဝါစာကို မဖတ်ခြင်း ထင်ရှား၏၊ **သံဃော ဥပသမ္ပာဒေယျ၊ သံဃော ဥပသမ္ပာဒေတိ**ဟု ဘုရားရှင် ဟောတော်မူသောကြောင့် သံဃာ၌ အကျုံးဝင်သောရဟန်း သို့မဟုတ် သံဃာဟု မှတ်အပ်သောရဟန်း ရွတ်ဖတ်သော ကမ္မဝါသည် သံဃာတော်ရွတ်ဖတ်သည် မည်၏၊ ဤကား အလုံးစုံသော ကံတို့အတွက် သဘာဝယုတ္တိအားဖြင့် နှိုင်းယှဉ်ပြခြင်းတည်းတဲ့။

ဒီအမေးအဖြေကို ထောက်ချင့်ကြည့်ခဲ့လျှင် ပါရာဇိက ကျပြီးသောရဟန်း၊ ပါရာဇိကပင် မကျသော်လည်း မူလကံဆောင်စဉ်က ချွတ်ချော်ကံပျက်ပါလျက် ကံပျက်မှန်း မသိတဲ့ရဟန်း၊ အသက်မစေ့သေးဘဲ စေ့သည်ထင်ပြီး ကံဆောင် ခဲ့တဲ့ရဟန်း၊ ဤရဟန်းအားလုံး သမဏသညာများ ဖြစ်ကြတဲ့အတွက် အများက

http://www.dhammadownload.com



ကမ္မဝါဖတ်တဲ့ပုဂ္ဂိုလ်ဟာ ရဟန်းတော်ပဲလို့ ထင်မြင်ခဲ့လျှင် ရဟန်းလောင်းများ ရဟန်းဖြစ်ကြောင်း ပြန်ကြားလိုက်ပါတယ်။

## (အင်္ဂလိပ်ပညာ)

"နောက်ဆုံးအမေးက အင်္ဂရိတ်ပညာကို ရဟန်းတော်များ လိုက်စား သင့်သလား၊ မလိုက်စားသင့်ဘူးလားတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်္ဂရိတ်ဆိုတာ ဖိုထိုးတဲ့ပညာ၊ မီးကစားတဲ့ ပညာပေါ့ကွယ်၊ ဒီပညာ ဟာ ဘယ်ခေတ် ဘယ်အခါက မြန်မာနိုင်ငံအတွင်း တိုးဝင်လာတယ် မသိ ဘူး၊ အိန္ဒိယနိုင်ငံ သီရိဓမ္မာသောကမင်းလက်ထက် သာသနာတော် ၃၀၀–နှစ် လောက်မှာ သီရိဓမ္မာသောကမင်းကြီးက ဗုဒ္ဓဘာသာကို အားပေးတော့ ဗုဒ္ဓ ဘာသာဝင် ရဟန်းတော်များ အလွန် လာဘ်လာဘ ပေါများခဲ့တယ်၊ အဲဒီ ခေတ်မှာ ဘုရင်ရဲ့အားပေးခြင်းကို မခံရတဲ့ တန္တရ၊ မန္တရ အတတ်ပညာရှင် တိတ္ထိတွေဟာ လာဘ်လာဘအတွက်ကြောင့် သာသနာတော်အတွင်း လိုမ့်ဝင် လာကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ ဖိုထိုး၊ ဆေးကု၊ ဇေဒင်ဟော၊ ဓာတ်ရိုက်၊ ဓာတ်ဆင် နတ်သွင်းစတဲ့ လောကီ တိရစ္ဆာနအတတ်တွေဟာ သူတို့နှင့်အတူ သာသနာတော်အတွင်း ဝင်ရောက်လာကြတယ်၊ နောင်အခါ ဝင်ရောက်လာ ကြတဲ့ တိတ္ထိများရဲ့ အယူဝါဒကို စစ်ဆေးပြီး ဗုဒ္ဓရဲ့အယူ မဟုတ်တဲ့ အချို့ သော ရဟန်းတော်များကို သာသနာတော်က အဝတ်ဖြူလဲပြီး နှင်ထုတ်လိုက် သော်လည်း သူတို့ရဲ့ တိရစ္ဆာနအတတ်တွေဟာ သာသနာတော်အတွင်းမှာ ယနေ့အထိ တင်ကျန်နေရစ်တယ်။

အင်္ဂရိတ်အတတ်ဟာလည်း အဲဒီတုန်းက အတတ်တစ်ခုလို့ ထင်တယ် ကွယ့်၊ ဒီ ဇေဒင်အတတ်၊ အင်္ဂရိတ်အတတ်တွေဟာ မင်္ဂဖိုလ်မှ ဗီလာဖြစ်လို့ (တိရစ္ဆာနအတတ်)ဆိုသော်လည်း ပေါ့ပေါ့အတတ်တွေ မဟုတ်ဘူး၊ အလွန် ခက်ခဲ နက်နဲတဲ့ အတတ်တွေဖြစ်တယ်၊ အင်္ဂရိတ်ပညာဟာ ဘယ်လောက် ခက်ခဲတယ် နက်နဲတယ် ဆိုတာကို မန်လည်ဆရာတော်ဘုရားက မဃဒေဝ လင်္ကာသစ် ပုဒ်ရေ ၂၅၉–မှာ ဒီလို ရေးထားခဲ့တယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

http://www.dhammadownload.com



**ရှေးကပုညာ၊ ကြီးလှထူးဘိ၊ ရှိသူတို့သာ၊ ပြီးနိုင်ရာသား၊ မဟာဂန္ဓာရ၊ ဖြပ္ပစာရီ၊ ဗေရာဂီနှင့်၊ လောကီမုနိ၊ ကဝိကဝေ၊ တိပိဋကနေတို့၊ ထားပေခဲ့ပြား၊ ပြဒါးသံသတ်၊ အင်္ဂါရတ်ဟု၊ အတတ်သိမ်မွေ့၊ လွန်ကောက်ကွေ့သား၊ ခြသေ့ထီးဆောင်း၊ အပေါင်းဝင်ရာ၊ ဥသာ စိန်ပန်း၊ ဒန်းလှကိုရှာ၊ နံ့သင့်ရာနှစ်၊ အကွရာလေးခု၊ ကြိုဟ်ပေါင်းစုဖြင့်၊ စတုပညာ၊ သချ်ာအရ၊ သြသစမျိုး၊ ဆေးရိုးအချုပ်၊ အလုဝ်အချိန်၊ ဆတ္တိုကြွင်း၊ နဝင်းနက္ခတ်၊ လေးပါးဓာတ်က၊ ပါဒ်တစ်ရာ့ရှစ်၊ တွက်စစ်ဓာတ်ပေါင်း၊** စသည်ဖြင့် ရေးသားတော်မူခဲ့တယ်။

အင်္ဂါရတ်အတတ်ဟာ ရှေးက ကောင်းမှုကုသိုလ် အထောက်အပံ့ကြီးမားတဲ့ ဂန္ဓာရီ ရသေ့ကြီးတွေ စီရင်ထားခဲ့တဲ့ အတတ်မို့ အလွန် ခက်ခဲတဲ့အတတ်ဖြစ်တယ်လို့ ရေးသားတော်မူခဲ့တယ်။

ဒီလောက် လျှို့ဝှက် ခဲကပ်တဲ့အတတ်ကို ဟိုရှေးရှေးက စပြီး ယနေ့အထိ ရဟန်းတော် အတော်များများ လိုက်စားခဲ့ကြတယ်၊ ရဟန်းတော်တွေကို အမှီပြုပြီး လူသားတွေလည်း လိုက်စား ဖိုထိုးနေကြတယ်၊ ဒီအင်္ဂါရတ်သမားဟာ ဘာကိုလိုလို့ ဒီအတတ် လိုက်စားသလဲလို့ တွေးကြည့်လိုက်တော့ အင်္ဂါရတ်သမား ၃–မျိုးကို မြင်မိတယ်ကွယ့်။

"ဘယ်လို သုံးမျိုးပါလဲဘုရား"

ပထမအင်္ဂါရတ်ဆရာက ရွှေဖြစ် ငွေဖြစ်ပေါ့၊ အင်္ဂါရတ်အတတ် ပေါက်မြောက်ခဲ့လျှင် ရွှေလုပ်ငွေလုပ်လို့ ရတယ်လို့ ယူဆတယ်၊ ဒါကြောင့် ရွှေငွေဖြစ်ပြီး သူဌေးကြီးဖြစ်အောင် အင်္ဂါရတ်ထိုးတဲ့လူက တစ်ယောက်ကွယ့်။

ဒုတိယ အင်္ဂါရတ်သမားက ရွှေငွေကို မရည်ရွယ်ဘူး၊ ရေ,မြေ,လေ,မီး ဓာတ်ကြီးလေးပါးရဲ့သဘာဝကို အောင်နိုင်ဖို့ ရည်ရွယ်တယ်၊ သူရဲ့သဘောဟာ လောကကို တေဇောဆိုတဲ့မီးက ဆောင်တယ်၊ မီးကြောင့် လေဖြစ်တယ်၊ မီးကြောင့် ကမ္ဘာကြီး ပျက်စီးနိုင်တယ်၊ ရေတွေ ခန်းခြောက်နိုင်တယ်၊ လူတစ်ယောက်ဟာ တေဇောဆိုတဲ့ မီးဓာတ် ကိုယ်အားရှိနေသမျှ ကျန်းမာတယ်၊ မီးဓာတ်အင်အား လျော့ပါးလျှင် လျော့ပါးသလောက် ကျန်းမာရေးက ချို့ယွင်းလာတယ်၊ ဒါကြောင့် မီးဓာတ် မီးနေကို အားထုတ်လျှင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်သဘော နားလည်လာမယ်၊ ဓာတ်

http://www.dhammadownload.com



သဘောကို နားလည်သလောက် ပိုတဲ့ခါတ်အားကို လျှော့၊ လိုတဲ့ခါတ်အားကို သွင်းပြီး ခါတ်သဘာဝ အမျိုးမျိုးကို ကစားနိုင်မယ်လို့ ယူဆပြီး ဖိုထိုးတယ်။

တတိယအဂ္ဂိရတ်သမားက ရွှေငွေလည်း မလိုဘူး၊ ခါတ်နားလည်တဲ့ ဆေးဆရာလည်း မလုပ်လိုဘူး၊ သူက မြေလျှိုး မိုးပျံတဲ့ ဝိဇ္ဇာခိုရ်ကြီးသာ ဖြစ်ချင်တယ်၊ အဲဒီ ရည်ရွယ်ချက်နှင့် ဖိုထိုးတယ်၊ ဒီသုံးမျိုးမှတစ်ပါး ဘာမျှ လည်း မလိုချင်၊ ဘာမျှလည်း မဖြစ်ချင်၊ အပျော်တမ်းသက်သက် ဖိုထိုးသူ လည်း ရှိသေးသကွယ့်။

ထီးချိုင့်မြောက်ပြင် လေသာကုန်းကျောင်း ဆရာတော်ကြီးဟာ ဦးဉာဏိန္ဒ တဲ့၊ ယခုတော့ ပျံလွန်တော်မူပါပြီ၊ လေသာကုန်းဆရာတော်ကြီး သက်တော် ထင်ရှားရှိစဉ်က သူ့အကြောင်း အမိန့်ရှိသွားဖူးတယ်ကွယ့်။

သူဟာ ငယ်ဖြူစစ်စစ်ပါပဲ၊ ကျောင်းထိုင်တော့လည်း သိပ်မကြီးသေး ဘူးတဲ့၊ ကျောင်းမှာ ကျောင်းသား သာမဏေ ရဟန်းတပည့်တွေလည်း အလွန် ပေါပါတယ်၊ တတ်နိုင်သလောက်လည်း စာဝါပို့ချ ပေးပါတယ်၊ သက်တော် ၄၅–နှစ်၊ သိက္ခာတော် ၂၅–ဝါအရမှာ နေရင်းထိုင်ရင်း ပျင်းခြောက်လာခဲ့သတဲ့၊ ငါဟာ အသက်လည်းကြီးပြီ၊ ပြီးတော့ ကျန်းမာ သန်စွမ်းသူလည်း မဟုတ်ဘူး၊ လူ့ဘဝကို တွန်းချချင်လို့များ ဒီလိုဖြစ်လာ တာလားလို့ တော်တော်စိုးရိမ်မိသတဲ့။

တစ်ရက်တော့ ပြင်းစုဆရာတော် ဦးနရိန္ဒနှင့် ကြုံလို့ သူ့စိတ် ဖြစ် နေပုံ ပြောပြတော့ ဦးနရိန္ဒက ဒီလိုဖြစ်လျှင် ကိုယ်တော် ဖိုထိုးပါ၊ ဖိုထဲ စိတ်ဝင်စားခဲ့လျှင် အဲဒီ ပျင်းရိတဲ့စိတ်တွေ အကုန် ပျောက်သွားမှာပါလို့ ပြောပြီး သူ့မှာရှိတဲ့ ဖိုကိုရော၊ လုံတွေကိုရော ခါတ်ပစ္စည်းတွေရော ကျောင်း အရောက် ပို့ပေးသတဲ့၊ ဦးဉာဏိန္ဒဟာ ပြင်းစုဆရာတော်ကို အားနာတာနှင့် လာပို့တဲ့ ဖိုကြီးဆင်တဲ့ပြီး အဂ္ဂိရတ်ထိုးလိုက်တော့ သုံးလေးရက်အတွင်း ပျင်းရိတဲ့ စိတ်တွေပျောက်ပြီး သာသနာတော်မှာ ပြန်လည်ပျော်မွေ့လာသတဲ့။

လေသာကုန်းဆရာတော်လို ဘာရယ်လို့ မဟုတ်၊ အပျင်းပြေ ထိုးတဲ့ ပုဂ္ဂိုလ်မျိုးပါ ထည့်တွက်လျှင် ဖိုထိုးသူဟာ ၄–မျိုးရှိတာပေါ့။

http://www.dhammadownload.com



အဲဒီ အဂ္ဂိရတ်ဆရာ ၄–မျိုးအနက် ရွှေဖြစ် ငွေဖြစ်ဆိုတဲ့ ပထမ အဂ္ဂိရတ်ဘုန်းကြီးမျိုးတော့ လုံးဝ မလုပ်သင့်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးနှင့် ရွှေငွေဟာ လုံးဝ မအပ်စပ်တဲ့အပြင် ရွှေအစစ် မဟုတ်တဲ့ စပ်ရွှေကို ရွှေအစစ်လို့ သုံးမိလျှင် ပါရာဇိကအထိ အပြစ်ကြီးလွန်းလို့ပါပဲ၊ ဒါဖြင့် ကျန်တဲ့အဂ္ဂိရတ်တွေကိုကော လိုက်စားသင့်သလားဆိုတော့ ဘယ် အဂ္ဂိရတ်ပညာကိုမျှ မလိုက်သင့်ပါဘူး၊ အားလုံး မဂ်ဖိုလ်မှ ဖီလာဖြစ်တဲ့ တိရစ္ဆာနအတတ်ဖြစ်လို့ပါပဲ။

ရဟန်းဖြစ်သူ အမှန်လိုက်စားရမည့်အတတ်က ပရိယတ္တိအတတ်၊ ပဋိပတ္တိအတတ်၊ အဓိဂမအတတ်သာ ဖြစ်တယ်၊ သာသနာတော်နှင့်စပ်တဲ့ အတတ်မှတစ်ပါး ဘာအတတ်မျှ ရဟန်းမှန်သမျှ မလိုက်စားသင့်ပါဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com



# ဗဒ္ဒသိမ်

“ဆရာတော်ဘုရား ဟောဒီစာက ဦးပဏ္ဍဝံသ ထံက ပေးစာဖြစ်ပါတယ်ဘုရား”

“ဘယ်က ဦးပဏ္ဍဝံသလဲကွယ့်”

“မိုးကုတ် ဓမ္မရိပ်သာက နယ်လှည့်ဓမ္မကထိက ဦးပဏ္ဍဝံသဖြစ်ပါတယ်၊ မနှစ်က ထီးချိုင့်ရိပ်သာကို ကြွလာရင်း ဆရာတော်ဆီကို ကန်တော့ရောက်လာသေးတာကောဘုရား”

“အေး ဟုတ်မှာပဲ၊ ဒို့က အသက်ကြီးလာတော့ သိပ်မမှတ်မိဘူး၊ ဦးပဏ္ဍဝံသက ခု ဘယ်မှာ သီတင်းသုံးသတဲ့လဲ”

“သူက နယ်လှည့်ဓမ္မကထိကဆိုတော့ နေရာ အတည်မရှိဘူး၊ ခု ဒီစာကို ပေးလိုက်တာကတော့ သပိတ်ကျင်းမြို့နယ်၊ အုန်းရုံးကျောင်း(ခေတ္တ) လို့ ရေး ထားပါတယ်ဘုရား”

“အင်း… ဆိုစမ်းပါဦး၊ သူ့စာက ဘာတဲ့လဲကွယ့်”

“သူ့စာရဲ့ ဆိုလိုရင်းကို တပည့်တော် ဖတ်လျှောက်ပါ့မယ်ဘုရား၊ တပည့်တော် လျှောက်ထားလိုသည်မှာ တပည့်တော် နယ်လှည့်သွားရင်း သိမ်သမုတ်ပွဲတစ်ခုကို ကြုံပါတယ်၊ ဆရာတော်ကြီးတစ်ပါး ဦးစီး ဆောင်ရွက်ပါတယ်၊ ထိုသိမ်ကို ဝိသုံဂါမ အမည်ပေးထားသော်လည်း အမှန်တကယ်

http://www.dhammadownload.com



ဝိသုံဂါမ မဟုတ်ပါ၊ ကျောင်းဝင်းအတွင်းမှမြေကို ဒကာတစ်ဦးက ဝယ်ယူပြီး လှူတဲ့အတွက် သိမ်မိန့် တောင်းခံခြင်းမပြုဘဲ ဝိသုံဂါမဟု သမုတ်ထားခြင်း ဖြစ်ပါသည်။

ထိုသိမ်၌ သိမ်မိန့်လည်း မပါ၊ နယ်သံဃာကိုလည်း မသိမ်း၊ ဆန္ဒလည်း မယူ၊ သိမ်သမုတ်သောအခါ ကမ္မဝါစာကို ရှေးဦးစွာ တစ်ပါးတည်း တစ်ကြိမ်၊ နောက်တစ်ပါးတည်း တစ်ကြိမ်၊ နောက်နှစ်ပါးတွဲ တစ်ကြိမ်ဖတ်ပြီး သိမ်သမုတ်သွားပါသည်၊ ထိုသိမ်အတွက် ကံမြောက်၏–မမြောက်၏ ဝေခွဲမရပါ၍ ဆရာတော်ထံ လျှောက်ကြားပါတယ်ဘုရား၊ သာသနာတော်နှောင်ရေး အဓိက ထား၍ တိတိကျကျ အဖြေပေးပါရန် တပည့်တော် လျှောက်ထားပါတယ် ဘုရား”

အရှင်ပဏ္ဍဝံသ
ခေတ္တ–အုန်းရုံးကျောင်း
သပိတ်ကျင်းမြို့နယ်

“ယခု ဖတ်လျှောက်စာဟာ အရှင်ပဏ္ဍဝံသ ထံက ဖြစ်ပါတယ်၊ ဆရာတော်ရဲ့အဖြေစကား မိန့်ကြား ပေးတော်မူပါဦးဘုရား”

“သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်”ဆိုတဲ့အတိုင်း ဝိနည်းအရာမှာ သိမ်ကိစ္စဟာ အလွန် ရှုပ်ထွေးတယ်၊ ယခု မေးလိုက်တာ မေးကွက်ကတော့ မများပါဘူး၊ ဒါပေမယ့် အကျယ်ချဲ့ပြီး ဖြေကြစို့ဆိုလျှင် အတော်များ သွားမှာပဲ၊ ဒါပေမယ့် အခုဖြေတဲ့စာဟာ ကျမ်းစာ မဟုတ်ဘူး၊ စာစောင်မှာ ထည့်ဖို့ ဆောင်းပါးစာမျှသာ ဖြစ်တယ်၊ ဒါကြောင့် စိတ်ထင်တိုင်း ရှည်ရှည် မဖြေနိုင်ဘူး၊ သိရုံမျှ တိုတိုသာ ဖြေနိုင်မယ်ကွယ့်”

“မှန်ပါ တိုတိုဖြေတော့ မြန်မြန်သိရလို့ ပိုကောင်းတာပေါ့ဘုရား”

“အေး ဒီနေရာမှာ သိမ်ရဲ့အခြေခံကိုသိဖို့ ဝိနယ မဟာဝဂ်ပါဠိတော် ဥပေါသထက္ခန္ဓက ကလာတဲ့ သိမ်ရဲ့ အကြောင်းကို ဦးစွာပြောပြမယ်။

ဘုရားသခင် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးတော်မူစဉ်က ဥပုသ်နေ့၊ ဥပုသ်အကြိုနေ့ ရောက်ခဲ့လျှင် တိတ္ထိများဟာ တစ်နေရာရာမှာ စုဝေးပြီး တရားဟောကြသတဲ့၊ တရားနာယူပြီးတဲ့လူတွေကလည်း တိတ္ထိများကို

http://www.dhammadownload.com



အားပေးလာကြသတဲ့၊ ဒီအကြောင်းကို ဗိမ္ဗိသာရမင်းကြီးက သိတော့ ငါတို့ အရှင်ကောင်းများလည်း ဥပုသ်နေ့မှာ တိတ္ထိများလို စည်းဝေးကြလျှင် ကောင်းမယ်လို့ အကြံရပြီး ဘုရားရှင်ကို လျှောက်ထားလို့ ဘုရားရှင်က လဆန်း ၁၄–ရက်၊ ၁၅–ရက်၊ လဆန်း ၈–ရက်၊ လဆုတ် ၈–ရက်နေ့တိုင်း ရဟန်းများ စည်းဝေးကြလို့ မိန့်တော်မူတယ်၊ ရဟန်းများဟာ ဘုရားရှင်ရဲ့အမိန့်အရ စည်းတော့ စည်းဝေးကြပါရဲ့၊ ဒါပေမယ့် ဘာစကားမျှ မပြောဘဲ တိတ်တဆိတ် နေခဲ့ကြသတဲ့၊ ဆိတ်ဆိတ်နေရပါ့မလားလို့ ဒါယကာများက ကဲ့ရဲ့ကြတယ်၊ ဒါကြောင့် တရားဟောဖို့ ဘုရားရှင်က ခွင့်ပေးတယ်။

အဲဒီနောက်တော့ ငါဟာ ရဟန်းတော်များအတွက် ပညတ်ထားတဲ့ သိက္ခာပုဒ် (ပါတိမောက်)ရှိတယ်၊ ထို သိက္ခာပုဒ်များကို ဥပုသ်နေ့တိုင်း ပြခြင်းငှာ ခွင့်ပြုရလျှင် ကောင်းမယ်၊ ရဟန်းတော်များအတွက် ဥပုသ်ကံလည်း ဖြစ်မယ်လို့ ဘုရားရှင် အကြံတော်ဖြစ်လို့ လပြည့် လကွယ် ဥပုသ်နေ့တိုင်း ပါတိမောက်ပြဖို့ ခွင့်ပြုတော်မူတယ်။

ပါတိမောက်ပြတယ်ဆိုတာ ကံပြုတာပဲ၊ ရဟန်း တော်များ ကံပြုခဲ့လျှင် သံဃာညီညွတ်မှ ဘုရားရှင်က ခွင့်ပေးတယ်၊ သံဃာမညီညွတ်လျှင် ကံပြုခွင့် မပေးဘူး၊ ဒီစကားရဲ့အဓိပ္ပာယ်က ဂါမခေတ်တစ်ခုအတွင်း သင့် လျော်တဲ့နေရာမှာ ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်းစတဲ့ ကံကို ပြုလိုလျှင် ဂါမခေတ်အတွင်း ရှိသမျှရဟန်းအားလုံး ကံပြုမည့်နေရာကို လာရောက်ရမယ်၊ မလာရောက်နိုင် လျှင် ဆန္ဒပေးရမယ်၊ လာလည်း မလာရောက် ဆန္ဒလည်း မပေးခဲ့သော် သံဃာမညီညွတ်တဲ့အတွက် ပြုတဲ့ကံဟာ ပျက်တယ်၊ မအောင်ဘူး၊ ဒါကြောင့် ဂါမခေတ် (သူကြီး တစ်ပိုင်)အတွင်းရှိ သံဃာတွေ တစ်နေရာတည်း ဟတ္ထပါသ် (နှစ်တောင့်ထွာ)အတွင်း စုဝေးတာကို သံဃသာမဂ္ဂီ သံဃာ ညီညွတ် တယ်လို့ ခေါ်တယ်။

သို့သော် အခြေအနေအရ ဂါမခေတ်သံဃာအားလုံး စုရုံးရန်ခက်ခဲ့သော် သီးခြားရွာကလေး တည်ဆောက်ရတယ်၊ အဲဒီ သီးခြားရွာကလေးကို (ဝိသုံဂါမ)လို့ ခေါ်တယ်။

http://www.dhammadownload.com



ဝိသုံဂါမဆောက်ပုံက သိမ်သမုတ်မည့်မြေနေရာ ကို မြေပုံနှင့်တကွပြပြီး ဒါယကာတစ်ဦးဦး နာမည်နှင့် ဒီမြေကွက်ကလေးကို သူ့အား ရွာစား (သူကြီး)အဖြစ် ခန့်ပြီး ပေးအပ်ပါရန် (ရာဇာ) အမည်ရတဲ့ ပုဂ္ဂိုလ်ထံ လျှောက်ထားရတယ်။

ဒီနေရာမှာ (ရာဇာ)နှင့်ပတ်သက်ပြီး အမျိုးမျိုး ကောက်ယူကြတယ်၊ ဝိနယာလင်္ကာရ ဋီကာကတော့ (ပထဝိဿရော ရာဇာ)လို့ ဖွင့်ပြတဲ့အတွက် မြို့ပိုင် အရေးပိုင် မြို့တော်ဝန်စတဲ့ပုဂ္ဂိုလ်များဟာ ရာဇာမဟုတ်၊ မြေအပြင်ကို အစိုးရသော အကြီးဆုံး အာဏာအရှိဆုံး ပုဂ္ဂိုလ်ကြီးသာ (ရာဇာ)မည်တယ်။

ရာဇာအမည်ရတဲ့ ပုဂ္ဂိုလ်ကြီးက ဤဂါမခေတ်အတွင်း ဤမျှအပိုင်းအခြားရှိသော အရပ်သည် မူလဂါမခေတ်မှခွဲ၍ သီးခြားရွာဖြစ်စေလို့ အမိန့်ထုတ်ပေးတဲ့ နေရာကိုသာ (ဝိသုံဂါမ)လို့ခေါ်တယ်၊ မူလဂါမခေတ်မှ ဝိသုံဂါမ ခွဲထွက်ခဲ့တဲ့အတွက် ဂါမခေတ်အတွင်းမှာ ဝိသုံဂါမလို့ သီးခြားရွာတစ်ရွာ ဖြစ်လာတယ်။

သီးခြားရွာဖြစ်လာတဲ့အတွက် အဲဒီ သီးခြားရွာ (ဝိသုံဂါမ)အတွင်း တည်နေတဲ့ သံဃာနှင့် မူလဂါမခေတ်အတွင်း တည်နေတဲ့သံဃာဟာ တစ်ဦးနှင့်တစ်ဦး မစပ်ဘဲ ဂါမခေတ်အတွင်း နေထိုင်တဲ့ရဟန်းကို ဝိသုံဂါမအတွင်း မသိမ်းသွင်းဘဲ ကံကြီးကံငယ် ပြုနိုင်တယ်၊ ဂါမခေတ်မှာ ရဟန်းရှိသည့်တိုင်အောင် ဝိသုံဂါမခေတ်အတွင်း ပြုတဲ့ကံဟာ ဝဂ်မဖြစ်ဘဲ အောင်မြင်နိုင်တယ်၊ ဒါက ဝိသုံဂါမရဲ့အကြောင်း၊ အကျဉ်းချုပ်ပေါ့ကွယ်။

ဝိသုံဂါမအတွင်း သီးခြား ကံကြီးကံငယ် ပြုနိုင်ခဲ့သော် ဘာကြောင့် ကမ္မဝါစာဖြင့် သိမ်ဖွဲ့ရသလဲဆိုတော့ သီးခြားရွာ ဝိသုံဂါမကို ပေးတဲ့ ရာဇာဟာ မမြဲဘူး၊ ပျက်စီးတတ်တယ်၊ ဒါကြောင့် ရာဇာတစ်ဦး ပျက်စီးပြီး နောက်ရာဇာတစ်ဦး ပေါ်ခဲ့လျှင် မူလရာဇာပေးတဲ့ သီးခြားရွာ (ဝိသုံဂါမ)ဟာ ပျက်စီးနိုင်တယ်၊ ဝိသုံဂါမ ပျက်စီးသည့်တိုင်အောင် သိမ်မပျက် စီးအောင် ဝိသုံဂါမအတွင်း ဗဒ္ဓသိမ်ကို ဖွဲ့ဆိုရခြင်းဖြစ်တယ်။

ဒီနေရာမှာ ဗဒ္ဓသိမ်ဖွဲ့ပုံကို အနည်းငယ် ပြောပြဦးမယ်၊ ရဟန်းတော်များ ကံကြီး/ကံငယ်ပြုတဲ့သိမ်ဟာ (၁) ဗဒ္ဓသိမ်၊ (၂) အဗဒ္ဓသိမ်လို့ နှစ်မျိုးရှိတယ်၊

http://www.dhammadownload.com



အဲဒီ သိမ်နှစ်မျိုးအနက် ဗဒ္ဓသိမ်ဆိုတာ ဉတ်ကမ္မဝါစာဖြင့် ဖွဲ့သမုတ်တဲ့ သိမ်ဖြစ်တယ်။

အဲဒီ ဗဒ္ဓသိမ်ဟာ အင်္ဂါနှစ်ပါးရှိတယ်၊ (၁) သိမ်ပျက် တစ်ဆယ့်တစ်လုံး မဖြစ်စေရဘူး၊ (၂) သမ္မတ္တိ သုံးပါးနှင့် ယှဉ်ရမယ်၊ ဒီအင်္ဂါနှစ်ချက် ပြည့်စုံခဲ့လျှင် ဗဒ္ဓသိမ် ဖြစ်တော့တာပဲ၊ အင်္ဂါ နှစ်ချက်မှာ သိမ်ပျက် ၁၁–လုံး ဆိုတာ–

(၁) ရဟာန်း ၂၀–မနေလောက်အောင် အလွန်ကျဉ်းခြင်း၊
(၂) ၃–ယူဇနာအထက် အလွန်ကြီးခြင်း၊
(၃) နိမိတ်မလောက်သောနိမိတ် အကြားမှာခံနေလို့ နိမိတ်ကျိုးပြတ်ခြင်း၊
(၄) အရိပ်ကို နိမိတ်ပြုခြင်း၊
(၅) လုံးဝ နိမိတ်မပါခြင်း၊
(၆) နိမိတ်ကြားပြီး နိမိတ်ရဲ့အပြင်ဘက်က သမုတ်ခြင်း၊
(၇) မြစ်၌ သမုတ်ခြင်း၊
(၈) သမုဒ္ဒရာ၌ သမုတ်ခြင်း၊
(၉) ထုံးအိုင်၌ သမုတ်ခြင်း
(၁၀) သိမ်ဟောင်းပေါ်မှာ သမုတ်ခြင်း၊
(၁၁) သိမ်ဟောင်းနှင့် သိမ်သစ် ထိစပ်၍ သမုတ်ခြင်း၊

ဒီ ၁၁–လုံးသောသိမ်ကို သိမ်ပျက်လို့ ဟောတော်မူတယ်၊ ဒါကြောင့် မိမိသမုတ်မည့်သိမ်ဟာ သိမ်ပျက် (ဝိပ္ပတ္တိသိမ်)မဖြစ်စေဖို့ အရေးကြီးတယ်။

သိမ်ပျက် ၁၁–လုံးမှာ အမှန်တကယ် အရေးအကြီးဆုံးက သိမ်ဟောင်းပေါ် လွှမ်းမိုးသမုတ်ခြင်းနှင့် သိမ်အချင်းချင်း ထိစပ်မှုနှစ်ခုဟာ အရေးကြီးတယ်၊ ဒါကြောင့် အဲဒီအပြစ်နှစ်ခု လွတ်သွားအောင် သိမ်ကို မသမုတ်မီ အောက်ခံသိမ်ဟောင်းရှိလျှင် ပျက်သွားအောင် ရှေးဦးစွာ သိမ်နုတ်ရတယ်။

သိမ်နုတ်တဲ့အခါ အောက်ခံသိမ်ဟာ ဘယ်ပုံစံ တည်နေတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ သိမ်တစ်လုံးတည်း ဖြစ်ချင်ဖြစ်မယ်၊ သိမ်ပေါင်း လေးငါးလုံး သိမ်အချင်းချင်း မထိဘဲ ထောင့်ဝင်လာတာမျိုး ဖြစ်ချင်ဖြစ်မယ်၊ အဲဒီ အောက်ခံသိမ်အမျိုးမျိုး ပျက်ပြယ်သွားအောင် ယခုသမုတ်မည့်

http://www.dhammadownload.com



သိမ်နေရာမှာ ရဟန်းတစ်ပါးနှင့်တစ်ပါး မထိအောင် ဟတ္ထပါသ် (၂-တောင့်ထွာ)ကလည်း လွတ်ကွာမသွားအောင် ၂-တောင်ပတ်လည်အကွက်များကိုသာ ထားရတယ်၊ ၂-တောင်ပတ်လည် မဟုတ်ဘဲ ၂-တောင်၊ ၄-တောင်ကွက်ဖြစ်ခဲ့သော် အိပ်တဲ့ညောင်စောင်းနှင့်တူနေလို့ ညောင်စောင်းကွက်ရိုက်တယ်လို့ ခေါ်တယ်၊ အဲဒီ ညောင်စောင်းအကွက်စေ့ ရဟန်းတော်များနေစေပြီး သိမ်နုတ်ကမ္မဝါ နှစ်မျိုးကို အားလုံး ဖတ်ကြရတယ်။

အားလုံး ဘာပြုလို့ ဖတ်ကြရတာလဲ၊ တစ်ပါး နှစ်ပါးဖတ်လျှင်မဖြစ်ဖူးလားဆိုတော့ သိမ်ဟောင်း တစ်လုံးတည်းနုတ်လျှင်တော့ ဖြစ်ပါတယ်၊ အောက်ခံ သိမ်ဟောင်းဟာ တစ်လုံးတည်းမဟုတ်၊ နှစ်လုံး သုံးလုံး ဖြစ်နေလျှင်ရဟန်းတော်အချင်းချင်း ပတ္တပါဒ် (၂-တောင့်ထွာ)မလွတ်သော်လည်း အကြားမှာသိမ်နိမိတ်များ ခံနေလို့ အဲဒီရဟန်းတော်များဟာ တစ်သိမ်တည်း မဟုတ်ဘဲသိမ်သီးခြား ဖြစ်နေတယ်၊ ဒါကြောင့် သိမ်နုတ်တဲ့အခါ အားလုံး သိမ်နုတ်ကမ္မဝါ ရွတ်ဖတ်ရခြင်း ဖြစ်တယ်ကွယ့်။

သိမ်နုတ်တာက မူလသိမ်ဟောင်းပေါ်မှာ ရဟန်းဖြစ်သူ နေတာမို့ဂါမခေတ်၊ ဂါမသိမ်နှင့် မစပ်ဘူး၊ ဒါကြောင့် သိမ်နုတ်တဲ့အခါ နယ်မသိမ်းသော်လည်း အပြစ် မဖြစ်ပါဘူး၊ သိမ်နုတ်ပြီးလျှင် မူလသိမ်ပျက်ပြီး ဂါမသိမ်ဖြစ်သွားတယ်၊ ဂါမသိမ်ဖြစ်သွားလျှင် သမုတ်လတ္တံ့ သိမ်အတွင်းနေတဲ့ရဟန်းနှင့်ဂါမသိမ်အတွင်းနေတဲ့ ရဟန်းများဟာ တစ်ဂါမတည်းဖြစ်သွားတယ်၊ ဒါကြောင့် သိမ်သမုတ်မည့် စတုဝဂ်ကံကို ပြုခဲ့လျှင် ဂါမခေတ် အတွင်းရှိတဲ့သံဃာကို သိမ်းရတယ်၊ မသိမ်းဘဲ ဂါမခေတ်မှာ သံဃာကျန်နေလျှင် သံဃာကွဲတယ်၊ ဝဂ်ဖြစ်တယ်၊ သံဃသာမဂ္ဂီ မဖြစ်ဘူး၊ ဒါကြောင့် ပြုတဲ့ကံဟာပျက်စီးတယ်၊ အဲဒီလို မပျက်စီးအောင် ဂါမခေတ် တစ်နယ်အတွင်း သံဃာသိမ်းတာကို နယ်သိမ်းတယ်လို့ ခေါ်တယ်၊ နယ်သိမ်းတဲ့အခါ အရေးတကြီးကိစ္စရှိနေတဲ့ ရဟန်း၊ ဖျားနာနေတဲ့ရဟန်းများ ကံပြုရာသို့ မလာနိုင်လျှင်ဆန္ဒကို ပေးရတယ်၊ ဆန္ဒပေးတဲ့အခါ မိမိမှာ အာပတ်မရှိပါဘူးလို့ သံဃာကိုလျှောက်ထားတဲ့ ပါရိသုဒ္ဓိကိုလည်း ပေးရတယ်၊ ပါရိသုဒ္ဓိပေးခါနီးမှာ ဒေသနာကြားပြီးမှ ပေးရတယ်ကွယ့်၊ အခုပြောခဲ့တာက သိမ်ပျက် ၁၁-လုံးကကင်းလွတ်လို့ ပြုလုပ်ရတဲ့အကြောင်း အကျဉ်းပေါ့။

http://www.dhammadownload.com



ဗဒ္ဓသိမ်ရဲ့ အင်္ဂါသုံးပါးမှာ သိမ်ပျက်တစ်ဆယ့် တစ်လုံးက လွန်ခဲ့သော် နံပါတ် ၂-က သမ္ပတ္တိ ၃-ပါး နှင့် ယှဉ်ရမယ်တဲ့၊ သမ္ပတ္တိ ၃-ပါးဆိုတာက (၁) နိမိတ္တသမ္ပတ္တိ၊ (၂) ပရိသသမ္ပတ္တိ၊ (၃) ကမ္မဝါစာသမ္ပတ္တိတဲ့ကွယ့်၊ **နိမိတ္တသမ္ပတ္တိ**ဆိုတာ သိမ်ကို မဖွဲ့မသမုတ်မီ နိမိတ် ၈-ပါးထားရမယ်၊ နိမိတ် ၈-ပါးဆိုတာက (၁) တောင်နိမိတ်၊ (၂) ကျောက်နိမိတ်၊ (၃) တောနိမိတ်၊ (၄) သစ်ပင်နိမိတ်၊ (၅) လမ်းနိမိတ်၊ (၆) တောင်ပို့နိမိတ်၊ (၇) မြစ်နိမိတ်၊ (၈) ရေနိမိတ်တို့ ဖြစ်ကြတယ်၊ နိမိတ်ထားပုံ၊ ကြားပုံကိုတော့ ချုံးလိုက်ကြပါစို့။

ဒုတိယက **ပရိသသမ္ပတ္တိ**တဲ့၊ ပရိသတ်ပြည့်စုံရမယ်လို့ ဆိုလိုတယ်၊ သိမ်ဆိုတာ စတုဝဂ်သံဃာမျှနှင့် ပြုနိုင်တဲ့အတွက် အနည်းဆုံး သိမ်သမုတ်မည့်ရဟန်း ၄-ပါးမျှဟာ ဂါမခေတ်တစ်နေရာမှာ ဟတ္ထပါဒ်မလွတ်၊ တည်နေခြင်းကိုဆိုလိုတယ်၊ (၃) ကမ္မဝါစာသမ္ပတ္တိ ဆိုတာ ဘုရားရှင်ရဲ့ ပညတ်တော် ကမ္မဝါစာကို ဌာန်, ကရိဏ်း, ပယတ် ပီပြင်စွာ ရွတ်ဖတ်သမုတ်ခြင်းကို ဆိုလိုတယ်။

ကမ္မဝါစာဖတ်တဲ့အခါ စွမ်းရည်ရှိတဲ့ပုဂ္ဂိုလ် ဌာန် ကရိဏ်း ပယတ် ပီသအောင်ရွတ်ဆိုနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်လျှင် တစ်ပါးတည်း ရွတ်ဖတ်လျှင်လည်း အောင်ပါတယ်၊ သို့သော်လည်း တစ်ပါးတည်းဖြစ်ခဲ့သော် အကယ်၍ ဌာန် ကရိဏ်း ပယတ် ချွတ်ချော်ပါက ထိန်းသိမ်းရန် နှစ်ပါး သုံးပါး ပြိုင်တူဖတ်ရွတ်တာက ပိုကောင်းတယ်၊ ဒါပေမယ့် ကမ္မဝါစာကို ကံအတွက် ဖတ်တယ်ဆိုလျှင် သုံးပါးထက် ပိုလို့တော့ မဖတ်အပ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ၄-ပါးဆိုတော့ သံဃာဖြစ်သွားပြီ၊ သံဃာက သံဃာကို ကံမပြုသင့်လို့ပါပဲ၊ ဒီလောက်ဆိုလျှင် သိမ်အကြောင်း အနည်းငယ် သိသင့်ပါပြီ၊ ဦးပဏ္ဍဝံသ လျှောက်ထားတဲ့ သိမ်အောင်,မအောင်ကို ဒီစကားရပ်နှင့်ပဲ ချိန်ထိုးကြည့်ပေါ့ကွယ်၊ ဒီလောက်ဆို တော်ပါပြီဟုတ်လား”

“မှန်ပါသင့်တော်ပါပြီဘုရား”

သာဓု... သာဓု... သာဓု...

*   *   *

http://www.dhammadownload.com



# ဦးရန်လင်းအောင်အမေး

"ဟောဒီစာက မန္တလေးမြို့၊ ရွှေလုံရပ်နေ ဦးရန်လင်းအောင်ရဲ့ အမေးများ ဖြစ်ပါတယ်ဘုရား"

"ဦးရန်လင်းအောင်ရဲ့အမေးကို ဖတ်စမ်းပါဦး"

၁။ သီလဝန္တဖြစ်သော တပည့်ရဟန်းများက ဒုဿီလဖြစ်သော ဥပဇ္ဈာယ် ဆရာရဟန်းအား တစ်ကျောင်းတည်းနေရသည်ဖြစ်၍ မလွှဲသာ မရှောင်သာ ရှိခိုးဝတ်ချရာ၌ နှစ်ဦးနှစ်ဖက်မှာ ရရှိနိုင်သော ကောင်းကျိုး, မကောင်းကျိုးတို့ကို သိလိုပါသည်။

၂။ နာမ်–နာမ်ချင်းထိခိုက်၍ စိတ်ဖြစ်ပေါ်လာပုံကို ဥပမာနှင့်တကွ သိလိုပါသည်တဲ့ဘုရား။

"ဦးရန်လင်းအောင်ရဲ့ အမေးက နှစ်ပုဒ်ကိုးကွယ့်၊ ပထမပုဒ်ကို ဦးစွာ ဖြေကြစို့ကွယ့်"

"ဖြေတော်မူပါဘုရား"

ဆရာရဟန်းနှင့် တပည့်ရဟန်း တစ်ကျောင်းတည်း အတူတကွ နေထိုင်ကြသတဲ့၊ အဲဒီလို နေကြရာမှာ ဆရာရဟန်းက ရဟန်းကောင်း မဟုတ်၊ ဒုဿီလဆရာ ဖြစ်နေတယ်၊ တပည့်ကတော့ သီလရှိတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဖြစ်နေသတဲ့၊ သူဆိုတာ ဒီလိုဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဘုရား"

"ဆရာက ဒုဿီလဖြစ်နေတယ်ဆိုလျှင် ဒုဿီလက နှစ်မျိုးပြားသကွယ့်"

"မိန့်တော်မူပါဦးဘုရား"

http://www.dhammadownload.com



တပည့်မှာသာ အာပတ်သင့်စေတာလားဆိုတော့ ရဟန်းမဟုတ်ပါဘဲ ရဟန်းယောင်ဆောင်နေတဲ့ ဆရာဟာလည်း ယခုဘဝမှာ သူတစ်ပါးရဲ့အကဲ့ရဲ့ အစွပ်စွဲခံပြီး သေသည်မှနောက်လည်း အပါယ်ဘုံ ဧကန် ကျရန်ရှိပါသည်။

အကယ်၍ ဆရာဟာ ပါရာဇိက ကျသည်မဟုတ်ပါက ကျန်သော အာပတ်မှန်သမျှ ကုစား၍ရနိုင်သောကြောင့် ကုစားပြီးလျှင် သုသီလပုဂ္ဂိုလ် ပြန်လည်ဖြစ်ခဲ့ပါသည်၊ ထို့ကြောင့် ဆရာဖြစ်သူအား ဒုဿီလဟု မစွပ်စွဲသင့်ပါ၊ မိမိသည်လည်း ရဟန်းဖြစ်ပါက အာပတ် သင့်တတ်ပါသည်၊ အာပတ်သင့်ပါက ဒုဿီလဖြစ်တတ်ပါသည်။

ထို့ကြောင့် အာပတ်သင့်သောဆရာအား အာပတ်မှ စင်ကြယ်စေရန် ဒေသနာကြားနာခြင်း စသော နည်းလမ်းကိုသာ ညွှန်ကြားပေးသင့်တယ်၊ အခုအဖြေက ဦးရန်လင်းအောင် ပထမအမေးရဲ့ အဖြေဖြစ်တယ်ကွယ့်။

## နာမ်နာမ်ချင်းထိခိုက်၍ စိတ်ဖြစ်ပုံ

"ဦးရန်လင်းအောင်ရဲ့ ဒုတိယအမေးက နာမ်– နာမ်ချင်းထိခိုက်၍ စိတ်ဖြစ်ပေါ်လာပုံကို ဥပမာနှင့်တကွ သိလိုပါသတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"စိတ်ဖြစ်ပေါ်လာတဲ့ အကြောင်းတရားကို အာယတနလို့ ခေါ်တယ်၊ အဲဒီ အာယတနက မိမိရဲ့ သန္တာန်မှာ ၆–ခု၊ အပြင်အပမှာ ၆–ခု၊ အားလုံး ၁၂–ခု ရှိတယ်၊ မိမိသန္တာန်မှာရှိတဲ့ အာယတန ၆–ခုတို့ကို အဇ္ဈတ္တိကာယတနလို့ခေါ်ပြီး၊ အပြင်အပမှာဖြစ်တဲ့ အာယတန ၆–ခုတို့ကိုတော့ ဗာဟိရာယတန ၆–ခုလို့ ခေါ်တယ်။

မိမိသန္တာန်မှာရှိတဲ့ အဇ္ဈတ္တိကာယတန ၆–ခု ဆိုတာက–

၁။ စက္ခာယတနခေါ်တဲ့ မိမိရဲ့မျက်စိအကြည်ဓာတ်၊
၂။ သောတာယတနခေါ်တဲ့ မိမိရဲ့နားအကြည်ဓာတ်၊
၃။ ဃာနာယတနခေါ်တဲ့ မိမိရဲ့ နှာခေါင်းအကြည်ဓာတ်၊
၄။ ဇိဝှာယတနခေါ်တဲ့ မိမိရဲ့ လျှာအကြည်ဓာတ်၊
၅။ ကာယာယတနခေါ်တဲ့ မိမိရဲ့ခန္ဓာကိုယ်အကြည်ဓာတ်၊
၆။ မနာယတနခေါ်တဲ့ မိမိရဲ့ မနောဒွါရ၊

http://www.dhammadownload.com



ဒီ ၆–ပါးက မိမိမှာ စိတ်ဖြစ်ဖို့အတွက် ထင်ရှား တည်ရှိတဲ့ အာယတန ၆–ပါးဖြစ်တယ်။

ဒီ အဇ္ဈတ္တိကာယတနခေါ်တဲ့ အတွင်းအာယတန ရှိရုံမျှနှင့် စိတ်မဖြစ်သေးဘူး၊ စိတ်ဖြစ်ပေါ်ရန်အတွက် အပြင်အပက အာယတန ၆–ခု ရှိရသေးတယ်၊ အဲဒီ အပြင်အပက အာယတန ၆–ခုတို့ကို ဗာဟိရာယတနလို့ခေါ်တယ်၊ ဗာဟိရာယတန ၆–ခုတို့က–

၁။ ရူပါယတနခေါ်တဲ့ အဆင်းရူပါရုံ၊
၂။ သဒ္ဒါယတနခေါ်တဲ့ အသံသဒ္ဒါရုံ၊
၃။ ဂန္ဓာယတနခေါ်တဲ့ အနံ့ဂန္ဓာရုံ၊
၄။ ရသာယတနခေါ်တဲ့ အရသာ ရသာရုံ၊
၅။ ဖောဋ္ဌဗ္ဗာယတနခေါ်တဲ့ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ၊
၆။ ဓမ္မာယတနခေါ်တဲ့ ကြံတွေးဓမ္မာရုံတို့ ဖြစ်ကြတယ်။

အတွင်းအဇ္ဈတ္တိကာယတန ၆–ခုနှင့် အပြင် အာယတန ၆–ခုတို့တိုက်ဆုံတဲ့အခါမှ စိတ်ဆိုတာ ဖြစ်ပေါ်လာတယ်၊ အတွင်းအဇ္ဈတ္တိကာယတနနှင့် အပြင် ဗာဟိရာယတနတို့ တိုက်ဆုံပုံကို ပြောပြဦးမယ်။

မိမိမှာ မျက်စိရှိတယ်၊ မျက်စိကို ဖွင့်လိုက်လျှင် မျက်စိအတွင်းမှာ ပသာဒဆိုတဲ့ အကြည်ဓာတ်ရှိတယ်၊ အဲဒီ မျက်စိအကြည်ဓာတ်နှင့် အပြင်အပက ရူပါရုံခေါ်တဲ့ အဆင်းဓာတ် တိုက်ဆိုင်ခဲ့လျှင် စက္ခုအကြည်ကိုမှီပြီး စက္ခုဝိညာဉ်စိတ်ဖြစ်တယ်။

ဒီနည်းအတိုင်း နားအကြည်ဓာတ်နှင့် အသံ ဆိုတဲ့ သဒ္ဒါရုံ ထိတွေ့ခဲ့လျှင် နားအကြည်ဓာတ်ကိုမှီပြီး သောတဝိညာဉ်စိတ်ဖြစ်တယ်၊ နှာခေါင်းအကြည်နှင့် အနံ့ခေါ်တဲ့ ဂန္ဓာရုံထိတွေ့ခဲ့လျှင် နှာခေါင်းအကြည်ကို မှီပြီး ဃာနဝိညာဉ်စိတ်ဖြစ်တယ်။

လျှာအလယ်မှာရှိတဲ့ အကြည်ဓာတ်နှင့် အရသာခေါ်တဲ့ ရသာရုံထိတွေ့ခဲ့လျှင် လျှာအကြည်ကို အမှီ ပြုပြီး ဇိဝှာဝိညာဉ်ဖြစ်တယ်၊ တစ်ကိုယ်လုံးမှာတည်ရှိတဲ့ ကာယအကြည်နှင့် ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ အတွေ့ဓာတ်ဆုံခဲ့လျှင် ကာယအကြည်ကိုမှီပြီး ကာယဝိညာဉ်စိတ် ဖြစ်တယ်၊ မနာယတနခေါ်တဲ့

http://www.dhammadownload.com



မနောဒွါရနှင့် တွေးကြံမှုဆိုတဲ့ ဓမ္မာရုံ ထိတွေ့ခဲ့လျှင် မနောဒွါရကို မှီပြီး မနောဝိညာဉ်စိတ်ဖြစ်တယ်။

ယခုပြောခဲ့တာက စိတ်ဖြစ်ရိုးဖြစ်စဉ် ၆–ပါးဖြစ် တယ်၊ အာယတန ၁၂–ပါးနှင့် ဖြစ်ပွားလာတဲ့ ဝိညာဉ် ၆–ပါး၊ ပေါင်း ၁၈–ပါးကို ဓာတ် ၁၈–ပါးလို့ ခေါ်တယ်၊ ဝိပဿနာတရား ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ရုပ်တရားနှင့် နာမ်တရား ကွဲပြား ခြားနား သိသာအောင် ခန္ဓာငါးပါး၊ အာယတန ၁၂–ပါး၊ ဓာတ် ၁၈–ပါးတို့ကို ဉာဏ်မှာမိအောင်ကြည့်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ လို့ ပွားများ အားထုတ်ရမြဲဖြစ်တယ်။

ဒီ စိတ် ၆–ပါး ဖြစ်ပွားရာမှာ မနာယတနနှင့် ဓမ္မာရုံတို့ ထိခိုက်လို့ စိတ်ဖြစ်ပုံကို ဦးရန်လင်းအောင်က မရှင်းမလင်းဖြစ်နေဟန် တူတယ်ကွယ့်၊ ဟုတ်တာ ပေါ့၊ မျက်စိရုပ်နှင့် အဆင်းရုပ်ထိတာ နားရုပ်နှင့် အသံရုပ်ထိတာစတဲ့ ရုပ်, ရုပ်ချင်းထိတာကတော့ အလွန် ထင်ရှားပြီး မနောဒွါရဆိုတဲ့နာမ်နှင့် ဓမ္မာရုံတို့ ထိတာ ကျတော့ မထင်ရှားသလို ဖြစ်နေတာကိုးကွယ့်၊ ဒီနေရာမှာ မနောဒွါရဆိုတဲ့ မိမိစိတ်ဆိုတာကိုတော့ အကြမ်းအားဖြင့် သိမှာပါပဲ၊ မနောဒွါရနှင့် ဓမ္မာရုံတွေ့ထိရာမှာ ဓမ္မာရုံဆိုတာကိုတော့ နည်းနည်း အသိခက်ပါလိမ့်မယ်။

ဓမ္မာရုံဆိုတာ **“ဓမ္မာရမ္မဏံ ပန ပသာဒ, သုခုမရူပ, စိတ္တ, စေတသိက နိဗ္ဗာန, ပညတ္တိ ဝသေန ဆဓါ သင်္ဂယှတိ”**လို့ သင်္ဂြိုဟ်ကျမ်းမှာ ဆိုတဲ့အတိုင်း ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်ရယ်လို့ ခြောက်ပါး ရှိတယ်။

မနာယတနခေါ်တဲ့ မနောဒွါရနှင့် အဲဒီ ၆–ပါး သော ဓမ္မာရုံအနက်က တစ်မျိုးမျိုးနှင့် ထိတွေ့လျှင် မနောဝိညာဉ်စိတ်ဖြစ်တယ်၊ ဓမ္မာရုံအတွင်းမှာ ပသာဒရုပ် သုခုမရုပ်တွေလည်း ပါတယ်၊ ဒါကြောင့် ဓမ္မာရုံကို နာမ်ချည်း သန့်သန့်လို့ မဆိုနိုင်ဘူး၊ သို့သော် ဦးရန်လင်းအောင် မေးတာက နာမ်–နာမ်ချင်း ထိခိုက်ရာမှ စိတ်ဖြစ်ပေါ်လာပုံကိုသာ မေးတာကိုးကွယ့်၊ အဲဒါကို ရှင်းလင်းအောင် ဥပမာပေးပါ့တဲ့ ဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

http://www.dhammadownload.com



စိတ်ဖြစ်တယ်ဆိုတာ များသောအားဖြင့် နာမ်ခေါ်တဲ့ စိတ်– စေတသိက်ချင်း ထိခိုက်ဖြစ်ပေါ်တဲ့ စိတ်က များတယ်၊ ဥပမာ– မျက်စိနှင့် ရူပါရုံတိုက်ကြုံပြီး စက္ခုဝိညာဉ်စိတ်ဖြစ်တယ်၊ စက္ခုဝိညာဉ်စိတ် ဖြစ်ပြီးလျှင်ပြီးခြင်း သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောစသောအားဖြင့် စိတ်အစဉ်တွေ ဖြစ်တယ်၊ စက္ခုဝိညာဉ်ရဲ့နောက်မှာ ဖြစ်ပေါ်သမျှစိတ်တွေဟာ နာမ်–နာမ်ချင်း ထိခိုက်ဖြစ်ပေါ်တဲ့ စိတ်တွေချည်းပါပဲ၊ သူ့ကို သင်္ဂြိုဟ်စကားနှင့် ပြောတော့ တဒနုဝတ္တကမနောဒွါရဝီထိစိတ်လို့ ပြောတယ်။

အခု ပြောပြီးသားစကားဟာ စာစကားဖြစ်လို့ နားမရှင်းသေးလျှင် အိပ်ရာထက် ပက်လက်လှန်ပြီး နဖူးလက်တင် စဉ်းစားနေသတဲ့၊ စဉ်းစားတယ်ဆိုတာ စိတ်တွေ ဖြစ်နေတာပဲ၊ အဲဒီ ဖြစ်ပေါ်တဲ့စိတ်တွေဟာ ရုပ်နှင့်ထိခိုက်ဖြစ်ပေါ်တဲ့စိတ် မပါဘူး၊ နာမ်နှင့်နာမ်ချင်း ထိခိုက်ဖြစ်ပေါ်တဲ့ စိတ်တွေချည်းဖြစ်ပါတယ်၊ မနောဒွါရနှင့် ထိခိုက်တဲ့ နာမ်ကို ဓမ္မာရုံလို့ ခေါ်ပါတယ်၊ ဒါကြောင့် ဓမ္မာရုံရဲ့ အရကောက်ကို မယူနိုင်လျှင် ကြံတွေးစိတ်ဟာ ဓမ္မာရုံပဲလို့ မှတ်လိုက်လျှင် နာမ်–နာမ်ချင်းထိခိုက်လို့ စိတ်ဖြစ်ပေါ်လာတာကို သိလိမ့်မယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com




# ပရိယတ္တိတရား

"ဟောဒီစာက ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာ၊ မြေဇင်းတောရ ကျောင်းက ဦးဓမ္မပါလရဲ့ အမေးစာ ဖြစ်ပါတယ်ဘုရား"

"ဦးဓမ္မပါလရဲ့အမေးက ဘာတဲ့တုံးကွယ့်၊ ဖတ်စမ်းပါဦး"

"မှန်ပါ၊ တပည့်တော်ဖတ်လျှောက်ပါ့မယ်ဘုရား"

"အချို့သောရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့မှာ ပရိယတ္တိ သင်ကြားခြင်းကြောင့် ပဋိပတ္တိ ပြည့်ပါလျက် အပါယ်လေးဘုံမှာသာ များ၍ မီးကြီး တထိန်ထိန် ပရိက္ခရာရှစ်ပါးအစုံနှင့် ကိုယ်စီခံနေရသည်ကို မြင်ပါသည်ဘုရားဟု ဒိဗ္ဗစက္ခုအဘိညာဉ်ရသော အရှင်အနုရုဒ္ဓါက မြတ်စွာဘုရားကို လျှောက်ထားကြောင်း စာတစ်အုပ်၌ ဖတ်ရပါသည်၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ ပရိယတ္တိ ပဋိပတ္တိ ပြည့်သည်ဆိုပြီး အဘယ့်ကြောင့် မီးကြီးတထိန်ထိန် ပရိက္ခရာရှစ်ပါး ကိုယ်စီအစုံနှင့် ငရဲခံ၍နေရပါသနည်း၊ ထိုစာအုပ်ပါ စာ၏ အဓိပ္ပာယ် မရှင်းလင်းပါ၍ မေးလျှောက်ပါသည် ဆရာတော်ဘုရား။

ဦးဓမ္မပါလ၊ မြေဇင်းတောရကျောင်း
မောင်းထောင်ရွာ၊ ဘုတလင်မြို့နယ်၊
ဘုတလင်စာတိုက်

http://www.dhammadownload.com



ယခုဖတ်လျှောက်တဲ့စာက ဦးဓမ္မပါလရဲ့ အမေး စာဖြစ်ပါတယ်ဘုရား၊ အဖြေစကား မိန့်ကြားတော်မူပါဦးဘုရား"

ဦးဓမ္မပါလ ဖတ်မိတဲ့စာက ဝိပဿနာကျမ်းစာ ဖြစ်ပါလိမ့်မယ်၊ ဝိပဿနာမျက်လုံးနှင့် ကြည့်ခဲ့လျှင် ဒီအချိန်ဟာ ဘုရားရှင်ရဲ့ သာသနာတော်ကြီး ထွန်း လင်းနေတဲ့အချိန်၊ မိမိတို့ကလည်း လူဖြစ်ရုံမက ရဟန်း ဖြစ်နေတဲ့အချိန် ဒီလို အချိန်ကောင်း အခါကောင်းကြီးမှာ ယခုတစ်ဘဝနှင့် ပြတ်သွားအောင် ဝိပဿနာအလုပ်ကို လုပ်ပါ၊ ဒီအချိန်ဟာ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ရမည့် အချိန် မဟုတ်ဖူး၊ ပရိယတ္တိ၊ ပဋိပတ္တိ(သီလမျှ)နှင့် အချိန် ကုန်လွန်သွားလျှင် နောင်သံသရာ ကျန်တယ်၊ အဲဒီ သံသရာမှာ ငရဲကျချင်ကျမယ်၊ ပြိတ္တာ ဖြစ်ချင် ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်ချင်ဖြစ်မယ်၊ ဒါကြောင့် အပါယ်လေးပါးက လွတ်အောင် ဝိပဿနာအလုပ် အားထုတ်ပါလို့ ဆိုချင်တာ ဖြစ်ပါလိမ့်မယ်၊ ပရိယတ္တိ ပဋိပတ္တိကြောင့် အပါယ် လေးပါးကျရမယ်ဆိုတာကတော့ စကား လွန်သွားဟန် တူပါတယ်။

အမှန်ကတော့ သာသနာတော်ရဲ့အခြေခံဟာ ပရိယတ္တိတရားပါပဲ၊ ပရိယတ္တိ မရှိလျှင် ပဋိပတ္တိသာသနာ အဓိဂမသာသနာတော်များလည်း ထင်ရှား မတည်ရှိနိုင်ပါဘူး၊ ဒီကနေ့ စာသင်တိုက်တွေမှာ ပရိယတ္တိ သင် ကြားနေကြတဲ့ ကိုရင်ဦးပဥ္စင်းတွေ ရှိတယ်၊ ဒီကိုရင် ဦးပဥ္စင်းများဟာ နောင် တစ်ခေတ်မှာ သာသနာတော်ကို ဦးဆောင်မည့် ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အကယ်၍ ဒီကနေ့ ပရိယတ္တိကိုဖြတ်လိုက်လျှင် ယနေ့ အဓိဂမပေါက်ရောက်တဲ့ ရဟန္တာများ ခန္ဓပရိနိဗ္ဗာန်စံဝင်တဲ့နေ့၊ သာသနာတော်ကွယ်ဖို့ စတဲ့နေ့ပါပဲ၊ ပရိယတ္တိမျှ မရှိလျှင် သာသနာတော် အလွန်ဆုံးခံလှ နှစ်ပေါင်း ၅၀-ပေါ့ကွယ်၊ ဗုဒ္ဓ သာသနာတော်ကြီး ယနေ့အထိ ထွန်းလင်းတောက်ပနေတာဟာ ပရိယတ္တိ ရဲ့ကျေးဇူးကြောင့်သာ ဖြစ်တယ်။

ဒီလိုဆို ပရိယတ္တိတတ်တဲ့ ပုဂ္ဂိုလ်ဟာ အပါယ် မကျဘူးလားမေးခဲ့လျှင် ဘဝသံသရာရှိသေးလျှင် အပါယ် ဘေးကတော့ ပြေးလို့မလွတ်ပါဘူး၊ သမ္မာ သမ္ဗုဒ္ဓ ဘုရားအလောင်းတော်ကြီးများတောင် သံသရာထဲ အပါယ်ကျခဲ့ရတာ၊ နည်းနည်းနောနော မဟုတ်ပါဘူး၊ ၅၅၀-နိပါတ်တော်ဆိုတာ စပ်မိတာနှင့် ပြောပြခဲ့ရုံမျှသာ ဖြစ်တယ်၊ အမှန်တကယ်ကတော့ ပါရမီဖြည့်ရတဲ့ ကမ္ဘာ

http://www.dhammadownload.com



တောင် အသချေ မရေမတွက်နိုင်တာ၊ ဘဝကို ဘယ်လို ရေတွက်လို့ ရပါ့မလဲ၊ ဒါကြောင့် ပရိယတ္တိကိုပဲ အားထုတ် သည်ဖြစ်စေ၊ ပဋိပတ်တရားကိုပင် အားထုတ်သည်ဖြစ်စေ မဂ်ဖိုလ်ဆိုတဲ့ အဓိဂမကိုမရသေးလျှင် သံသရာ လည်ဦးမှာပဲ၊ သံသရာလည်လျှင် အပါယ်လည်း ကျဦးမှာပဲ၊ အပါယ်ကျတာက ပရိယတ္တိသင်လို့လည်း မဟုတ်ဘူး၊ ပဋိပတ္တိဆိုတဲ့ သီလအကျင့်၊ ဝိပဿနာ အကျင့်ကြောင့်လည်း မဟုတ်ဘူး၊ မိမိတို့သန္တာန်မှာ အနည်ထိုင်နေတဲ့ အကုသိုလ် စိတ်ကြောင့် ဖြစ်တယ်။

ပုဏ္ဏိကာထေရီမရဲ့အကြောင်း ဖတ်ကြည့်ပါလား၊ ပုဏ္ဏိကာထေရီမဟာ ဝိပဿီဘုရား၊ သိခီဘုရား၊ ဝေဿဘူဘုရား၊ ကကုသန်ဘုရား၊ ကောဏာဂုံ ဘုရား၊ ကဿပ ဘုရားရှင်တို့ရဲ့ သာသနာတော်မှာ ရဟန်းဝတ်ခဲ့တယ်၊ သီလလည်းရှိတယ်၊ ပညာလည်းရှိတယ်၊ ဣန္ဒြေကိုလည်း စောင့်စည်းတယ်၊ အကြားအမြင် ဗဟုသုတလည်း များတယ်၊ ဓမ္မကထိကကြီးဖြစ်ပြီး လူထု အလယ်မှာ တရားဟောတတ်သူလည်း ဖြစ်တယ်၊ ဒါပေမယ့် ပညာတတ်တော့ မာနရောက်လာတယ်၊ အဲဒီ မာနကြောင့် သီလရှိတဲ့ ရဟန်းမိန်းမများအပေါ် မောက်မောက်မာမာ ပြောတတ်တယ်၊ မထီမဲ့မြင် ပြုတတ်တယ်၊ အဲဒီမာန ကြောင့် အပါယ်ကျပြီး ယခု နောက်ဆုံးဘဝမှာ သာဝတ္ထိပြည် အနာထပိဏ် သူဌေးအိမ်မှာ ရေခပ်တဲ့ကျွန်မရဲ့သမီး ဖြစ်ခဲ့ရတယ်။

တစ်ခါ အမ္ဗပါလီထေရီမအကြောင်းကိုလည်း ကြည့်စမ်းဦး၊ အမ္ဗပါလီ ထေရီမဟာ လွန်ခဲ့တဲ့ ၃၁–ကမ္ဘာအထက်၊ သိခီဘုရားရှင်ရဲ့ သာသနာတော်မှာ ရဟန်းမ ဝတ်ခဲ့တယ်၊ တစ်နေ့မှာ ဘိက္ခုနီမများစွာတို့နှင့်အတူ စေတီတော်ကို ရှိခိုးပူဇော်ပြီး လက်ယာရစ် လှည့်ကြသတဲ့၊ ရှေ့ကကြွသွားတဲ့ ရဟန္တာမတစ်ဦးက နှာချေပြီး နှပ်အနည်းငယ် ကျရစ်တယ်၊ အဲဒီနှပ်ကိုမြင်တော့ ဒီနှပ်ကို ဘယ် ပြည့်တန်ဆာမက ချထားခဲ့တာလည်းလို့ အမှတ်တမဲ့ ဆဲခဲ့မိတယ်၊ အဲဒီ ဆဲမိတဲ့ကံကြောင့် ငရဲ ကျသွားတယ်၊ ငရဲက လွတ်ပြန်တော့ ဘဝပေါင်း တစ်သောင်း ပြည့်တန်ဆာမ ဖြစ်ခဲ့တယ်၊ ကဿပဘုရားရှင်ရဲ့သာသနာတော်မှာ ဘိက္ခုနီမဖြစ်တယ်၊ အဲဒီ ဘဝကစုတိတော့ တာဝတိံသာဘုံမှာ နတ်သမီးဖြစ် တယ်၊ အဲဒီ ဘဝကစုတိတော့ မင်းရဲ့ဥယျာဉ်အတွင်း သရက်ပင်မှာ ၁၅–နှစ် ၁၆–နှစ်သမီးအရွယ် ဥပပါတ် ပဋိသန္ဓေ တည်နေ ဖြစ်ပေါ်လာတယ်၊

http://www.dhammadownload.com



ရုပ်အဆင်း လှပ တင့်တယ်ခြင်း ရှိတဲ့အတွက် လိုချင်သူ ပေါ်များလို့ ပြည့်တန်ဆာမ ခန့်ထားခြင်း ခံရတယ်။

ဒီနေရာမှာ ပြောချင်တာက အမ္ဗပါလီရဲ့ အကြောင်း မဟုတ်ပါဘူး၊ လောကမှာ ပရိယတ္တိ ဘယ်လောက်ပြည့်စုံသည်ပင်ဖြစ်စေ၊ အနုသယကျန်လို့ ပုထုဇဉ်ဘဝဆိုလျှင် သီလကို ဘယ်လိုပင်ဖြည့်ဖြည့် သမထနှင့် ဘယ်လိုပင် ဈာန်တွေရရ၊ မိမိသန္တာန်မှာ ငုပ်နေတဲ့ အနုသယအကြိုက်နှင့် မတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အစရှိတဲ့ ကိလေသာတွေ ပေါ်မယ်၊ ကိလေသာပေါ်ခဲ့လျှင် ကိလေသာ ဆွဲခေါ်ရာ နောက်လိုက်ပြီး မကောင်းမှုကံကို လုပ်မိလိမ့်မယ်၊ အဲဒီ မကောင်းမှုကံကြောင့် အပါယ်ကို လားရခြင်းဖြစ်တယ်။

အမှန်စင်စစ် ပရိယတ္တိတရား ပဋိပတ္တိတရားတို့ကြောင့် အပါယ်လားတာ မဟုတ်ဘူး၊ အကုသိုလ်ကံကြောင့်သာ အပါယ်လားခြင်း ဖြစ်တယ်၊ ဒါကြောင့် တကယ်ပြောသင့်တာက ယခုလို လူ့ဘဝနှင့် သာသနာတော်ကြီး တွေ့ကြုံခိုက် နောက်ဘဝဆိုတဲ့ သံသရာအစဉ် ပြတ်သွားအောင် ဝိပဿနာအလုပ် အားထုတ်ကြပါ၊ ယခုခေတ်တွင်မှ ဘဝမပြတ်လို့ သံသရာကျန်ခဲ့သော် ပရိယတ္တိ တတ်သူပင်ဖြစ်စေ၊ သီလပြည့်စုံသူပင်ဖြစ်စေ၊ သမာဓိအင်အားကောင်းလို့ ဈာန်တရားနှင့် ပျော်မွေ့နေသူပင်ဖြစ်စေ အပါယ်ဘဝက မလွတ်ဘူး၊ ဒါကြောင့် အပါယ်ဘဝကလွတ်အောင် ဝိပဿနာအလုပ် အားထုတ်ပါလို့ ပြောသင့်ပါတယ်။

အရှင်အနုရုဒ္ဓါမြင်တော်မူတဲ့ ရဟန်းပြိတ္တာဆိုတာတွေဟာ ပရိယတ္တိ အားထုတ်လို့ ပြိတ္တာဖြစ်တာ မဟုတ်ပါဘူး၊ ရဟန်းဝတ်နှင့် မဟုတ်တာလုပ်လို့ ပြိတ္တာဖြစ်ခြင်းဖြစ်ပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု- သာဓု- သာဓု

http://www.dhammadownload.com



# ကပ္ပဋ္ဌိတိလေးပါး

"အရှင်ဘုရား၊ ဟောဒီစာက မင်းတုန်းမြို့၊ ပိန္နဲကျောင်းဆရာတော် ဦးကုသလထံက မေးလျှောက်စာဖြစ် ပါတယ်။

ဦးကုသလက သူဟာ စာပေမြတ်နိုးသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါလျက် တစ်ကမ္ဘာပတ်လုံး တည်သည်ဆိုသော ကပ္ပဋ္ဌိတိတရားလေးပါး၌ အမှတ်အသား ဝိုးတဝါးဖြစ်ပါသတဲ့၊ စာပေမြတ်နိုးသောသူသည်ပင် ကပ္ပဋ္ဌိတိလေးပါး၌ ဝိုးတဝါးဖြစ်ခဲ့သော် နောင်လာ လူငယ်များအတွက် ပိုပြီး ဝိုးတဝါးဖြစ်နိုင်တဲ့အတွက် ကပ္ပဋ္ဌိတိ ၄-ပါးတို့ကို အကျယ်ကျမ်းညွှန်းနှင့်တကွ ဖော်ပြပေးရန် လျှောက်ထားတဲ့စာ ဖြစ်ပါတယ်ဘုရား"

ကပ္ပဋ္ဌိတိဆိုတာ တစ်ကမ္ဘာပတ်လုံး တည်နေသော အံ့ဖွယ်တရား ၄-ပါ.လို့ ဆိုလိုတာပေါ့၊ ကပ္ပဋ္ဌိတိလေးပါးက-

**ထုံးမတိမ် ငုံး, အိမ်, ကျူ, လနှင့်**

**ရှုမျှစံနှိုင်း၊ ထပ်တညီ ကပ္ပဋ္ဌိ တင်ထိုက်ကယ့်၊**

**ယဉ်သိုက် ညာမေနှင့်ယေ် ငါးဆင့်သမိုင်း။**

လို့ စလေဆရာ ဦးပုည စာဆိုအတိုင်း (၁) ငုံးမင်း၊ (၂) ဃဋိကာရအိမ်၊ (၃) အဆစ်ပိတ်မရှိ အပေါက်တိုးလျှိုရှိတဲ့ ကျူဝါး၊ (၄) လမှာရှိတဲ့ ယုန်ရုပ်အရေးများ ဖြစ် ကြတယ်။

အလောင်းတော် ငုံးမင်းဇာတ်ကို ဝဋ္ဋကဇာတ်လို့ ခေါ်တယ်၊ ၅၅၀-ကေနိပါတ်မှာရှိတယ်ကွယ့်၊ ဇာတ်တော်ရဲ့အကြောင်းကတော့-

http://www.dhammadownload.com



အခါတစ်ပါး မြတ်စွာဘုရားဟာ မဂဓတိုင်းကို ဒေသစာရီကြွချီတော်မူသတဲ့၊ ရွာငယ်တစ်ရွာရောက်တော့ ရွာငယ်မှာဆွမ်းခံပြီး ဆွမ်းစားတော်မူတယ်၊ ဆွမ်းစားပြီး ခရီးဆက်တော့ လမ်းမှာ တောမီးကြီးလောင်နေတာနှင့် တွေ့သတဲ့၊ တောမီးကြီးဟာ တရှဲရှဲ အော်မြည်ပြီး လောင်လာသော်လည်း ဘုရားရှင် ရပ်နေတဲ့နေရာကို ရောက်တော့ ဘုရားရှင်ရဲ့ ပတ်ပတ်လည် ၁၆– မင်းပယ် လောက်အထိ ရေဖြင့် ပက်ဖျန်းလိုက်သလို အလိုလို ငြိမ်းသွားတယ်၊ မီးငြိမ်းသွားတာကို မြင်တော့ ရဟန်းတော်များက အံ့သြ ချီးမွမ်းကြသတဲ့၊ ဘုရားရှင်က ချစ်သားတို့ မီးကြီးငြိမ်းအေးသွားတာဟာ ငါဘုရားရဲ့ စွမ်းရည်ကြောင့် မဟုတ်ဘူး၊ သစ္စာရဲ့စွမ်းရည်ကြောင့် ဖြစ်တယ်၊ တစ်ကမ္ဘာပတ်လုံး ဒီအရပ်ကို မီးမလောင်ကျွမ်းရခြင်းရဲ့အကြောင်းက–

ရှေးအခါက မဂဓတိုင်းမှာ ဘုရားအလောင်းတော်ဟာ ငုံးမျိုးဖြစ်ခဲ့ဖူးတယ်၊ ငုံးမင်း မသွားနိုင် မပျံနိုင်သေးတဲ့အရွယ်မှာ တောမီးကြီး လောင်ကျွမ်းလာခဲ့တယ်၊ ငှက်များဟာ တောမီးဘေးကြောင့် မိမိတို့အသိုက်မှ ထွက်ပြေးကြတယ်၊ ငုံးမင်းရဲ့မိဘများလည်း အခြားသော ငှက်များလို မိမိတို့ရဲ့ အသက်ဘေးကြောင့် အသိုက်တွင်းက ထွက်ပြေးကြတယ်၊ အသိုက်တွင်းမှာ အလောင်းတော် ငုံးမင်းသာ ကျန်ရစ်တယ်၊ တောမီးကြီး လောင်ကျွမ်းလာတာ မြင်သော်လည်း ခြေကနုတော့ ငုံးမင်းဟာ ထွက်မပြေးနိုင်ဘူး၊ အတောင်မှာလည်း အမွေးမပေါက်သေးတဲ့အတွက် ကောင်းကင်ကိုလည်း ပျံမပြေးနိုင်ဘူး၊ အဲဒီ အခါ ငုံးမင်းမှာ သစ္စာမှတစ်ပါး အားကိုးစရာမရှိတော့ဘူး၊ ဒါကြောင့်–

**သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။**
**မာတာပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ–**

လို့ သစ္စာဆိုလိုက်တယ်။

အို... တောမီး၊ ငါ့မှာ အတောင်ရှိသော်လည်း ကောင်းကင်သို့ မပျံနိုင်ပါ၊ ငါ့မှာ ခြေထောက်ရှိသော်လည်း မြေပြင်ပေါ်မှာ မသွားနိုင်ပါ၊ ငါရဲ့မိဘများလည်း ငါ့ကို စွန့်ပစ် ပြေးကြပါပြီ၊ ဤ မှန်ကန်သောသစ္စာစကားကြောင့် တောမီးကြီး ဖဲခွာသွားစေသတည်း–တဲ့။

http://www.dhammadownload.com



အလောင်းတော်ငုံးမင်းရဲ့ သစ္စာ စွမ်းရည်ကြောင့် ၁၆–မင်းပယ် ကျယ်ဝန်းတဲ့ ဤအရပ်ကို တောမီး ဖဲခွာသွားတယ်၊ ဒီအရပ်မှ တောမီး ဖဲခွာသွားခြင်းဟာ ငါဘုရားရဲ့ စွမ်းရည်မဟုတ်ဘူး၊ အလောင်းတော်ငုံးမင်း ရဲ့ သစ္စာစွမ်းရည်ကြောင့်သာ ဖြစ်တယ်လို့ ဘုရားရှင် ဟောတော်မူတယ်ကွယ့်၊ အခုပြောခဲ့တာက ငုံးမင်းရဲ့သစ္စာကြောင့် တစ်ကမ္ဘာပတ်လုံး မီးမလောင်တဲ့ ကပ္ပဋ္ဌိတိအမှတ်တစ် ဖြစ်တယ်။

## ဃဋီကာရအိမ်

တစ်ကမ္ဘာပတ်လုံး မီးမလောင်တဲ့ ငုံးမင်းရဲ့ အသိုက်ဌာနကိုပြပြီးတော့ ဒုတိယ ကပ္ပဋ္ဌိတိက ဃဋီကာရ အိမ်တဲ့ကွယ့်၊ ဃဋီကာရရဲ့အိမ်နေရာ တစ် ကမ္ဘာပတ်လုံး မိုးမစွတ်တဲ့အကြောင်းကို မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ဃဋီကာရ သုတ်မှာ လာတယ်ကွယ့်”

“ဘယ်လိုလာပါသလဲဘုရား၊ အမိန့်ရှိပါဦး”

အခါတစ်ပါး ဘုရားသခင်ဟာ ရဟန်းများစွာနှင့် ကောသလတိုင်းကို ဒေသစာရီ ကြွချီတော်မူတယ်၊ ဒေသစာရီကြွချီရင်း တစ်ခုသောအရပ် ရောက်တဲ့ အခါ ပြုံးတော်မူသတဲ့၊ ပြုံးတော်မူတဲ့အကြောင်း အရှင်အာနန္ဒာက လျှောက် ထားတော့ ဘုရားသခင်က–

အာနန္ဒာ... ဒီနေရာမှာ ရှေးအခါက ဝေဂဠိင် အမည်ရှိတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်၊ ပြည့်လည်း ပြည့်စုံ၊ စည်လည်း စည်၊ လူဦးရေကလည်း များ၊ လူမျိုး ကလည်း များပြားတယ်၊ ဒီရွာကြီးကို အမှီပြုပြီး ကဿပ ဘုရားရှင်ဟာ ကျောင်းတစ်ကျောင်းမှာ သီတင်းသုံး နေတယ်လို့ စကား စလိုက်တယ်၊ ဒီအခါ အရှင်အာနန္ဒာက သင်္ကန်းကြီးကို လေးထပ်ခေါက်ခင်းပြီး ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤနေရာတွင် ခေတ္တ သီတင်းသုံးတော်မူပါဦးလို့ လျှောက်ထားသတဲ့၊ ဘုရားရှင် လည်း အရှင်အာနန္ဒာရဲ့အလိုအတိုင်း ထိုနေရာမှာ ခေတ္တ ထိုင်တော်မူတယ်၊ ထိုင်တော်မူပြီးတဲ့နောက် အာနန္ဒာ ဒီနေရာမှာ ရှေးက ဝေဂဠိင်ရွာကြီးရှိခဲ့ဖူးတယ်၊ ကဿပ ဘုရားရှင်ဟာ ဝေဂဠိင်ရွာကြီးကို အမှီပြုပြီး ကျောင်းအရာမ်တစ်ခုမှာ သီတင်းသုံးတော်မူတယ်၊ ကဿပဘုရားရှင် သီတင်းသုံးတော်မူစဉ်က ဘုရားရှင်ရဲ့ အလုပ်အကျွေးဟာ ဃဋီကာရ

http://www.dhammadownload.com



အိုးထိန်းသည်ဖြစ်တယ်၊ အလွန် သဒ္ဓါတရားကောင်းတဲ့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်တယ်၊ ဃဋိကာရမှာ အချစ်ဆုံးသူငယ်ချင်းတစ်ဦးရှိတယ်၊ အမည်က ဇောတိပါလလို့ ခေါ်တယ်၊ ဇောတိပါလဟာ ပုဏ္ဏားမျိုးမို့ ဃဋိကာရထက် ဇာတ်အားဖြင့်မြင့်တယ်၊ သို့သော်လည်း ကျောင်းနေဘက်သူငယ်ချင်းမို့ ဇာတ်ကို အလေးမထားဘဲ အထူးချစ်ခင်ကြတယ်၊ တစ်ရက်တော့ ဃဋိကာရထံကို ဇောတိပါလ ရောက်လာတယ်၊ ဒီအခါ ဃဋိကာရက သူငယ်ချင်း ဇောတိပါလ ကဿပဘုရားရှင်ကို ဖူးဖူးရဲ့လား၊ လာ...ဘုရားဖူးသွားကြစို့လို့ ခေါ်တယ်၊ ဇောတိပါလက ရဟန်းဦးပြည်းကို ဖူးလို့ ဘာအကျိုးရှိမှာလဲ၊ မဖူးချင်ပါဘူးလို့ ပြောတယ်။

ဃဋိကာရက ဘုရားဖူး မသွားချင်လျှင် ရေချိုး သွားကြတာပေါ့လို့ ပြောတော့ ဇောတိပါလက သဘောတူတယ်၊ ဒါကြောင့် ရေချိုးရန် ချေးတွန်းဆပ်ပြာတုံးကို ယူပြီး မြစ်ဆိပ်ကို သွားကြတယ်၊ မြစ်ဆိပ်ကို ရောက်တော့ ဃဋိကာရက အဆွေတော် ကဿပဘုရားရှင်ရဲ့ ကျောင်းတော်ဟာ ဒီအနားမှာ ဖြစ်တယ်၊ သွားရောက် ဖူးမြော်ကြပါစို့လို့ ခေါ်ပြန်တယ်၊ ဒါပေမယ့် ခေါ်မရဘူး၊ ရေချိုးကြတယ်၊ ရေချိုးပြီးတော့ ဘုရားဖူးသွားဖို့ ထပ်ခေါ်ပြန်တယ်၊ ခေါ်လို့မရဘူး၊ ဒါကြောင့် ဃဋိကာရက ဇောတိပါလရဲ့ ခေါင်းလျှော်ပြီးတဲ့ ဆံပင်ကို ဆွဲပြီး

'အဆွေ ဇောတိပါလ– ဘုရားရှင်ကို ဖူးမြင်ရတာဟာ အလွန်ကောင်းမြတ်ပါတယ်၊ အဆွေ မငြင်းပါနှင့်၊ လိုက်ခဲ့ပါ'လို့ အတင်း ခေါ်ပြန်တယ်၊ ဒီအခါ ဇောတိပါလက စဉ်းစားတယ်၊ ဃဋိကာရနှင့်ငါဟာ သူငယ်ချင်းမို့ ဘယ်လောက် ချစ်ကြသော်လည်း သူနှင့်ငါဟာ ဇာတ်ချင်း မတူဘူး၊ ငါက ဗြဟ္မဏဇာတ်အမျိုးဖြစ်တယ်၊ ငါရဲ့ဆံပင်ကို သူက ဆွဲတယ်၊ ငါက မကျေနပ်လို့ မင်းကို တိုင်လျှင် သူဟာ အသက်ပါ သေစေနိုင်တယ်၊ ဒီအကြောင်း သူသိပြီးသားပင်ဖြစ်တယ်၊ သို့ပါလျက် အသက်ကို စွန့်ပြီး ငါ့ဆံပင်ကို ဆွဲတယ်ဆိုတာဟာ ကဿပဘုရားကို အလွန် ဖူးစေချင်တဲ့ စေတနာကြောင့်သာ ဖြစ်တယ်၊ ကဿပဘုရားကို ဖူးရတဲ့အတွက် ငါ့မှာ အရှုံးလည်း မရှိတန်ရာဘူး၊ ဒါကြောင့် သူငယ်ချင်းရဲ့ဆန္ဒအလျောက် ဘုရားဖူးလိုက်မှ တော်မယ်လို့ အကြံဖြစ်ပြီး–

http://www.dhammadownload.com



အဆွေ ဃဋိကာရ...ငါ၏ဆံပင်ကိုလွတ်ပါ၊ ငါသည် သင်နှင့်အတူ ဘုရားဖူးလိုက်ပါမယ်လို့ ဝန်ခံလိုက် တယ်၊ ဃဋိကာရနှင့် ဇောတိပါလတို့ဟာ ကဿပ ဘုရားထံ အတူတကွ သွားရောက် ဖူးမြော်ကြတယ်၊ ဃဋိကာရက ဇောတိပါလကို တရားဟောပေးပါရန် လျှောက်ထားလို့ ကဿပဘုရားရှင် တရားဟောတော်မူတယ်၊ ဇောတိပါလဟာ ကဿပဘုရားရှင်ကို လွန်စွာ ကြည်ညိုပြီး သာသနာတော်တွင်းမှာ ရဟန်းပြုခဲ့တယ်။

အာနန္ဒာ ကဿပဘုရားရှင်ဟာ ဝေဂဠိဂ်ရွာကြီးမှ ဗာရာဏသီ ပြည်သို့ကြွ၍ ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူတယ်၊ ကဿပဘုရား မိဂဒါဝုန်တောမှာ သီတင်းသုံးသည့် သတင်းကို ကြားလို့ ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီးဟာ ကောင်းမြတ်သောယာဉ်ကို စီးပြီး မိဂဒါဝုန်ကို ဘုရားဖူးသွားတယ်၊ ကဿပဘုရားရှင်ဟာ ကိကီမင်းကြီးကို သင့်လျော်သော တရားကို ဟောတယ်၊ ကိကီမင်းကြီးအား ဘုရားအမှူးရှိတဲ့ သံဃာများကို နက်ဖြန်အတွက် ဆွမ်းဖိတ်ပြီး ပြန်သွားတယ်၊ နောက်တစ်နေ့ နံနက် ဆွမ်းကပ်ပြီးတော့ ကိကီမင်းကြီးက ကဿပဘုရားရှင်ဟာ ဗာရာ ဏသီပြည်မှာ ဝါဆိုဖို့ လျှောက်ထားတယ်၊ သို့သော်လည်း ကဿပဘုရားရှင်က ငါဟာ အခြားမှာ ဝါဆိုဖို့ ဝန်ခံပြီးဖြစ်လို့ သင်ရဲ့ လျှောက်ထားချက်ကို ဝန်မခံဘူးလို့ မိန့်တော်မူတယ်။

ကိကီမင်းကြီးဟာ သူ့ပြည်မှာ ဝါဆိုဖို့ သုံးကြိမ် လျှောက်တယ်၊ ဘုရားရှင်ကလည်း သုံးကြိမ် ပယ်ချတယ်၊ ဒီအခါ ကိကီမင်းကြီးက စိတ် မချမ်းသာတဲ့ အတွက် "အရှင်မြတ်ဘုရား... တပည့်တော်အပြင် သာလွန် တဲ့ အလုပ်အကျွေး ရှိပါသေးသလား"လို့ လျှောက်ထားတယ်၊ ကဿပ ဘုရားရှင်က-

မင်းကြီး... ဝေဂဠိဂ်ရွာ၊ အိုးထိန်းသည် ဃဋိကာရဟာ ငါရဲ့မြတ်သော အလုပ်အကျွေးဖြစ်တယ်၊ အသင်မင်းကြီးသည် ငါ့အား ဗာရာဏသီ၌ ဝါဆိုရန် လျှောက်ထားသည်ကို ငါလက်မခံခြင်းကြောင့် နှလုံးမသာမယာ ခြင်းဖြစ်၏၊ ဃဋိကာရ၌ကား နှလုံးမသာခြင်း မရှိ။

ဃဋိကာရသည် ရတနာသုံးပါးတို့ကို ကိုးကွယ် ဆည်းကပ်၏၊ ငါးပါး သီလ လုံခြုံ၏၊ သစ္စာလေးပါး၌ ယုံမှားကင်း၏၊ မြတ်သောအကျင့် ရှိ၏၊

http://www.dhammadownload.com



သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊ ပတ္တမြား ရွှေ ငွေမှ ကင်း၏၊ သမ္မာအာဇီဝအားဖြင့် အိုးလုပ်စား၏၊ မျက်မမြင် မိဘတို့ကို လုပ်ကျွေး၏၊ အောက်သံယောဇဉ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ်ဖြစ်၍ ကွယ်လွန်လျှင် ဗြဟ္မာဖြစ်၍ ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံလိမ့်မည်။

မင်းကြီး... ငါသည် ဝေဂဠိဂ်ရွာကြီး၌နေစဉ် ဃဋိကာရအိမ်သို့ ဆွမ်းခံကြွ၏၊ ထိုအချိန်တွင် ဃဋိကာရ မရှိချေ၊ တောသို့သွားနေ၏၊ မျက်မမြင် မိဘတို့သည် ငါ့အား ဃဋိကာရမရှိ၍ ဆွမ်း,ဆွမ်းဟင်းတို့ကို လိုသလောက် ခပ်ယူသုံးဆောင်တော်မူပါဟု လျှောက်ထားကြသဖြင့် ငါသည် ဃဋိကာရချတ်ပြုတ်ထားသော ဆွမ်းခဲဖွယ်တို့ကို လိုသလောက် ခပ်ယူခဲ့ဖူးပြီ၊ ဤအကြောင်းကိုသိ၍ ဃဋိကာရသည် အားကြီးသော ပီတိဖြင့် ၁၅-ရက်ပတ်လုံး ချမ်းသာစွာနေဖူးပြီ။

မင်းကြီး ဝေဂဠိဂ်ရွာ၌နေစဉ် ငါနေသောကျောင်း ကုဋီသည် မိုးမလုံချေ၊ ထိုအခါ ငါသည် ရဟန်းတို့အား ဃဋိကာရ၏အိမ်၌ မြက်သက်ငယ် ရှိ,မရှိ သိကြကုန် လောဟု စေခိုင်း၏၊ ရဟန်းများက အရှင်ဘုရား... ဃဋိကာရ၏ အိမ်၌ မြက်သက်ငယ် မရှိပါ၊ သူ၏ အလုပ်တဲကိုမူကား သက်ငယ်မိုးထားသည်မှာ မကြာသေးပါဟု လျှောက်ထားကြသည်၊ ထိုအခါ ငါက ရဟန်းတို့ ထိုသို့ဖြစ်ပါမူ ဃဋိကာရ၏ အလုပ်တဲမှ သက်ငယ်ကိုယူ၍ မိုးကြလော့ဟု စေခိုင်း၏။

ရဟန်းတို့သည် အလုပ်တဲမှ သက်ငယ်ကို ခွာယူကြ၏၊ ထိုအခါ မျက်မမြင်မိဘတို့က အလုပ်တဲမှ သက်ငယ်ကို ခွာယူကြသူတို့ကား အဘယ်သူတို့နည်းဟု မေးသည်၊ ရဟန်းများက အကြောင်းစုံ ပြောပြသောအခါ မိဘများက သို့ဖြစ်ပါက ခွာယူတော်မူကြပါဟု လျှောက်ထားသည်။

ထိုသတင်းကိုကြားသော ဃဋိကာရကလည်း ငါ့အား အရတော်လေစွ၊ ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ကဿပဘုရားရှင်သည် ငါ့အား ဤသို့ အလွန် အကျွမ်းဝင်တော်မူဘိ၏ဟု အကြံဖြစ်သည်၊ နှစ်သက် သောပီတိဖြင့် ခုနစ်ရက်ပတ်လုံး ချမ်းသာစွာနေလေပြီ၊ ဃဋိကာရ၏ တဲအိမ်သည်လည်း ဝါတွင်း ၃-လပတ်လုံး ကောင်းကင်လျှင် အမိုးရှိသည်ဖြစ်၍ တည်၏၊ မိုးမစိုချေ။

http://www.dhammadownload.com



အာနန္ဒာ ကဿပဘုရားရှင်က ဤသို့မိန့်ဆိုသဖြင့် ကိကီမင်းကြီးသည် ဃဋိကာရထံသို့ သလေးဆန် လှည်းအစီးငါးရာနှင့်အတူ လျောက်ပတ်သော ဟင်း ချက်စရာတို့ကို ပို့စေ၏၊ သို့သော် ထိုပစ္စည်းအားလုံးကို ဃဋိကာရက လက်မခံချေ၊ အဘယ်ကြောင့် လက်မခံသနည်းဟူမူကား ကိကီမင်းကြီးနှင့် ငါသည် မြင်လည်းမမြင်ဘူး၊ သိလည်း မသိ၊ သို့ပါလျက် ယခု ပို့လာခြင်းကား ဘုရားရှင်သည် ငါ၏ဝါဆိုရန်လျှောက်ထားခြင်းကို အကြောင်းပြု၍ ငါ၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူသဖြင့် ပေးပို့ခြင်းဖြစ်၏၊ ကၡ၍ရသောပစ္စည်း၊ သီချင်းဆို၍ ရသောပစ္စည်းကဲ့သို့ ဖြစ်၍ ငြင်းပယ်ခြင်းဖြစ်လေသည်။

အာနန္ဒာ ထိုအခါ ဇောတိပါလလုလင်သည်ကား အခြားသူ မဟုတ်၊ ငါဘုရားပင် ဖြစ်လေသည်ဟု မိန့်တော်မူလေသည်။

## ကပ္ပဋ္ဌိတိမှတ်ချက်

ဃဋိကာရ၏အိမ်သည် သုံးလမျှသာ မိုးမစွတ်ကြောင်း ပါဠိတော်၌ ဆို၏၊ အဋ္ဌကထာ၌ကား နောက်အဖို့ ထိုရွာကြီး ပျက်သုဉ်းသည့်တိုင်အောင် ထိုဌာန မိုးမစွတ်ချေ၊ ထိုအရပ်၌ရှိသောသူတို့သည် ထိုအရပ်တွင် အလုပ်လုပ် နေဆဲ မိုးရွာခဲ့လျှင် မိမိတို့၏ အဝတ်များကို မိုးမစိုစေရန် ထိုတဲဟောင်းနေရာ၌ ထားကြရသည်၊ ဤ ကမ္ဘာပတ်လုံး ထိုနည်းအတိုင်း တည်လတ္တံ့ဟု (ယာဝ ကပ္ပဋ္ဌာနာ တံ ဌာနံ တာဒိသမေဝ ဘဝိဿတိ)ဟု ဖွင့် ပြခဲ့သည်၊ ထို့ကြောင့် ဃဋိကာရ၏တဲအိမ်နေရာသည် ကပ္ပဋ္ဌိတိ ၄–ပါး၌ ပါဝင်ခြင်းဖြစ်လေသည်။

## ကပ္ပဋ္ဌိတိ ကျူဝါး

"တစ်ကမ္ဘာပတ်လုံး မိုးမစွတ်တဲ့ ဃဋိကာရအိမ်ပြီးတော့ အခု ပြောရမှာက တစ်ကမ္ဘာလုံး အလုံးစုံ အပေါက်ပါတဲ့ ကျူဝါးအကြောင်းကိုး ကွယ့်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ကျူဝါးဇာတ်ကို နဠကပါနဇာတ်ဆိုတဲ့ အမည်နှင့် ၅၅၀–ဇာ နိပါတ်မှာ ဘုရားဟောတယ်ကွယ့်"

"မှန်ပါ၊ အဲဒီ နဠကပါနဇာတ်ကို အကျယ်မိန့်ပါဦးဘုရား"

http://www.dhammadownload.com



## "အကျယ်ကတော့ ဒီလိုတဲ့ကွယ့်"

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူရင်း နဠကပါနဆိုတဲ့ ရွာတစ်ရွာကို ရောက်တော်မူတယ်၊ ရွာကို ရောက်သော်လည်း ရွာထဲမှာ တည်းခိုခြင်းမပြုဘဲ ရွာရဲ့ အနီးမှာ ရေကန်ကြီးတစ်ကန်ရှိတယ်၊ အဲဒီရေကန်ပတ် ဝန်းကျင်မှာလည်း ဆတ်သွားပင်တွေ ကျူပင်တွေ ပေါက်နေတယ်၊ ဘုရားရှင်က အဲဒီ ဆတ်သွားတောမှာ သီတင်းသုံးတော်မူတယ်။

ဘုရားရှင်ရဲ့ နောက်တော်က လိုက်ပါလာကြတဲ့ ရဟန်းတော်များဟာ ဆတ်သွားတောမှာ ဘုရားရှင် သီတင်းသုံးတော်မူကြောင်း သိကြတော့ အမောပြေ နားပြီး ရေကန်ထဲ ရေချိုးကြတယ်၊ ရေချိုးရင်း ကျူပင်တွေကို မြင်တော့ အပ်ထည့်ဖို့ ကျီလုပ်ရအောင် သာမဏေများကို ယူခဲ့စေကြတယ်။

နေရာရောက်လို့ အပ်ကျီလုပ်ဖို့ ကျူဝါးတွေကို ကြည့်လိုက်တော့ အားလုံးသော ကျူဝါးတွေဟာ အရင်းမှ အဖျားထိအောင် အခေါင်းပေါက်တွေချည်း ဖြစ်နေသတဲ့၊ ဝါးဆိုတာဟာ အဆစ်နေရာမှ ပိတ်မြဲကိုး၊ ခုတော့ မပိတ်ဘဲ အပေါက်ဖြစ်နေတော့ အံ့သြကြပြီး ကျူဝါးအကြောင်း ဘုရားရှင်ကို လျှောက်ကြတယ်၊ ဘုရားရှင်က... ရဟန်းတို့ ကျူဝါးတွေ အလုံးစုံ ပေါက်နေတာဟာ အဓိဋ္ဌာန်ရဲ့အစွမ်းဖြစ်တယ်လို့ မိန့်တော်မူပြီး ဒီ နဠကပါနဇာတ်ကို ဟောတော်မူတယ်။

ရှေးတုန်းက ဒီ ကျူတောနေရာမှာ လူ မရှိသေးဘူးတဲ့ကွယ်၊ ဒီ ရေကန်ကိုလည်း ရေစောင့်ဘီလူး တစ်ကောင် စောင့်နေသတဲ့၊ ဒီ ရေစောင့် ဘီလူးဟာ ရေသောက်လာကြတဲ့ သတ္တဝါတွေကို ဖမ်းယူပြီး စားသတဲ့၊ အဲဒီ တုန်းက ဘုရားလောင်းဟာ သမင်သားငယ်လောက် ကြီးမားတဲ့ မျောက်မင်း ဖြစ်ပြီး မျောက်ပေါင်း ရှစ်သောင်း အခြံအရံ ရှိသတဲ့။

အလောင်းတော်မျောက်မင်းဟာ မျောက်များကို ခေါ်ပြီး ဒီတောအတွင်းမှာ မစားကောင်းတဲ့အသီးတွေလည်း ရှိတယ်၊ ဘီလူးစောင့်တဲ့ ရေကန်လည်း ရှိတယ်၊ သင်တို့ မစားဖူးသေးတဲ့သစ်သီး၊ မသောက်ဖူးသေးတဲ့ ရေကန်တွေ့လျှင် ငါ့ကို ပန်ကြားရမယ်လို့ အမိန့်ပေးထားတယ်။

http://www.dhammadownload.com



တစ်ရက်တော့ မျောက်များဟာ ဒီရေကန်အနီး ရောက်လာကြတယ်၊ ရေကိုသောက်ချင်သော်လည်း မျောက်မင်းရဲ့အမိန့်အရ ဆင်းမသောက်ကြသေးဘဲ မျောက်မင်းကို ပန်ကြားကြသတဲ့။

ဘုရားအလောင်းဟာ ရေကန်ကို ဆင်ခြင်ကြည့်တဲ့အခါ ဆင်းတဲ့ ခြေရာသာမြင်ပြီး ပြန်တက်လာတဲ့ ခြေရာကို မမြင်တဲ့အတွက် ဒီရေကန်ဟာ ဘီလူးစောင့်တဲ့ ရေကန်မှန်းသိလို့ မျောက်များကို ရေကန်ထဲမဆင်းရဘူးလို့ အမိန့်ပေးတယ်၊ မျောက်များကလည်း ဘုရားလောင်းရဲ့ အမိန့်အတိုင်း တစ်ကောင်မျှ ရေကန်ထဲ မဆင်းကြဘူးတဲ့၊ ဒီအခါ ရေကန်စောင့်ဘီလူးဟာ ရေကန်ထဲက ရေကို ခွဲထွက်လာပြီး သင်တို့ ဘာကြောင့် ဆိုင်းငံ့နေကြတာလဲ၊ ရေကန်ထဲဆင်းပြီး ရေသောက်ကြပါလားလို့ပြောသတဲ့။

ဒီအခါ ဘုရားလောင်းက– သင်ဟာ ဒီ ရေကန်စောင့်တဲ့ ဘီလူး မဟုတ်လားလို့မေးတော့ ဘီလူးက ဟုတ်တယ်လို့ဖြေတယ်၊ သင်ဟာ ဟိုမှာ မျောက်တွေ အများကြီး ဖမ်းစားပါလား၊ ဘာကြောင့် ရေကန်တွင်း အဆင်း ခိုင်းရတာလဲလို့မေးတော့ ဘီလူးက ရေကန်တွင်း ဆင်းသောသူတို့သာ စားပိုင်တယ်၊ မဆင်းတဲ့သူကို မစားပိုင်ဘူး၊ ဒါကြောင့် အဆင်းခိုင်းခြင်း ဖြစ်တယ်၊ သင်တို့အားလုံး ရေငတ်နေကြပြီ၊ ရေကန်တွင်းဆင်းပြီး ရေအသောက်ကို ငါစောင့်နေတယ်လို့ပြောတယ်။

ဘုရားလောင်းက အို... ဘီလူး၊ ငါတို့အားလုံး ရေကိုသောက်ပြမယ်၊ သို့သော် သင့်နိုင်ငံသို့ တစ်ဦးမျှ မရောက်စေရဘူးလို့ ပြောပြီး ရေကန်ကို ရံနေတဲ့ ကျူပင်အားလုံးဟာ ငါ့ရဲ့သစ္စာပါရမီဟုန်ကြောင့် အဆစ်ပိတ် မခံဘဲ တစ်ပေါက်တည်းဖြစ်စေလို့ အဓိဋ္ဌာန်တော်မူသတဲ့၊ အဲဒီအခါက စပြီး ရေကန်ကိုရံတဲ့ ကျူပင်အားလုံးဟာ တစ်ပေါက်တည်း ဖြစ်သွားကြသတဲ့။

ဤဘဒ္ဒကမ္ဘာမှာ တစ်ကမ္ဘာလုံးတည်တဲ့ တန်ခိုးလေးပါးတို့အနက် ဒီကျူပင်များဟာလည်း ဘုရားလောင်းရဲ့ အဓိဋ္ဌာန်တော်ကြောင့် တစ်ကမ္ဘာပတ်လုံး အဆစ်ပိတ် မပါဘဲ အားလုံး အပေါက်ဖြစ်နေတယ်လို့ ကေနိပါတ် နဠကပါနဇာတ်မှာ ဟောတော်မူတယ်ကွယ့်"

http://www.dhammadownload.com



"မှန်လှပါ၊ ငုံး, အိမ် ,ကျူ, လရယ်လို့ ကပ္ပဋ္ဌိတိ ၄–ပါးမှာ ၃–ပါးတော့ သိပါပြီဘုရား၊ တစ်ကမ္ဘာလုံးတည်တဲ့ လရဲ့အကြောင်းကိုလည်း မိန့်ပါဦး ဘုရား"

## လ၌တစ်ကမ္ဘာပတ်လုံး ယုန်ရုပ်ထင်ခြင်း

လမှာ တစ်ကမ္ဘာပတ်လုံး ယုန်ရုပ်ထင်ခြင်းရဲ့ အကြောင်းက ၅၅၀၊ စတုက္ကနိပါတ်၊ သသဇာတ်တော်မှာ လာတယ်ကွယ့်၊ သသဇာတ်ဖြစ်ပေါ်လာ ပုံက မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစဉ် ကာလက သာဝတ္ထိပြည်သား သူကြွယ်တစ်ဦးဟာ အိမ်တံခါးဝမှာ မဏ္ဍပ် ဆောက်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ၇–ရက်ပတ်လုံး ပရိက္ခရာ တို့ကို ပေးလှူသတဲ့၊ ခုနစ်ရက်မြောက် ဆွမ်းဘုဉ်းပေးပြီးတော့ ဘုရားရှင်က "ဒါယကာ– သင်ဟာ ခုနစ်ရက်ပတ်လုံး အလှူကြီး လှူရတဲ့အတွက် နှစ်သက် ဝမ်းသာစရာ ကောင်းတယ်၊ ရှေးက ပညာရှိများဟာ မိမိအသားကို ပင် လှူခဲ့ကြဖူးတယ်"လို့ မိန့်တော်မူတော့ သူကြွယ်က လျှောက်ထားလို့ ဒီ ဇာတ်တော်ကို ဟောတော်မူသတဲ့ကွယ့်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ်ကာလက ဘုရားအလောင်းတော်ဟာ ယုန်မင်း မျိုးမှာ ဖြစ်တော်မူသတဲ့၊ အလောင်းတော် ယုန်မင်းနေတဲ့ တောဟာ တစ်ဖက်ကတောင်၊ တစ်ဖက်ကမြစ်ရှိတယ်၊ တစ်ဖက်မှာတော့ ရွာငယ်တစ်ရွာရှိသတဲ့၊ ဘုရားလောင်း ယုန်မင်းမှာလည်း မျောက်ရယ်, မြေခွေးရယ်, ဖျံရယ် မိတ်ဆွေသုံးဦး ရှိသတဲ့၊ တစ်ရက်တော့ ယုန်မင်းက ကောင်းကင်ကို မော့ကြည့်လိုက်တယ်၊ ကောင်းကင်က လဟာ ပြည့်လုလုဖြစ်နေတယ်၊ လကိုမြင်သောအားဖြင့် နက်ဖြန် လပြည့်ဥပုသ်ဆိုတာ ကို ယုန်မင်းသိတယ်၊ ဒါကြောင့် မိတ်ဆွေလေးဦး ဆုံကြတဲ့အခါ ယုန်မင်းက အဆွေတို့ နက်ဖြန် လပြည့် ဥပုသ်နေ့ဖြစ်တယ်၊ လပြည့် နေ့မှာ ငါတို့ ဥပုသ် စောင့်ကြမယ်၊ သီလနှင့်ယှဉ်တဲ့ ဒါနတရားဟာလည်း အလွန် အကျိုး ကြီးမားတယ်၊ ဒါကြောင့် ဥပုသ်သီလစောင့်ပြီးလျှင် ငါတို့ အလှူပေးကြ မယ်၊ သင်တို့ အလှူပေးဖို့အတွက် တတ်နိုင်သလောက် ရှာဖွေထားကြရန် အမိန့်ပေးတယ်။

http://www.dhammadownload.com



အဲဒါကြောင့် ဖျံဟာ အစာရဖို့ ဂင်္ဂါမြစ်အပါး သွားတော့ ရှာသား တစ်ယောက်ဟာ ငါးကြင်းခုနစ်ကောင်ကို နွယ်ဖြင့် သီပြီး သဲတွင်း မြှုပ်ထား ခဲ့တာကိုရတယ်၊ ဒါကြောင့် ငါးကြင်းတွေကို သဲတွင်းက ဆွဲထုတ်ပြီး အရှင် ရှိသလားလို့ ၃–ကြိမ် အသံပြုတယ်၊ တုံ့ပြန်သံကို မရလို့ နွယ်ကို ကိုက်ချီပြီး မိမိနေရာကို ဆောင်ယူခဲ့သတဲ့။

မြေခွေးကလည်း အစာရှာ ထွက်ခဲ့ရာက လယ်သမားတစ်ယောက် သိမ်းထားခဲ့တဲ့ အမဲတံစို့ နှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့ဓမ်းအိုးတစ်လုံးတို့ကို တွေ့တယ်၊ ပစ္စည်းရှင်များ ရှိပါသလားလို့ ၃–ကြိမ် ကြွေးကြော်သတဲ့၊ တုံ့ပြန်သံကို မကြားလို့ မိမိနေရာကို ကိုက်ချီ ဆောင်ယူသွားသတဲ့။

မျောက်ကလည်း နေရာကထွက်ပြီး အစာရှာဖွေတော့ သရက်သီး ခိုင်ကြီးတစ်ခိုင်ရတာနှင့် မိမိနေရာကို ဆောင်ယူခဲ့တယ်၊ ယုန်မင်းကတော့ နေစာမြက်စားတဲ့ အမျိုးမို့ ဘာကိုမှ မရှာဖွေဘဲ နေစာမြက်အနီးမှာဝပ်ပြီး ဥပုသ်စောင့်သတဲ့၊ ဥပုသ်စောင့်ရင်း အကယ်၍ အလှူခံ ရောက်လာခဲ့သော် ငါ့ရဲ့အသားကို လှူမယ်လို့ ကြံသတဲ့။

အလောင်းတော်ယုန်မင်းရဲ့ သီလတန်ခိုးကြောင့် သိကြားမင်းရဲ့ ပဏ္ဍု ကမ္ဗလာ ကျောက်ဖျာနေရာဟာ ပူလာသတဲ့၊ ဘာကြောင့် ပူပါလိမ့်လို့ သိကြားမင်းက ဆင်ခြင်တော့ ယုန်မင်းရဲ့သီလနှင့် စိတ်အကြံကို သိသတဲ့၊ ဒါကြောင့် ယုန်မင်းရဲ့အလိုကို စုံစမ်းဖို့ ပုဏ္ဏားယောင် ဖန်ဆင်းပြီး ရပ်ပါ သတဲ့။

အို...ပုဏ္ဏားကြီး ဘာကြောင့်ရပ်ပါသလဲလို့ မေးတဲ့အခါ သိကြားမင်းက သင်တို့ထံမှ တစ်စုံတစ်ရာသော အာဟာရကိုရခဲ့လျှင် ဥပုသ်ဆောက်တည် နေလိုတဲ့အတွက် ရပ်လာပါတယ်လို့ပြောသတဲ့။

ဖျံက ကောင်းပြီဆိုပြီး သူရခဲ့တဲ့ ငါးကြင်းခုနစ် ကောင်ကို ပေးလှူသတဲ့၊ မြေခွေးကလည်း သူရခဲ့တဲ့ အမဲတံစို့၊ ဖွတ်ကင်၊ နို့ဓမ်းတို့ကို လှူသတဲ့၊ မျောက် ကလည်း သူဆောင်ယူခဲ့တဲ့ သရက်သီးခိုင်ကို လှူသတဲ့၊ ယုန်မင်းကတော့ ငါဟာ မလှူဖူးသေးတဲ့အလှူကို လှူ မယ်၊ မီးကျီးကိုပြုပါ၊ မီးပုံတွင်းခုန်ဆင်းပြီး ငါ့ရဲ့ ခန္ဓာကိုယ်ကို လှူမယ်လို့ပြောသတဲ့။

http://www.dhammadownload.com



သိကြားမင်းလည်း မီးကျီးစုကို ဖန်ဆင်းပေးတယ်၊ အလောင်းတော် ယုန်မင်းလည်း သူ့ကိုယ်က အလှေးအမွှားများ ကင်းစင်အောင် သုံးကြိမ် ကိုယ်ကို ခါပြီး မီးကျီးပုံတွင်း ခုန်ဆင်းလိုက်သတဲ့၊ သိကြားမင်း ဖန်ဆင်း တဲ့မီးဟာ ယုန်မင်းကို မလောင်ဘူးတဲ့၊ ဒီအခါ အလောင်းတော်ယုန်မင်းက သိကြားမင်းကို ဘာကြောင့် ဒီလိုဖြစ်တာလဲလို့ မေးတယ်၊ သိကြားမင်းက ငါဟာ တကယ် ပုဏ္ဏားမဟုတ်ဘူး၊ သင့်အလိုကို စုံစမ်းတဲ့ သိကြားမင်း ဖြစ်တယ်၊ သင့်ရဲ့စေတနာကို တစ်ကမ္ဘာလုံး သိအောင် တောင်ဆီနှင့် ယုန်ရုပ် ကို ရေးခဲ့မယ်လို့ပြောပြီး အလောင်းတော်ယုန်မင်းရဲ့ ဂုဏ်ကျေးဇူးကို တစ်ကမ္ဘာ လုံး သိအောင် လမှာ ယုန်ရုပ် ရေးထားခဲ့သတဲ့၊ အဒီ ယုန်ရုပ်လည်း တစ်ကမ္ဘာပတ်လုံးတည်မှာမို့ ကပ္ပဋ္ဌိတိ ၄-ပါးမှာ ပါဝင်တယ်။

တစ်ကမ္ဘာလုံး ကပ္ပဋ္ဌိတိလေးပါးက-

၁။ မီးကွင်းတဲ့ အလောင်းတော်ငုံးမင်းအသိုက် ပတ်ဝန်းကျင်၊

၂။ ဃဋီကာရ အိုးထိန်းသည်ရဲ့ အလုပ်တဲနေရာ၊

၃။ အဓိဋ္ဌာန်အာနုဘော်ကြောင့် အားလုံး အခေါင်းပေါက်တဲ့ကျူဝါး၊

၄။ လမင်းရဲ့အတွင်းမှာရှိတဲ့ ယုန်ရုပ်အရေး

အားလုံး ၄-ပါးဖြစ်တယ်။

ဒီလောက်ဆိုလျှင် မင်းတုန်းမြို့ ပိန္နဲကျောင်း ဆရာတော် မေးလျှောက်တဲ့ ကပ္ပဋ္ဌိတိလေးပါးဟာ ပြေလောက်ပါပြီနော်"

"မှန်ပါ- ပြေလောက်ပါပြီအရှင်ဘုရား"

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com



# ဦးနေမင်း၏ အမေးသုံးပုဒ်

"ဟောဒီစာက ကန့်ဘလူမြို့၊ ဦးနေမင်းထံက လျှောက်ထားစာ ဖြစ်ပါတယ်၊ ဦးနေမင်းက ဆရာတော့် ထံမှာ အမေးပုစ္ဆာ ၃–ခု တင်ပြ လျှောက်ထားပါတယ် ဘုရား၊ အမေးပုစ္ဆာ ၃–ခုတို့က–

၁။ မြတ်စွာဘုရားရှင်၏ ပုံတော်၌ ဦးခေါင်း၏ အထက်၌ စေတီပုံစံကို ဘယ်အဓိပ္ပာယ်နှင့် ထုလုပ် ပါသနည်း၊

၂။ ဗုဒ္ဓဘာသာဝင်အချို့တို့သည် ရှင်သီဝလိပုံအငယ် ကလေးများ ထုလုပ်စေ၍ ပုလင်း,ဘူး စသည်တို့၌ အလုံပိတ်၍ ကိုးကွယ်တတ်ကြပါသည်၊ ထိုသို့ ကိုးကွယ်သည်မှာ အပြစ် ရှိ,မရှိ၊

၃။ သက်န်းဆေးဆိုးသော ပုဂ္ဂိုလ်များသည် ကျောက် ခွက် စသည်တို့၌ ဆေးရည်နှင့် သင်္ကန်းထည့်၍ ခြေဖြင့် နင်းဆိုးကြသည်မှာ အပြစ် ဖြစ်,မဖြစ်၊ မေးမြန်းခြင်း ဖြစ်ပါတယ်ဘုရား"

### ဗုဒ္ဓဦးခေါင်းတော်ပုံ

"ကန့်ဘလူမြို့ ဦးနေမင်းက ရှေးဦးစွာ ဗုဒ္ဓ ဦးခေါင်းတော်ပုံကို မေးထားသကွယ့်"

"မှန်ပါဘုရား"

"ဗုဒ္ဓဘုရားရှင်ရဲ့ ဦးခေါင်းတော် ဘယ်လိုနေတယ် ဆိုတာကို တိတိကျကျ ပြေဆိုဖို့ အတော်ခက်သကွယ့်"

"ဘာကြောင့်လဲဘုရား"

http://www.dhammadownload.com



"ဇင်းမယ်ပဏ္ဏာသဝတ္ထုမှာ ဝဋ္ဋဂုံလိအမည်ရှိတဲ့ ဇာတ်တစ်ဇာတ်ပါတယ်၊ အဲဒီဇာတ်တော်မှာ မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကပင် သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးဟာ ဘုရားရှင်ကို လျှောက်ထားပြီး ဘုရားရှင်ရဲ့ ရုပ်တုတော်ကို သစ်သားဖြင့် ထုလုပ်စေတယ်လို့ အဆိုရှိတယ်။

ရခိုင်ရာဇဝင်မှာလည်း စန္ဒသူရိယမင်းလက်ထက် အဥ္စနမင်း ဖြို့ခွင်း သက္ကရာဇ် ၁၂၃–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ညနေအချိန်ကစပြီး မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ရာ ဘုရားရှင်ကိုယ်တော်တိုင်ကြွ၍ ရင်ငွေ့တော်ကို ခုနစ်လက်ခုပ် ထည့်တော်မူကြောင်း၊ ဘုရားရှင်နှင့် အလုံးစုံတူကြောင်း ရေးပြထားတယ်၊ အဲဒီ မဟာမုနိ ရုပ်ရှင်တော်ဟာ အခု မန္တလေးမြို့မှာ စံနေတော်မူတဲ့ (မဟာမုနိရုပ်ပွားတော်ကြီး)ပင်ဖြစ်တယ်၊ ဓမ္မုဒ္ဒိပစာတမ်းမှာလည်း ဟိမဝန္တာတောအတွင်း မန္ဒာဂီရိတောင်မှာနေတဲ့ မဟေသရနတ်နှင့် ဥမ္မာဒေဝီတို့ဟာ မူလက ဘုရားရှင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း နောက်ပိုင်းမှာ ဘုရားရှင်ကို ကြည်ညိုလို့ မန္ဒာဂီရိတောင်အဝှမ်းမှာ အလွန်ဆန်းကြယ်တဲ့ ကျောင်းကြီးကို ပြုလုပ်သတဲ့၊ ကျောင်းရဲ့အတွင်းမှာ ဆန်းကြယ်တဲ့ ဂန္ဓကုဋိတိုက်ကို ဖန်ဆင်းပြီး ဘုရားရှင်ရဲ့ ရုပ်တုတော်ကို ပြုလုပ်ကိုးကွယ်တယ်လို့ ဖော်ပြထားတယ်။

ဒါပေမယ့် ကျောက်စာဌာနက ပညာရှိကြီးများက မဇ္ဈိမတိုက်တစ်ဝိုက်ကို တူးဖော် စစ်ဆေးကြည့်တဲ့အခါ ရှေးကျတဲ့ ဗုဒ္ဓရုပ်ပွားတော်များ မတွေ့ရဘဲ ဗုဒ္ဓအထိမ်းအမှတ် ဆင်ရုပ်၊ နွားလားဥသဘ၊ ခြသေ့်၊ တြိရတန၊ ဓမ္မစကြာပုံ၊ မဟာဗောဓိပုံ စသည်များသာ တွေ့ကြသတဲ့၊ အကယ်၍ ဗုဒ္ဓလက်ထက်ကစပြီး ရုပ်ပွားတော်များ ထုလုပ် ကိုးကွယ်ခဲ့လျှင် တိုက်ရိုက်မဟုတ် ပရိယာယ်မျှသာဖြစ်တဲ့ ထိုထို ရုပ်ပုံများကို ထုလုပ် ကိုးကွယ်ရန် မလိုဘဲ ယခုခေတ်လို ဗုဒ္ဓရုပ်ပွားတော်များသာ ထုလုပ် ကိုးကွယ်ရာရှိသတဲ့၊ ဗုဒ္ဓရုပ်ပွားတော် တိုက်ရိုက်မထုလုပ်ဘဲ ပရိယာယ်မျှသာဖြစ်တဲ့ ဆင်ရုပ်၊ နွားလား၊ ဓမ္မစကြာပုံ စသည်တို့ကို ထုလုပ် ကိုးကွယ်တာထောက်တော့ ထိုစဉ်က ဗုဒ္ဓဘာသာဝင်များဟာ အတုမရှိလို့ (အတုလ) ခေါ်ရတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို မထုလုပ်ဝံ့ကြတဲ့အတွက် ပရိယာယ်မျှကိုသာ ထုလုပ်ကြတယ်လို့ ယူဆကြတယ်။

http://www.dhammadownload.com



ဒါဖြင့် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကြတာဟာ ဘယ်တုန်းကလဲဆိုတော့ အိန္ဒိယပြည် အနောက်ဘက်၊ ဂန္ဓာရတိုင်း ကသ္မီရတိုင်းစတဲ့ ယခု အနောက် ပါကစ္စတန် နယ်ကို ဂရိတ်လူမျိုးများ တိုက်ခိုက် သိမ်းပိုက်ပြီးတဲ့ နောက်ပိုင်းမှာ ဖြစ်တယ်လို့ ယူဆကြတယ်၊ ဂရိတ်တွေဟာ အနောက်ပါကစ္စတန်ကို အကြိမ်ကြိမ် တိုက်ခိုက်ပြီး နောက်ဆုံးမှာ ပါကစ္စတန်က ပြန်မထွက်တော့ဘဲ အိန္ဒိယ အနောက်တိုင်းသားများနှင့် ရောနှောသွားကြတယ်၊ ဂရိတ်တို့ဟာ ဘာအယူဝါဒမျှ ယူဆထားခြင်း မရှိကြဘူး၊ အိန္ဒိယရောက်တော့ ဗုဒ္ဓဘာသာနှင့် တွေ့ကြတယ်၊ ဗုဒ္ဓ ဘာသာနှင့်တွေ့ပြီးအားလုံး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြတယ်၊ သာဂလပြည့်ရှင် မိလိန္ဒမင်းဆိုတာဟာ ဂရိတ်လူမျိုး(မိနန္ဒာ) ဆိုတာပဲပေါ့။

အဲဒီအခါက သာသနာတော်နှစ်ပေါင်း သုံးရာ ကျော်လောက် ရှိသွားပြီ၊ မဇ္ဈိမတိုက်မှာ သာသနာ ၁၈– ဂိုဏ်းကွဲလို့ ဂရိတ်များနှင့် တွေ့ထိတဲ့ သာသနာဟာ များသောအားဖြင့် မဟာယာနသာသနာ များတယ်၊ ထေရဝါဒကတော့ အနည်းငယ်လောက်သာ ရှိတယ်၊ မဟာယာနဗုဒ္ဓဘာသာဝင်များဟာ ဂျိန်းတို့ ထုလုပ်တဲ့ ဂျိန်းရုပ်ပွားတော်၊ ဟိန္ဒူများထုလုပ်တဲ့ ဘုရားထီး ဘုရားမ ရုပ်ပွားတော်များကို အတုယူပြီး ဗုဒ္ဓရုပ်ပွားတော် စတင် ထုလုပ်ခဲ့ကြတယ်၊ ~~မဟာယာ~~ဆောန်များ ထုလုပ်တဲ့ ဗုဒ္ဓ ရုပ်ပွားတော်ကို အတုယူပြီး နောင်အခါ ဗုဒ္ဓဘာသာဝင် အားလုံးတို့က ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ခဲ့ကြတယ်လို့ ဆိုကြတယ်။

ကျောက်စာဌာနရဲ့ ယူဆချက်အတိုင်းဆိုလျှင် ဗုဒ္ဓရုပ်ပွားတော်ဟာ ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် စံလွန်ပြီးနောက် အနှစ် သုံးရာကျော်လောက်ကမှ စတင် ထုလုပ်တာ ဖြစ်တယ်၊ အဲဒီအတိုင်းဆိုလျှင် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်သူတွေဟာ တစ်ဦးမျှ ဗုဒ္ဓဘုရားရှင်ကို ဖူးဖူးသူ ရှိမှာမဟုတ်ပါဘူး၊ မိမိမမြင်ဘူးတဲ့ ဗုဒ္ဓပုံတော်ကို စိတ်မှန်းနှင့် ရမ်းထုကြတော့ ဗုဒ္ဓနှင့် တူလိမ့်မယ်လို့တော့ ~~မ~~ဆောင်ပါဘူး၊ တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ယနေ့ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်များရဲ့ခေါင်းတော်များ ပုံသဏ္ဌာန်ကိုတော့ အမေးရှိလျှင် အဖြေရှိဆိုတဲ့အတိုင်း အဖြေ ရေးပေးလိုက်ရဦးမှာပေါ့”

“မှန်ပါ မိန့်တော်မူပါဦးဘုရား”

http://www.dhammadownload.com



"ဗုဒ္ဓရှင်တော်ဘုရားရဲ့ အတ္တုပ္ပတ္တိ သမိုင်းကြောင်း ကို လေ့လာတဲ့အခါ ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ အမျိုးမပျက် ဆင်းသက်ခဲ့ကြောင်းကို မဟာရာဇဝင်ကြီးတို့မှာ ဖတ်ရှုကြရတယ်။

သို့သော်လည်း ကမ္ဘာ့သမိုင်းကို လေ့လာကြတဲ့ ပညာရှင်များကတော့ စာအုပ်ကြီးထဲကအတိုင်း မယူဆကြဘူး၊ မယူဆကြတဲ့အကြောင်းက ကမ္ဘာပေါ်မှာရှိတဲ့ လူသားတို့ရဲ့ ဦးခေါင်းခွံကို လေ့လာတဲ့အခါ ကမ္ဘာပေါ်မှာ လူ ၃-မျိုး တွေ့ရှိကြသတဲ့၊ လူ ၃-မျိုးဆိုတာက ဥသျှစ်သီးလို ဦးခေါင်းရှိတဲ့ လူသားကတစ်မျိုး၊ ဥသျှစ် သီးလို ဦးခေါင်း လုံးမောက်မနေဘဲ ဦးခေါင်း အထက် အပြင် မမောက်လွန်းသောသူကတစ်မျိုး၊ ဦးခေါင်း လုံးမောက်နေရုံမျှမက ဦးခေါင်းချွန်နေတဲ့လူသားက တစ်မျိုး ပေါင်း လူ ၃-မျိုးရှိသတဲ့၊ အဲဒီလူ ၃-မျိုးအနက် ဥသျှစ်သီးလို ဦးခေါင်းလုံးမောက်နေတဲ့လူမျိုးက အာရှတိုက်သား လူများဖြစ်သတဲ့ကွယ့်။

အိန္ဒိယ, မြန်မာ, တရုတ်, ကိုးရီးယား, ဂျပန် စတဲ့ အာရှတိုက်သားများရဲ့ ဦးခေါင်းဟာ ဥသျှစ်သီးလို လုံးမောက်နေသတဲ့၊ အရောင်အသွေးအားဖြင့်လည်း ရာသီ ဥတု အပူအအေးအလိုက် တရုတ်,ဂျပန်,ကိုရီးယားစတဲ့ မြောက်ပိုင်းသားများက အသားဝါတယ်၊ အိန္ဒိယ, မြန်မာ, ထိုင်း စသည်တို့က အသားညိုတယ်၊ သီဟိုဠ်(သီရိလင်္ကာ) ကပ္ပလီ, ဂျာဗားစတဲ့ တောင်ပိုင်းသားများက အသား နက်တယ်၊ ဦးခေါင်းဟာ ဥသျှစ်သီးလို လုံးမောက်မနေဘဲ ရှောက်ပန်းသီးများလို မမောက်လွန်းတဲ့လူမျိုးကတော့ အာဖရိကတိုက်သားများ ဖြစ်ကြသတဲ့၊ အရောင်အသွေးအားဖြင့်တော့ ရာသီဥတု ပူလွန်းတဲ့အတွက် အသား မည်းနက်ကြသတဲ့။

ဦးခေါင်းလုံးမောက်ရုံမကဘဲ ဦးခေါင်းချွန်တဲ့ လူမျိုးကတော့ ဥရောပအပိုင်းက လူများဖြစ်ကြသတဲ့၊ တောင်အမေရိက၊ မြောက်အမေရိက လူများရဲ့ ဦးခေါင်း ပုံသဏ္ဌာန်ကိုတော့ မဖော်ပြဘူး၊ တောင်အမေရိက၊ မြောက်အမေရိကတိုက်ရှိ လူများကတော့ နောင်အခါမှ ဒေသအသီးသီးက သွားရောက်နေထိုင်တာမို့ ဦးခေါင်းပုံသဏ္ဌာန် အထူးမပြဘူး။

ဗုဒ္ဓဘုရားရှင် ဖွားတော်မူရာ ကပိလဝတ်ပြည်တစ်ဝိုက်ဟာ ဟိမဝန္တာတောင်ခြေမှာမို့ အာရှတိုက်အတွင်း ပါဝင်တယ်၊ သို့သော်လည်း ဗုဒ္ဓရှင်တော်

http://www.dhammadownload.com



ဘုရားရဲ့ ဆွေတော်မျိုးတော်များ ဦးခေါင်းကျတော့ အာရှတိုက်သားတို့ရဲ့ ဦးခေါင်းပုံစံ ဥသျှစ်သီးလို မနေဘဲ ဥရောပတိုက်သားများလို ဦးခေါင်းချွန်နေသတဲ့၊ ဒါကြောင့် ဗုဒ္ဓဘုရားရှင်ရဲ့ အမျိုးဟာ မူလက အာရှတိုက်သား မဟုတ်ဘူး၊ ဥရောပတိုက်သား ဖြစ်တယ်၊ ၎င်းတို့၏ မူလအရပ်က အာရှနှင့် ဥရောပအကြား ကောကရှတောင်တန်းဖြစ်တယ်၊ ကောကရှတောင်တန်းမှ မြေလုစစ်ပွဲဖြစ်ရာက ရှုံးနိမ့်တဲ့အတွက် အိန္ဒိယပြည်ဘက်ကို တိမ်းရှောင်ရင်း ဟိမဝန္တာ တောင်ခြေမှာ အခြေကျနေကြတဲ့ သာကီဝင်အမျိုးက ဗုဒ္ဓဘုရား ဖြစ်ပွားလာတယ်လို့ ယူဆကြတယ်၊ ထိုစဉ် က စစ်ပွဲမှာ ကော့ကရှတောင်တန်းမှာ နေကြတဲ့ အာရိယန်လူမျိုးများဟာ ၂-စု ကွဲသွားရာက အရှေ့ဘက် ထွက်လာတဲ့အစုက သာကီဝင်အုပ်စု ဖြစ်လာတယ်၊ အနောက်ဘက် ထွက်ခွာသွားတဲ့အစုက ဂျာမနီ၊ အီရန် စတဲ့ လူမျိုးများ ဖြစ်လာတယ်လို့ ယူဆကြတယ်။

ဒီ အယူအဆက ဦးခေါင်းခွံကိုကြည့်ပြီး ဆုံးဖြတ်တဲ့ အယူအဆ ဖြစ်တယ်ကွယ့်၊ အဲဒီအယူအဆအရ ဗုဒ္ဓ ဘုရားရှင်ရဲ့ဦးခေါင်းခွံဟာ စေတီပမာ အထက်အရပ်က ချွန်နေတယ်ပေါ့၊ ဒါက ဦးနေမင်းရဲ့ ပထမအဖြေလွှာပေါ့။

ဦးနေမင်းရဲ့အမေးကို ဒီလောက်ဖြေလျှင် ပြေလောက်ပါတယ်၊ သို့သော်လည်း မပြေသေးတဲ့ အမေးတွေက ရှိနေသေးတယ်ကွယ့်၊ အဲဒီ မပြေသေးတဲ့အမေးက ဘာလဲဆိုတော့ အချို့သော ဘုရားရှင်ရဲ့ ဦးခေါင်းတော်မှာ ဆံထုံးလို ပါနေတယ်၊ အဲဒီ ဆံထုံးဟာကော ဘုရားရှင်မှာ တကယ်ရှိသလားတဲ့။

ပြီးတော့ တချို့သော ဗုဒ္ဓဘုရားရှင်ရဲ့ ဦးခေါင်းတော်မှာ ဆံပင်တွေဟာ အလုံးအလုံးကလေးတွေ ဖြစ်နေတယ်၊ အဲဒါကော ဘာအဓိပ္ပာယ်လဲတဲ့၊ ပြီးတော့ အချို့ဘုရားရှင်ရဲ့ ဦးခေါင်းတော်မှာ သင်းကျစ်အပြား ပုံပါတယ်၊ အချို့ဗုဒ္ဓရုပ်ပွားတော်မှာတော့ မပါဘူးတဲ့၊ ဒါဟာ ဗုဒ္ဓဦးခေါင်းတော်ပုံနှင့် စပ်ပြီး ကြွင်းကျန်ရစ်တဲ့ အမေးတွေပဲကွယ့်”

“ဆရာတော်ဘုရား အဲဒီ အမေးတွေကိုလည်း အဖြေမိန့်ကြားခဲ့ပါဦးဘုရား”

http://www.dhammadownload.com



"အခု ထပ်ဆင့်အမေးဟာ ၃–ပုဒ်ရှိတယ်၊ အဲဒီ ၃–ပုဒ်ကို အစဉ်အတိုင်း ဖြေပေးပါ့မယ်"

## ဗုဒ္ဓနှင့်ဆံထုံး

အမှတ် ၁–အမေးက ဗုဒ္ဓဘုရားရှင်မှာ ဆံထုံး ရှိသလားတဲ့၊ အဖြေကတော့ ဆံထုံးမရှိပါဘူး၊ ဆံထုံး မရှိတဲ့အကြောင်းကို ဗုဒ္ဓဝင်က ထုတ်နုတ် တင်ပြပါဦးမယ်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ကဏ္ဍကမြင်းတော်ကို စီးပြီး ဆန္နအမတ်နှင့်အတူ တောထွက်တော်မူခဲ့ကြတာ အခု အနောမာမြစ်ရဲ့ တစ်ဖက်ကမ်းကို ရောက်ခဲ့ကြပြီ၊ တစ်ဖက်ကမ်းကိုရောက်တော့ အလောင်းတော်မင်းသာဟာ မြင်းပေါ်မှ သဲခုံပေါ်ကို ဆင်းတယ်၊ သဲသောင်ပြင်မှာ ရပ်တော်မူပြီး "ဆန္န– ငါရဲ့အဆင် တန်ဆာနှင့်တကွ ကဏ္ဍကမြင်းကိုပါ ဆောင်ယူပြီး တိုင်းပြည်ကို ပြန်တော့၊ ငါ ဒီမှာ ရဟန်းပြုတော့မယ်လို့" ပြောတယ်၊ ဆန္နအမတ်က အရှင် ရဟန်းပြုလျှင် ကျွန်ုပ်လည်း ရဟန်းပြုပါ့မယ်၊ မပြန်ပါရစေနှင့်လို့ ပြောတယ်၊ အလောင်းတော်က ခွင့်မပေးဘဲ တိုင်းပြည်ကို အပြန်ခိုင်းတာနှင့် ဆန္နအမတ် ပြန်ရရှာတယ်၊ ဆန္နအမတ် ပြန်သွားပြီးတဲ့နောက် ငါရဲ့ဆံပင်များဟာ ရဟန်းနှင့် မလျော်ကပ်ဘူး၊ ဆံပင်တို့ကို သန်လျက်နှင့် ဖြတ်မယ်လို့ လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်တယ်၊ လက်ဝဲလက်ဖြင့် မကိုဋ်နှင့်တကွသော ဆံထုံးကို ကိုင်ပြီး ဖြတ်ပယ်တော်မူလိုက်တယ်၊ ဆံတော်တို့ဟာ လက်နှစ်သစ်ပမာဏ အညီအမျှ ကြွင်းကျန်ရစ်ပြီး လက်ယာရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိတည်ရှိကြသတဲ့၊ အဲဒီကျန်ရစ်တဲ့ ဆံတော်များဟာ အသက်ထက်ဆုံး အသစ်တစ်ဖန် မရိတ်မဖြတ်ရဘဲ လက်နှစ်သစ်သာ တည်ရှိကြသတဲ့ကွယ့်။

ဒီစကားရပ်အရ ဘုရားရှင်ရဲ့ဦးခေါင်းဟာ ဦးပြည်း(ခေါင်းတုံး)တော့ မှန်ပါရဲ့၊ သို့သော်လည်း အပြောင်ရိတ်ထားတဲ့ ခေါင်းတုံးတော့ မဟုတ်ဘူး၊ လက်နှစ်သစ် ဆံပင်ရှိတဲ့ ခေါင်းတုံးမျှသာ ဖြစ်တယ်။

ယ္ခုခေတ် ရဟန်းတော်များ လက်နှစ်သစ်အထိ ဆံပင်ရှည်ခဲ့လျှင် ညှဉ်းသိုးသိုးရုပ်ပုံမျိုး ဖြစ်လာတတ်တယ်၊ ဘုရားရှင်ကတော့ ပကတိလူ

http://www.dhammadownload.com



နှင့် မတူဘူး၊ လက် နှစ်သစ်မျှ ကျန်ရစ်ခဲ့တဲ့ဆံပင်များဟာ ညှဉ်းသိုးသိုးမဖြစ်ဘဲ လက်ယာရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိနေသတဲ့။

ဗုဒ္ဓရဲ့ဦးခေါင်းတော်ဟာ မူလက စေတီပုံတော် မောက်မောက်မှာ ဆံပင်တိုတွေ လက်ယာရစ် တည်နေသတဲ့၊ ဆံထုံးရှိတယ်လို့ မဆိုပါဘူး၊ ဒါဖြင့် ဆံထုံးပုံစံက ဘယ်လိုလဲ မေးခဲ့လျှင် ဗုဒ္ဓရုပ်ပုံတော် မထုမီ ရှေးက ဂျိန်းဘုရားပုံများကို ထုပြီးဖြစ်တယ်၊ ဂျိန်းဘုရားပုံဟာလည်း ဗုဒ္ဓရုပ်ပုံနှင့် တူနေတယ်၊ သင်္ကန်း ပါ,မပါ ဤမျှသာ ကွာခြားတယ်၊ ဒီအခါ ဂျိန်းရုပ်ပွားတော်နှင့် မတူအောင် ဗုဒ္ဓရုပ်ပွားတော်ရဲ့ ဦးခေါင်းထက်မှာ သဗ္ဗညုတဉာဏ် အထိမ်းအမှတ် ဆီမီးခွက်နှင့် မီးတောက်ပုံစံကိုပါ ထည့်ပြီး ထုခဲ့ကြတယ်၊ အဲဒီ ဆီမီးခွက်က မီးတောက်ပုံကို နောင်အခါ ရောင်လျှံတော်လို့ ခေါ်ခဲ့ကြတယ်၊ ရောင်လျှံတော်ဖြစ်တဲ့ မီးတောက်ပုံဟာ အထိအခိုက် မခံဘူး၊ မကြာခဏ ကျိုးပဲ့တတ်တယ်၊ ဒါကြောင့် နောက်ကျတော့ ရောင်လျှံတော် မထည့်တော့ဘူး၊ မီးခွက်မျှသာ ထည့်ခဲ့ကြတယ်၊ နောက်တော့ မီးခွက်ပုံစံ ပျက်ပြီး ဆံထုံးလိုလို ဖြစ်လာတယ်။

ဒါကြောင့် ဗုဒ္ဓရဲ့ဦးခေါင်းတော်မှာ ဆံထုံး မရှိဘူး၊ ဆံထုံးလိုလိုဟာကတော့ ဆီမီးခွက်ပါလို့ မှတ်ယူစေချင်တယ်ကွယ့်။

* * *

**အမှတ် ၂-အမေးက** ဘုရားရှင်ရဲ့ ဦးခေါင်းတော်မှာ ဆံပင်တွေဟာ အလုံးအလုံးလေးတွေ ဖြစ်နေတယ်၊ အဲဒါကော ဘာအဓိပ္ပာယ်လဲတဲ့၊ ဒီအမေးရဲ့အဖြေက ဗုဒ္ဓဝင်မှာ ပါပြီးသားပဲကွယ်"

"ဘယ်လိုပါသလဲဘုရား"

"ဘယ်လို ပါသလဲဆိုတော့ ဘုရားအလောင်းတော်ဟာ သန်လျက်ဖြင့် ဆံပင်တွေကို ဖြတ်လိုက်တယ်၊ ဆံပင်တွေဟာ လက်နှစ်သစ်မျှသာ ကျန်ရစ်ပြီး လက်ယာ ရစ်လည်ကာ ဦးခေါင်းတော်မှာ ကပ်ငြိတည်ရှိကြသတဲ့၊ ကျန်ရစ်တဲ့ လက်နှစ်သစ်ဆံတော် လက်ယာရစ်တည်ပြီး ဦးခေါင်းမှာ ကပ်နေတယ်ဆိုတာ ပါထိကဝဂ် လက္ခဏသုတ်မှာ ဥဒ္ဓဂ္ဂလောမလက္ခဏာတော်ဆိုတာ ရှိတယ်၊ ဘုရားရှင်ရဲ့အမွေးတော်ဟာ အထက်သို့ ကော့တက်နေသတဲ့၊ ဆံတော်ဟာ

http://www.dhammadownload.com



လည်း အမွေးမျိုးမို့ ကျန်ရစ်တဲ့ လက်နှစ်သစ် ဆံတော်ဟာလည်း ဖရိုဖရဲမဖြစ်ဘဲ အထက်ကို ကော့တက်တယ်၊ ဆံတော်ဟာ ကော့တက်ရုံမကဘူး လက်ယာရစ်လည်း လည်လိုက်သေးတယ်၊ ဆံပင်တစ်ပင်စီ ကော့တက် လက်ယာရစ် လည်ပုံကို ပြသောအားဖြင့် ဦးခေါင်းတော်မှာ အလုံးလုံးကလေးများ ထုလုပ်ထားကြတယ်။

* * *

**အမှတ် ၃–အမေးက** အချို့ရုပ်ပွားတော်မှာ သင်းကျစ်ပုံပါတယ်၊ အချို့မှာတော့ မပါဘူး၊ ဘာကြောင့် ဒီလိုကွဲတာလဲတဲ့။

ဒီအမေးကို မဖြေဆိုခင် သိစရာက အိန္ဒိယကရတဲ့ ဗုဒ္ဓရုပ်ပုံများ မြန်မာနိုင်ငံ ပုဂံခေတ်က ထုလုပ်ကြတဲ့ ဗုဒ္ဓရုပ်ပုံတော်များမှာ သင်းကျစ်ပုံတော် မပါဘဲ အင်းဝခေတ်, ကုန်းဘောင်ခေတ် ရုပ်ပွားတော်များမှာ သင်းကျစ်ပါတာကို သတိပြုကြည့်လျှင် သိလောက်ပါတယ်”

“ဘယ်လို သတိပြုကြည့်ရမှာလဲဘုရား”

“ပါထိကဝဂ်ပါဠိတော် လက္ခဏသုတ်မှာ သင်းကျစ်တော်ပါကြောင်း ဘုရားရှင် ဟောပြီးသား ရှိတယ်၊ ရဟန်းတို့– မြတ်စွာဘုရားသည် ရှေးအခါက ကုသိုလ် တရားများကို များစွာ အလေးအမြတ် ပြုခဲ့ခြင်းကြောင့် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏လို့ အတိအလင်း ဟောပြီး ရှိတယ်၊ သို့သော်လည်း ရှေးက ကျောက်ဆစ်ဆရာများဟာ စာလာကို မကြည့်ဘဲ ရှေးက ရှိပြီးသား ဂျိန်းစတဲ့ ရုပ်တုများ ကြည့်ပြီး ထုလုပ်ခဲ့ကြတဲ့အတွက် သင်းကျစ်ပုံတော် မပါကြဘူး၊ (တစ်နည်း ပြောရလျှင်) ထိုခေတ်က ဆရာများဟာ သင်းကျစ်တော်ကို မကိုင်မှာ တပ်ထားတဲ့ သင်းကျစ်ပုံမျိုး မယူဘဲ နဖူးကျယ်ခြင်း (မဟာနဖူး)ပုံမျိုးကို သင်းကျစ်လို့ ယူဆပြီး သင်းကျစ်မပါဘဲ ထုခဲ့ကြတယ်၊ အင်းဝခေတ်, ကုန်းဘောင်ခေတ်မှာ ပါထိကဝဂ် အဋ္ဌကထာနှင့် ဋီကာစသော အဖွင့်ကျမ်းများ ရောက်လာလို့ သင်းကျစ်ဆိုတာ မဟာနဖူးကို ဆိုတာမဟုတ်ဘူး၊ သီးခြား သင်းကျစ်ပုံတော် ရှိတယ်လို့ သိပြီး သင်းကျစ်တော်ကို တစ်ခေတ်ထက် တစ်ခေတ် ကြီးမားထုလာကြတယ်လို့ သတိပြု မှတ်ယူတော့တာပေါ့ကွယ်”

* * *

http://www.dhammadownload.com



"ဦးနေမင်းရဲ့ အမှတ် ၁-အမေးဟာ ပြေလောက်ပါပြီ၊ အမှတ် ၂-အမေးကို ဖြေဆိုတော်မူပါဦးဘုရား"

"အမှတ် ၂-အမေးက ဘာပါလိမ့်"

"**အမှတ် ၂-အမေးက** ဗုဒ္ဓဘာသာအချို့ဟာ ရှင်သီဝလိပုံတော်ငယ်များ ထုလုပ်ပြီး ပုလင်း-ကြုတ်အတွင်း အလုံပိတ် ကိုးကွယ်ကြတာဟာ အပြစ် ရှိ,မရှိ သိလိုပါသတဲ့ဘုရား"

"ဒီအမေးကို ဖြေဆိုဖို့ စကားနှစ်ခွန်းရှိတယ်၊ စကားတစ်ခွန်းက ဘာလဲဆိုတော့ တချို့က ထွက်လေဝင်လေကို အသက်လို့ ယူဆကြတယ်၊ ဒါကြောင့် လူတစ်ယောက် အသက် ရှိသလား, မရှိဘူးလား သိချင်လျှင် နှာခေါင်းပေါက်မှာ ဂွမ်းတင်ပြီး ကြည့်ကြတယ်၊ ဂွမ်းမလှုပ်တော့ဘူးဆိုလျှင် ထွက်လေ ဝင်လေ မရှိတော့ဘူး၊ ထွက်လေ ဝင်လေမရှိတော့လျှင် သေပြီပေါ့၊ ဒါကြောင့် ထွက်လေ ဝင်လေကို ထွက်သက် ဝင်သက်လို့တောင် ခေါ်ဝေါ်ကြတယ်၊ ဒီအယူအဆက ထွက်လေ ဝင်လေကိုပဲ အသက်လို့ ယူဆခြင်းဖြစ်တယ်၊ အမှန်ကတော့ ထွက်လေ ဝင်လေဟာ အသက်မဟုတ်ပါဘူး၊ အသက်ဆိုတာကို ပါဠိလို ဇီဝိတလို့ခေါ်တယ်၊ ကြာရိုးအတွင်းက ရေဟာ ကြာပင် ခြောက်သွေ့မသွားအောင် ကြာပင်ကို စောင့်ရှောက်သလို ရုပ်ကို စောင့်ရှောက်တဲ့တရားက ရုပ်ဇီဝိတ၊ နာမ်ကို စောင့်ရှောက်တဲ့တရားက နာမ် ဇီဝိတတဲ့ကွယ့်၊ အဲဒီ ဇီဝိတကသာ အသက် အစစ်အမှန်ဖြစ်တယ်၊ ထွက်လေ ဝင်လေက အသက်အစစ်အမှန်မဟုတ်ဘူး။

သို့သော် ပါဏအမည်ခံ သတ္တဝါမှန်လျှင် ထွက်လေဝင်လေက ရှိမြဲကိုး၊ ထွက်လေဝင်လေ ချုပ်သွားလျှင်လည်း များသောအားဖြင့် သေတာမို့ ထွက်လေဝင်လေကို အသက်လို့ ထင်နေကြ တယ်၊ အသက်ရှိတဲ့သတ္တဝါကို ပုလင်းထဲထည့်၊ လေမဝင်နိုင်အောင် အဆို့ပိတ်ထားလျှင် ပုလင်းထဲက သတ္တဝါဟာ အသက်မရှူနိုင်လို့ သေသလို ရှင်သီဝလိရုပ်တုကိုလည်း ပုလင်း ထဲထည့် အလုံပိတ်ထားလျှင် သတ်ပစ်တာနှင့်တူလို့ အပြစ်ရှိလိမ့်မယ်လို့ ထင်စရာပေါ့၊ သို့သော်လည်း ရုပ်တုမှာ အသက် ဇီဝိတ မရှိပါဘူး၊ အသက် ဇီဝိတမရှိလို့ ရုပ်တုကလေး သေသွားပြီလို့လည်း ပြောဖို့မရှိပါဘူး၊ ဒါက ပထမ အဖြေစကားတစ်ခုဖြစ်တယ်။

http://www.dhammadownload.com



ဒုတိယအဖြေစကားက– အပြစ်ဆိုတာ လောဘ ဒေါသ မောဟအစ ရှိတဲ့ စိတ်ရဲ့ အညစ်အကြေးများကို ခေါ်တာပါပဲ၊ ဒီကိစ္စကို အကြောင်းပြုပြီး မိမိရဲ့စိတ်မှာ လောဘ, ဒေါသ, မောဟစတဲ့ အကုသိုလ် အညစ်အကြေး ဖြစ်လျှင် အပြစ်ရှိတာပဲ၊ အကုသိုလ် အညစ်အကြေး မဖြစ်လျှင် အပြစ်မရှိဘူး ပေါ့၊ ဒီအကြောင်းနှင့်ပတ်သက်ပြီး ဓမ္မပဒပါဠိတော် ယမကဝဂ်မှာ စက္ခုပါလ ဝတ္ထုနှင့် မဋ္ဌကုဏ္ဍလီဝတ္ထုလို့ ဝတ္ထုနှစ်ပုဒ်ရှိတယ်။

စက္ခုပါလဝတ္ထုက အပြစ်ရှိတာကိုပြပြီး မဋ္ဌကုဏ္ဍလီဝတ္ထုက အပြစ်မဖြစ် ကောင်းကျိုးဖြစ်တာကို ပြတယ်၊ စက္ခုပါလဝတ္ထုမှာ စက္ခုပါလ အလောင်းဟာ ဆေးဆရာဖြစ်တယ်၊ ဆေးဆရာအဖြစ်နှင့် မျက်စိရောဂါရှိသူ ကို ကုတယ်၊ မျက်စိရောဂါရှိသူဟာ ရောဂါပျောက်ပြီး မျက်စိအလင်းကို ရပါ လျက်နှင့် ဆေးဖိုးပေးရမှာ စိုးလို့ မပျောက်သေးဘူးလို့ ဆရာ့ကို လိမ်တယ်၊ ဆရာက ဒီအကြောင်းသိတော့ မျက်စိကန်းအောင်လုပ်ခဲ့တယ်၊ ဆရာဘဝက ဒေါသစိတ်နှင့် ကန်းအောင်လုပ်ခဲ့လို့ ယခု စက္ခုပါလမထေရ်ဘဝမှာ မျက်စိ ကန်းခဲ့ရတယ်။

မဋ္ဌကုဏ္ဍလီဝတ္ထုမှာတော့ သူဌေးသားဟာ ဘာအလုပ်မျှ မလုပ် သော်လည်း ဘုရားရှင်ကို စိတ်က ကြည်ညိုရုံနှင့် မဋ္ဌကုဏ္ဍလီနတ်သား ဖြစ်သွားတယ်၊ ဓမ္မပဒပါဠိတော်ကလာတဲ့ ဒီဝတ္ထုနှစ်ခုဟာ စိတ်ကိုသာ အဓိကအဖြစ် ဟောသွားတာဖြစ်တယ်၊ ဂါထာ ၂–ပုဒ်ကလည်း

**မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊**
**မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပဒုဋ္ဌေန၊**
**ဘာသတိ ဝါ ကရောတိ ဝါ။**
**တတော နံ ဒုက္ခမန္ဝေတိ၊**
**စက္ကံဝ ဝဟတော ပဒံ။**

ဒီဂါထာက စက္ခုပါလဝတ္ထုမှာဟောတဲ့ ဂါထာ ဖြစ်တယ်၊ သတ္တဝါမှာ စိတ်ကပြဋ္ဌာန်းတယ်၊ မကောင်းတဲ့စိတ်နှင့် ပြောမိ လုပ်မိလျှင် လှည်းဘီးဟာ နွားခြေရာနောက် အစဉ်လိုက်သလို ဒုက္ခတရားကလည်း မကောင်းတဲ့စိတ် ရှိသူနောက်ကို လိုက်မယ်တဲ့ကွယ်။

http://www.dhammadownload.com



**မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊**
**မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပသန္နေန၊**
**ဘာသတိ ဝါ ကရောတိ ဝါ။**
**တတော နံ သုခမန္ဝေတိ၊**
**ဆာယာဝ အနုပါယိနီ။**

ဒီဂါထာက မဋ္ဌကုဏ္ဍလီဝတ္ထုမှာ ဟောတဲ့ ဂါထာ ဖြစ်တယ်၊ သတ္တဝါမှာ စိတ်ကပြဋ္ဌာန်းတယ်၊ ကောင်းသောစိတ်နှင့် ပြောမိ လုပ်မိလျှင် အရိပ်ဟာ ကိုယ့်နောက်က တကောက်ကောက် လိုက်သလို ချမ်းသာတရားကလည်း ကိုယ့်နောက်က တကောက်ကောက် လိုက်လိမ့်မယ်တဲ့။

ဒီဝတ္ထုကြောင်း ၂-ပုဒ်ကို အခြေခံပြီး ဒုတိယ အဖြေပြောရလျှင် ရှင်သီဝလိရုပ်ပုံတော်ကို ပုလင်းထဲ အလုံပိတ်ပြီး ကိုးကွယ်တာဟာ မကောင်းတဲ့ စိတ်နှင့် ကိုးကွယ်တာလား၊ စိတ်ကောင်း စေတနာကောင်းနှင့် ကိုးကွယ်တာလားလို့ ကိုးကွယ်သူရဲ့စိတ်ကို မေးပြီးမှ စိတ်ကောင်းနှင့်ကိုးကွယ်လျှင် အပြစ်မရှိ၊ အကျိုးရှိတယ်၊ စိတ်ဆိုးနှင့် လုပ်တာဆိုလျှင် အပြစ်ရှိတယ်၊ အကျိုး မရှိဘူးလို့ အဖြေပေးရမှာ ဖြစ်တယ်ကွယ့်"

* * *

**"မှန်ပါ၊ ဦးနေမင်းရဲ့ အမှတ် ၂-အမေးအဖြေကို နာကြားရလို့ အလွန် ဝမ်းသာပါတယ်၊ အမှတ် ၃-အမေးကိုလည်း ဖြေပါဦးဘုရား"**

**"အမှတ် ၃-အမေးက ဘာတဲ့လဲကွယ့်၊ ပြန်ဖတ်စမ်းပါဦး"**

**အမှတ် ၃-အမေးက** သက်န်းဆိုးတဲ့ပုဂ္ဂိုလ်များဟာ ခွက်ထဲမှာ သက်န်းနှင့်ဆေးရည် ရောစပ်ပြီး ခြေထောက်နှင့်နယ်ပြီး ဆိုးကြပါသတဲ့၊ အဲဒါ အပြစ်ဖြစ် မဖြစ် မေးထားတာပါဘုရား"


"ဒီအမေးကလည်း ဒုတိယအဖြေအတိုင်း ဖြေရမှာပဲကွယ့်၊ သင်္ကန်း ဆေးဆိုးတဲ့ပုဂ္ဂိုလ်ဟာ သင်္ကန်းမှာ ဆေးစွဲအောင် ခြေနှင့်နင်းမှ ပိုစွဲမှာထင်လို့ နင်းလျှင် အပြစ်မရှိပါဘူး၊ ဒီလိုမှမဟုတ်၊ သင်္ကန်းဆိုတာ သာသနာတော် ဝန်ထမ်း ရဟန်းတော်များရဲ့ အသုံးအဆောင်ဖြစ်လို့ ပရိဘောဂစေတီတော်

http://www.dhammadownload.com



ထိုက်တယ်ကွယ့်၊ ဒါလောက် စေတီထိုက်ချင်တာ ထိုက်လိုက်ဦးဟဲ့ဆိုတဲ့ စေတနာဆိုးနှင့် နင်းလျှင်တော့ အပြစ်ထိုက်တာအမှန်ပါပဲ၊ မိမိစိတ်က အလောဘ, အဒေါသ, အမောဟပြဋ္ဌာန်းလျှင် ကုသိုလ်ဖြစ်ပြီး လောဘ, ဒေါသ, မောဟ ပြဋ္ဌာန်းလျှင် အကုသိုလ်ဖြစ်တယ်လို့ ဖြေဆိုလိုက်ပါတယ် ကွယ်။

သာဓု... သာဓု... သာဓု...



http://www.dhammadownload.com



# စေတီရပ်ပွားတည်ထားခြင်း

"ဟောဒီစာက စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ထနောင်းပကား၊ အမက ကျောင်းအုပ်ဆရာကြီး ဦးအောင်ချိုထံမှ မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား"

"ဦးအောင်ချိုရဲ့အမေးက အတော်များသလားကွယ့်"

"မှန်ပါ၊ အမေးပုစ္ဆာ ၅-ခု ပါပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ အမေး တစ်,နှစ်စဉ်လို့ပေါ့"

"ဦးအောင်ချိုရဲ့ အမေးပုစ္ဆာ ၁-က

၁။ ယခုအခါ နေရာတကာတိုင်းမှာ ဗုဒ္ဓဘာသာဝင်များက ဘုရားပုထိုးများ တည်ထားကြပါတယ်၊ ဝိပဿနာဆရာအချို့က ဒီလို ဗုဒ္ဓသာသနာတော်ကြီး ထိန်လင်းနေတဲ့အရပ်မှာ စေတီဘုရား တည်ထားဖို့ မလိုဘူးလို့ စေတီဘုရား တည်ထားသူများပင် အပြစ်ရှိသလိုလို ပြောဆိုနေကြပါတယ်၊ ထိုသူများပြောဆိုချက် ဟုတ်,မဟုတ်၊

၂။ ဒုတိယအချက်က ဘဝပြတ်၊ အကြောင်းအကျိုး ပြတ်အောင် ဒါန, သီလ လုပ်ဖို့ မလိုဘူးလို့ အချို့က ဆိုကြပါတယ်၊ ထိုသူများရဲ့အဆို ဟုတ်, မဟုတ်၊

၃။ တတိယအချက်က အင်္ဂုလိမာလဟာ လူသတ်သမား၊ ဒုစရိုက်မှာ ထိပ်တန်းက ဖြစ်နေပါလျက် ဘာကြောင့် ရဟန္တာဖြစ်သွားပါသလဲ၊ ဒုစရိုက်မျိုးစုံ ပြုလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ငန်းဖြင့် အကုသိုလ်အားလုံးကို သင်ပုန်းချေနိုင်ပါသလား၊

http://www.dhammadownload.com



၄။ စတုတ္ထအချက်က အဇာတသတ်ဟာ လောဟကုမ္ဘီငရဲမှာ နှစ်ပေါင်းခြောက်သောင်း ခံရတာဟာ အဖသတ်ကံကြောင့် မဟုတ်ဘူး၊ အမေအဖေ မဟုတ်ပါဘဲ အဟုတ်ထင်တဲ့ စွဲလမ်းမှု ဥပါဒါန်ကြောင့်လို့ ဆိုကြပါတယ်၊ ထိုစကား ဟုတ်,မဟုတ်၊

၅။ ပဉ္စမအချက်က သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူရာမှာ အလောင်းတော်ရသေ့ ရွံ့ဗွက်ပေါ် အလျားမှောက်ခြင်း၊ ဘုရားရှင်နှင့် ရဟန္တာများနင်းခြင်းဆိုသည်မှာ အမှန်တကယ် မဟုတ်၊ ရွံ့ဗွက်နှင့် တူသော ကိလေသာကိုတံတားပမာ ဖြတ်ကျော်ခြင်းကိုသာ ဆိုလိုကြောင်း ပြောဆိုကြပါသည်၊ ၎င်းတို့၏ ပြောဆိုချက် ဟုတ်,မဟုတ်၊

ဦးအောင်ချို့ရဲ့အမေးက ဒီ ၅–ချက်ဖြစ်ပါတယ် ဘုရား"

## စေတီဘုရားတည်ခြင်း

"ကျောင်းအုပ်ဆရာကြီး ဦးအောင်ချို့ရဲ့ အမေးက နည်းနည်းများတယ်ကွယ့်၊ ဒါကြောင့် တိုစိတိုစိကလေးပဲ ဖြေကြစို့ရဲ့"

"မှန်ပါ တိုစိတိုစိ အဖြေကိုပဲ နှစ်သက်ပါတယ် ဘုရား"

"ဗုဒ္ဓဘာသာဝင်မှန်သမျှတွေကတော့ စေတီပုထိုး တည်ထားတာ အကျိုးမရှိဘူးလို့တော့ ပြောမယ် မထင်ပါဘူး၊ ပြောမယ်ထင်တာက အကျိုးဟာ သံသရာအကျိုး၊ နိဗ္ဗာန်အကျိုးလို့ နှစ်မျိုးရှိတယ်၊ (တစ်နည်းအားဖြင့် ဆိုလျှင်) လောကီအကျိုးနှင့် လောကုတ္တရာအကျိုးပေါ့၊ စေတီပုထိုးတည်ထားခြင်းကြောင့်–

**"ယော စ သတ္ထု ကရောဗိမ္ဗံ၊ ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ"** နောက်ဆုံးမှာ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်နိုင်ကြောင်း ကျမ်းဂန်များမှာ အဆိုရှိတယ်၊ ဒါကြောင့် စေတီရုပ်ပွား တည်ထားရခြင်းဟာ သံသရာအကျိုး၊ လောကီအကျိုး ကေန်ရှိပါတယ်၊ ဒါဖြင့် လောကုတ္တရာ အကျိုးကော မရှိဘူးလားဆိုလျှင် (ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ) ဘုရားကြီး စင်စစ် ဖြစ်နိုင်တယ်ဆိုတာ ထောက်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်အကျိုးကိုလည်း ကေန် ရနိုင်ပါတယ်။

သို့သော် စေတီပုထိုး တည်ထားခြင်းကြောင့် ယခုဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တော့ မရနိုင်ဘူး၊ ယခုဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကျိုး လက်ငင်း ရနိုင်တာက ဝိပဿနာမျှသာ ဖြစ်တယ်၊ ဒါကြောင့် မဂ်

http://www.dhammadownload.com



ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ယခုချက်ချင်း ရလိုလျှင် ဘုရားပုထိုး တည်မနေပါနှင့် ဝိပဿနာတရား လာရောက် ပွားများပါလို့ အဲဒီလို ပြောလိမ့်မယ် ထင်တယ်၊ အဲဒီလို ပြောခဲ့လျှင် အပြောကတော့ မမှားဘူး၊ ဒါဖြင့် ဘာ မှားနေသလဲဆိုတော့-

ဘုရားသခင် ခန္ဓပရိနိဗ္ဗာန် စံလွန်တော့ ခန္ဓာတော်ဟာ ဓာတ်တော်တွေဖြစ်ပြီး ကျန်ရစ်တယ်ကွယ့်၊ အဲဒီ ဓာတ်တော်တွေဟာ (အသမ္ဘိန္န) မကွဲမပြားပကတိအတိုင်း ကျန်ရစ်တဲ့ စွယ်တော် ၄-ဆူ၊ ညှပ်ရိုးတော် ၂-ဆူ၊ သင်းကျစ်တော် ၁-ဆူ ပေါင်း ၇-ဆူ ကျန်ရစ်တယ်၊ ပကတိအတိုင်းမဟုတ်ဘဲ အစိတ်အစိတ် ဓာတ်တော်လုံးကလေးများဖြစ်ပြီး ကျန်ရစ်တဲ့ သမ္ဘိန္နဓာတ်တော်က-

ရွှေအရောင်တောက်ပြီး ပဲနောက်ပမာဏရှိတဲ့ အကြီးဓာတ်တော် ၅-နာဠိ၊ ပုလဲအရောင်တောက်ပြီး ဆန်ကျိုးပမာဏရှိတဲ့ အလတ်ဓာတ်တော် ၅-နာဠိ၊ မြတ်လေးငုံအရောင် မုန်ညင်းစေ့ခန့် ဓာတ်တော်အငယ် စား ၆-နာဠိပေါင်း သမ္ဘိန္နဓာတ်တော်ပေါင်း ၁၆-နာဠိ ကျန်ရစ်ခဲ့တယ်၊ ဒီဓာတ်တော်တွေဘာလုပ်ဖို့ ဘုရားရှင် ထားတော်မူခဲ့တာလဲဆိုတော့ စေတီပုထိုး တည်ထားကိုးကွယ်ဖို့ ထားခဲ့တာပဲ၊ ဘုရားရှင် သက်တော်ထင်ရှား မရှိတဲ့နောက် ဒီစေတီတော် ပုထိုးတော် ရုပ်ပွားတော်တွေဟာ ဘုရားရှင်ရဲ့ကိုယ်စားတွေပဲ။

"**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ**"သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင်နှင့် ဓာတ်တော် စေတီတော်တွေဟာလည်း အတူတူပါပဲတဲ့၊ စိတ်က ကြည်ညိုတာချင်း တူခဲ့လျှင် အကျိုးပေးချင်းလည်း တူပါသတဲ့၊ ဒါကြောင့် စေတီတော် ပုထိုးတော်တွေကို မတည်ကောင်းဘူးလို့ မပြောသင့်ဘူး၊ အကယ်၍ ပြောခဲ့လျှင် ဘုရားရှင်ကို ပုန်ကန်တာနှင့် တူနေတယ်၊ ဒါကြောင့် ဘာမှားနေသလဲ မေးခဲ့လျှင် အဲဒါဟာ အမှားပဲလို့ ဖြေဆိုလိုက်ပါတယ်။

## ဒါန-သီလ လုပ်သင့်,မလုပ်သင့်

"**ဒုတိယအမေး**က ဘဝပြတ်၊ အကြောင်းအကျိုး ပြတ်ဖို့အတွက် ဒါန,သီလ လုပ်ဖို့ မလိုဘူးတဲ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဘဝပြတ်တယ်၊ အကြောင်းအကျိုး ပြတ်တယ် ဆိုတာ ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို ခေါ်တယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်ဆိုတာလည်း ရုပ်နာမ် အစဉ်ပြတ်တာကို ခေါ်တယ်၊ ရုပ်နာမ်အစဉ် ပြတ်တာဟာလည်း အနုပါဒိသေသ နိဗ္ဗာန်ဝင်တာကို ခေါ်တယ်၊ အနုပါဒိသေသ နိဗ္ဗာန်ဝင်တယ်ဆိုတာ ဒီဘဝက စုတိပြီး နောင် ပဋိသန္ဓေအသစ် မဖြစ်တော့တာကို ဆိုလိုတယ်။

ဒီနေရာမှာ စကားအနည်းငယ် ရှည်ပေးလိုက်ဦးမယ်ကွယ့်၊ နောင်အခါ ပဋိသန္ဓေ မဖြစ်တာကို မဆိုခင် ပဋိသန္ဓေအသစ် ဘာကြောင့်ဖြစ်တာလဲဆိုတဲ့ အမေးကို ဦးစွာ ဖြေသင့်တယ်၊ သတ္တဝါတစ်ဦးဟာ မိမိရုပ်နာမ်ရဲ့ **အနိစ္စ**–မမြဲခြင်း၊ **ဒုက္ခ**–ဆင်းရဲခြင်း၊ **အနတ္တ**–ကောင်းကင်စံ နတ်ဘုရားက ထည့်လိုက်တဲ့ အတ္တမဟုတ်ခြင်းဆိုတာကို မသိဘူး၊ အဲဒီအချက် ၃–ချက်ကို မသိတဲ့အတွက် မိမိရဲ့ရုပ်နာမ်ကို အလွန်ချစ်နေတယ်၊ အလွန် ချစ်တဲ့အတွက် ငါ့ရုပ် ငါ့နာမ်လို့ စွဲလမ်းနေတယ်၊ အမှန်ကတော့ ဒီရုပ် ဒီနာမ်ဟာ အမြဲ ရပ်တည်နေတာ မဟုတ်၊ ဖြစ်ပြီး ပျက်သွားတဲ့ အနိစ္စတရား၊ အဖြစ်အပျက်တို့ရဲ့ အနှိပ်စက်ကို အမြဲ ခံယူနေရတဲ့ ဒုက္ခတရားဖြစ်တယ်။

ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ ဆိုတဲ့ သစ္စာလေးချက်နှင့် တွက်ခဲ့လျှင် ဒီရုပ် ဒီနာမ်ဟာ ဒုက္ခသစ္စာ အစစ်အမှန်ပဲ၊ ပုထုဇဉ်တွေဟာ အမှန်တရားကို မမြင်အောင် ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာဆိုတဲ့ မောဟကြောင့် ဒုက္ခ အစစ်ဖြစ်တဲ့ ရုပ်နာမ်အပေါ် ဆင်းရဲတယ်လို့ မထင်ဘဲ ချမ်းသာတယ်လို့ ပြောင်းပြန် ထင်မြင်နေကြတယ်၊ ချမ်းသာတယ်ထင်လို့ ရုပ်နာမ်အပေါ်ချစ်ခင်တဲ့ တဏှာစိတ် ဖြစ်ပေါ်လာတယ်၊ ရုပ်နာမ်အပေါ် ချစ်ခင်တဲ့ အဲဒီ တဏှာစိတ်ဟာ ဘဝသစ်ကို ဖြစ်စေတဲ့ စိတ်ပါပဲ၊ ဒါကြောင့် ပဋိသန္ဓေအသစ် ဘာကြောင့် ဖြစ်တာလဲဆိုတဲ့ အမေးကို တဏှာကြောင့် ဖြစ်တယ်လို့ ဖြေဆိုရတယ်။

ပဋိသန္ဓေအသစ် ဖြစ်တာကိုတော့ ဖြေပြီးပြီ၊ ဒီအဖြေကို မြင်သောအားဖြင့် တဏှာကြောင့် ပဋိသန္ဓေအသစ် ဖြစ်ခဲ့လျှင် တဏှာကုန်လျှင် (တဏှာချုပ်လျှင်) ပဋိသန္ဓေ အသစ်မဖြစ်ဘူးဆိုတာကို သိလောက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ ကြည့်ပါ၊ (တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော)လို့ ဟောထားတာ တွေ့ပါလိမ့်မယ်။

http://www.dhammadownload.com



တဏှာချုပ်လျှင် ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန် ချုပ်လျှင် ဘဝချုပ်တယ်၊ ဘဝချုပ်လျှင် ပဋိသန္ဓေနေမှု ချုပ်တယ်လို့ ဟောထားတယ်၊ ဒီစကား ရပ်များကို ကြည့်လျှင် ဘဝမပြတ်တာ ဘာကြောင့်လဲ၊ ပဋိသန္ဓေ မပြတ်တာ ဘာကြောင့်လဲဆိုတာ မြင်နိုင်တယ်၊ ဘာကြောင့် ဘဝ မပြတ်တာလဲ၊ ပဋိ သန္ဓေ မပြတ်တာလဲဆိုတော့ ရုပ်နာမ်အပေါ် ချစ်နေတဲ့တဏှာကြောင့်ပေါ့၊ ဒီနေရာမှာ တဏှာနှစ်မျိုး ပြောချင်သေးတယ်။

တဏှာ နှစ်မျိုးဆိုတာက အပြင်အပကို တပ်မက်တဲ့တဏှာနှင့် အတွင်း ကို တပ်မက်တဲ့တဏှာဖြစ်တယ်၊ အပြင်အပဆိုတာက ကိုယ်ပိုင်လို့ ထင်နေတဲ့ လယ်ယာ ရွှေ, ငွေ, မြေ, ကျွဲနွား, သမီး, သား, မယား, လင် စသည်တို့ ဖြစ်ကြတယ်၊ အဲဒီအပြင်အပ စွဲလမ်း ချစ်ခင်တဲ့တဏှာကို ဗဟိဒ္ဓတဏှာလို့ ခေါ်တယ်၊ မိမိရဲ့ခန္ဓာကိုယ်ကို ချစ်ခင်တပ်မက်တဲ့ တဏှာကို အဇ္ဈတ္တိကတဏှာ လို့ ခေါ်တယ်၊ ဒီတဏှာနှစ်မျိုးမှာ ဘယ်တဏှာက ပြင်းထန်သလဲဆိုတော့ ခန္ဓာကိုယ်ကို တပ်မက်တဲ့ အဇ္ဈတ္တိက တဏှာက ပြင်းထန်တယ်၊ ဆိုလိုတာက မိမိကိုယ်ကို ချစ်တာက သား, သမီး, လင်, မယား, ပစ္စည်းဥစ္စာကို ချစ်တာ ထက် ပိုလွန်တယ်လို့ ဆိုလိုတယ်။

နိဗ္ဗာန်ဝင်တယ်ဆိုတာဟာ တဏှာကုန်တာပါပဲ၊ တဏှာမကုန်သမျှ နိဗ္ဗာန်ကို မဝင်ပါဘူး၊ နိဗ္ဗာန်ဝင်ချင်လျှင် တဏှာကို စွန့်ရမယ်၊ စွန့်ရမည့် တဏှာက အပြင်နှင့်အတွင်း နှစ်မျိုးဖြစ်နေတယ်၊ အပြင်ဆိုတာက လယ်ယာ ရွှေငွေ သားသမီး စသည်ပေါ့၊ အဲဒါတွေကို စွန့် တာကို ဒါနလို့ ခေါ်တယ်၊ ဒါနဆိုတာ အပြင်အပကို တပ်မက်တဲ့ လောဘတဏှာကို သတ်တာပါပဲ၊ အပြင်အပကို တပ်မက်တဲ့ တဏှာကိုမျှ မပယ်နိုင်သေးလျှင် အတွင်းဖြစ်တဲ့ ရုပ်နာမ်ကို တပ်မက်တဲ့တဏှာကို ပယ်ဖို့ဆိုတာ အင်မတန် ခက်ပါတယ်။

အတွင်း ရုပ်နာမ်ကို တပ်မက်တဲ့တဏှာကို ပယ်ဖို့ဆိုတာကတော့ ဒါနမျှနှင့် မလုံလောက်ဘူး၊ ရုပ်နာမ်ဟာ နိစ္စ, သုခ, အတ္တ မဟုတ်ပါဘူးဆိုတာ ကွက်ကွက်ကွင်းကွင်းမြင်အောင် ဝိပဿနာအလုပ် အားထုတ်ရတယ်၊ ဒါ ကြောင့် ဒါနလုပ်တာနှင့် ဝိပဿနာလုပ်တာဟာ အပြင်တဏှာကို သတ်တာ နှင့် အတွင်းတဏှာကို သတ်တာမျှသာ ကွာခြားတယ်၊ အစိပ္ပာယ်ချင်းကတော့

http://www.dhammadownload.com



မထူးပါဘူး၊ ဒါကြောင့် ဘဝပြတ်၊ နိဗ္ဗာန်မြင်ဖို့အတွက် ဒါနလုပ်ဖို့ မလိုဘူး ဆိုတာကို ဦးစွာ အဖြေပေးလိုက်ပါတယ်။

ဒါနလုပ်ဖို့မလိုဘူးဆိုတဲ့ အပြောကိုတော့ အဖြေ ပေးပြီးပြီ၊ သီလလုပ်ဖို့ မလိုဘူးဆိုတာကော ဟုတ်ပါရဲ့လားလို့ မေးခဲ့လျှင် လုံးဝ မဟုတ်ဘူးလို့ ဦးစွာ ဖြေလိုက်ပါတယ်၊ အကြောင်းကတော့ ဗုဒ္ဓရဲ့အဆုံးအမ သာသနာတော်ဟာ မဂ္ဂင်ရှစ်ပါးဖြစ်ကြောင်းကို ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်မှာ ဟောထားပါတယ်၊ မဂ္ဂင်ရှစ်ပါးဆိုတာ အများသိကြတဲ့–

**သမ္မာဒိဋ္ဌိ** – အယူ မှန်ကန်ခြင်း၊
**သမ္မာသင်္ကပ္ပ** – အကြံအစည် မှန်ကန်ခြင်း၊
**သမ္မာဝါစာ** – အပြောအဆို မှန်ကန်ခြင်း၊
**သမ္မာကမ္မန္တ** – အလုပ်အကိုင် မှန်ကန်ခြင်း၊
**သမ္မာအာဇီဝ** – အသက်မွေးမှု မှန်ကန်ခြင်း၊
**သမ္မာဝါယာမ** – အားထုတ်မှု မှန်ကန်ခြင်း၊
**သမ္မာသတိ** – အမှတ်ရမှု မှန်ကန်ခြင်း၊
**သမ္မာသမာဓိ** – တည်ကြည်မှု မှန်ကန်ခြင်း၊

ဒီမဂ္ဂင်ရှစ်ပါးပါပဲ၊ ဒီမဂ္ဂင်ရှစ်ပါးကို အကျင့် (သိက္ခာ)နှင့် ရေတွက်လျှင် (၁) ပညာသိက္ခာ၊ (၂) သီလသိက္ခာ၊ (၃) သမာဓိသိက္ခာရယ်လို့ သုံးမျိုးရပါတယ်။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့က ပညာအမျိုးမျိုး ဝိပဿနာနှင့် သက်ဆိုင်တယ်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့က သီလအမျိုးမျိုး ကိုယ်ကျင့်သီလနှင့် သက်ဆိုင်တယ်၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့က သမာဓိအမျိုးမျိုး သမထနှင့် သက်ဆိုင်တယ်။

ဒီမဂ္ဂင်ရှစ်ပါးကို ပညာ, သီလ, သမာဓိလို့ သိက္ခာသုံးပါးဖွဲ့ရာက ကျင့်စဉ်အနေနှင့် ဖလှယ်လိုက်တော့ သီလ, သမာဓိ, ပညာလို့ ဖြစ်လာတယ်၊ ဘာကြောင့် သီလ, သမာဓိ, ပညာလို့ ဖလှယ်ရတာလဲဆိုတော့ အကြင်သူဟာ ကိုယ်ကျင့်သီလ မရှိလျှင် စိတ်ရဲ့ ငြိမ်သက် တည်ကြည်မှု သမာဓိ မရနိုင်ဘူး၊ စိတ်ရဲ့ငြိမ်သက် တည်ကြည်မှု မဖြစ်ခဲ့သော် ယထာဘူတဉာဏ်ခေါ်တဲ့ ရုပ်နာမ် အစစ်ကို မမြင်နိုင်ဘူး၊ ရုပ်နာမ်အစစ်ကို မမြင်လျှင်လည်း

http://www.dhammadownload.com



မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ ပညာမဖြစ်နိုင်ဘူး၊ ဒါကြောင့် ဝိပဿနာလုပ်သူမှာ သီလဆိုတဲ့ ကိုယ်ကျင့်ကောင်းဖို့ အလွန် အရေးကြီးတယ်၊ သီလမစောင့်ဘဲ ကျန်တဲ့ သမာဓိ ပညာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဝိပဿနာတရား အားထုတ်သူများ သီလကို အထူးပြုကြပါလို့ သတိပေးချင်ပါတယ်။

ဒီနေရာမှာ သန္တတိကအမတ်တို့, အင်္ဂုလိမာလတို့ သီလမပါဘဲ မဂ်ဖိုလ်ရသွားတာ ဘယ်လိုလဲလို့ မေးစရာ ရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေက ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးမို့ သာသနာတော် အနှစ်တစ်ထောင်အတွင်း ပဋိသမ္ဘိဒါခေတ်မှာသာ ရှိပါတယ်၊ ခုလို နေယျခေတ်မှာ မရှိပါဘူး၊ ခုလို နေယျခေတ်မှာတော့ သီလမပါဘဲ မဂ်ဖိုလ်ကို မရနိုင်ဘူး၊ ဒါကြောင့် ဘဝပြတ်လို့ နိဗ္ဗာန်မြင်ဖို့, မဂ်ဖိုလ်ရဖို့ သီလမလိုပါဘူးဆိုတဲ့ စကားကို လုံးဝ မယုံကြည်ကြပါနဲ့လို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ၊ ဒုတိယအဖြေကိုကြားရလို့ ဝမ်းသာပါတယ်၊ တတိယအဖြေကိုလည်း ပေးပါဦးဘုရား"

"တတိအမေးက ဘာတဲ့လဲကွယ့်၊ ဖတ်စမ်းပါဦး"

"**တတိယအမေး**က အင်္ဂုလိမာလဟာ လူသတ်သမား ဒုစရိုက်ထိပ်တန်းကဖြစ်ပါလျက် ဘာကြောင့် ရဟန္တာဖြစ်သွားသလဲ၊ ဒုစရိုက်စုံ ကျင့်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ငန်းဖြင့် အကုသိုလ်အားလုံးကို သင်ပုန်းချေနိုင်ပါသလားတဲ့ဘုရား"

## အင်္ဂုလိမာလ ကျွတ်တမ်းဝင်ခြင်း

အင်္ဂုလိမာလဟာ လူသတ်သမားကြီး၊ လူတွေ သတ်လိုက်တာမှ လက်ညှိုးပေါင်း ထောင်ကျော်အောင် သတ်ခဲ့တဲ့ လူသတ်သမားကြီး၊ အင်္ဂုလိမာလဟာ သူသတ်သမားကြီးဖြစ်သော်လည်း အလွန် ဉာဏ်ထက်မြက်တဲ့ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဖြစ်တယ်၊ လောကမှာ ပုဂ္ဂိုလ်အမျိုးအစား ၄-ပါးရှိတယ်၊ (၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ်

(၃) နေယျပုဂ္ဂိုလ်၊

(၄) ပဒပရမပုဂ္ဂိုလ် တို့ဖြစ်ကြတယ်။

http://www.dhammadownload.com



ဥဃဋိတညူပုဂ္ဂိုလ်ဟာ အလွန်ဉာဏ်ပညာ ထက်မြက်တယ်၊ ဘုရားရှင် တရားဟောလျှင် တရားဟော မပြီးခင် သစ္စာလေးပါးကို သိနိုင်တယ်၊ ဝိပဉ္စိ တညူပုဂ္ဂိုလ်လည်း ဉာဏ်ထက်မြက်တယ်၊ ဒါပေမယ့် တရားဟောတာ ပြီးဆုံးမှ သစ္စာလေးပါးကို သိနိုင်တယ်၊ နေယျပုဂ္ဂိုလ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် သိစွမ်းနိုင်တဲ့ ပဋိသန္ဓေပညာမျိုးတော့ပါရဲ့၊ သို့သော်လည်း သေသေကျေကျေ မရမနေ အားထုတ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ ပေါ့ပေါ့ဆဆ အားထုတ်ရုံနှင့် မရ၊ ပဒပရမပုဂ္ဂိုလ်ကတော့ ပဋိသန္ဓေပညာမျိုးစေ့တောင် မပါဘူး၊ ပါရမီလည်း မရင့်ကျက်သေးဘူး၊ သံသရာရဲ့အပြစ်ကိုလည်း မမြင် ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း မရချင်ဘူး။

အဲဒီပုဂ္ဂိုလ်လေးမျိုးထဲက အင်္ဂုလိမာလဟာ– (၁) ဥဃဋိတညူ၊ (၂) ဝိပဉ္စိတညူအမျိုးအစားဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးက နင်လားငါလား တရား အားထုတ်ဖို့ မလိုဘူး၊ တရားတော်ရဲ့ အဓိပ္ပာယ်ကို လွယ်လွယ် သိနိုင်တယ်၊ ဒါကြောင့် အင်္ဂုလိမာလရဲ့ အတ္ထုပ္ပတ္တိကို ကြည့်ပါလား၊ အင်္ဂုလိမာလက ဘုရားရှင်ကို သာမန် ရဟန်းမှူ ထင်ပြီး 'ရဟန်း... ရပ်လော့ ရပ်လော့'လို့ ပြောတယ်၊ ဘုရားရှင်က 'ငါကား ရပ်၏၊ သင်ကား မရပ်' လို့ ပြန်ပြောတယ်၊ ဤမျှ စကားတိုတိုလေးနှင့် အမှန်ကို သိသွားတယ်။

အရဟတ္တဖိုလ်ဟာ **"ကုသလံ ကုသလံ ဇဟံ"** ဆိုတဲ့အတိုင်း ကုသိုလ်ကံ အကုသိုလ်ကံကို စွန့်ပယ်ပြီး ဖြစ်တယ်၊ စွန့်ပယ်တယ်ဆိုတာ မလုပ်တော့ဘူးလို့ ပြောတာ မဟုတ်ဘူး၊ လုပ်ပင်လုပ်သော်လည်း ကံမဖြစ်တော့ဘူး၊ ကံမဖြစ်တော့ လို့ နောင်အခါ အကျိုးမပေးတော့ဘူးလို့ဆိုတာဖြစ်တယ်။

ဒီစကားကို ရှင်းအောင် ထပ်ပြောရလျှင် ကောင်းကျိုး ဆိုးကျိုးဆိုတာ ခန္ဓာရှိလို့ ဖြစ်တာကိုး၊ ရဟန္တာဟာ ဘဝအဆုံးသို့ ရောက်သွားပြီ၊ နောက်ဘဝ မဖြစ်တော့ဘူး၊ နောက်ဘဝမဖြစ်တော့ ခန္ဓာမှ မရှိတာ၊ ဘယ် ဆိုးကျိုး ကောင်းကျိုးကို ခံစားလို့ ဖြစ်ပါ့မလဲ၊ ဒါကြောင့် ရဟန္တာဖြစ်ပြီးလျှင် ကုသိုလ်ကံ အကုသိုလ်ကံ မရှိတော့ဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံ မရှိတော့လို့ ဘဝအဆက်ဆက်က လုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ယခုဘဝမှာ ပြုလုပ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ပယ်ပြီးပြီလို့ ဆိုရတယ်၊ ဝိပဿနာ

http://www.dhammadownload.com



လုပ်သော်လည်း ရဟန္တာ မဖြစ်သေးလျှင် ဘပ ရှိသေးတယ်၊ ဒါကြောင့် ဝိပဿနာလုပ်သော်လည်း ရဟန္တာမဖြစ်သမျှ ကုသိုလ် အကုသိုလ်ကို သင်ပုန်းမချေနိုင်သေးပါဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ၊ တတိယအမေးရဲ့အဖြေကိုတော့ နာပြီးပါပြီ၊ စတုတ္ထအမေးရဲ့အဖြေကိုလည်း ဆက်ပြီး မိန့်တော်မူပါဦး"

"စတုတ္ထအမေးက ဘာတဲ့ကွယ်၊ ဆိုစမ်းပါဦး"

"မှန်ပါ၊ **စတုတ္ထအမေး**ကို တပည့်တော် ဖတ်လျှောက်ပါ့မယ်၊ စတုတ္ထအချက်က အဇာတသတ်မင်း ဟာ လောဟကုမ္ဘီငရဲမှာ နှစ်ပေါင်း ခြောက်သောင်းခံရတာဟာ အဖသတ်ကံကြောင့် မဟုတ်ဘူး၊ အမေ အဖေ မဟုတ်ပါဘဲ အမှာတ်ထင်တဲ့ စွဲလမ်းမှု ဥပါဒါန်ကြောင့်လို့ ဆိုကြပါတယ်၊ ထိုစကားဟုတ်,မဟုတ်ပါတဲ့ဘုရား"

"ဒီစကားရပ်ဟာ ပညတ်နှင့် ပရမတ်ကို ပြောတဲ့ စကားပဲကွယ့်၊ ပညတ်ဆိုတာ တကယ် အမှန်ရှိတာ မဟုတ်သော်လည်း တကယ်အမှန်ရှိသလို တင်စားခေါ်ထားတဲ့ အရာတွေပဲ၊ အခု သူသူငါငါ ခေါ်ဝေါ်နေကြတဲ့ အမေ၊ အဖေ၊ ယောကျ်ား၊ မိန်းမ၊ ခွေး၊ နွား၊ ကြက်၊ ဝက်၊ လူ၊ နတ်၊ ဗြဟ္မာဆိုတာတွေဟာ တကယ် ရှိတာမဟုတ်တဲ့ ပညတ်တွေချည်းပဲ၊ တကယ်ရှိတာက ရုပ်နှင့်နာမ် ဆိုရမှာပဲ၊ ဖြစ်ပျက်သင်္ခတ ရုပ်နှင့်နာမ်မျှသာထင်ရှားရှိတယ်၊ မြင်တာ ကြားတာ မှန်သမျှတွေဟာ ပညတ်တွေချည်းပဲ၊ အမှန်တကယ် ရှိတာမဟုတ်ဘူး။

ဒီ ပညတ်နှင့် ပရမတ်အရာမှာ ပညတ်ဆိုတာ ပုထုဇဉ်တို့ရဲ့အသုံးအနှုန်း၊ ပရမတ်ဆိုတာက အရိယာတို့ရဲ့အသုံးအနှုန်း၊ ပုထုဇဉ်နယ်မှာ ပုထုဇဉ်တို့ရဲ့အသုံးအနှုန်းဟာ မှန်တယ်၊ ပုထုဇဉ်တို့နှင့် ဆက်ဆံ ဟောပြောရာမှာ ဘုရားရှင်လည်း ပညတ်နှင့် ပြောရတာပဲ၊ ပရမတ် စကားနှင့်သာ ပြောရလျှင် လူလည်း မရှိဘူး၊ ခွေးလည်း မရှိဘူး၊ အမေ,အဖေလည်း မရှိဘူး၊ အားလုံး ရုပ်နာမ်သာ ရှိတာပဲ၊ ဘယ်လို လုပ်ပြောမှာလဲ၊ ဘယ်လိုမှ ပြောမဖြစ်လို့ ပညတ်ကို ပြောကြရတာပေါ့။

http://www.dhammadownload.com



ဘုရားရှင်ရဲ့ ဒေသနာတော်ဟာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာလို့ သုံးမျိုး ရှိရာမှာ သုတ္တန်ဒေသနာတော်ဟာ ပညတ်နယ်က ဒေသနာတော်ဖြစ်တယ်၊ သုတ္တန်ဒေသနာတော်က အဖေသတ်တာ, အမေသတ်တာဟာ ဂရုကံကြီးမို့ သေသည်ရဲ့အခြားမဲ့မှာ အဝီစိငရဲကျမယ်လို့ ဟောထားတယ်၊ ဒီလို ဟောထား ပါလျက်နှင့် အဖေဆိုတဲ့ ဥပါဒါန်ကြောင့်သာ ငရဲကျတာပါလို့ အဘိဓမ္မာဘက် ကို ဘာမျှ ဆွဲခေါ်နေဖို့ မလိုပါဘူး၊ အဖေရယ်လို့ ဥပါဒါန် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယုတ်စွအဆုံး အဖေမှန်း မသိဘဲ သတ်မိသည်ပင်ဖြစ်စေ၊ ဂရုကံဟာ ဂရုကံမျှသာ ဖြစ်တယ်ကွယ့်၊ ဒါကြောင့် အဇာတသတ်ဟာ အဖသတ်ကံကြောင့် ငရဲကျတာ မှန်ပါတယ်၊ ဘယ်ဥပါဒါန်ကြောင့်မှ မဟုတ် ပါဘူး၊ ပညတ်နှင့်ပရမတ်ဟာ နယ်တစ်ခုစီ ဖြစ်တယ်၊ ပညတ်နယ်ထဲကို ပရမတ် ဝင်မရှုပ်စေရဘူး၊ ဝင်မရှုပ်သင့်တဲ့အကြောင်း ဥပမာသဘော ပြောရလျှင် ရုပ်နာမ်ဆိုတဲ့ ပရမတ်တရားဟာ ရေအလျဉ်လို ဖြစ်ပျက်အစဉ်မျှသာ ဖြစ်တယ်၊ တဝေါဝေါ စီးနေတဲ့ ရေအလျဉ်ကို ဓားဖြင့် ခုတ်ဖြတ်လို့ ပြတ်သွားပါ့မလား ကွယ့်"

"မပြတ်ပါဘူးဘုရား"

"ရေအလျဉ်လို ဖြစ်ပျက်ချင်းဆက်စပ်နေတဲ့ ရုပ်နှင့်နာမ်ကိုရော ဓားဖြင့် ခုတ်ဖြတ်လို့ရပါ့မလား၊ ရုပ်နှင့် နာမ်ကို ဓားဖြင့်ခုတ်သည်ဖြစ်စေ မခုတ်သည် ဖြစ်စေ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် တစ်စက္ကန့်အတွင်း ဖြစ်ပျက် တစ်သိန်း ရှိတယ်လို့တော့ ဘုရားရှင်က ဟောတာပဲ၊ ဘုရားဟောတဲ့ ဖြစ်ပျက်နှင့် ဓားဖြင့်ခုတ်ဖြတ်လို့ ပြတ်တာနှင့်ဟာ ပညတ်နှင့် ပရမတ်မို့ မတူဘူး၊ ပရမတ်အားဖြင့် ခုတ်ဖြတ်လို့ မပြတ်သော်လည်း ပညတ်ကိုခုတ် လျှင်တော့ ပြတ်တာ သေချာတယ်၊ ဒါကြောင့် ပညတ်နှင့် ပရမတ်ကို မရောနှောဖို့, ပညတ်နယ်မှာ ပညတ်အဖြစ် အသိအမှတ်ပြုဖို့, ပရမတ်ဖြစ်တဲ့ ဝိပဿနာနယ်မှာ ပညတ်မှ ပရမတ်အစစ်ကို ထုတ်ယူဖို့ အဖြေပေးလိုက်ပါ တယ်ကွယ်"

"စတုတ္ထအမေးကိုတော့ နာပြီးပါပြီ၊ ပဥ္စမအမေးရဲ့အဖြေကို မိန့်တော် မူပါဦးဘုရား"

http://www.dhammadownload.com



**"ပဋ္ဌမအမေးက** ဘာတဲ့၊ အင်း . . . သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူရာမှာ ရွံ့ဗွက်ပေါ် အလျားမှောက်ခြင်းနှင့် ဘုရားရှင်နှင့်ရဟန္တာများ နင်းခြင်းဆိုသည်မှာ အမှန်တကယ် မဟုတ်၊ ရွံ့ဗွက်နှင့်တူသော ကိလေသာကို တံတားပမာ ဖြတ်ကျော်ခြင်းကိုသာ ဆိုလိုကြောင်း ပြောဆိုနေကြသတဲ့၊ အဲဒီစကား ဟုတ်, မဟုတ် ဆိုပါကလား။

ဒီစကားရပ် ဟုတ်, မဟုတ် သိဖို့ ဗုဒ္ဓဝင်ကို ပြန်ကြည့်လိုသကွယ့်၊ အတိုချုပ်ကတော့ အမရဝတီပြည်မှာ သုမေဓာပုဏ္ဏားလုလင်ရှိတယ်၊ ငယ်ရွယ်စဉ် မိဘနှစ်ပါး ကွယ်လွန်လို့ ဘဏ္ဍာစိုးက ပစ္စည်းစာရင်းနှင့် ဘဏ္ဍာတိုက်ကို အပ်တယ်၊ ဘဏ္ဍာတိုက်အတွင်း များပြားတဲ့ ပစ္စည်းများကို တွေ့တော့ ငါ့မိ ငါ့ဖ ငါ့ဘိုး ငါ့ဘေးများဟာ ဒီပစ္စည်းတွေကို ယူမသွားနိုင်ကြဘူး၊ ငါကတော့ ယူသွားမယ်လို့ အားလုံးကို စွန့်လှူပြီး တောထွက် ရသေ့ဝတ်ခဲ့တယ်၊ ရသေ့ဝတ်ပြီး ဈာန်နှင့် ပျော်ပါးနေခဲ့တဲ့အတွက် ဒီပင်္ကရာဘုရားဖြစ်ပွင့်တာကို မသိလိုက်ဘူး။

ရမ္မာဝတီပြည်သူပြည်သားများဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို အသဒိသဒါနကြီး ပြုလုပ်ဖို့ မဏ္ဍပ်ကနားထိုးခြင်း၊ မြေလမ်းညှိခြင်းစတဲ့ အလုပ်များ လုပ်နေကြစဉ် သုမေဓာရသေ့က ဈာန်နှင့်ကောင်းကင်က လာတယ်၊ မြေပြင်မှာ လူပေါင်းများစွာ အလုပ်လုပ်နေကြတာကို မြင်လို့ ကောင်းကင်က ဆင်းပြီး ဘာလုပ်ကြတာလဲလို့ မေးတယ်၊ တိုင်းသူပြည်သားများက အကြောင်း အကျိုးပြောပြတော့ သုမေဓာရသေ့က အို လူအပေါင်းတို့ . . . ဒီပင်္ကရာဘုရား ကြွချီရန် လမ်းခရီး သုတ်သင်ကြတယ်ဆိုလျှင် ငါလည်း သုတ်သင်ချင်ပါတယ်၊ ငါသုတ်သင်ပြုပြင်ဖို့ လမ်းတစ်နေရာ ပေးကြပါလို့ တောင်းတယ်၊ လမ်းပြင်နေကြတဲ့ ဒကာများကလည်း ကောင်းပါပြီလို့ ဝန်ခံကြပြီး ဒီရသေ့ဟာ တန်ခိုးကြီးတယ်၊ ပြင်ဆင်ဖို့ခက်တဲ့ ရွံ့ဗွက်ကြီးကို ကောင်းအောင် ပြုပြင်ပါဆိုပြီး ပေးကြတယ်။

သုမေဓာရှင်ရသေ့ဟာ အဝေးက မြေမှုန့်တွေကို ထမ်းယူပြီး ရွံ့ဗွက်ကြီးကို ဖို့နေဆဲ ဘုရားရှင်နှင့် ရဟန္တာ လေးသိန်း ကြွလာကြတယ်၊ ဒီအခါ သုမေဓာရသေ့က ယနေ့ ငါသည် မြတ်စွာဘုရားထံမှာ အသက်လှူမယ်၊ ငါ့

http://www.dhammadownload.com



တာဝန်ဖြစ်တဲ့ ညွှန်အတွင်း ဘုရားရှင်နှင့် ရဟန်းတော်များ ဆင်းရဲစွာ မကြွကြပါစေနှင့်၊ ငါ၏ကျောပြင်ကို တံတားအမှတ် နင်းပြီး ကြွကြပါစေလို့ အသက်ကိုပါ နင်းပြီး ရှေးဦးစွာ ဆံစည်းဆံထုံးကို ဖြေတယ်၊ အဲဒီနောက် သစ်နက်ရေရယ်, ဒေါက်ချာရယ်, လျှော်တေသက်န်းရယ် ဒါတွေကို ရွှံ့ညွှန် ပျောင်းပေါ် ဖြန့်ခင်းတယ်၊ အဲဒီ နောက် ညွှန်ပျောင်းထက်မှာ အလျားမှောက် ပြီး တံတားဆောက်တော်မူပါသတဲ့။

ဒီစကားရပ်ဟာ ဗုဒ္ဓဝင်ကျမ်းကလာတဲ့ စကားရပ်ကို အတိုချုံ့ထား တာပါ၊ ဒီစကားရပ်မှာ ကာမဂုဏ်နှင့် တူတဲ့ ရွှံ့ဗွက်ကို ကျော်ဖြတ်တယ်လို့ မပါပါဘူး၊ အဲဒီအချိန်က သုမေဓာရသေ့ဟာ နိယတဗျာဒိတ် မရသေးပါဘူး၊ နိယတဗျာဒိတ် ရပြီးတဲ့နောက် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း လွန်မြောက်မှ ဗုဒ္ဓဘုရားဖြစ်ပြီး ကိလေသာ ရွှံ့ဗွက်က လွန်မြောက်တာပါ၊ သုမေဓာ ရသေ့ဘဝက ကိလေသာရွှံ့ဗွက်က လွန်မြောက်ဖို့ နေနေသာသာ ရဟန်းတောင် မဖြစ်ခဲ့ဘူး၊ ဒါကြောင့် သုမေဓာရသေ့ဟာ ဒီပင်္ကရာဘုရား ကြွလာတော့ ရွှံ့ဗွက်ပေါ် အလျားမှောက်ပြီး တံတားဆောက်တယ် ဆိုတာဟာ ဥပမာမဟုတ်ပါဘူး၊ အမှန်တကယ် ရွှံ့ဗွက်အပေါ် အလျားမှောက်ပြီး တံတား ဆောက်ခြင်းသာ ဖြစ်တယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

* * *

http://www.dhammadownload.com



# တက္ကသိုလ်ဉာဏ်လင်း၏အမေးစကား

"ဟောဒီစာက မုံရွာ၊ တက္ကသိုလ်ဉာဏ်လင်း ဆိုသူထံက အမေးစာပါ ဘုရား"

"မုံရွာ တက္ကသိုလ်ဉာဏ်လင်းက ဘာတွေများ မေးထားတုံးကွယ့်"

**အမှတ် ၁-အမေးက** မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်များ၌ ညာဘက်လက် လက်ညှိုးလက်မ အကြားတွင် ပါရှိသော ဆီးဖြူသီးခန့် အလုံးလေးကို အဘယ့်ကြောင့် ထည့်၍ ထုလုပ်ပါသနည်းတဲ့

**အမှတ် ၂-အမေးက** ပုတီးခေါင်းကို အချို့က ကျော်မစိပ်ရဟု ပြောကြပါသည်၊ ပုတီးခေါင်းကို ကျော်၍ စိပ်က အဘယ်အပြစ် ဖြစ်ပါသနည်းတဲ့ဘုရား၊ တက္ကသိုလ်ဉာဏ်လင်းရဲ့အမေးက ဒါပါပဲဘုရား"

## လက်ညှိုးလက်မကြားကအသီး

"တက္ကသိုလ်ဉာဏ်လင်းရဲ့ အမေးတစ်ကို စပြီး ဖြေကြစို့ရဲ့၊ မြန်မာ ရုပ်တုတော်ရဲ့ ညာဘက်လက် လက်ညှိုး လက်မအကြားမှာ အသီးကလေး ထည့်ပြီး ထုလုပ်တာကို အတော်များများ တွေ့ရဖူးတယ်၊ ဒီအသီးကလေးဟာ ဘာသီးဖြစ်ပါလိမ့်လို့ စုံစမ်းကြည့်တော့ အဖြေ ၃-မျိုးရတယ်ကွယ့်။

ပထမအဖြေက- ဘုရားရှင်ဟာ ဥရုဝေလကဿပ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်ဖို့ ဥရုဝေလတောအုပ်မှာ သီတင်းသုံးတော်မူစဉ်က ဥရုဝေလကဿပရသေ့ကြီးက နေ့စဉ် ဆွမ်းကပ်တယ်၊ ဘုရားရှင်ဟာ မိမိရဲ့ တန်ခိုးကို ပြချင်လို့ ရသေ့က ဆွမ်းစားပင့်တဲ့အခါ သွားနှင့် ငါလာခဲ့မယ်လို့

http://www.dhammadownload.com



မိန့်တော်မူပြီး ကျွန်းဦး ဇမ္ဗုသပြေပင်က အသီးကို ဆောင်ယူခဲ့တယ်၊ နောက်ပြီး ဇမ္ဗုသပြေပင်ရဲ့အနီးက သရက်ဖြူသီးကို ဆောင်ယူခဲ့တယ်၊ အဲဒီနောက် သျှိသျှားသီး၊ ကြစုသီးများကို ဆောင်ယူခဲ့တယ်၊ အခု ရုပ်ပွားတော်များရဲ့ လက်ညှိုး လက်မအကြားက အသီးဟာ ထိုသစ်သီးများပဲ ဖြစ်တယ်လို့ ဆိုကြတယ်။

တချို့အပြောက လက်ဝဲတော်ရဲ့ ရှင်မဟာမောဂ္ဂလာန်ဟာ ငရဲသူများကို တရားဟောမယ်လို့ ငရဲပြည် ကြွသွားတဲ့အခါ တစ်ခုသော ငရဲမီးက ရှင်မဟာမောဂ္ဂလာန်ကို လိုက်သတဲ့၊ ငရဲမီးလိုက်တဲ့အတွက် ရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုးတော်နှင့် ဘုရားရှင်ထံ ပြန်ကြွလာတဲ့အခါ အဲဒီ လိုက်လာတဲ့ ငရဲမီးခဲကို အေးငြိမ်းစေလို့ အာရုံပြုပြီး ဘုရားရှင်က ဆီးကိုင်လိုက်သတဲ့၊ ယခု လက်တော်အကြားက အသီးဟာ အဲဒီ ငရဲမီးခဲပဲ ဖြစ်တယ်လို့ ပြောကြတယ်၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ဘာယုတ္တိမှတော့ မရှိပါဘူး။

တချို့အပြောကတော့ လက်ညှိုးလက်မနှစ်ခုကို ကြားက အခုအခံမရှိဘဲ ထုထားလျှင် မကြာခင် ကျိုးပဲ့ သွားမှာပဲတဲ့၊ အကျိုးအပဲ့ကို ခံနိုင်အောင် ထုလုပ်သူက ထည့်ထားခြင်းမျှသာ ဖြစ်တယ်၊ ဘာမျှ မဟုတ်ပါဘူးလို့ ပြောကြတယ်၊ အမှန်ကတော့ လက်တော်အကြားက ဒီအသီးအကြောင်း ဘယ်ကျမ်းကမျှ ဖော်ပြထားခြင်း မရှိပါဘူး၊ ကျမ်းဖော်ပြမထားတော့လည်း ကိုယ်ထင်ရာ ကိုယ်ပြောကြတာပေါ့၊ အဲဒီ ကိုယ်ထင်ရာပြောကြတဲ့ ဝါဒ ၃–ပါးအနက် ကြိုက်တာသာ ယူပေတော့လို့ ပထမအမေးကို ဖြေလိုက်ပါတယ်။

## ပုတီးခေါင်းကိုကျော်လွန်ခြင်း

အမှတ် ၂–အမေးက ပုတီးခေါင်းကို အချို့က ကျော်လွန်ပြီးမစိပ်ရလို့ ပြောကြပါတယ်၊ ကျော်လွန်စိပ်လျှင် ဘာအပြစ်ဖြစ်သလဲတဲ့ ဟုတ်ရဲ့ မဟုတ်လား”

“ဟုတ်မှန်ကြောင်းပါဘုရား”

“ပုတီးခေါင်းကျော်လွန်စိပ်တာကို ခဏထားပြီး ပုတီးဆိုတာဘာလဲလို့ ဖြေကြဦးစို့၊ ကလေးမတွေ လည်ပင်းမှာ ဆွဲဆင်တဲ့ ပုလဲပုတီး၊ ရွှေပုတီး၊

http://www.dhammadownload.com



ငွေပုတီးဆိုတာ လူတိုင်းသိကြတာပေါ့၊ ပုလဲစတဲ့ အလုံးကလေးတွေကို အပေါက်ဖောက်ပြီး သီထားတာဟာ ပုတီးပါပဲ၊ သူ့ကို ဘာကြောင့် ပုတီးလို့ ခေါ်တာလဲ မေးလျှင်တော့ ပုတီးမို့ ပုတီးခေါ်တာပေါ့လို့ ပြောကြလိမ့်မယ် ထင်တယ်။

မြန်မာစကား အဖွင့်ကျမ်းကတော့ ဒီပုတီးဆိုတဲ့ စကားဟာ မြန်မာစကား ဟုတ်မယ်မထင်ဘူး၊ တိဗက်ဘာသာ ဗုဒ်ဒေက ပုတီးဖြစ်လာတယ်လို့ ကြံထားတယ်၊ တိဗက်ဘာသာ ဗုဒ်ဒေက ပုတီးပင်မှသီးတဲ့ ပုတီးအစေ့ကလေးများကို ဟောသတဲ့ကွယ့်၊ အဲဒီပုတီးပင်ကို မြန်မာက ဗုဒ္ဓသရဏပင်လို့ ခေါ်ကြတယ်၊ တချို့ကတော့ မြန်မာစကားဟာ ဧကဝဏ္ဏ အက္ခရာတစ်လုံးသာရှိတယ်၊ နှစ်လုံးမရှိကောင်းဘူးတဲ့၊ ပုတီးဟာ အက္ခရာနှစ်လုံး ရှိနေတယ်၊ အက္ခရာ ၂-လုံးဆိုလျှင် အနက်အဓိပ္ပာယ် ၂-ခုပေါ့၊ ဒါကြောင့် ပု-က သေးငယ်ခြင်းအနက်ကိုဟောပြီး၊ **တီး**-က လုံးဝန်းခြင်းအနက်ကို ဟောတယ်လို့ ကြံကြတယ်၊ ပုတီးဆိုတာ သေးငယ်သော အလုံးကလေးများလို့ ဆိုလိုတာပေါ့၊ ဒါက ပုတီးရဲ့သဒ္ဒါနက်ကို ကြံတာပါ၊ အကြံဟာ ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ပုတီးဆိုတာကလေးမများ လည်ပင်းမှာဆွဲတဲ့ ပုတီးဆိုတဲ့ပညတ်ကိုတော့ မြန်မာလူမျိုးတိုင်းက သိကြတယ်။

အခုပုတီးက လည်ပင်းမှာ အလှဆင်ဆွဲတဲ့ ပုတီးလားဆိုတော့ မဟုတ်ပါဘူး၊ ဥပုသ်သည်များ စိပ်တဲ့ ပုတီးဖြစ်တယ်၊ ဒီနေရာမှာ စိပ်ဆိုတာကို ပြောလိုက်ရဦးမယ်"

"အမိန့်ရှိပါဘုရား"

"မြန်မာမှာ **တသတ်နှင့် စိတ်**လို့သုံးခဲ့လျှင် တွေးကြံတဲ့စိတ်၊ ခွဲစိတ်၊ ဆန်တစ်စိတ်၊ ငွေအစိတ်၊ အစိတ် အပိုင်းဆိုတာတွေကို ပေးတယ်၊ **ပသတ်နှင့် စိပ်**လို့သုံးခဲ့လျှင် မကျဲမစိပ်၊ အရွက်စိပ်စိပ်ဆိုတဲ့ အနက်တွေကို ဟောတယ်၊ ပုတီးစိပ်ရာမှာပါတဲ့ (စိပ်)ကတော့ မြန်မာစကား မဟုတ်ဘူး၊ ဇပ္ပနဆိုတဲ့ ပါဠိက ပျက်လာတဲ့ စိပ်တဲ့၊ ဇပ္ပနဆိုတာ ရွတ်ဖတ် စီးဖြန်းခြင်းဆိုတဲ့ အနက်ကို ဟောသတဲ့ကွယ့်၊ ဘာတွေကို ရွတ်ဖတ် စီးဖြန်းတာလဲဆိုတော့ ဂါထာ,

http://www.dhammadownload.com



မန္တန်တွေကို ရွတ်ဖတ် စီးဖြန်းတာတဲ့၊ ဘယ်လို အဓိပ္ပာယ်လဲဆိုတော့ ဂါထာမန္တန်တွေကို ရွတ်ဖတ် စီးဖြန်းတာဟာ ဗုဒ္ဓဘာသာနှင့်တော့ မသက်ဆိုင်ဘူး၊ အောက်လမ်း အထက်လမ်းခေါ်တဲ့ တန္တရ မန္တရမှာ သုံးတာတဲ့ကွယ်၊ တန္တရဆိုတာက ကျမ်းဂန်၊ မန္တရဆိုတာက မန္တန်ပေါ့၊ အဲဒီ တန္တရ မန္တရကရော ဘယ်က လာတာလဲဆိုတော့ ဟိန္ဒူဝါဒက လာတာတဲ့၊ ဒါတွေက ဘာတွေ မန်းမှုတ်ရတာလဲဆိုတော့ အထက် လမ်း အောက်လမ်း ဆရာများရဲ့ ဥုံတို့ ဖွတို့ ဆိုတဲ့ မန်းမှုတ်ခြင်းပါပဲတဲ့၊ အဲဒီ မန်းမှုတ်တာနှင့် စိပ်ပုတီး ဘယ်လို သက်ဆိုင်သလဲဆိုတော့ အချို့သော ဂါထာဟာ ၃၇–အုပ်စုပ်ရတာလည်း ရှိတယ်၊ အကြိမ်တစ်ထောင် စုပ်ရတာလည်း ရှိတယ်ကွယ်”

“မှန်ပါ၊ စုပ်ရတယ်ဆိုတာကော ဘာကို ဆိုတာလဲဘုရား”

“စုပ်တယ်ဆိုတာ ပါဠိပျက်ပဲကွယ်၊ ပါဠိပျက်တာမှ ၂–မျိုးပျက်ဖြစ်တယ်၊ တစ်မျိုးက ပါးစပ်နှင့် စုပ်တယ်၊ ရေကို စုပ်တယ်ဆိုတဲ့ (စုပ်)က စုဗိတ်ကဖြစ်တဲ့ စုပ်တဲ့၊ စုဗိတ်က ဝဒနသံယောဂလို့ ဓာတ်နက်က ဆိုတော့ နှုတ်ခမ်းချင်း ယှဉ်တယ်လို့ ဆိုလိုတယ်၊ နှုတ်ခမ်းချင်း ယှဉ်တယ်ဆိုတော့ မြန်မာက ရတ်တရက် အဓိပ္ပာယ်ပေါက်မှာမဟုတ်ဘူး၊ မဇ္ဈိမတိုက်မှာ တစ်ဦးနှင့် တစ်ဦး ချစ်လျှင် နှုတ်ခမ်းချင်းတော့ပြီး စုပ်ကြသတဲ့၊ မြန်မာကတော့ တစ်ဦးနှင့်တစ်ဦး ချစ်ကြလျှင် နမ်းကြတာပေါ့၊ ဒါကြောင့် မြန်မာအလို နမ်းတာကို ပါဠိက စုမ္ဗတိလို့ သုံးတယ်၊ အဲဒီနမ်းတာကိုပဲ စုပ်တယ်လို့ သုံးခဲ့ ပြန်တယ်၊ စုပ်တယ်ဆိုတာ ရေကိုစုပ်တာ၊ ပါးစပ်နှင့် စုပ်တာကို ခေါ်တယ်၊ ဂါထာစုပ်တယ်ဆိုတာက ပါးစပ်နှင့်ရေကိုစုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို မရဘူး၊ မန်းမှုတ်ခြင်း ဇပ္ပနအနက်ကဖြစ်တဲ့ စုပ်ဖြစ်တယ်၊ စိပ်ပုတီးက စိပ်နှင့် ဂါထာစုပ်တယ်ဆိုတာက စုပ်နှင့်အနက်အဓိပ္ပာယ်ချင်း တူညီတယ်။

အဲဒီလို ဂါထာစုပ်တဲ့အခါမှာ ဂါထာရဲ့ အရေအတွက်ကို သိဖို့ စိပ်ပုတီးကို သုံးသတဲ့ကွယ်၊ ဒါကြောင့် မူလက စိပ်ပုတီးဟာ ဘာသာရေးနှင့် မပတ်သက်ဘူး၊ ဒက္ခဏတန္တရ၊ ဝါမတန္တရဆိုတဲ့ အထက်လမ်း အောက်လမ်းနှင့်သာ ပတ်သက်တယ်၊ ဘာသာရေးမှာလည်း အထက်လမ်း အောက်လမ်းနှင့် မပတ်သက်သော်လည်း မိမိတို့ ဘာသာရေးအရ စိတ်ဓာတ်ကို ထိန်းသိမ်းတဲ့


http://www.dhammadownload.com



သမထတရားရှိတယ်၊ အဲဒီသမထတရားမှာလည်း စိပ်ပုတီးဟာ များစွာ ကျေးဇူးပြုတယ်ဆိုပြီး စိပ်ပုတီးဟာ ဘာသာရေးထဲကို ဝင်လာတယ်၊ မြန်မာ ဗုဒ္ဓဘာသာများမှာ ဂုဏ်တော် ၁၀၈-ပါးအတွက် ပုတီးလုံးရေ ၁၀၈-လုံး ထားတယ်၊ ၃၂-ကောဋ္ဌာသအတွက် ပုတီးလုံးရေ ၃၂-လုံး ထားတယ်၊ ဒီသဘောကို နားလည်လျှင် ပုတီးခေါင်းဆိုတာ မိမိစိပ်တဲ့ ဂုဏ်တော်ရဲ့ အဆုံးပဲ၊ ဂုဏ်တော် ၁၀၈-ပါးစိပ်တဲ့ပုဂ္ဂိုလ်ဟာ ပုတီးခေါင်းကိုထိလျှင် အရေ အတွက် ၁၀၈- စေ့သွားပြီပေါ့၊ နောက်တစ်ကြိမ် ထပ်စိပ်ချင်သေးလျှင် ပုတီးခေါင်းကိုကျော်၍ဖြစ်စေ၊ ပုတီးခေါင်းကိုမကျော်ဘဲ ပြန်လှည့်၍ဖြစ်စေ စိပ်ခဲ့လျှင် ပုတီးခေါင်းထိတော့ ၁၀၈-ပါး စေ့ပါတယ်၊ ဒါကြောင့် ပုတီး ခေါင်းကို ကျော်စိပ်မိလို့ ဘာအပြစ်မှ မရှိပါဘူးလို့ ဖြေကြားလိုက်ပါတယ် ကွယ်”

သာဓု... သာဓု... သာဓု...

* * *



http://www.dhammadownload.com



# ဦးပန်းသာ၏အမေး

“ဟောဒီစာက ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ မြို့မရပ် ဦးပန်းသာရဲ့အမေးစာပါဘုရား၊ ဦးပန်းသာရဲ့စာမှာ အမေး ၃–ပုဒ် ပါပါတယ် ဘုရား

၁။ ပထမအမေးက ရဟန်းတော်များ အကြိမ်ကြိမ် သိမ်ဝင် ကံထပ်သည်ကို တွေ့ရပါသည်၊ မည်သည့် ကြောင်းကျိုးရှိ၍ ကံထပ်သည်ကို သိလိုပါသည်၊

၂။ ဒုတိယအမေးက ရဟန်းတော်များသည် လူများကဲ့သို့ မွေးနေ့ ကျင်းပ သင့်, မကျင်းပသင့်၊

၃။ တတိယအမေးက ယခုအခါ ငွေစက္ကူများ ငွေပဒေသာပင်များကို ဒါယကာ အများက ကပ်လှူနေကြပါသည်၊ ထို ငွေအလှူသည် ရဟန်းတော်များ၌ အပ်,မအပ်၊

ဦးပန်းသာရဲ့အမေးက ဒီ ၃–ချက် ဖြစ်ပါတယ်၊ ဖြေကြားပေးတော်မူပါဦးဘုရား”

## ကံထပ်ခြင်းကိစ္စ

မင်္ဂလသုတ်မှာ အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံလို့ ဘုရားဟော ရှိတယ်၊ အပြစ်မရှိတဲ့ အမှုကိစ္စများ ပြုလုပ်ခြင်းဟာ မင်္ဂလာတစ်ပါးလို့ ဆိုလိုတယ်၊ မင်္ဂလာဆိုတာ **“မံဂံ ပါပံ လုနာတိ ဆန္ဒတီတိ မင်္ဂလာ”** ဆိုတဲ့ ဝိဂြိုဟ်အတိုင်း မကောင်းမှုကို ဖြတ်တောက်, ကောင်းမှုအဖြစ် ရောက်တာဟာ

http://www.dhammadownload.com



မင်္ဂလာပါပဲ၊ မကောင်းမှုက အကုသိုလ်၊ ကောင်းမှုက ကုသိုလ်ဖြစ်တာကြောင့် ကုသိုလ်ဖြစ်တဲ့တရားဟာ မင်္ဂလာပါပဲ။

ရဟန်းတော်တစ်ပါးကို ကံထပ်တဲ့အတွက် အကြောင်းအကျိုးကို စဉ်းစားလျှင် မကောင်းကျိုးမမြင်၊ ကောင်းကျိုးကိုသာ မြင်တယ်၊ ဘယ်လို ကောင်းကျိုး မြင်သလဲဆိုတော့ ကံထပ်တဲ့အတွက် ရှေးဦးစွာ ကံထပ်ခံရတဲ့ ပုဂ္ဂိုလ်မှာ ပရိက္ခရာများ ရတယ်၊ ပစ္စည်းပရိက္ခရာ ရတာဟာ မကောင်းသည် မဟုတ်၊ ကောင်းခြင်းစင်စစ် ဖြစ်တယ်၊ ဒါကြောင့် ကံထပ်ခံ ရဟန်းဘက်က လည်း ကောင်းတယ်၊ ကံထပ်သဘင် ဆင်ယင်ပေးတဲ့ ဒါယကာဟာလည်း အဲဒီနေ့မှာ ဒါနကုသိုလ်ဖြစ်တယ်၊ သီလ ကုသိုလ် ဖြစ်တယ်၊ အဲဒါကော မကောင်းဘူးလား၊ အင်မတန် ကောင်းပါတယ်၊ ဒါကြောင့် ကံထပ်ခြင်းကို မကောင်းဘူးလို့ လုံးဝ ဆိုခွင့်မရှိပါဘူး။

သို့သော်လည်း တစ်ခုတော့ စဉ်းစားစရာ ရှိတယ်၊ ဓုတင်ဆောင်ထား တဲ့ပုဂ္ဂိုလ်ဟာ တိစီဝရိတ်ဓုတင်ဆိုလျှင် သင်္ကန်းအပို မဆောင်ကောင်းဘူး၊ ပံ့သကူဓုတင် ဆောက်တည်တဲ့ပုဂ္ဂိုလ်ကလည်း ဒါယကာ လှူတဲ့သင်္ကန်းကို မဝတ်အပ်ဘူး၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်တဲ့ပုဂ္ဂိုလ်ကလည်း ပို့လျှံတဲ့ လာဘ်ကို မခံယူကောင်းဘူး၊ အဲဒီလို ဓုတင်ဆောင်ပုဂ္ဂိုလ်များကတော့ မိမိတို့ သဘောအတိုင်း ဓုတင်ဆောင်ယူ ကျင့်သုံးကြတာမို့ အဲဒီပုဂ္ဂိုလ်များကတော့ ကံထပ်ဖို့မအပ်ဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်များကတော့ ကံထပ်တဲ့အတွက် ဘာအပြစ်မျှ မရှိပါဘူး၊ ဒါယကာများမှာလည်း ကံထပ်ပူဇော်တဲ့အတွက် ဘာအပြစ်မျှ မရှိ ပါဘူး၊ နှစ်ဘက်စလုံး အပြစ်မရှိတဲ့အလုပ် လုပ်ကြတာမို့ အန ဝဇ္ဇာနိ ကမ္မာနိ၊ တေ၊ မင်္ဂလ မုတ္တမံ ဆိုတဲ့ ဒေသနာတော်အရ အားလုံးမင်္ဂလာပါပဲလို့ အဖြေ ပေးလိုက်ပါတယ်”

## ရဟန်းတော်နှင့်မွေးနေ့

“ဦးပန်းသာရဲ့ ဒုတိယအမေးက ရဟန်းတော်များသည် လူများကဲ့သို့ မွေးနေ့ ကျင်းပသင့်၊ မကျင်းပသင့် ဟုတ်တယ်မဟုတ်လား”

“ဟုတ်မှန်ကြောင်းပါဘုရား”

http://www.dhammadownload.com



"ရဟန်းတော်ဆိုတာ ဒါန, သီလ, ဘာဝနာဆိုတဲ့ ပုညကြိယာဝတ္ထုမှာ သီလဖြည့်ကျင့်ရတဲ့ အတန်းအစား ထဲကဖြစ်တယ်၊ ဒါနမှုပြုလုပ်ဖို့လည်း မလွယ်ဘူး၊ ဒါနမှုက ဒါယကာရဲ့တာဝန်၊ ရဟန်းက ဒါယကာလှူတာကို အလှူ ခံယူဖို့သာ ရှိတယ်၊ ပြီးတော့ ဘာဝနာမှုတဲ့၊ ဘာဝနာအားထုတ်လို့ ရဟန္တာဖြစ်ချင်ဖြစ်နိုင်တယ်၊ သို့ သော်လည်း ဘာဝနာမှုမလုပ်လို့ ရဟန်းသိက္ခာ ဘာမျှ မထိခိုက်ဘူး၊ ဒါကြောင့် ရဟန်းမှာ အရေးအကြီးဆုံး တရားက ဒါန လည်း မဟုတ်ဘူး၊ ဘာဝနာလည်းမဟုတ် ဘူး၊ သီလသာ ဖြစ်တယ်၊ သီလ ပြည့်စုံတဲ့ ရဟန်းဟာ မြတ်သောအလှူကို ခံယူထိုက်တယ်၊ အတုမရှိ မြေသြဇာကောင်းတဲ့ မြေယာနှင့် တူတယ်၊ ဒါကြောင့် ရဟန်းမှန်လျှင် သီလ ကိုသာ ဆောက်တည်သင့်တယ်ပေါ့၊ ဒါဖြင့် ရဟန်းဟာ ဒါန မပြုကောင်း ဘူးလား ဆိုတော့–

**"ဒါနံ နာမ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ ဣတ္ထိယာ ဝါ ပုရိသေန ဝါ"**လို့ ဘုရားဟော ရှိလေတော့ ဒါနဆိုတာ လူသော ရဟန်းသော၊ မိန်းမသော ယောကျ်ားသော ဘယ်သောဖြစ်ဖြစ် မလှူကောင်းသူ မရှိဘူး၊ ကောန် လှူကောင်းတယ်၊ ပဋ္ဌဂိုတ္တရပါဠိတော် သုမနဝဂ်၊ သုမနသုတ် အဋ္ဌ ကထာမှာ ကြည့်လျှင် အလှူပေးလှူတဲ့ ရဟန်းနှင့် အလှူမလှူတဲ့ရဟန်း အကျိုးပေးခြင်း ကွာခြားသွားပုံကို သိနိုင်တယ်။

ရဟန်းဆိုတာ အမှန်ကတော့ အထွတ်အထိပ် ရောက်အောင် သီလ စောင့်ရှောက်ရတဲ့အမျိုး ဖြစ်တယ်၊ ရဟန်းဖြစ်လျက် ဒါနပေးဖို့ မလိုဘူးပေါ့၊ သို့သော်လည်း ဒါယကာ လှူတာကို ရသမျှ သိမ်းကျုံး ယူထားတာထက် တော့ ရသမျှ ပြန်လည် စွန့်ကြဲ လှူဒါန်းနိုင်တဲ့ ပုဂ္ဂိုလ်က သာပြီး ကောင်း ပါတယ်။

ဖုသဿဒွေရဂါထာ အဋ္ဌကထာမှာ ယုဂငါးပါး ဆိုတာ ပြထားတယ်၊ (၁) ဝိမုတ္တိယုဂ၊ (၂) သမာဓိယုဂ၊ (၃) သီလယုဂ၊ (၄) သုတယုဂ၊ (၅) ဒါနယုဂတို့ ဖြစ် ကြတယ်၊ ဒီ ယုဂ ၅–ပါးဟာ ရဟန်းတော်များကို အဓိက ထားပြီး ဖွင့်ပြတာဖြစ်တယ်၊ အမှတ် ၁– ဝိမုတ္တိ ယုဂခေတ်မှာ ရဟန္တာဖြစ်သူ များတယ်၊ အမှတ် ၂– သမာဓိယုဂခေတ်မှာ ရဟန္တာတာအဖြစ် နည်းသွားပြီ၊

http://www.dhammadownload.com



သို့သော် ချာန်ရပုဂ္ဂိုလ်တော့ များသေးတယ်၊ အမှတ် ၃-သီလယုဂခေတ်မှာ ဈာန်ရပုဂ္ဂိုလ် နည်းသွားပြီ၊ သို့သော် သီလ စောင့်သူရှိသေးသတဲ့၊ အမှတ် ၄-သုတယုဂခေတ်မှာ သီလကို အလေးဂရုပြုသူ နည်းသွားပြီ၊ သို့သော် ပရိယတ် တတ်ကျွမ်းသူ များသေးသတဲ့၊ အမှတ် ၅- ဒါနယုဂခေတ်မှာ ပရိယတ် တတ်ကျွမ်းသူတောင် နည်းပါး သွားပြီ၊ သို့သော်လည်း မိမိရသမျှ ပြန်လည်လှူဒါန်းတဲ့ ရဟန်းတော့ ရှိသေးသတဲ့။

ဒီခေတ်ကြီးငါးပါးကို ကြည့်လိုက်လျှင် နောက်ဆုံးခေတ်မှာ ရဟန်းတော်တိုင်းလိုလို ပရိယတ် ပဋိပတ် မရှိကြတော့ဘဲ ပေးလှူမှု ဒါနလောက်သာ ရှိလိမ့်မယ်လို့ ဆိုထားတယ်၊ ရဟန်းဖြစ်လျှင် ဒါန မလုပ်ကောင်းဘူးလို့ ဆိုတာတော့ မဟုတ်ပါဘူး၊ ပေတဝတ္ထု ပိဋကစီတလိက ဝတ္ထုမှာ ဘုရားဟောဂါထာ ၁-ပုဒ် ရှိတယ်၊ **"ယံ ကိဉ္စာ ရမ္မဏံ ကတွာ၊ ဒဇ္ဇ ဒါနံ အမစ္ဆရီ"**တဲ့။

ဂါထာရဲ့အနက်က **ယံ ကိဉ္စိ**- တစ်စုံတစ်ခုသော သုမင်္ဂလ ဒုမင်္ဂလကိစ္စကို၊ **အာရမ္မဏံကတွာ**- အာရုံပြု၍၊ **အမစ္ဆရီ**- ဝန်တိုခြင်းမရှိဘဲ၊ **ဒါနံ**-အလှူဒါနကို၊ **ဒဇ္ဇ**- ပေးလှူအပ်၏တဲ့ကွယ့်၊ အလှူဒါနဆိုတာဟာ ဒါန သီလ ဘာဝနာ ၃-ချက်မှာ ပြုလို့လွယ်ကူတဲ့ ကုသိုလ်မျိုး ဖြစ်တယ်၊ အကြောင်းကိစ္စ တစ်ခုခု တွေ့ကြုံခဲ့လျှင် မွေးနေ့ ဖြစ်စေ၊ ယခင်က သေပြီးသူများရဲ့ သေနေ့ဖြစ်စေ၊ ဘယ်နေ့ပင်ဖြစ်စေ မိမိစိတ်မှာ အကုသိုလ်မဖြစ် ကုသိုလ်ဖြစ်အောင် လွယ်ကူတဲ့ဒါနကိုတော့ အလွန် ပြုသင့်ပါတယ်၊ ဒါကြောင့် ရဟန်းဖြစ်သော်လည်း မွေးတဲ့နေ့ အထိမ်းအမှတ်ဖြင့် အလှူဒါန ပြုလုပ် ကျင်းပသင့်ပါတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်။

## ရဟန်းနှင့်ငွေ

"ဦးပန်းသာရဲ့ တတိယအမေးက ယခုအခါ ဒါယကာများက ငွေစက္ကူတွေကို လှူနေကြပါတယ်၊ အဲဒီငွေများသည် ရဟန်းတော်များ အပ်,မအပ်တဲ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်မှန်ကြောင်းပါဘုရား"

"ဦးပန်းသာရဲ့ တတိယအမေးကို ဖြေဆိုဖို့ ဦးစွာ သဠာယတန ဂဋ္ဌသံယုဂ်ပါဠိတော်၊ ဂါမဏိသံယုဂ်၊ မဏိစူဠကသုတ်ကို ပြောပြဦးမယ်။

http://www.dhammadownload.com



ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်ကာလက ရာဇဂြိုဟ်နန်းတော်အတွင်း အစည်းအဝေးတစ်ခုမှာ ရဟန်းတော်များ ရွှေ ငွေ အပ်တယ်၊ ရွှေငွေကို ခံတယ်လို့ စကားဖြစ်လာတယ်၊ အဲဒီအခါ မဏိစူဠကရွာသူကြီးက "အရှင်တို့... ဒီလိုမဆိုကြပါနှင့်၊ ရဟန်းဆိုတာ ရွှေငွေမအပ်ပါဘူး၊ ရွှေငွေကို မသာယာကြပါဘူး၊ ရွှေငွေကို မခံယူကြပါဘူး၊ ရဟန်းမှန်သမျှ ကျောက်မျက် ရွှေငွေက ကင်းကြပါတယ်" လို့ ပြောသတဲ့၊ မဏိစူဠက ရွာသူကြီးက ဒီလိုပြောလိုက်တော့ မင်းပရိသတ်ဟာ ငြိမ်သွားသတဲ့၊ မဏိစူဠကရွာသူကြီးဟာ ဒီအကြောင်း ဘုရားရှင်ထံ သွားရောက်လျှောက်ထားတယ်၊ လျှောက်ထားပြီးတော့ အရှင်ဘုရား တပည့်တော် ဒီလိုပြောတာ မှန်ပါသလားလို့ ထပ်ဆင့် မေးလျှောက်ပြန်သတဲ့၊ ဒီအခါ ဘုရားရှင်က ရွာသူကြီး ပြောတာ မှန်တယ်၊ ရဟန်းဆိုတာ ရွှေငွေ မအပ်ဘူး၊ အကယ်၍ ရွှေငွေအပ်ခဲ့လျှင် ကာမဂုဏ်ငါးပါးလည်း အပ်မှာပဲ၊ ကာမဂုဏ်ငါးပါး အပ်သောသူဟာ ရဟန်း မဟုတ်ဘူး၊ ငါဘုရားရဲ့တပည့်သား မဟုတ်ဘူး၊ ရဟန်းဟာ မြက်ကို လိုလျှင် မြက်ကို ရှာရမယ်၊ သစ်သားလိုလျှင် သစ်သားကို ရှာရမယ်၊ လှည်းကိုလိုလျှင် လှည်းကို ရှာရမယ်၊ အလုပ်သမားကို လိုလျှင် အလုပ်သမားကို ရှာရမယ်၊ ရွှေငွေကို မရှာရဘူး၊ ရဟန်း မှန်လျှင် ရွှေငွေကို သာယာသင့်တယ်၊ ရှာဖွေသင့်တယ်လို့ အဘယ်နည်းနှင့်မျှ ငါဘုရား မဟောဘူးလို့ မိန့်တော်မူတယ်၊ ဒီ ပါဠိတော်အရ ရဟန်းမှန်သမျှ ရွှေငွေမအပ်တာ သေချာပါတယ်၊ ဒုတိယသင်္ဂါယနာတင်အကြောင်းကို ပြန်ကြည့်ကြဦးစို့။

## ဒုတိယသင်္ဂါယနာတင်အကြောင်း

သာသနာတော်ဟာ အလွန် အညစ်အကြေး ကင်းစင်တယ်၊ အညစ်အကြေးဆိုတာ ရာဂ, ဒေါသ, မာန, ဒိဋ္ဌိ အစရှိတဲ့ စိတ်ရဲ့အညစ်အကြေးတွေဖြစ်တယ်၊ စိတ်ရဲ့ အညစ်အကြေးဆိုတာလည်း အလိုအလျောက် ဖြစ်လာတာမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်ပေါ် လာတာဖြစ်တယ်၊ စိတ်ရဲ့ထကြွမှု– ရာဂစသည် မဖြစ်မှု ထိန်းသိမ်းတာကို သီလလို့ ခေါ်တာပေါ့။

လူသားဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ထို ရာဂစတဲ့ အညစ်အကြေး ဖြစ်လာလျှင် မကောင်းဘူးလို့ သိတတ်ကြပါတယ်၊ သိတတ်သည့် အားလျော်စွာ ရာဂ

http://www.dhammadownload.com



စသည် မဖြစ်ပေါ်အောင် အသက်ပေးပြီး သီလ စောင့်ရှောက်သူလည်း ရှိတယ်၊ ခပ်ပေါ့ပေါ့ ပုဂ္ဂိုလ်လည်း ရှိတာပေါ့၊ ဒီ ပုဂ္ဂိုလ်နှစ်ပါးအနက် ဘယ်ပုဂ္ဂိုလ်က ပိုများသလဲဆိုတော့ ခပ်ပေါ့ပေါ့ပုဂ္ဂိုလ်က ပိုပြီး များတယ်၊ ဘာကြောင့် များတာလဲဆိုတော့ သတ္တဝါတွေ ဖြစ်လာတဲ့ခေတ်က မကောင်းဘူး၊ ဝိပတ္တိခေတ် ကလိယုဂ်ခေတ်ကြီး ဖြစ်နေတယ်၊ ဒါကြောင့် ဘုရားဖြစ်စကာလက တရား မဟောတော့ဘူး၊ တရားဟောလည်း သိတဲ့သူက အလွန်နည်းတယ်၊ ရာဂ, ဒေါသ, မာန, ဒိဋ္ဌိ အားကြီးသူတွေက များနေတယ်လို့ စိတ်အကြံ ဖြစ်တော်မူခဲ့တာပေါ့၊ ဒါကြောင့် သာသနာတော်ကို စင်ကြယ်အောင် ဘယ်လို သန့်ရှင်းထားသော်လည်း မကြာခဏ ညစ်ညူးမှုတွေက ပေါ်ခဲ့တာပဲ၊ ဥပမာ အားဖြင့် အဝတ်တစ်ထည်ကို စင်ကြယ် သန့်ရှင်းအောင် ဘယ်လိုပင် ဖွပ်လို့ ထားထား တော်တော်ကြာ အညစ်အကြေး ပြန်ပြီး စွဲငြိသလိုပါပဲ၊ ဘာ ကြောင့် အညစ်အကြေး စွဲငြိရတာလဲဆိုတော့ မမြင်ကောင်းတဲ့ မြူမှုန်၊ မြင်ကောင်းတဲ့ မြူမှုံတွေက အဝတ်ပေါ် မပြတ်ကျနေလို့ပေါ့။

အဲဒီ ဥပမာအတိုင်းပဲ၊ သာသနာတော် သန့်ရှင်းအောင် အစွမ်းကုန် လုပ်ထားသော်လည်း မကြာမီ မသန့်ရှင်းမှုတွေ ဖြစ်လာပြန်တယ်၊ ဘယ်လို သန့်ရှင်းအောင် လုပ်ထားသော်လည်း သတ္တဝါတို့ရဲ့စိတ်ဓာတ် အပေါ် အကုသိုလ် မြူတွေကလည်း အမြဲ ကျနေသကိုးကွယ့်၊ ဒါကြောင့် ပဌမသင်္ဂါယနာ တင်တယ်ဆိုတာ သန့်ရှင်းရေးလုပ်တာပါပဲ၊ ညစ်နွမ်းတဲ့အဝတ်ကို ဖွပ်လျှော် သလိုပဲပေါ့၊ ပဌမသင်္ဂါယနာတင်ပြီး သန့်ရှင်းရေလားဆိုတော့ မကြာခင် အညစ်အကြေး ကျခဲ့ပြန်တယ်၊ ကျတဲ့ အညစ်အကြေးကတော့ တော်တော် များပါလိမ့်မယ်၊ ဒါပေမယ့် ထင်ရှားတဲ့ အညစ်အကြေးက ၁၀–ချက် ရှိ တယ်၊ အဓမ္မဝါဒီ ၁၀–ချက်ဆိုတာပေါ့၊ **အဓမ္မဝါဒီ ၁၀–ချက်ဆိုတာက–**

၁။ **သိင်္ဂီလောဏကပ္ပ** – သာချိုခွက်ထဲက ဆား၊ ယာဝကာလိကနှင့် ရောလျှင်အပ်သည်၊

၂။ **ဒွင်္ဂုလကပ္ပ** – မွန်းတည့်ပြီး အရိပ် နှစ်သစ်လွန်အောင် ယာဝ ကာလိက စားအပ်သည်၊

၃။ **ဂါမန္တရကပ္ပ** – ရွာတစ်ပါးသွားလျှင် ပဝါရိတ်သင့်သော်လည်း အတိရိတ် မပြုဘဲ အပ်သည်၊

http://www.dhammadownload.com



၄။ **အာဝါသကပ္ပ** – တစ်သိမ်တည်းနေ ရဟန်းများ မိမိတို့ နေရာ အသီးသီး၌ ကံပြုအပ်သည်၊
၅။ **အနုမတိကပ္ပ** – တစ်သိမ်တည်းဖြစ်လျက် ရဟန်း၏ ဆန္ဒ မရောက်မီ နှလုံးသွင်းဖြင့် ဝဂ္ဂကံပြုအပ်သည်၊
၆။ **အာစိဏ္ဏကပ္ပ** – ဆရာတို့၏ အလေ့အကျင့်ဖြင့် အပ်သည်၊
၇။ **အမထိတကပ္ပ** – နို့ဓမ်းမဖြစ်သေးသော နို့ရည်သည် ပဝါရိတ်သင့် သောရဟန်းအား အပ်သည်၊
၈။ **ဇဠောဂီပိဝန** – အရက်မဖြစ်သေးသော သေန (စိမ်ရေ) သောက် အပ်သည်၊
၉။ **အဒသကနိသီဒန** – အမြိတ်အဆာမပါသော နိသီဒိုင်အခင်း အပ်သည်၊
၁၀။ **ဇာတရူပရဇတ** – ရွှေငွေအပ်သည်။

ဒီ အဓမ္မဝါဒီ ၁၀–ချက်မှာ ထင်ရှားတဲ့အချက်က ရဟန်းတော်များ ရွှေငွေအပ်တယ်ဆိုပြီး အလှူခံတာပါပဲ၊ ဒီအဓမ္မဝါဒီကို နှိမ်နင်းဖို့ ဒုတိယ သင်္ဂါယနာတင်တာပဲ၊ ဗုဒ္ဓသာသနာတော်မှာ အပြစ်ကြီးတယ် ငယ်တယ်လို့ မတွက်ဘဲ အပြစ်ကို အပြစ်လို့ပဲ တွက်ရမယ်။

ကျောက်ခဲဟာ သေးသေးလည်း ရေမြုပ်တယ်၊ ကြီးကြီးလည်း ရေမြုပ် တယ်၊ အပြစ်ဟာလည်း ထို့အတူ ငယ်ငယ်လည်း အပါယ်ကျတတ်တယ်၊ ကြီးကြီးလည်း အပါယ်ကျတတ်တယ်၊ ဒါကြောင့် အပြစ်ဆိုလျှင် အကြီး အငယ်ကို မတွက်နှင့်၊ အပြစ်ကို အပြစ်လို့ ရှုပြီး ရှောင်ကြဉ်ကြရမယ်၊ ဒီစကားက တရားသဘောအရပြောတဲ့ စကားကိုး၊ မိမိအတွက်တော့ ဒီအတိုင်းပဲ ကျင့်သင့်တယ်၊ သို့သော် အများနှင့်ဆိုတော့ အပြစ် အပေါ့အလေး ရှိတယ်၊ အပေါ့ကို မရှောင်နိုင်သော်လည်း အလေးကိုတော့ အမှန်ရှောင်ရမယ်၊ ရဟန်း ဖြစ်သူဟာ ပါစိတ် ဒုက္ကဋ်၊ ဒုဗ္ဘာသိသိက္ခာပုဒ်မျိုး သင့်ချင်သင့်ပါစေ၊ သို့ သော် သံဃာဒိသိသ်တော့ မသင့်စေနှင့်။

သံဃာဒိသိသ် သင့်ချင် သင့်ပါစေ၊ ပါရာဇိကတော့ မကျစေနှင့်၊ ဒါဟာ သဘာဝတရားပါ၊ ဘုရားရှင်သည်ပင်လျှင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ ပယ်စွန့်ပစ်ဖို့ အရှင်အာနန္ဒာကို မှာတော်မူခဲ့သေးတယ်၊ ဒါကြောင့် အပြစ်ကို

http://www.dhammadownload.com



အပြစ်အလျောက် အရေးယူသင့်သော်လည်း သိက္ခာပုဒ် အကြီးအသေးကိုတော့ ရွေးချယ်သင့်ကြသေးတယ်၊ သာသနာတော်မှာ ရွှေငွေဟာ အကြီးလား အသေးလားဆိုတော့ အသေးမဟုတ်ဘူး၊ အကြီးလို့ ဆိုကြတယ်၊ အပြစ်ကြီးတယ်ပေါ့၊ ဘယ်လို အပြစ်ကြီးတာလဲ ဆိုတော့ **"ငွေနှင့်မိန်းမ တွေ့ကြုံက၊ ရိုးကြသူပင် ဆန်းမြဲတည်း"**တဲ့။

ငွေနှင့်မိန်းမဟာ ရိုးတယ်ဆိုတဲ့စိတ်ကို ဆန်းအောင် လုပ်တတ်တယ်၊ (တစ်နည်းအားဖြင့်) ရဟန်း လူထွက်တတ်တယ်၊ ဒါကြောင့် မိန်းမဟာ ရဟန်းကို ဖျက်တတ်သလို ရွှေငွေကလည်း ရဟန်းကို ဖျက်တတ်တယ်၊ ဒါကြောင့် အပြစ်ကြီးတယ်ပေါ့၊ ဒီနေရာမှာ စဉ်းစားကြည့်လိုက်တော့ ရဟန်းကို လူထွက်စေတာဟာ မိန်းမလည်း မဟုတ်ဘူး၊ ရွှေငွေလည်း မဟုတ်ဘူး၊ သူ့ရဲ့ ကိလေသာကသာ ဖျက်ဆီးသွားတာပါ၊ ရွှေငွေ မိန်းမတို့ဟာ ရဟန်းရဲ့ ကိလေသာကို ထကြွစေတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကိလေသာကို အိပ်ရာက နိုးစေတာဟာ မိန်းမနှင့် ရွှေငွေချည်း မဟုတ်ပါဘူး၊ ကျော်စောထင်ရှားမှုဟာလည်း ကိလေသာကို နိုးစေတတ်တာပါပဲ၊ သို့သော်လည်း ကျော်စောထင်ရှားမှုကတော့ ရွှေငွေနှင့် မိန်းမတို့လို အလွန် မထင်ရှားဘူး၊ ရွှေ ငွေ မိန်းမ ရှိရာမှာလည်း အခုပြဿနာက မိန်းမ မပါဘူး၊ ရွှေငွေသာ ပါတယ်။

ရိုးရိုး သင်္ကန်းတစ်စုံဆိုလျှင် ငွေခုနစ်ရာလောက် ကျနေတယ်၊ ဒီတော့ လှူချင်တဲ့ ဒကာ, ဒကာမများဟာ ပစ္စည်းကဈေးကြီးတော့ ငွေကိုပင် လွယ်လွယ် လှူတတ်ကြတယ်၊ ဒကာ,ဒကာမက လာလှူတော့ ရဟန်းများကလည်း လွယ်လွယ် ခံယူထားတတ်ကြတယ်၊ ဒီကိစ္စဟာ တစ်စတစ်စနှင့် ရိုးလာပြီး ဒုတိယသင်္ဂါယနာ တင်ရတာဟာ ဒီရွှေငွေကိစ္စက အဓိကပါပဲ၊ အဲဒီတုန်းက အငြင်းအရေးကြီးတဲ့ ရွှေငွေဟာ ခုတော့ ရဟန်းတော်အခန်းမှာ ရိုးသလိုလို၊ အပြစ် မရှိသလိုလို ဖြစ်နေပြီ၊ အဲဒါကြောင့် ဦးမန်းသာက မေးလျှောက်တာပါပဲ။

ရွှေငွေဟာ ရဟန်းတော်များအတွက် မအပ်သော ပစ္စည်းဆိုတာ ဘာမျှ ငြင်းစရာ မရှိပါဘူး၊ သို့သော် ဘယ်ထိအောင် မအပ်သလဲ၊ ပါရာဇိက

http://www.dhammadownload.com



ရောက်အောင် မအပ်တာလားဆိုတော့ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ နိဿဂ္ဂိယ ပါစိတ်အာပတ်မျှသာ ဖြစ်တယ်၊ ပါစိတ်ဆိုတာ သံဃာဒိသိသ် လောက်တောင် အပြစ်မကြီးပါဘူး၊ ရွှေငွေဟာ လူတို့ရဲ့ အသုံးအဆောင်ဖြစ် တယ်၊ ရွှေငွေ မရှိလျှင် လူ့ဘဝမှာ အလုပ်မဖြစ်သလောက် အရေးကြီး နေတယ်၊ လူ့ဘဝမှာ အရေးကြီးသလို ရဟန်းဘဝမှာလည်း အရေးကြီး နေပါတယ်၊ တောရဆောက်တည်ပြီး ကိုယ့်တရား ကိုယ်အားထုတ်နေတဲ့ ရဟန်းတော်များအတွက် ရွှေငွေဟာ အရေးမကြီးသော်လည်း ရွာကျောင်း မှာနေတဲ့ ရဟန်းများ၊ ခရီးသွားရဟန်းများ၊ စာသင်သား ရဟန်းများမှာ ရွှေငွေဟာ အရေးကြီးတယ်၊ ရွှေငွေ မရှိလျှင် အခက်အခဲ အများအပြား ကြုံကြရပါတယ်၊ ဒါကြောင့် ရွှေ ငွေကို လုံးဝ မစပ်ယှက်စေရလို့ ဘုရားရှင် ကပင် အမိန့်မထုတ်ခဲ့ပါဘူး၊ ရွှေငွေကို အပ်သောနည်းဖြင့် ခံယူဖို့၊ ကပ္ပိယ ကာရက လွှဲအပ်ဖို့ စတဲ့ နည်းစနစ်တွေနှင့် ရွှေငွေကို ခံယူဖို့ ဘုရားရှင်က အမိန့်ထုတ်ပြီး သားဖြစ်တယ်။။

ဒုတိယသင်္ဂါယနာမှာ ရွှေငွေ အဓိကဖြစ်တာက ရွှေငွေဟာ အပ်တယ် ဆိုတဲ့ မိစ္ဆာအယူကြောင့်ပါ၊ ရွှေ ငွေဟာ မအပ်ဘူး၊ သို့သော် ပရိယာယ်ဖြင့် ခံယူသော် အပ်တယ်လို့ ဆိုခဲ့လျှင် ဘာမျှ ပြဿနာမဖြစ်ပါဘူး၊ ဒါကြောင့် ဦးပန်းသာရဲ့အမေးကို ရွှေငွေဟာ တိုက်ရိုက်အားဖြင့်တော့ ရဟန်းများ မအပ် ပါဘူး၊ ပရိယာယ်အားဖြင့်တော့ အပ်ပါတယ်လို့ ခပ်ကျယ်ကျယ် ရေးပြီး ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု...

❖ ❖ ❖

ထိုက်တယ်ကွယ့်၊ ဒါလောက် စေတီထိုက်ချင်တာ ထိုက်လိုက်ဦးဟဲ့ဆိုတဲ့ စေတနာဆိုးနှင့် နင်းလျှင်တော့ အပြစ်ထိုက်တာအမှန်ပါပဲ၊ မိမိစိတ်က အလောဘ, အဒေါသ, အမောဟပြဋ္ဌာန်းလျှင် ကုသိုလ်ဖြစ်ပြီး လောဘ, ဒေါသ, မောဟ ပြဋ္ဌာန်းလျှင် အကုသိုလ်ဖြစ်တယ်လို့ ဖြေဆိုလိုက်ပါတယ် ကွယ်။

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com



# သုပ္ပဗုဒ္ဓ ၂–ဦး

ခက်သင်ရွာကား စဉ့်ကူးမြို့နယ် မြစ်အလယ်၌ ပေါ်ထွန်းနေသော တောင်ကြီးကို အမှီပြု၍ တည်နေသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်၊ ဟိုဘက်လည်း မစပ် ဤဘက်လည်းမစပ်၊ ရေလယ်ခေါင်၌ ထီးထီးကြီးပေါ်နေသော တောင်ကြီးကား အလွန်အံ့သြစရာ ကောင်းလှပါ၏။

ထိုတောင်ကြီး (ခက်သင်)အမည်ရပုံ– ပုံပြင်ကား ၂–ပုဒ် ရှိပါသည်၊ တစ်ပုဒ်ကား ဟံလင်းကြီးမှ မင်းတစ်ပါးသည် သစ်ခက်တစ်ခုကို ချိုး၍ ဤသစ်ခက် ရှင်စေသတည်းဟု အဓိဋ္ဌာန်၍ မျှောခဲ့ရာ ထိုသစ်ခက်တောင်နှင့် ငြိ၍ ရှင်သောကြောင့် (ခက်ရှင်)မှ ခက်သင် ဖြစ်သည်ဟု ဆိုကြသည်။

ပုံပြင်တစ်ခုကား ကျွဲသင်းတစ်ခု၌ အုပ်စီးကျွဲကြီးသည် ကျွဲငယ်များ မွေးလာပါက အထီးလော, အမလောဟု ကြည့်၍ အထီးဖွားခဲ့သော် ခတ်သတ်၍ အမများကိုသာ ချန်ထားလေသည်။

ကျွဲမတစ်ကောင်သည် ဖွားချိန်တန်သောအခါ ဤအရပ်၌ ငါ ဖွားခဲ့ပါက ငါ့သားကို ကျွဲကြီး ခတ်သတ်လိမ့်မည်၊ ကျွဲကြီး ရုတ်တရက် မရောက်နိုင်သော ရေလယ်ကျွန်းသို့ သွားရောက်မွေးမည်ဟု ရေလယ်ကျွန်းသို့ကူးကာ သားငယ်ကို မွေးခဲ့သည်။

ထိုသားငယ်ကို တွေ့ပါက ခတ်သတ်မည် စိုး၍ တစ်ဘက်ကမ်းသို့ ပြန်မခေါ်ဘဲ ထိုကျွန်း၌ အခတ်သင်ခဲ့သည်၊ ထိုသို့ ကျွဲငယ် အခတ်သင်သော ဌာနဖြစ်၍ (ခတ်သင်)မှ ခက်သင်ဖြစ်လာသည်ဟုလည်း ပြောကြပါသည်။

ခက်သင်ရွာသည် အိမ်ခြေတစ်ထောင်ကျော်ခန့် ရှိ၍ ကိုးကွယ်သော ကျောင်း ၁၀–ကျောင်းခန့်နှင့် တောရကျောင်း ၂–ကျောင်း ရှိပါသည်၊

http://www.dhammadownload.com



မြောက်တောရကျောင်း ဆရာတော်မှာ ဦးကောသိယဖြစ်ပါသည်၊ ဦးကောသိယသည် ဘုန်းကြီး၏တပည့် မဟုတ်သော်လည်း ငယ်ရွယ်စဉ်မှစ၍ တည်တောကျောင်းသို့ မကြာခဏ လာရောက်တတ်သောကြောင့် တပည့်အရင်းကဲ့သို့ ခင်မင်ပါသည်။

မြောက်တောရကျောင်း ဆရာတော်ဦးကောသိယသည် တောရဆရာတော် ပီပီ ကိုယ်တိုင် တရားအားထုတ်၍ ဒါယကာ, ဒါယိကာမအများကိုလည်း တရား အားထုတ်ပုံ အားထုတ်နည်း ပြသပါသည်၊ အချိန်အခါမရွေး တရားအားထုတ်ပြသ၍ တစ်နှစ်လျှင် တစ်ကြိမ် ၁၀–ရက်စခန်း ပြသပါသည်၊ ယခုနှစ် တရားပြသသော အချိန်ကား ၁၃၅၈–ခုနှစ်၊ ဝါခေါင်လဆန်း ၄–ရက်နေ့မှ ၁၃–ရက်နေ့အထိ ဖြစ်ပါသည်။

ထိုတရားရက်အတွင်း ကြွရောက်၍ ယောဂီများအား တရားဟောပေးပါရန် ကဆုန်လကပင် ကြိုတင် လျှောက်ထားပါသည်၊ ဦးကောသိယ၏ လျှောက်ထားချက်အတိုင်း ဝါခေါင်လဆန်း ၉–ရက်နေ့ ခက်သင်သို့ လိုက်၍ ၁၂–ရက်နေ့ သုံးထပ်သင်္ဘောဖြင့် ပြန်ခဲ့ပါသည်။

ခက်သင် မြောက်တောရရိပ်သာ၌ ယောဂီပေါင်း ၅၀၀–ခန့် တရားဝင်ကြသည်ကိုမြင်ရ၍ အလွန် ဝမ်းသာမိပါသည်၊ ဝါခေါင်လဆန်း ၁၀–ရက်နေ့ ည၊ ၁၁–ရက်နေ့ နေ့ပွဲ, ညပွဲ၊ တရား ၃–ပွဲ ဟောခဲ့ပါသည်၊ မန္တလေးမြို့၊ စိန်ပန်းရိပ်သာ ဆရာတော်လည်း ကြွရောက် တရားဟောပါသည်၊ ၁၀–ရက် ည တရားဟော၍ ၁၁–ရက်နေ့ တရားအပြီးတွင် သာယာဝတီမှ ကျောင်းဆရာ ဆိုသူက ပြဿနာတစ်ခု လျှောက်လာပါသည်။

"ဆရာတော်ဘုရား... ဆရာတော်ကို ယခုလို မျက်ဝါးထင်ထင် ဖူးမြင်ရတဲ့အတွက် အလွန် ဝမ်းသာပါတယ်၊ တပည့်တော်ဟာ ဆရာတော်ရဲ့ စာဖတ်ပရိသတ်ပါ၊ ဆရာတော်ရဲ့စာဆိုလျှင် တပည့်တော် မလွတ်တမ်း ဖတ်ပါတယ်၊ ဆရာတော်ရဲ့အရေးအသားကို အလွန်လည်း ကြိုက်ပါသည်၊ အခု တပည့်တော် လျှောက်ထားချင်တာက ဆရာတော်ရဲ့ ဓမ္မပန်းချီ အမှတ် ၄–ကို တပည့်တော် ဖတ်ပါတယ်၊ စာမျက်နှာ ၆၃– မိထွေးတော်ဂေါတမီ အခန်းမှာ–

http://www.dhammadownload.com



မဟာပဇာပတိဂေါတမီကား ဒေဝဒဟပြည် သုပ္ပဗုဒ္ဓ သာကီဝင်မင်း၏ သမီးတော်အငယ် ဖြစ်လေသည်၊ သမီးတော်အကြီးသည်ကား ဘုရားရှင်၏ မယ်တော် မဟာမာယာဒေဝီဖြစ်လေသည်လို့ ရေးသားထားပါတယ်။

တပည့်တော်များ သိတာက မယ်တော်မာယာနှင့် မဟာပဇာပတိဂေါတမီ တို့ဟာ ဒေဝဒဟမင်းရဲ့ သမီးများတော့ ဟုတ်ကြပါတယ်၊ သုပ္ပဗုဒ္ဓမင်းရဲ့ သမီးများတော့ မဟုတ်ကြပါဘူး၊ သုပ္ပဗုဒ္ဓဟာ မယ်တော်မာယာနှင့် မဟာ ပဇာပတိဂေါတမီတို့ရဲ့ မောင်လို့ ယူဆပါတယ်၊ တပည့်တော်များ ယူဆချက် ဟုတ်, မဟုတ် မိန့်တော်မူစေချင်ပါတယ်ဘုရား"

"ဘုန်းကြီးဆီကို ဒီလိုလာရောက် လျှောက်ထားတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်၊ ကျောင်းဆရာကြီးရဲ့အယူအဆလည်း မမှားဘူး၊ ဘုန်းကြီး ရေးတာလည်း မမှားပါဘူး၊ မမှားတာက ဒီလိုပါ၊ ရှေးသရော ကာလက မင်းများဟာ ဘဝနတ်ထံ စံလွန်ပြီးတဲ့ ခမည်းတော်ရဲ့အမည်ကို မိမိအမည် ပြုတတ်ကြတယ်၊ ဥပမာ ကောသလမင်းကြီးရဲ့ သားတော်ဟာလည်း ကောသလ အမည်ကို ခံယူသလိုပေါ့၊ ဒီနေရာမှာ နရသီဟပတေ့မင်း လက်ထက်က အုတ်လှကြီး၊ အုတ်လှငယ်တို့အကြောင်း အနည်းငယ် ပြောလိုက်ရဦးမယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"အုတ်လှကြီးနှင့် အုတ်လှငယ်ဆိုတာ နရသီဟပတေ့မင်းကို နန်းတင်ခဲ့တဲ့ ရာဇသင်္ကြံအမတ်ကြီးရဲ့ သားများ ဖြစ်ကြတယ်၊ ရာဇသင်္ကြံအမတ်ကြီးဟာ သားတော်ကြီးကို မျက်ကွယ်ပြုပြီး သားတော်အငယ်ကို နန်းတင်နိုင်သည်အထိ အလွန် ဘုန်းတန်ခိုး ကြီးမားတယ်၊ ရာဇသင်္ကြံကွယ်လွန်တော့ သားများ ဖြစ်ကြတဲ့ အုတ်လှကြီးနှင့် အုတ်လှငယ်တို့ဟာ အဖအမည်ကို လုကြသတဲ့၊ ဒီအခါ ဘုရင်မင်းမြတ်က အုတ်လှနှစ်ယောက်တို့ကို ခေါ်ပြီး အမတ်ကြီးတို့ မည်သည် ဘုန်းလက်ရုံး ပညာသာ အရင်းဖြစ်သည်၊ ရာဇသင်္ကြံအမည် ခံရုံနှင့် ကျော်စော ထင်ရှားမည် မဟုတ်၊ ထို့ကြောင့် အစ်ကို အုတ်လှကြီးကို အနန္တပစ္စည်း၊ ညီ ညောင်ဦး အုတ်လှငယ်ကို ရန္တပစ္စည်းဘွဲ့ ခံရမည်ဟု မိန့် တော်မူလေသည်။

ဆောင်ချမ်းအရှေ့ တရုတ်တရက်များနှင့် တိုက်ကြရာမှာ ဆောင်ချမ်း ပျက်တော့ ထီးချိုင့်က ခံကြတယ်၊ ပြဒါးသေင့်ပြီး ကောင်းကင်ပျံတက်

http://www.dhammadownload.com



ခုခံရာမှာ အစ်ကို အနန္တပစ္စည်းဟာ ထီးချိုင့်မှာ မြားထိ ကွယ်လွန်သတဲ့၊ အခု ပြောခဲ့တာက ရှေးအခါက ဖခင်ရဲ့နာမည်ကို သားဖြစ်သူ ဆက်ခံတတ်ပုံ ဖြစ်တယ်ကွယ့်။

မယ်တော်မာယာနှင့် မိထွေးတော် ပဇာပတိဂေါတမီတို့ရဲ့ ဖခင်ဟာလည်း အမည်ရင်းကတော့ (အဥ္စန)လို့ ခေါ်တယ်၊ ဒေဝဒဟမင်းဖြစ်လာတော့ သုပ္ပဗုဒ္ဓလို့ ဘွဲ့အမည်ခံခဲ့တယ်၊ သုပ္ပဗုဒ္ဓဘွဲ့ခံ အဥ္စနမင်းသားနှင့် ဇယသေနမင်းရဲ့သမီးတော် ယသောဓရာ စုံဖက်ရာက သိရိမဟာမာယာ၊ ညီမတော် ပဇာပတိဂေါတမီ၊ သားတော် ဒဏ္ဍပါဏိနှင့် သုပ္ပဗုဒ္ဓတို့ကို ဖွားမြင်ခဲ့တယ်၊ သုပ္ပဗုဒ္ဓဟာ အဥ္စနမင်းသား သုပ္ပဗုဒ္ဓရဲ့ သားတော် အငယ်ဖြစ်တယ်၊ ခမည်းတော်ကလည်း သုပ္ပဗုဒ္ဓသားတော်ကလည်း သုပ္ပဗုဒ္ဓ၊ အမည်ချင်းတူလို့ ခမည်းတော်ကို မဟာသုပ္ပဗုဒ္ဓလို့ ရေးကြတယ်။

အင်္ဂုတ္တရနိကာယ၊ ဧကနိပါတဋ္ဌကထာ၊ နှာ ၂၆၃-မှာ

**ဒေဝဒဟနဂရေ မဟာသုပ္ပဗုဒ္ဓဿ ဂေဟေ ပဋိသန္ဓိံ ဂဏှိံ။**

လို့ ဖွင့်ပြထားတယ်၊ မယ်တော်မာယာနှင့် မိထွေးတော် ဂေါတမီတို့ဟာ ဒေဝဒဟပြည်၊ မဟာသုပ္ပဗုဒ္ဓမင်းရဲ့ နန်းတော်မှာ ပဋိသန္ဓေ ယူကြသတဲ့ကွယ့်။

ဒါကြောင့် မာယာဒေဝီနှင့် ဂေါတမီတို့ဟာ မဟာသုပ္ပဗုဒ္ဓမင်းရဲ့ သမီးတော်များ ဖြစ်ကြတယ်၊ သို့သော်လည်း ခမည်းတော်သုပ္ပဗုဒ္ဓနှင့် မောင်တော်သုပ္ပဗုဒ္ဓတို့ဟာ အမည်တူသော်လည်း ပုဂ္ဂိုလ်ချင်းတော့ မတူဘူးလို့ မှတ်သင့်တာပေါ့ကွယ်၊ ပြီးတော့ တူတာ တစ်ခုရှိနေသေးတယ်”

“ဘယ်ဟာပါလဲဘုရား”

“မယ်တော်မာယာနှင့် ဂေါတမီတို့ရဲ့မယ်တော်ဟာ ယသောဓရာဖြစ်တယ်၊ အဲဒီ ယသော်ဓရာက ဇယသေနမင်းရဲ့ သမီးတော်ဖြစ်တယ်၊ သိဒ္ဓတ္ထမင်းသားရဲ့ ကြင်ယာတော်ဟာလည်း ယသောဓရာဖြစ်တယ်၊ အဲဒီ ယသောဓရာက သုပ္ပဗုဒ္ဓမင်းရဲ့ သမီးတော်ဖြစ်တယ်၊ အမည်ချင်း တူကြသော်လည်း ပုဂ္ဂိုလ်ချင်းကတော့ မတူကြဘူးကွယ့်”

“မှန်ပါ၊ ဒီလို ရှင်းရှင်းလင်းလင်း သိရတဲ့အတွက် အလွန် ဝမ်းမြောက်လှပါတယ်ဘုရား” သာဓု... သာဓု... သာဓု

http://www.dhammadownload.com



# သီလဆိုသည်မှာ

ဤနေ့ကား ၁၃၅၈–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉–ရက်နေ့ ဖြစ်ပါသည်၊ ထီးချိုင့်မြို့၊ စိန်ရတနာပန်းထိမ် ဦးထွန်းရှိန်မှ နံနက်ဆွမ်းကပ်ရန် လျှောက်ထား၍ လာပင့်မည့်ယာဉ်ကို စောင့်မျှော်နေစဉ် ကျောင်းပေါ်သို့ ဒါယကာ, ဒါယိကာမများ တက်ရောက်လာသည် ကို မြင်သည်၊ မည်သူများဖြစ်သနည်းဟု စူးစမ်း ကြည့်လိုက်သောအခါ ပဲခင်းရွာမှ မသန်းကြည်ကို မှတ်မိသဖြင့် ပဲခင်းရွာကအဖွဲ့ဟု သိလိုက်ပါသည်။

"ဘယ့်နှယ် မသန်းကြည် အစောကြီးပါလား၊ ဘယ်ကများ မျက်စိလည်လာပါလိမ့်"

"မျက်စိမလည်ပါဘူးဘုရား၊ ဆရာတော်ဆီကို တမင်လာတာပါ"

"ကိစ္စရှိလို့များလား"

"ကိစ္စဆို ဟောဒီဒါယကာကြီးက ဦးနွားမောင်ပါတဲ့ဘုရား၊ တပည့်တော်မရဲ့ဥပုသ်ဇရပ် ဆောက်နေတဲ့ လက်သမားဆရာကြီးပါ၊ ဇာတိကတော့ အင်းတော်မြို့ကပါဘုရား၊ ဇရပ်ဆောက်ပြီးတော့ ဆရာတော်ဆီ ပို့ပေးပါ ဖူးချင်ပါတယ်ဆိုလို့ လာပို့တာပါဘုရား"

"ဦးနွားမောင်က အင်းတော် ဘယ်အရပ်ကပါလိမ့်"

"တပည့်တော် အောင်မေတ္တာရပ်ကွက်ကပါ ဘုရား"

"ဘုန်းကြီးထံ လျှောက်ထားစရာရှိသလား"

"လျှောက်ထားစရာ နည်းနည်းတော့ ရှိပါတယ် ဘုရား"

"ရှိလျှင် လျှောက်ထားပါဦး၊ ဘုန်းကြီးက ထီးချိုင့် ခဏ သွားစရာ ရှိနေတယ်"

http://www.dhammadownload.com



"တပည့်တော် လျှောက်ထားချင်တာက အခြား မဟုတ်ပါဘူးဘုရား"

"အင်း ဆိုစမ်းပါဦး"

"တချို့က ပြောကြတယ်ဘုရား၊ ဥပုသ်စောင့်တယ်ဆိုတာ စိတ်စင်ကြယ်မှကောင်းတယ်၊ စိတ် မစင်ကြယ်လျှင် မကောင်းဘူးတဲ့၊ ရှေးအခါက သူငယ်ချင်းနှစ်ယောက် ရှိကြပါသတဲ့၊ ဥပုသ်နေ့တစ်နေ့မှာ သူငယ်ချင်းတစ်ယောက်က ဥပုသ်စောင့်ကြဖို့ ပြောတော့ တစ်ယောက်သောသူက ဥပုသ်တော့ စောင့်ချင်ပါတယ်၊ ဒါပေမယ့် ဝမ်းရေးကြောင့် နက်ဖြန် ငါးဖမ်းဖို့တာဝန် ရှိနေတယ်လို့ ပြောသတဲ့၊ ဥပုသ်နေ့ကျတော့ တံငါသည်က ငါးဖမ်းဖို့ အလုပ်ဆင်းရရှာတယ်၊ ဥပုသ်သည်ကတော့ ကျောင်းမှာ ဥပုသ်စောင့်သတဲ့ဘုရား၊ အဲဒီနေ့ မိုးကြီးလေကြီးကျလို့ ငါးဖမ်းသူက ငါးဖမ်းမရတော့ ငါဟာ ဥပုသ်စောင့်ရ အကောင်းသားလို့ ဥပုသ်စောင့်သူကို အားကျမိသတဲ့၊ ဥပုသ်စောင့်သူကတော့ ငါ့မှာ ဥပုသ်စောင့်နေရလို့ အလုပ်တွေ လစ်ဟင်းတယ်၊ ဟိုအကောင်ကတော့ ငါးတွေ အများကြီးရမှာလို့ တံငါအလုပ်ပေါ် စိတ်စွဲနေသတဲ့၊ သူတို့နှစ်ယောက် သေတော့ တံငါက နတ်ပြည်ရောက်ပြီး၊ ဥပုသ်စောင့်သူက ငရဲကျ သတဲ့ဘုရား၊ ဒါကြောင့် ဥပုသ်သီလဆိုတာ စိတ်စင်ကြယ်မှ ကောင်းတယ်လို့ ပြောကြပါတယ်၊ သူတို့ ပြောတဲ့စကား ဟုတ်,မဟုတ် ဆရာတော်ကို လျှောက်ထားချင်ပါတယ်ဘုရား"

"ဒါယကာ လျှောက်တဲ့စကားက ရှေးစကားပါ၊ အခုမှ အသစ်အဆန်း မဟုတ်ပါဘူး"

"ဘယ်လို ရှေးစကားလဲဘုရား၊ အမိန့်ရှိပါဦး"

"စစ်ကိုင်းဆိုတာ ချောင်ပေါင်းများစွာ ကျောင်းပေါင်းများစွာ ရှိတဲ့ အရပ်မို့ သာသနာတော်အစဉ်အဆက် ထွန်းလင်းတဲ့ဌာနဖြစ်တယ်၊ ဝါတွင်းကျရောက်ခဲ့လျှင် ဥပုသ်သီလ စောင့်သုံးကြတဲ့ ဒကာ, ဒကာမတွေဟာ ကျောင်းတိုင်းမှာ ရှိနေမြဲဖြစ်တယ်။

သံချိုဆရာကြီး ဦးကျော်လှရဲ့ ရုပ်သေးပွဲကလည်း ဝါဆိုလကွယ်နေ့ကြီး စစ်ကိုင်းချောင်မှာ လာကသတဲ့၊ ဦးကျော်လှရဲ့ စင်ဟာ အကျော်

http://www.dhammadownload.com



တစောစင်ဖြစ်ပေမယ့် ဥပုသ်သည်တွေကတော့ ပွဲကြည့်မလာကြဘူးတဲ့၊ ဒီအခါ ဦးကျော်လှက တံငါသည်ဥပမာနှင့် သံချိုဆိုသတဲ့-

## ဦးကျော်လှ၏ တံငါသည်ဥပမာသံချို

* ကရကင်ဝ် ဝါဆိုတော်၏
လပြည့်ကျော် တစ်ဆယ့်ငါးတွင်မှ
ဇယား ဗေဒင်နှင့်နင်းလိုက်တော့
နေမင်း ဖန်ဝါရှိန်ကြောင့်
စန္ဒာအိမ် အရောင်ပပြခဲ့
ပွဲသည်မှု လအကွယ်။

* မြရုပ်စုံစင်တော်သားငယ်တို့
ပျော်ပါးစွာ ဇာတ်စုံနွှဲလာရတယ်
ကြုံခဲရယ် ကြုံလွယ်ပ
လူကြီးငယ် ပျိုအိုတို့
ဗြဟ္မစိုရ် စောင့်ကိုယ်နှုတ်ကယ်ကြောင့်
ဥပုသ်ကို မယူဖြစ်ရှာဘူး
ငွေစံပယ် ကေသွယ်ရစ်ပါလို့
သည်နှစ်တွင် သည်တစ်ညဟာမို့
ခဲရှာကြတယ်။

* နှစ်ယောက်လူ သူငယ်ချင်းငယ်တို့
ထမင်း ဝစွာစားပါလို့
တရားတော် အနာလိုက်ရှာသတဲ့
မြှုံးပိုက်ကွန် အစုံယူ၍
တစ်ဦးလူ တံငါလုပ်ကာ
လာဘ်ပုပ် အလယ်သွားမိလို့
ဘယ်ငါးဟယ် မပေါ်ဘူး
တရားတော်နာလျှင်ဖြင့် ကောင်းလေရဲ့
အောက်မေ့ကာ စိတ်မှာကူးပါသတဲ့

http://www.dhammadownload.com



တစ်ဦးလူ တရားနာက
စားစရာ အမြင်ဟင်းရယ်ကြောင့်
အိုင်အင်းလိုက်ကာ ဖမ်းရလျှင်
ငါ့ဝမ်းဝစွာ စားရတဲ့ပြင်
မယားတောင် ကြော်လို့ကျွေးရရဲ့
မျှော်တွေးကာ အကြံပေါက်သော်ကြောင့်
နှစ်ယောက်လူ ခန္ဓာကွယ်တော့
တံငါသည် နတ်ပြည်သို့သွားချေပေါ့
တရားနာ အပါယ်ငုပ်တာကြောင့်
ဥပုသ်တကယ်စောင့်သော်လည်း
ဇောဖြောင့်လျှင် ကုသိုလ်ရပါလိမ့်မယ်
မမသံ ရင်ကိုခွေ့တော့
အောက်မေ့ရဲ့ စိတ်ကစား
ရှစ်ပါးသီလ ကျိုးကြလျှင်
ပုဆိုးဆီနှင့် ဆွတ်ပါလို့
ဖွတ်ရာမှာ သာလို့ညစ်ပါလိမ့်မယ်
ထုံးစနစ် အဓိပ္ပာယ်
စားသွယ်သည့်လက်ဆန်း။

* သည်လကွယ် သည်တစ်ရက်မှာတော့
ဥပုသ်ထွက် လိင်ပြန်ယူရှောပေါ့
သိဟ်,ကန်,တူ ရှစ်သတင်း
ထမင်းတစ်နပ်ထည်း နေ့လွဲကြဉ်ရှောင်လို့
မိဘမောင် ပျိုအအိုတို့
ပိုအကြို သာလို့စောင့်ရှောပေါ့
ဇောဖြောင့်အောင် ဆရာလှရယ်က
တရားနာ ဘာသာကျအောင်လို့
တံငါ ပမာပြခဲ့တယ်
ပွဲသီလခန်း။ ။

http://www.dhammadownload.com



ဒီသံချိုဟာ သီလစောင့်ပေမယ့် စိတ်က မစင်ကြယ်တော့ အပါယ်ကျတယ်ဆိုတာ ဟုတ်သလိုလို ထင်ရသော်လည်း အမှန်ကတော့ လုံး၀ မဟုတ်ဘူးကွယ့်၊ ဘာကြောင့်လဲဆိုတော့ သီလဆိုတာ ကာယကံမှု၊ ၀စီကံမှုများကို မလွန်ကျူးရအောင် စောင့်ရှောက်ခြင်းမျှသာ ဖြစ်တယ်၊ မနောကံ စောင့်ရှောက်မှု မပါဘူး၊ ကာယကံမှုဆိုတာက-

**ပါဏာတိပါတ** - သူတစ်ပါးအသက်ကိုသတ်ခြင်း၊
**အဒိန္နာဒါန** - သူတစ်ပါး ပစ္စည်းကိုခိုးယူခြင်း၊
**ကာမေသုမိစ္ဆာစာရ**- ကာမဂုဏ်မှုတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊

သည် ကာယကံမှုသုံးပါးကို မလွန်ကျူးခဲ့လျှင် ကာယကံသီလ ပြည့်စုံတာပဲ၊ ၀စီကံမှုဆိုတာက-

**မုသာဝါဒါ** - လိမ်လည်ပြောဆိုခြင်း၊
**ပိသုဏာဝါစာ** - သူတစ်ပါးအကြားကုန်းတိုက်ခြင်း၊
**ဖရုသဝါစာ** - ကြမ်းတမ်းစွာ ဆဲရေးခြင်း၊
**သမ္ဖပ္ပလာပဝါစာ**- အကျိုးမရှိသောစကားကို ပြောခြင်း၊

သည်၀စီကံမှု ၄-ပါးကို မလွန်ကျူးခဲ့လျှင် ၀စီကံသီလ ပြည့်စုံတာပဲ၊ သီလဆိုတာ ကာယသောင်းကျန်းမှု၊ ၀စီသောင်းကျန်းမှုကို ရှောင်ကြဉ်တာ ဖြစ်တယ်၊ စိတ်သောင်းကျန်းမှုနှင့် မသက်ဆိုင်ဘူး၊ ဒါကြောင့် ရဟန်းတော်များမှာ (မနောဒွါရေ အာပတ္တိနာမ နတ္ထိ) မနောဒွါရ (စိတ်ဖြင့်) အာပတ်သင့်ခြင်း၊ အပြစ်ဖြစ်ခြင်း မရှိဘူးလို့ ဘုရားဟောထားတာ ရှိတာပဲ၊ ဥပုသ်သည်မှာ ထမင်းစားလိုစိတ် ရှိသော်လည်း မစားဘဲနေခြင်း၊ ပွဲကြည့်လိုစိတ် ရှိသော်လည်း မကြည့်ဘဲနေခြင်းဟာ သီလပြည့်စုံတာပါပဲ၊ သီလပြည့်စုံတဲ့ပုဂ္ဂိုလ် ထမင်းဆာလို့ သေသော်လည်း ငရဲမကျပါဘူး၊ နတ်ဖြစ်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာ ကောသမ္ဗိယသုတ်အဖွင့်မှာ ပြထားတယ်၊ ဒါကြောင့် ဦးကျော်လှရဲ့ ဒီသံချိုဟာ အလွန် မှားယွင်းတယ်၊ ဒါကြောင့် မန်လည်ဆရာတော်ကြီးက အဖြေသံချို ရေးခဲ့တယ်ကွယ့်"

"ဘယ်လို ရေးပါသလဲဘုရား၊ အမိန့်ရှိပါဦး"

"သံချိုက ဒီလိုတဲ့ကွယ့်"

http://www.dhammadownload.com



## မန်လည်ဆရာတော်၏ အဖြေသံချို

* မှုမသမာ ဝါသနာဆိုးဟာကြောင့်
လှူ့ဗလချာ ဗာလာမျိုးငယ်တို့
ရိုးမမှန် တစ်ကဏ္ဍာငယ်နှင့်
ကျမ်းလာဟန် စာသံချပါလို့
တံငါကို ပမာပြပါတဲ့
ပွဲသိလ အခန်းမှာ။

* ဆိုသာဆို မှန်မဟုတ်လေဘူး
ဥပုသ်ကို စောင့်စောင့်ခဲ့လျှင်
စိတ်မစင်ကြယ် တကယ်ပဲ မဖြောင့်သော်လည်း
တစ်အောင့်ငယ် တစ်ခါသာပ
မျိုးသမ္မာ ယှုမနောတို့မှာ
သေအောင်ဟာ ဘယ်သူစောရှာလိမ့်
သည်ဇာလို မိစ္ဆာများသော်မှ
အပါယ်ကို တကယ်လားရအောင်
မှားနိုင်ဖို့ရာ။

* တံငါသည် နတ်ပြည်သွားငယ်နှင့်
တရားနာ အပါယ်ငုပ်သည်ဟု
ဥပုသ်ကို မပါကျန်သည့်ပြင်
ပါပကံ သဒ္ဒါပြန် တစ်ဖန်တက်လို့မို့
မသမာဉာဏ် ဂရဟာသံ ကြံအနက်ကယ်နှင့်
မိစ္ဆာမှာ ဣသာဖက်ပြန်ခဲ့
မှားစွက်လို့ အပြစ်ရှာ
ညစ်ရာမှာ ညွန်လူး။

* သည်စာဆို ပါယ်ဆင်းသူအဖော်လိုလို့
ပွဲကြည့်ကို လာစေကြောင်းငယ်နှင့်
မကောင်းဉာဏ် ဝက်ဘီလူးကဲ့သို့

http://www.dhammadownload.com



အရှုံးလို တစ်ဉာဏ်ရှာမှ
တံငါကို ပမာပြုသော်လည်း
လိမ္မာသူ မယူကြလေနှင့်
သီလသည် ပါယ်မကျပါဘူး
မစားရအမဲဟာကို
သဲဆုပ်ကာ ပစ်လို့ကြဲသည့်နှယ်
ယူလွဲအောင် သည်စာထုတ်ခဲ့
ဥပုသ်သည် ရွယ်ပျိုအိုတို့မှာ
ဥပုသ်ကို အိပ်လို့သုံးသော်လည်း
ယုတ်ဆုံးစွန် နတ်ရွာပို့ပါသတဲ့
မိတ္တဝိန် ဆိုသူတို့လိုပဲကွယ်
လွဲဖို့ရှိဘူး။ ။

"မန်လည်ဆရာတော်ဘုရားကြီးရဲ့ သံချိုကိုပါ နာရတော့ တပည့်တော် အလွန်ဝမ်းသာပါတယ်၊ ဒါပေ မယ့် ဒီသံချိုမှာ တပည့်တော် မသိတဲ့ စကား ၂-ခွန်းပါတယ်ဘုရား၊ စကားတစ်ခွန်းက "**မကောင်းဉာဏ် ဝက်ဘီလူး ကဲ့သို့**"ဆိုတဲ့ ပုဒ်ဖြစ်ပါတယ်၊ စကားတစ်ခွန်းကတော့ "**မိတ္တဝိန်ဆိုသူတို့လိုပဲ**" ဆိုတဲ့ပုဒ် ဖြစ်ပါတယ်၊ အဲဒီနှစ်ပုဒ် နည်းနည်း ရှင်းပေးပါဦးဘုရား"

"ဝက်ဘီလူးဆိုတာ သုတ်မဟာဝါ အဋ္ဌကထာ မဟာဂေါဝိန္ဒသုတ် အဖွင့်က လာတဲ့စကားပဲကွယ့်။

**ဝါမေန သူကရော ဟောတိ၊**
**ဒက္ခိဏေန အဇာမိကာ။**
**သရေန နေလကော ဟောတိ၊**
**ဝိသဏေန ဇရဂ္ဂဝေါ။**

တဲ့ကွယ့်။

သူ့ဂါထာက ဝက်ဘီလူးဆိုတာ ဝက်နှင့်တူတဲ့ ဘီလူးပေါ့၊ ဒီ ဝက်ဘီလူး ဟာ လက်ဝဲဘက်က ဝက်နှင့် တူတယ်၊ ဝက်ကို ဖမ်းစားချင်တော့ ငါဟာ ဝက်ပါပဲလို့ လက်ဝဲဘေးကိုပြပြီး ဖမ်းစားသတဲ့။

http://www.dhammadownload.com



လက်ယာဘေးကတော့ ဆိတ်နှင့်တူသတဲ့၊ ဆိတ် ကို ဖမ်းချင်တဲ့အခါ ငါဟာ ဆိတ်ပါပဲလို့ လက်ယာဘေး ကိုပြပြီး ဆိတ်ကို ဖမ်းစားသတဲ့၊ အသံက နွားငယ်သံ နှင့် တူသတဲ့၊ နွားငယ်တွေ့တဲ့အခါ အသံပြုပြီး ဖမ်းစားသတဲ့၊ ဦးချိုကတော့ နွားကြီးနှင့်တူသတဲ့၊ နွားကြီး ကို ဖမ်းချင်တဲ့အခါ ဦးချိုကိုပြပြီး ဖမ်းစားသတဲ့၊ အဲဒီလို တူရာပြစားတဲ့လူမျိုးကို ဝက်ဘီလူးနှင့် တူတယ်လို့ ဆိုခြင်းဖြစ်တယ်။

မိတ္တဝိန်ဆိုတာက မိတ္တဝိန္ဒကကို ပြောတာပါ၊ မိတ္တဝိန္ဒကဇာတ်ဟာ ဧကနိပါတ်၊ ပဉ္စကနိပါတ်၊ ဒသနိပါတ်မှာ ပါရှိတယ်၊ ဒသနိပါတ်ကလာတဲ့ စတု ဒွါရဇာတ်၊ မိတ္တဝိန္ဒကအကြောင်းကို နည်းနည်း ပြောပြရသေးတာပေါ့"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"ကဿပဘုရား လက်ထက်တော်က ဗာရာဏသီ ပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးမှာ မိတ္တဝိန္ဒက အမည်ရှိတဲ့ သားတစ်ယောက်ရှိသတဲ့၊ မိတ္တ ဝိန္ဒကရဲ့ မိဘနှစ်ပါးတို့ကတော့ သောတာပန်တွေဖြစ်ကြပြီး မိတ္တဝိန္ဒကကတော့ သီလလည်းမရှိ၊ သဒ္ဓါတရားလည်း မရှိတဲ့ လူမိုက်တစ်ယောက် ဖြစ်သတဲ့၊ အဖကွယ်လွန်တော့ မိခင်ကျန်တယ်၊ မိခင်က သူ့သားကို လူကောင်း တစ်ယောက် ဖြစ်စေချင်တယ်၊ ဒါကြောင့် "ချစ်သား– လူ့ဘဝဆိုတာ အလွန် ရခဲတယ်၊ အလွန်ရခဲတဲ့ လူ့ဘဝကို ရခိုက် ဒါနကိုပြုပါ၊ သီလကို ဆောက် တည်ပါ၊ တရားနာပါ၊ ကိုယ်စိတ်အလိုကို မလိုက်ပါနှင့်"လို့ ပြောတယ်။

မိတ္တဝိန္ဒက,က ခင်ဗျားကြီး စကားမများနှင့်၊ ကျုပ်လုပ်ချင်တာ လုပ်မယ်လို့ ပြန်ပြောသတဲ့၊ သားက အလွန် ဆိုးပေမယ့် အမေကတော့ မပစ်ရက်ရှာဘူး၊ ဒါကြောင့် ဥပုသ်နေ့တစ်ရက်မှာ ချစ်သား ဒီကနေ့ဟာ ဥပုသ်နေ့ ဖြစ်တယ်၊ ချစ်သား ဥပုသ်စောင့်သွားပါ၊ အမေ ငွေတစ်ထောင် ပေးမယ်လို့ ပြောသတဲ့၊ ငွေစကား ကြားတော့ မိတ္တဝိန္ဒကဟာ ခေါင်းထောင် လာပြီး အမေ ပြောတာ အဟုတ်လား၊ ငွေတစ်ထောင်ရလျှင် ဥပုသ်စောင့်မယ် လို့ပြောကာ ငွေရချင်လို့ ဥပုသ်တစ်ရက် စောင့်သတဲ့ကွယ့်။

ငွေတစ်ထောင်ရတော့ ကုန်သည်လုပ်လိုက်တာ မကြာခင် ငွေတစ်သိန်း နှစ်သောင်း ဖြစ်လာသတဲ့၊ မိတ္တဝိန္ဒကဟာ ငွေ တော်တော်ရလာတော့ သင်္ဘော ထောင်ပြီး သမုဒ္ဒရာတစ်ဘက်ကမ်း ကူးသန်းဖို့လုပ်တယ်၊ အမေကတော့

http://www.dhammadownload.com



သားကလေးတစ်ယောက်မို့ အဝေးမရောက် စေချင်ဘူး၊ ဒါကြောင့် မသွားဖို့ရာ တားတယ်၊ မိတ္တဝိန္ဒက,ကတော့ သူ့အမေကို ကန်လှဲထားခဲ့ပြီး သမုဒ္ဒရာတွင်း လှေလွှင့်ခဲ့တယ်။

ခုနစ်ရက်မြောက်လို့ သမုဒ္ဒရာအလယ်ကျတော့ လှေဟာ မတုန်မလှုပ် မသွားဘဲနေလို့ သူယုတ်မဲချတော့ မိတ္တဝိန္ဒကကိုချည်း သုံးကြိမ်ဆက်ကျလို့ မိတ္တဝိန္ဒက သမုဒ္ဒရာတွင်း ဖောင်နှင့်မျှောခဲ့ကြတယ်၊ မိတ္တဝိန္ဒကဟာ ဖောင်စီးရင်း ရေဆောင်ရာပါသွားရာက ဖန်ဗိမာန်မှာ ဝေမာနိကပြိတ္တာမ လေးယောက်နှင့် တွေ့လို့ ၇-ရက် စံစားနေရသတဲ့၊ ဝေမာနိကပြိတ္တာမများ ၇-ရက် ငရဲခံဖို့ အသွားမှာ မိတ္တဝိန္ဒကဟာ ခရီးဆက်ထွက်ခဲ့ရာ ကျွန်းငယ်တစ်ခု ငွေဗိမာန်မှာ ပြိတ္တာမ ၈-ယောက်နှင့်တွေ့လို့ ပျော်မွေ့စွာ စံစားရသတဲ့။

အဲဒီပြိတ္တာမများ ၇-ရက် ငရဲခံသွားတုန်း မိတ္တဝိန္ဒက ဆက်ပြီး ခရီးထွက်ခဲ့ရာ ကျွန်းငယ်တစ်ခု ပတ္တမြားဗိမာန်မှာ ၁၆-ယောက်သော ပြိတ္တာမများနှင့် တွေ့ပြန်တယ်၊ အဲဒီကထွက်ခွာတော့ ရွှေဗိမာန်မှာ ပြိတ္တာမ ၃၂-ယောက်နှင့် ပျော်မွေ့ရပြန်တယ်၊ ရွှေဗိမာန်က ထွက်ခွာပြန်တော့ အုတ်တံတိုင်း လေးဘက် ကာရံပြီး တံခါးပေါက်လေးခုရှိတဲ့ မြို့ကိုရောက်တယ်၊ အဲဒီမှာ သင်တုန်းစက် ခေါင်းပေါ်ရွက်ပြီး မကောင်းမှုခံနေရတဲ့ သူကို အထင်မှားပြီး သင်တုန်းစက်တောင်းရာမှ မိတ္တဝိန္ဒကဟာ သင်တုန်းစက်ငရဲမှာ ခံရရှာတယ်လို့ ဆိုတယ်။

မိတ္တဝိန္ဒကဟာ မိခင်ကို ကန်လှဲထွက်သွားသူ ဖြစ်ပါလျက် ချက်ချင်း ငရဲမကျသေးဘဲ ပြိတ္တာမတွေနှင့် ပျော်ပါးနေရတာဟာ ဥပုသ်စောင့်ခဲ့ဖူးတဲ့ ကုသိုလ်ကြောင့်လို့ ဆိုတယ်ကွယ့်၊ ဒါကြောင့် မန်လည်ဆရာတော်က-

* ဥပုသ်ကို အိပ်လို့သုံးသော်လည်း
ယုတ်ဆုံးစွန် နတ်ရွာပို့ပါသတဲ့
မိတ္တဝိန် ဆိုသူတို့လိုပဲကွယ်
လွဲဖို့ရှိဘူး...လို့ ရေးသားခြင်း ဖြစ်တယ်ကွယ်"

"မှန်ပါ၊ တပည့်တော် သိလိုတာထက် ပိုလွန် သိရတဲ့အတွက် အလွန် ဝမ်းမြောက်လှပါတယ် ဘုရား"

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# ဒုလ္လဘရဟန်းအမေး

"ဟောဒီစာက ကျိုင်းတုံမြို့၊ ဈေးမြောက်ဘက်၊ ဆိုင်အမှတ် ၁၉-မှ ဦးသိန်းဝင်းဆိုသူရဲ့ အမေးစာလွှာ ဖြစ်ပါတယ်ဘုရား"

"ဦးသိန်းဝင်းက ဘာတွေများ မေးထားသလဲကွယ့်"

"ဦးသိန်းဝင်းရဲ့အမေးက-

၁။ ဒုလ္လဘရဟန်းသည် မည်သည့်ခေတ်က စတင်ခဲ့ပါသနည်း၊

၂။ ဒုလ္လဘရဟန်းခံခြင်းကို ဗုဒ္ဓ ခွင့်ပြုခဲ့ပါသလား၊

၃။ ဗုဒ္ဓအလိုတော်ကျ ဒုလ္လဘရဟန်းကို ရှင်းပြပါ၊

၄။ နိုင်ငံတော်ဝန်ထမ်းများ ခွင့်ယူ၍ ရဟန်းခံခြင်းသည် ဝိနည်းတော်နှင့် ကိုက်ညီပါသလား၊

၅။ နိုင်ငံဝန်ထမ်းတစ်ဦး ခွင့်မယူဘဲ ရဟန်းဝတ်ပါက ရဟန်းဖြစ်,မဖြစ်၊ ဒုလ္လဘအမေး ၅-ချက်ဖြစ်ပါတယ်ဘုရား"

"ဒုလ္လဘဆိုတဲ့ပုဒ်က ဒုပုဒ်နှင့် လဘပုဒ်တို့ ဖြစ်ကြတယ်၊ ဒုဆိုတဲ့ ဥပသာရပုဒ်က ခဲယဉ်းခြင်းအနက်ကို ဟောပြီး လဘဆိုတဲ့ပုဒ်က ရခြင်း ဆိုတဲ့အနက်ကို ဟောတယ်၊ ပုဒ် နှစ်ခုစပ်အဓိပ္ပာယ်က- ဒီဝတ္ထုဟာ ရတော့ ရနိုင်တယ်၊ သို့သော်လည်း လွယ်ကူစွာ မရဘူး၊ ခဲခဲယဉ်းယဉ်း ရနိုင်တဲ့ ဝတ္ထုလို့ ဆိုလိုတယ်၊ ဒုပုဒ်နှင့် လဘပုဒ် တွဲစပ်တဲ့အခါ ဒုနိအက္ခရာ ရှေးရှိပါ နောက်မှာ ဒွေးဘော်ဆင့်ဆိုတဲ့ နိယံအတိုင်း ရှေ့မှာ ဒုအက္ခရာ ရှိတော့ နောက် လအက္ခရာကို နှစ်လုံးပြုူ ဒွေဘော်ဆင့်ပြီး ဒုလ္လဘလို့ ဖြစ်လာတယ်၊ ရရန်ခဲယဉ်းတဲ့ ဒုလ္လဘ တရား ၅-ပါးရယ်လို့ ဘုရားဟောထားတယ်။

http://www.dhammadownload.com



၁။ **ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ** =ဘုရားသာသနာတော်နှင့် ကြုံကြိုက်ဖို့ ခဲယဉ်းတယ်၊
၂။ **မနုဿတ္တ ဒုလ္လဘ** =လူ့ဘဝရဖို့ ခဲယဉ်းတယ်၊
၃။ **ပဗ္ဗဇိတ ဒုလ္လဘ** =ရဟန်းဖြစ်ဖို့ ခဲယဉ်းတယ်၊
၄။ **ခဏသမ္ပတ္တိဒုလ္လဘ**=ကုသိုလ်ဖြစ်ဖို့ခဲယဉ်းတယ်၊
၅။ **သဒ္ဓမ္မဿဝနဒုလ္လဘ**=ဘုရားဟောတဲ့တရားကို စိတ်ပါဝင်စားစွာ နာယူဖို့ခဲယဉ်းတယ်တဲ့။

ဒီငါးပါးဟာ ဘုရားရှင်ဟောကြားတဲ့ ဒုလ္လဘတရားပဲကွယ့်၊ ဒီ ဒုလ္လဘ ငါးပါးထဲက ပဗ္ဗဇိတဒုလ္လဘ– ရဟန်းဘဝ ရခဲတယ်ဆိုတာကို ယူပြီး ခေတ္တ ခဏဝတ်တဲ့ ရဟန်းများကို ဒုလ္လဘရဟန်းလို့ ခေါ်ခဲ့ကြတယ်၊ ရဟန်းဝတ်တဲ့ ပုဂ္ဂိုလ်က ကံစွပ်ကံညား ဘုရားသာသနာတော်နှင့် ကြုံခိုက် ရခဲတဲ့ ရဟန်း အဖြစ်ကို ခဏတော့ ရအောင် ယူလိုက်ဦးမှလို့ ပြောခဲ့တာကိုး၊ သူ့ အပြော အတိုင်း သူဟာ ရဟန်းဘဝနှင့် ရှည်ကြာအောင် မနေပါဘူး၊ မကြာခင်ဘဲ လူထွက်သွားတတ်တယ်။

သာသနာတော်မှာ အမြဲနေမှာလည်းမဟုတ်၊ အမြဲ နေမယ်လို့ မူလ စိတ်ကူးရှိတာလည်းမဟုတ်၊ ရဟန်းဖြစ်ပြီး ရဟန်းကျင့်ဝတ်ကိုသိတာလည်း မဟုတ်၊ ဒီလို ခဏတစ်ဖြုတ် သင်္ကန်းဝတ်တဲ့ ဒုလ္လဘရဟန်းကို အချို့က ရဟန်းများမှ ဖြစ်ပါလေစ၊ ဘုရားရှင် ခွင့်ပြုတာများမှ ဟုတ်ပါလေစလို့ သို့လောသို့လော သံသယတွေ ရှိခဲ့ကြတယ်၊ ဦးသိန်းဝင်းရဲ့ပုစ္ဆာဟာ ဒီ သံသယအကြားက ပေါက်ဖွားလာတဲ့ ပုစ္ဆာနှင့် တူတယ်၊ ဒါကြောင့် အများရဲ့ သံသယစိတ် ပျောက်သွားအောင် တတ်အားသမျှ ဖြေဆိုရမှာပေါ့ကွယ်"

"မှန်ပါ၊ ဖြေဆိုပါဘုရား"

"ဦးသိန်းဝင်းအမေးအစက ဒုလ္လဘရဟန်းဟာ ဘယ်ခေတ်က စတင် ဖြစ်တာလဲတဲ့၊ အဖြေကတော့ ဘုရားရှင်လက်ထက်ကပင် စတင်ဖြစ်ပါတယ် လို့ ဖြေဆိုရလိမ့်မယ်၊ ၅၅၀–ကေနိပါတ် ကုဒ္ဒါလပဏ္ဍိတ ဇာတ်မှာကြည့်ပါလား စိတ္တဟတ္ထိမထေရ်ရဲ့အလောင်းဟာ ခြောက်ကြိမ်တိတိ လူထွက်ပြီး ခုနစ်ကြိမ်ကျမှ ရဟန္တာ ဖြစ်သွားတယ်၊ ဘုရားရှင်ရဲ့သာသနာတော်မှာ ပါရာဇိကသာ မကျ လျှင် ဘယ်နှစ်ကြိမ်ဝတ်သည်ဖြစ်စေ ဘုရားရှင်က ခွင့်ပြုတော်မူထားပြီး ဖြစ်

http://www.dhammadownload.com



တယ်၊ ဒါကြောင့် ခေတ္တခဏ သင်္ကန်းဝတ်တဲ့ ဒုလ္လဘရဟန်းဟာ ဘုရားရှင် ခေတ်ကပင် ရှိကြောင်းဖြေဆိုလိုက်တယ်။

ဒုလ္လဘရဟန်းဝတ်ခြင်းကို ဗုဒ္ဓခွင့်ပြုခဲ့ပါသလားတဲ့ ဒါက ဒုတိယ အမေးပေါ့၊ ဒုလ္လဘပင်ဖြစ်စေ၊ မည်သူပင်ဖြစ်စေ၊ အင်္ဂါ ၅–ချက်နှင့် ကိုက်ညီသူကို ရဟန်းခံပေးဖို့ ဘုရားရှင် ခွင့်ပြုပြီးသား ဖြစ်တယ်၊ အင်္ဂါငါးချက်က (ဝတ္ထု, ဉတ္တိ, အနုဿာဝန, သီမာ, ပရိသာ, သမ္ပတ္တိ ဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ)ဆိုတဲ့ ကင်္ခါဝိတရဏီ အဋ္ဌကထာအရ–

၁။ **ဝတ္ထုသမ္ပတ္တိ** – ရဟန်းလောင်း၏အင်္ဂါ ပြည့်စုံခြင်း၊
၂။ **ဉတ္တိသမ္ပတ္တိ** – ရွတ်ဖတ်သောဉတ်၏ ပြည့်စုံခြင်း၊
၃။ **အနုဿာဝနသမ္ပတ္တိ** – ရွတ်ဖတ်သောကမ္မဝါ၏ ပြည့်စုံခြင်း၊
၄။ **သီမာသမ္ပတ္တိ** – ရဟန်းခံသောသိမ်၏ ပြည့်စုံခြင်း၊
၅။ **ပရိသာသမ္ပတ္တိ** – ကာရကသံဃာ ငါးပါးအထက် ပြည့်စုံခြင်း၊

ဒီ ၅–ချက်ဟာ ရဟန်း ဖြစ်,မဖြစ် သမ္ပတ္တိ ၅–ချက်ပဲ၊ ဒီ ၅–ချက်က တစ်ချက်ချက် ပျက်ယွင်းလျှင် ရဟန်းမဖြစ်တော့ဘူး၊ ဒီငါးချက်ပြည့်စုံလျှင် ကေန် ရဟန်းဖြစ်တယ်၊ ဒီပဉ္စင် ၅–ချက်ကို အခုအခါ ပဉ္စင်းလို့ ခေါ်နေကြတယ်၊ ဒါကြောင့် ဒုလ္လဘပင်ဖြစ်စေ၊ မည်သူ ပင်ဖြစ်စေ ဒီအင်္ဂါ ၅–ချက် ပြည့်စုံ, မပြည့်စုံ ကြည့်ပြီး ပြည့်စုံလျှင် ရဟန်းဖြစ်တယ်၊ မပြည့်စုံလျှင် ရဟန်း မဖြစ်ဘူးလို့ ဆုံးဖြတ်ကြရတယ်၊ ဒီအင်္ဂါ ၅–ချက်ထဲမှာ ခေတ္တရဟန်းဝတ်သူကို ရဟန်း ခံမပေးရဘူးလို့ မပါဘူး၊ ဒါကြောင့် ဒုလ္လဘရဟန်းခံခြင်းကို ဗုဒ္ဓက ခွင့်ပြုတယ်လို့ ဖြေဆိုလိုက်တယ်။

**တတိယအမေးက** ဗုဒ္ဓအလိုတော်ကျ ဒုလ္လဘ ရဟန်းကို ရှင်းပြပါတဲ့၊ ဒုလ္လဘလို့ခေါ်နေကြတဲ့ ခေတ္တဝတ်သော ရဟန်းပင်ဖြစ်စေ၊ အမြဲဝတ်သော ရဟန်းပင်ဖြစ်စေ ဗုဒ္ဓဘုရား ဟောကြားတော်မူတဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံတဲ့ရဟန်းဟာ ဗုဒ္ဓအလိုတော်ကျ ရဟန်းချည်းဖြစ်ကြတယ်၊ ဒီနေရာမှာ အထူး သတိပြုစရာက ဘုရားသခင်ရဲ့ အလိုတော် အပြည့်အစုံမှာ အလုံးစုံသောသတ္တဝါများ သစ္စာလေးပါးကို သိ၍ အာသဝေါ ကုန်ခန်း ရဟန္တာချည်းဖြစ်တာကို အလိုရှိတယ်၊ သို့သော်လည်း သတ္တဝါ အားလုံး အကျွတ်တရား ရဖို့ဆိုတာ မျှော်လင့်ချက် မရှိပါဘူး၊ ဗုဒ္ဓဘုရားရှင်ရဲ့

http://www.dhammadownload.com



သာသနာတော်အရိပ်မှာခိုပြီး စွမ်းအားရှိသလောက် သီလ, သမာဓိ, ပညာ သိက္ခာ ၃–ပါး ထိန်းသိမ်းစောင့်ရှောက် နေနိုင်လျှင် ပုထုဇဉ်ရဟန်းပင်ဖြစ်စေ ဗုဒ္ဓအလိုတော်ကျ ရဟန်းလို့ ခေါ်ဆိုနိုင်ပါတယ်။

**စတုတ္ထအမေးက** နိုင်ငံတော်ဝန်ထမ်းများ ခွင့်ယူ၍ ရဟန်းခံခြင်းသည် ဝိနည်းတော်နှင့် ကိုက်ညီပါသလားတဲ့။

ဒီအမေးက ဝိနည်းမဟာဝါ၊ မဟာခန္ဓကမှာ ရာဇဘဋဝတ္ထုတစ်ပုဒ် ပါရှိတယ်၊ ဝတ္ထုကြောင်းက ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးလက်ထက် တိုင်းစွန်ပြည်နားမှာ သူပုန်ထသတဲ့၊ ဗိမ္ဗိသာရမင်းကြီးက မှူးမတ်များကို တိုင်းစွန်ပြည်နား စည်ပင်အောင် ပြုလုပ်ကြလို့ စေခိုင်းတယ်၊ မှူးမတ်များက စစ်တပ်ကို အမိန့်ပေးတယ်၊ စစ်သားတွေက စစ်မတိုက်ချင်ကြဘူး၊ လူသတ်ရတာ အကုသိုလ် ကြီးတယ်လို့ ယူဆကြပြီး သာသနာတော်အတွင်းမှာ ရဟန်းဝတ်ကြသတဲ့၊ ဒီအကြောင်းကို စစ်ဗိုလ်တွေက သိတော့ ရဟန်းများကို အပြစ်တင်ပြီး မင်းကြီးကို သံတော်ဦးတင်ကြတယ်၊ မင်းကြီးက တရားဆုံးဖြတ်တဲ့ တရားသူကြီးများကို "မင်းခစားယောကျ်ားများကို ရဟန်းပြုပေးလျှင် မင်းရဲ့ပြစ်ဒဏ် ဘယ်လောက်ရှိသလဲ"လို့ မေးတယ်၊ တရားသူကြီးများက "ဥပဇ္ဈာယ် ဆရာကို ဦးခေါင်းဖြတ် သင့်တယ်၊ ကမ္မဝါစာဖတ်တဲ့ ပုဂ္ဂိုလ်ကို လျှာဖြတ်သင့်တယ်၊ ကာရကသံဃာကို နံရိုးထက်ဝက် ချိုးသင့်တယ်လို့" ဖြေကြတယ်၊ ဗိမ္ဗိသာရမင်းကြီးဟာ တရားသူကြီးများရဲ့စကားကို မှတ်ယူပြီး ဘုရားရှင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းကို သွားတယ်။

ဝေဠုဝန်ကျောင်းရောက်တော့ ဘုရားရှင်ထံ ရှိခိုး ဦးတိုက်ပြီးမှ "အရှင်ဘုရား သာသနာတော်ကို မကြည်ညိုတဲ့မင်းဟာ အပြစ်အနည်းငယ်မျှဖြင့်လည်း ရဟန်းတော်များကို နှိပ်စက်တတ်ပါတယ်၊ ဒါကြောင့် မင်းခစားယောကျ်ားကို ရဟန်းပြုမပေးပါစေနှင့်"လို့ လျှောက်ထားတယ်၊ အဲဒီ လျှောက်ထားချက်ကြောင့် "ရဟန်းတို့– မင်းခစား ယောကျ်ားကို ရှင်ရဟန်း ပြုမပေးရ၊ ပြုပေးသောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ"လို့ ပညတ်ချက် ထုတ်ခဲ့တယ်၊ ဒီနေရာမှာ မင်းခစားယောကျ်ားဆိုတာ **"ယောကောစိ ရညော ဘတ္တဝေတန ဘဋော၊ - သဗ္ဗော ရာဇ ဘဋောတိ သင်္ချံ ဂစ္ဆတိ"**လို့ အဋ္ဌကထာဆရာ ဖွင့်ပြတဲ့အတိုင်း မင်းရဲ့ ထမင်းရိက္ခာ လစာစားသော သူအပေါင်းကို

http://www.dhammadownload.com



မင်းခစားလို့ ခေါ်သတဲ့ကွယ်၊ ဒါကြောင့် လခစား ပြည်သူ့ဝန်ထမ်းများကို ရဟန်းပြု မပေးကောင်းဘူး၊ သို့သော် ခွင့်ယူထားတဲ့ ရက်အတွင်းတော့ မင်းခစား မဟုတ်ဘူး၊ မင်းရဲ့အလုပ်ကို မလုပ်ရဘူး၊ အဲဒီရက်အတွင်း ရဟန်းခံပေးတဲ့အတွက် ရဟန်းဖြစ်သူ အာပတ်မသင့်ဘူး၊ ဝိနည်းတော်နှင့် လည်း ကိုက်ညီတယ်ကွယ့်။

**ပဥ္စမအမေးက** နိုင်ငံဝန်ထမ်းတစ်ဦး ခွင့်မယူဘဲ ရဟန်းဝတ်ပါက ရဟန်း ဖြစ်,မဖြစ်တဲ့။

မင်းခစားဖြစ်ပါလျက် ခွင့်မယူဘဲ ရဟန်းပြုမပေးရဘူး၊ ပြုပေးတဲ့ရဟန်း ဒုက္កဋ်အာပတ်သင့်တယ်၊ ဘုရားရှင်က ရဟန်းပြုမပေးရလို့သာ ဟောတယ်၊ အဲဒီပုဂ္ဂိုလ် ရဟန်း မဖြစ်ဘူးလို့ မဟောဘူး၊ ဒါကြောင့် ရဟန်းပြုပေးတဲ့ ရဟန်းသည်သာ ဒုက္កဋ်အာပတ်သင့်တယ်၊ ခွင့်မယူဘဲ ရဟန်းခံသူကတော့ ကောန်ရဟန်းဖြစ်တယ်၊ အဲဒီ ပုဂ္ဂိုလ် ရဟန်းမဖြစ်ဘူးဆိုလျှင် ရဟန်းမဖြစ်လို့ဘဲ ဟောရိုးရှိတယ်၊ ဥပမာ– အသက် ၂၀–မပြည့်တဲ့ပုဂ္ဂိုလ်ကို ရဟန်း ခံခဲ့လျှင် ရဟန်းခံပေးတဲ့ ဥပဇ္ဈာယ်ဆရာမှာ ပါစိတ် အာပတ်သင့်တယ်၊ ကာရကသံဃာ တွေမှာ ဒုက္ကဋ်အာပတ် သင့်တယ်၊ ရဟန်းလောင်းလည်း ရဟန်းအဖြစ်ကို မရောက်ဘူး၊ ဒီအဓိပ္ပာယ်ကို ပါဠိတော်မှာ–

**ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ၊**

**သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူ ဂါရယှာ ဣဒံ တသ္မိံ ပါစိတ္တိယံ။**

လို့ ပြတ်ပြတ်သားသား ဟောထားတယ်၊ အခု ဝန်ထမ်းပုဂ္ဂိုလ်ကျတော့ ဘုရားရှင်က မင်းခစား ဝန်ထမ်းကို ရဟန်းခံမပေးရ ပေးသောရဟန်း ဒုက္ကဋ် အာပတ် သင့်စေ ဒါပဲပါတယ်၊ (သော စ ပုဂ္ဂလော အနုပသမ္ပန္နော) ရဟန်း လောင်း ဝန်ထမ်းလည်း ရဟန်းမဖြစ်ဘူးလို့ မပါဘူး၊ ဒါကြောင့် နိုင်ငံတော် ဝန်ထမ်းတစ်ဦး ခွင့်မယူဘဲ ရဟန်းခံပါက ရဟန်းလောင်းဖြစ်သူ ဝန်ထမ်း ပုဂ္ဂိုလ်ဟာ ကောန်ရဟန်းဖြစ်တယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

သာဓု… သာဓု… သာဓု…

http://www.dhammadownload.com



# စေတီ

"ဟောဒီ စာက ထီးချိုင့် ကျောင်းဆရာကြီး ဦးမြင့်ဆွေထံမှ တစ်ဆင့်လာတဲ့ စာဖြစ်ပါတယ်ဘုရား"

"ဦးမြင့်ဆွေထံက တစ်ဆင့်ဆိုတော့ မူလ မေးသူက ဘယ်သူလဲကွယ့်"

"မူလ မေးသူက မုံရွာမြို့နယ်၊ ကျွဲရဲရွာ ညောင်ပင်သာကျောင်းက ဦးသာသနပါတဲ့ဘုရား"

"ဦးသာသနက ဘာတွေ မေးထားသလဲကွယ့်"

"ဦးသာသနက ဗုဒ္ဓဘာသာတိုင်း ကိုးကွယ်ကြတဲ့ စေတီအကြောင်းနှင့် စေတီအနီးမှာ ထုလုပ်ထားတဲ့ ခြင်္သေ့ရုပ်၊ မနုဿီဟရုပ်၊ ဘီလူးပန်းဆွဲရုပ်များအကြောင်း လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"တေရသနိပါတ်မှာ ကလိင်္ဂအမည်ရှိတဲ့ ဇာတ်တစ်ဇာတ် ပါရှိတယ်၊ အဲဒီ ဇာတ်တော်မှာ ဘုရားရှင် ခွင့်ပေးတဲ့ စေတီသုံးပါးဆိုတာပါသကွယ့်"

"ပါရှိပုံ အမိန့်ရှိပါဦးဘုရား"

"သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဘုရားရှင် သီတင်းသုံးတယ်ဆိုသော်လည်း အမြဲ သီတင်းသုံးခြင်း မရှိဘူး၊ တစ်ခါတစ်ရံ ဒေသစာရီကြွသွားလျှင် ကျောင်းမှာ ဘုရားမရှိဘူးပေါ့၊ ဘုရားဖူး လာသူများကတော့ ဘုရားရှိတယ်ဆိုပြီး လာကြတာပေါ့၊ ကျောင်းရောက်လို့ ဘုရားမရှိဘူးဆိုတော့ ကျောင်းထဲတောင် မဝင်ကြဘူး၊ ပူဇော်ဖို့ ယူခဲ့တဲ့ ပန်းနံ့သာတို့ကို ဂန္ဓကုဋိတံခါးအနီး ချသွားကြသတဲ့"

ဒီအကြောင်းကို အနာထပိဏ်သူဌေး သိတော့ အရှင်အာနန္ဒာထံ ချဉ်းကပ်ပြီး ဒီအကြောင်း ဘုရားရှင်ကို လျှောက်ပေးဖို့ တောင်းပန်သတဲ့၊

http://www.dhammadownload.com



အဲဒါကြောင့် အရှင် အာနန္ဒာက ဘုရားရှင်ကို နတ်လူတို့ ပူဇော်အပ်တဲ့ စေတီဟာ မည်မျှ ရှိပါသလဲလို့ လျှောက်ထားတယ်။

ဘုရားရှင်က "အာနန္ဒာ– စေတီဟာ သုံးမျိုးရှိတယ်၊ သုံးမျိုးကား– (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿကစေတီများ ဖြစ်ကြတယ်လို့ မိန့်ကြားတော်မူတယ်။

## သာရီရိကစေတီ

သာရီရိကစေတီဆိုတာက ဘုရားရှင် ခန္ဓာကိုယ်မှ ဖြစ်သော ဆံတော်၊ သွားတော်၊ စွယ်တော်၊ ဓာတ်တော်များကို ဆိုလိုတယ်၊ အဲဒီ ဆံတော်၊ သွားတော်၊ စွယ်တော်၊ ဓာတ်တော်များကို ထည့်သွင်း ဌာပနာထားတဲ့ စေတီကိုလည်း ဓာတုစေတီလို့ ခေါ်တယ်။

စေတီဆိုတဲ့ ပါဠိစကားဟာ မြန်မာလိုတော့ ပူဇော်ထိုက်သောအရာလို့ ခေါ်တယ်၊ စဲတျဆိုတဲ့ သက္ကတက ပျက်လာတဲ့ စကားလို့လည်း ပြောကြတယ်၊ စဲတျဆိုတာက မြေပုံကို ဟောသတဲ့၊ မြေပုံဟော စဲတျက စေတီဖြစ်လာတယ်လို့လည်း ဆိုကြတယ်၊ စာပေ စကားအရဆိုလျှင် ဘုရားလောင်း မယ်တော်မာယာဝမ်း ပဋိသန္ဓေတည်နေစဉ်က အလောင်းတော်ရဲ့အချင်းသဏ္ဌာန်ဟာ စေတီပုံနှင့် တူသတဲ့၊ ဒါကြောင့် ဘုရားရှင်ရဲ့ ဓာတ်တော်များကို စေတီတည်သောအခါ အချင်းပုံသဏ္ဌာန် တည်ခြင်းဖြစ်တယ်လို့ ဆိုကြတယ်၊ ပါဠိမှာတော့ "စေတီ"ဆိုတဲ့ပုဒ်ဟာ လူတို့ ပူဇော်ရာကို ဟောတယ်၊ ဘုရားမပွင့်မီက နတ်ကွန်းများကိုလည်း လူတို့ ပူဇော်ရာဖြစ်လို့ စေတီလို့ပဲ ခေါ်သတဲ့။

## ပရိဘောဂစေတီ

ဘုရားရှင်ရဲ့ အသုံးအဆောင်ဖြစ်တဲ့ သပိတ်၊ သင်္ကန်း၊ ဖောင်ဖိနပ် စသည်တို့ကိုတော့ ပရိဘောဂစေတီလို့ ခေါ်ကြတယ်။

## ဥဒ္ဒိဿကစေတီ

ဥဒ္ဒိဿကစေတီဆိုတာက ဘုရားရှင်ကို ရည်မှန်းသော စေတီလို့ ဆိုလိုတယ်၊ ဘုရား ရှိရှိ၊ မရှိရှိ စိတ်က အာရုံပြုထားတဲ့ ဘုရားဟာ

http://www.dhammadownload.com



ဥဒ္ဒိဿကစေတီပါပဲ၊ ယခု ထုလုပ်ထားကြတဲ့ ရုပ်ပွားတော်များကိုလည်း ဥဒ္ဒိဿကစေတီလို့ ခေါ်ကြတယ်။

**ဓမ္မစေတီ**

ကလိင်္ဂဇာတ်မှာတော့ စေတီသုံးဆူတည်း ပြတယ်၊ သို့သော် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံခါနီးမှ "ငါမရှိ သော်လည်း ငါ ဟောခဲ့သောတရားများသည် ငါပင် ဖြစ်၏"ဟု ဆိုသဖြင့် ဘုရားဟော ပိဋကတ်တော်များကိုလည်း ဓမ္မစေတီလို့ ယူဆကြတယ်။

ဘုရားအနီးက ခြသေ့်ရုပ်၊ ဘီလူးရုပ်၊ မနုဿီဟ ရုပ်များအနက် **ခြသေ့်ရုပ်ရဲ့အစိပ္ပာယ်က–** မဟာဝင်ကလာတဲ့ သီဟဗာဟုမင်းသားဟာ ခမည်းတော် ခြသေ့်ကြီးကို ပစ်သတ်ခဲ့တယ်၊ ခမည်းတော်ကို သတ်မိတဲ့ အကုသိုလ်ကံကြောင့် စိတ်မသိုးမသန့် ဖြစ်တာကို ပျောက်အောင် စေတီရှေ့ ခြသေ့်ရုပ်တည်ထား ကန်တော့ရာက အစဉ်ဖြစ်လာတယ်လို့ ဆိုကြတယ်။

**ဘီလူးပန်းဆွဲရုပ်**ကတော့ ပဒကုသလဇာတ်မှာ မယ်တော်ဘီလူးမကြီးကို ကိုယ်တိုင် မသတ်သော်လည်း သတ်သကဲ့သို့ ဖြစ်၍ မိခင်ကို ပူဇော်ရန် ဘုရားပန်းဆွဲရုပ် ထုလုပ်ရာက အစဉ်ဖြစ်လာတယ်လို့ ဆိုကြတယ်၊ အချို့ ကတော့ ပုပ္ဖယက္ခဇာတ်ထွင်ပြီး ပုပ္ဖယက္ခဘီလူးရုပ်လို့ ဆိုကြတယ်။

**မနုဿီဟရုပ်**က သောဏထေရ်၊ ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိ ကြွစဉ်က ဘီလူးမ ပြေးရန် ခြောက်လှန့်သော နိမ္မိတရုပ်များလို့ ဆိုကြတယ်။

အဲဒီ အရုပ်များအကြောင်းကတော့ တူရာ တူရာ ဖော်ပြထားတာ ဖြစ်ပါ သိမ့်မယ်၊ အမှန်ကတော့ ဘယ်လို အကြောင်းမျှ မဟုတ်ဘဲ ပန်းရံဆရာက သူ့စိတ်ထင်ရာ ပုံဖော်ထားတယ်လို့ ထင်ပါတယ်။

ဦးသာသနရဲ့အမေးက အကျယ်ဆိုလျှင် အင်မတန် ကျယ်သွားမည်စိုးလို့ ယခု သိရုံမျှ ပြောကြားလိုက်ခြင်း ဖြစ်တယ်ကွယ့်။

သာဓု... သာဓု... သာဓု...

http://www.dhammadownload.com



# သစ်ကြီးလေးပင်

"အရှင်ဘုရား- ဟောဒီပုဂ္ဂိုလ်က ကိုတင်ဝင်းချစ် ဖြစ်ပါတယ်၊ နေတာကတော့ အင်းတော်မြို့မှာ နေပါတယ်၊ အလုပ်အကိုင်ကတော့ ရိုးရိုးလယ်သမားမျှသာ ဖြစ်ပါသတဲ့"

"ထီးချိုင့်ကိုလာတာကတော့ အလှူကိစ္စတစ်ခုက ဖိတ်လို့ အပေါင်းအသင်းများနှင့် လာခြင်း ဖြစ်ပါတယ်၊ ထီးချိုင့်ရောက်ပြန်တော့ ဆရာတော်ကို ဖူးချင်လို့ တမင်လာရောက်ခြင်း ဖြစ်ပါသတဲ့ ဘုရား"

"အေး... မောင်တင်ဝင်းချစ်နှင့် တွေ့ရတာ ဝမ်းသာပါတယ်၊ တို့ဆီကို ဖူးချင်လို့ လာတယ်ဆိုတော့ ဖူးချင်တဲ့နောက်မှာ ဘယ်လို ပြဿနာများ ပါခဲ့သေးသလဲကွယ့်"

"ဆရာတာ်ဆီလာစဉ်ကတော့ ဘာပြဿနာမှ မပါပါဘူး ဘုရား၊ ခု ဆရာတော်အမိန့်ရှိမှ ပြဿနာတစ်ခု ပေါ်လာပါတယ် ဘုရား"

"ဘယ်လို ပြဿနာ ပေါ်လာတာတုန်း၊ ဆိုစမ်းပါဦး"

"တပည့်တော်များရဲ့ အင်းတော်မြို့ဟာ မဃဒေဝလင်္ကာသစ်ကို ရေးဖွဲ့တော်မူခဲ့တဲ့ မန်လည်ဆရာတော် နေရာ မန်လည်မြို့နှင့် မဝေးလှပါဘူးဘုရား၊ တပည့်တော်များ အားလပ်လို့ အပေါင်းအသင်းကောင်းတဲ့အခါ မန်လည်မြို့ကို သွားရောက် လည်ပတ်တတ်ကြပါတယ်။

http://www.dhammadownload.com



တစ်နေ့ တပည့်တော်များ လူငယ်သုံးယောက် မန်လည်မြို့၊ မန်လည်ကျောင်းကြီးဆီ သွားရောက် လည်ပတ်ကြပါတယ်၊ မန်လည်ကျောင်းကြီးပေါ် ရောက်တော့ ကျောင်းကြီးပေါ်မှာ ဆွဲချိတ်ထားတဲ့ ရှေးဟောင်း ပန်းချီကားများကိုလည်း လေ့လာကြတယ်၊ ရှေးဟောင်း ပန်းပုရုပ်များကိုလည်း လေ့လာကြတယ်၊ ဒါ့ပြင်မကဲ ဗီရိုနှင့် ပြထားတဲ့ စာအုပ်တွေကိုလည်း လေ့လာကြပါတယ်။

စာအုပ်တစ်အုပ်ကို ဆွဲယူပြီး ကြည့်လိုက်တော့ စာအုပ်ရဲ့အတွင်းမှာ ပုစ္ဆာတစ်ခုကို ရေးထားတာ တွေ့ကြရတယ်ဘုရား၊ ပုစ္ဆာက–

**"လူတို့ပြည်တွင် သစ်လေးပင်၊**
**မိုးမှာသေလို့ နွေမှာရှင်၊**
**မိခင်သေမှ နို့စို့ရ"**ပါတဲ့ ဘုရား။

တပည့်တော်များဟာ ပုစ္ဆာကိုတွေ့ပြီး အဖြေကို ရှာမတွေ့ကြပါဘူး၊ ဒါကြောင့် ဒီပုစ္ဆာကို ကူးယူပြီး အပြင်မှာ အဖြေရှာကြပါတယ်၊ ဒါပေမယ့် တပည့်တော်များ စိတ်ကြိုက်အဖြေကို မရခဲ့ပါဘူး။

ခု ဆရာတော်ဘုရား မေးမှ ဒီပုစ္ဆာကို သတိရခဲ့ပါတယ်၊ ဒီပုစ္ဆာရဲ့ အဖြေကို ဆရာတော်ဘုရား သိကောင်းရဲ့လို့ မေးလျှောက်ပါတယ် ဘုရား"

**"လူတို့ပြည်တွင် သစ်လေးပင်**ဆိုတာက သစ္စာလေးပါးကို ဆိုလိုရင်း ဖြစ်တယ်"

သစ္စာလေးပါးဆိုတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ဖြစ်ကြတယ်၊ သတ္တဝါတို့ ကျင်လည်ရာ ဘုံပေါင်း ၃၁–ဘုံ ရှိရာမှာ သစ္စာလေးပါးဟာ လူ့ပြည်မှာ ဖြစ်ထွန်းတဲ့ တရားဖြစ်တယ်။

လူ့ပြည်မှာ ဖြစ်ထွန်းတယ်ဆိုတာက သစ္စာလေးပါးသိတဲ့ နတ်တွေ, ဗြဟ္မာတွေ မရှိဘူးလို့ ဆိုလိုတာ မဟုတ်ဘူး၊ နတ်ပြည်, ဗြဟ္မာပြည်မှာ သစ္စာလေးပါး သိတဲ့ နတ်တွေ ဗြဟ္မာတွေ ရှိသော်လည်း အဲဒီ နတ်တွေ ဗြဟ္မာတွေဟာ သစ္စာလေးပါးကို သူတို့ကိုယ်တိုင် ထိုးထွင်းသိတာ မဟုတ်ဘူး၊ ကိုယ်တော်တိုင် ထိုးထွင်းသိတော်မူတဲ့ ဘုရားရှင်ကတစ်ဆင့် သိကြရခြင်းသာ ဖြစ်တယ်၊ ဘုရားရှင်ဆိုတာလည်း လူ့ပြည်မှာသာ ဖြစ်ပွင့်ရိုး ထုံးစံရှိတယ်၊

http://www.dhammadownload.com



နတ်ပြည် ဗြဟ္မာပြည်မှာ ဖြစ်ပွင့်ရိုးထုံးစံ မရှိဘူး၊ ဒါကြောင့် သစ္စာလေးပါးဟာ လူ့ပြည်မှာသာ ဖြစ်ပေါ်ရိုးရှိလို့ လူတို့ပြည်တွင် သစ်လေးပင်လို့ ဆိုခြင်းဖြစ်တယ်။

ဒီသစ်လေးပင်ဟာ **"မိုးကျရင် သေပြီး နွေမှာမှ ရှင်"**သတဲ့၊ မိုးဆိုတာ ကိလေသာမိုးကို ဆိုလိုရင်း ဖြစ်တယ်၊ ကိလေသာအားကြီးတဲ့ပုဂ္ဂိုလ်ကို ကိလေသာမိုး ရွာတယ်လို့ ဆိုတယ်၊ ကိလေသာမိုး ရွာသွန်းဖြိုးတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သစ္စာလေးပါးဟာ မဖြစ်ပေါ်လာနိုင်ဘူး။

ဓမ္မပဒ၊ ယမကဝဂ်၊ နန္ဒတ္ထေရဝတ္ထုမှာ– အိမ်ကို မကောင်းသဖြင့် မိုးထားလျှင် မိုးရေပေါက်များ ထိုးဖောက် ဝင်ရောက်နိုင်တယ်၊ စိတ်ကိုလည်း သမထ, ဝိပဿနာဖြင့် ကောင်းစွာ မိုးမထားလျှင် ကိလေသာမိုး ထိုးဖောက် ဝင်ရောက်နိုင်တယ်၊ ကိလေသာမိုး ထိုးဖောက် ဝင်ရောက်လာခဲ့လျှင် သစ္စာလေးပါး မဖြစ်ပွားနိုင်ဘူးလို့ ဘုရားရှင် ဟောထားတယ်၊ ဒါကြောင့် သစ္စာလေးပါးဟာ ကိလေသာမိုး ရွာလျှင် သေတယ်။

မိုးမရွာတဲ့အခါကို **နွေ**လို့ ခေါ်တယ်၊ မိမိတို့ သန္တာန်မှာ ကိလေသာမိုး မရွာခဲ့လျှင် နွေနှင့်တူတယ်၊ နွေနှင့်တူလို့ ကိလေသာမရှိသူရဲ့ သန္တာန်မှာသာ သစ္စာဟာ ပေါက်ဖွားလာနိုင်တယ်၊ ဒါကြောင့် မိုးမှာသေလို့ နွေမှာရှင်တယ်လို့ ဆိုတယ်။

**"မိခင်သေမှ နို့စို့ရ"**ဆိုတဲ့စကားမှာ မိခင်ဆိုတာ တဏှာကို ဆိုလိုရင်းဖြစ်တယ်၊ တဏှာကို မိခင်ခေါ်ကြောင်း ဓမ္မပဒ အဋ္ဌကထာ၊ ပကိဏ္ဏကဝဂ်၊ လကုဏ္ဍက ဘဒ္ဒိယတ္ထေရဝတ္ထုမှာ တိုက်ရိုက် ဟောထားတာ ရှိတယ်ကွယ့်"

"ဘယ်လို ဟောထားပါသလဲဘုရား၊ အမိန့်ရှိပါဦး"

"လကုဏ္ဍကဘဒ္ဒိယဆိုတာ အလွန် ပုကွပြီး ရုပ်အဆင်းမလှဘူးတဲ့၊ အခါတစ်ပါး ဘုရားရှင်ရဲ့ထံပါးမှာ အာဂန္တုရဟန်းတော်များ ထိုင်နေကြတယ်၊ လကုဏ္ဍကဘဒ္ဒိယမထေရ်ဟာ ထို အာဂန္တုများအနီးက ဖြတ်သန်းကြွသွားတဲ့အတွက် အာဂန္တုကိုယ်တော်များ စိတ်မှာ အနှောင့်အယှက် ဖြစ်သွားကြသတဲ့၊ စက်ဆုပ်ဖွယ် ပုကွတဲ့ ဒီပုဂ္ဂိုလ်ဟာ ဘုရားရှင် ရှိပါသလားလို့လည်း ဂရုမစိုက်၊

http://www.dhammadownload.com



အာဂန္တုတွေကိုလည်း အရေးမထား၊ ကြွသွားလိုက်တာ အံ့ပါရဲ့လို့ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်ကြသတဲ့၊ အာဂန္တုကိုယ်တော်များရဲ့ စိတ်အကြံကို သိတော်မူလို့ ဘုရားရှင်က ကြွသွားတဲ့ လကုဏ္ဍကဘဒ္ဒိယမထေရ်ကို ညွှန်ပြပြီး–

ရဟန်းတို့...ဤရဟန်းကို သာမန်ရဟန်းလို့ မမှတ်ကြနှင့်၊ ဤရဟန်းဟာ အမိနှင့် အဖကို သတ်လာခဲ့တဲ့ ရဟန်းဖြစ်တယ်၊ မိဘကိုတောင် မကဘူး မင်းနှစ်ပါးကိုလည်း သတ်ခဲ့တယ်၊ အခွန်ကောက်တဲ့အမတ်ကိုလည်း သတ်ခဲ့တယ်၊ တိုင်းပြည်ကြီးကိုလည်း ဖျက်ဆီးခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ မိန့်တော်မူသတဲ့"

ဘုရားရှင် မိန့်တော်မူသံ ကြားတော့ အာဂန္တုများရဲ့စိတ်မှာ သို့လော သို့လော သံသယဖြစ်ခဲ့ကြတယ်၊ ဒီအခါမှ ဘုရားရှင်က–

"ရဟန်းတို့... အမိဆိုတာ တဏှာကို ခေါ်တယ်၊ အမိသည် သားသမီးကို ပေါက်ဖွားစေသလို တဏှာတရားကလည်း ဘဝကို ပေါက်ဖွားစေတယ်၊ အဖဆိုတာ မာနကို ဆိုလိုရင်း ဖြစ်တယ်၊ မာနသည် ထောင်လွှားတတ်သကဲ့သို့ အဖသည်လည်း ထောင်လွှားတတ်တယ်၊ မင်းနှစ်ယောက်ဆိုတာက သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိ နှစ်ပါးကို ဆိုလိုတယ်၊ မင်းဟာ တိုင်းပြည်ကို အုပ်ချုပ်နေသလို သဿတနှင့် ဉစ္ဆေဒဒိဋ္ဌိများလည်း ခန္ဓာကိုယ်ကို အုပ်စိုးနေကြတယ်၊ အခွန်ကောက်တဲ့အမတ်ဆိုတာက ခန္ဓာအပေါ် တပ်မက်တဲ့ နန္ဒီရာဂကို ဆိုလိုတယ်၊ ဒီ ရဟန်းဟာ တဏှာနှင့်မာနကိုလည်း သတ်ပြီးပြီ၊ သဿတနှင့် ဉစ္ဆေဒဆိုတဲ့ ဒိဋ္ဌိနှစ်ပါးကိုလည်း သတ်ပြီးပြီ၊ အခွန်ကောက်အမတ်နှင့်တူသော နန္ဒီရာဂကိုလည်း ပယ်ခွာပြီးပြီ၊ ဒါကြောင့် ဒီပုဂ္ဂိုလ်ဟာ ရဟန္တာကြီး ဖြစ်တယ်လို့ ဆိုလိုတယ်။

ဒီစကားရပ်မှာ ပါတဲ့ 'မာတရံ'ဆိုတဲ့ အမိနှင့် အခုပြဿနာမှာ ပါတဲ့ အမိဟာ အဓိပ္ပာယ်ချင်း တူညီတယ်၊ ဒါကြောင့် **အမိဆိုတာ** တဏှာကို ဟောတယ်လို့ မှတ်စေချင်တယ်၊ တဏှာဆိုတာ သစ္စာလေးပါးမှာ သမုဒယသစ္စာပဲကွယ့်၊ သမုဒယသစ္စာဟာ ဒုက္ခသစ္စာရဲ့ အကြောင်းဖြစ်တယ်၊ သမုဒယဆိုတဲ့ တဏှာသာ ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်အသစ်ကို ဖြစ်စေတယ်၊ ဒါကြောင့် မိခင်နှင့်တူတဲ့ တဏှာမသေသမျှ အရဟတ္တဖိုလ်ဆိုတဲ့ နို့ကို မစို့နိုင်ဘူး။

http://www.dhammadownload.com



မိခင်နှင့်တူတဲ့ တဏှာသေခဲ့လျှင် သမုဒယသစ္စာ ပြတ်သွားပြီ၊ သမုဒယသစ္စာ မဖြစ်တော့လျှင် ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်အသစ်ဟာ မဖြစ်နိုင်တော့ဘူး၊ ရုပ်နာမ်အသစ် ချုပ်ငြိမ်းခဲ့လျှင် နိရောဓသစ္စာ နိဗ္ဗာန်ဆိုတဲ့ နို့ကို စို့ရတော့တာပဲပေါ့။

"ဒါကြောင့် မိခင်သေမှ နို့စို့ရလို့ ပြဆိုထားခြင်း ဖြစ်တယ်၊ ဘယ့်နှယ် ဘုန်းကြီးရဲ့ အဖြေကို သဘောကျရဲ့လား"

"မှန်ပါ၊ လွန်စွာ သဘောကျလှပါတယ် ဘုရား"

သာဓု... သာဓု... သာဓု...



http://www.dhammadownload.com



# ဦးအောင်မြင့်အမေး

"ဟောဒီမေးခွန်းလွှာက ရမည်းသင်းမြို့နယ်၊ ပြည်တော်ကုန်းရပ်၊ ဦးအောင်မြင့်ထံမှ လျှောက်ထားတဲ့ အမေးလွှာ ဖြစ်ပါတယ်"

"ဦးအောင်မြင့်ရဲ့ မေးခွန်းက ဘာတွေများလဲကွယ့်"

"ဦးအောင်မြင့်ဆီက မေးခွန်း ၄-ပုဒ် ပါပါတယ်ဘုရား"

(က) ကံသုံးပါးတို့တွင် မနောကံသက်သက်ဖြင့်(စိတ်ကူးဖြင့်) ပြစ်မှားပါက အပြစ်ရှိပါသလား။

(ခ) အမျိုးသမီးအပေါ် စိတ်ဖောက်ပြန် ကြံစည်မှုဖြင့် ပြစ်မှားမိပါက ၎င်း၏ အကျိုးအပြစ်ကို သိပါရစေ။

(ဂ) ဘုရားဂုဏ်တော် ပွားများခြင်း၊ မေတ္တာပွားများခြင်းသည် ကာမာဝစရ ကံလော၊ မဟဂ္ဂုတ်ကံလော၊

(ဃ) ပါရာဇိကကျပြီး ရဟန်း၏ ယခုဘဝနှင့် နောင်ဘဝ အကျိုးအပြစ်များ ခွဲခြား စိစစ်ပေးပါရန်။

ဒီမေးခွန်းလေးခုတို့က ဦးအောင်မြင့်ရဲ့ မေးခွန်းများ ဖြစ်ပါတယ်ဘုရား။

"ဖြေကြစို့ကွယ့်"

"ဖြေတော်မူပါဘုရား"

ကံသုံးပါးတို့တွင် မနောကံသည် အပြစ်ကြီးမားကြောင်း (မဇ္ဈိမပဏ္ဏာသ ဂဟပတိ)သုတ်၌ ဟောသည်ကို တွေ့ပါလိမ့်မည်၊ ထိုသုတ်၏ ဆိုလိုချက်မှာ ကာယကံပင်ဖြစ်စေ, ဝစီကံပင်ဖြစ်စေ မနောဟူသော စိတ်မပါလျှင် မည်သည့် အပြစ်မှ မဖြစ်ပါ၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းစသော အကုသိုလ်ကံတို့တွင် စိတ်ပါမှ ကံမြောက်သည်၊ စိတ်မပါလျှင် ကံမမြောက်

http://www.dhammadownload.com



သဖြင့် မနောကံ အားကြီးကြောင်းကို ဟောပါသည်၊ သို့သော် မနောကံသက်သက် စိတ်ကူး ပြစ်မှားရုံမျှဖြင့်ကား **"မနောဒွါရေ အာပတ္တိ နာမ နတ္ထိ"**ဟု ဆိုသည့် အတိုင်း အပြစ်မရှိဟု မှတ်ယူစေလိုပါသည်။

သို့သော် အချို့သော ပုဂ္ဂိုလ်များ၏ စိတ်ကား အလွန်ဆန်းကြယ်သဖြင့် သူတစ်ပါးအသက်ကို စိတ်ဖြင့်သော်လည်း သတ်နိုင်ပါသည်၊ ဤနေရာမှာ သူ့အသက် သတ်ရာ၌ ပယောဂ ၆-မျိုး ပြထားပါသည်။

(၁) **သာဟတ္ထိက** = မိမိလက်ဖြင့် သတ်ခြင်း၊
(၂) **အာဏတ္တိက** = သူတစ်ပါးကို စေခိုင်း၍ သတ်ခြင်း၊
(၃) **နိဿဂ္ဂိယ** = သေနတ် စသည်ဖြင့် ပစ်သတ်ခြင်း၊
(၄) **ထာဝရ** = တွင်းတူးခြင်း၊ ချုပ်ပိထောင်ခြင်း စသည်ဖြင့် သတ်ခြင်း
(၅) **ဝိဇ္ဇာမယ** = အတတ်ပညာဖြင့် သတ်ခြင်း၊
(၆) **ဣဒ္ဓိမယ** = စိတ်တန်ခိုးဖြင့် သတ်ခြင်း၊

ဤပယောဂ ၆-မျိုးအနက် "ဣဒ္ဓိမယ"ဆိုသည်မှာ စိတ်တန်ခိုးဖြင့် ပြီးခြင်းကို ဆိုလိုပါသည်။

**အမှတ်(ခ)ပုစ္ဆာအရ** အမျိုးသမီးအပေါ် စိတ်ဖောက်ပြန် ကြံစည်မှုဖြင့် ကာမေသုမိစ္ဆာစာရကံမျိုး မဖြစ်နိုင်သေးပါ၊ သို့သော် အမျိုးသမီးအပေါ် မကျူးလွန်နိုင်သည့်တိုင် မအောင့်နိုင်၍ သုက္ကဝိဿဋ္ဌိမျိုး ဖြစ်ခဲ့ပါမူကား ရဟန်း၌ သံဃာဒိသိသ်အာပတ် သင့်ရောက်သကဲ့သို့ လူ၌လည်း အပြစ်ကား ရှိပါ၏၊ သို့သော် ကမ္မပထ မမြောက်သောကြောင့် အပါယ်သို့ ပစ်ချလောက်သော အပြစ်ကား မဖြစ်ဟု မှတ်ယူစေလိုပါသည်။

**အမှတ်(ဂ)ပုစ္ဆာအရ**- ကုသိုလ်ဆိုသည် ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ် ကုသိုလ်၊ လောကုတ္တရာကုသိုလ် ဟူ၍ သုံးပါးရှိ၏၊ ကာမာဝစရကုသိုလ်စိတ် ၈-ခုကို **ကာမကုသိုလ်**ဟု ခေါ်သည်၊ ရူပကုသိုလ် ၅-ခု၊ အရူပကုသိုလ် ၄-ခု ပေါင်း ၉-ခုကို မဟဂ္ဂုတ်ကုသိုလ်ဟု ခေါ်၏၊ သောတာပတ္တိမဂ် စသော မဂ် ၄-ပါးကို လောကုတ္တရာကုသိုလ်ဟု ခေါ်၏။

ကာမကုသိုလ်သည် မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်တို့၏ အခြေခံဖြစ်၍ မဟာကုသိုလ်ဟု ခေါ်သည်။

http://www.dhammadownload.com



အကြင်ပုဂ္ဂိုလ်သည် သမထတရား အားထုတ်၍ ဈာန်မရမီသည် ကာမကုသိုလ်သာ ဖြစ်ခွင့်ရှိသည်၊ ထို့အတူ ဝိပဿနာတရား ပွားများ၍ မဂ်မရသေးသမျှ ကာမကုသိုလ်သာ ဖြစ်ခွင့်ရှိသည်၊ ထို့ကြောင့် ဘုရားဂုဏ်တော် ပွားများခြင်း၊ မေတ္တာတရား ပွားများခြင်းသည် ကာမကုသိုလ် အဆင့်မျှသာ ရှိပါသေးသည်၊ အကယ်၍ ဈာန်ရပါမူကား မဟဂ္ဂုတ်ကုသိုလ် ဟု ခေါ်ဆိုနိုင်ပါသည်။

**အမှတ်(ဃ)ပုစ္ဆာအရ**- ပါရာဇိက စသော အာပတ်သင့်သောရဟန်း အတွက် အဖြေအသီးသီး ရှိပြီး ဖြစ်ပါသည်၊ ရဟန်းတော်များ သင့်ရောက်သော အာပတ်သည်- ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသီဟူ၍ ၇-ပါးရှိသည်၊ ၎င်း၏ အတိုချုပ်ကား- (ပါ၊ သံ၊ ထုံ၊ ပါ၊ ပါ၊ ဒုဋ်၊ ဒုဗ်)ဟု ခေါ်ပါသည်။

ရဟန်းမှန်လျှင် ဤ အာပတ် ၇-ပါး တစ်ပါးပါး ဧကန်သင့်ရမည်၊ အာပတ်မသင့်သော ပုဂ္ဂိုလ်ကား ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သာ ရှိသည်၊ ထို့ကြောင့် ရဟန်းနှင့် အာပတ်ကား ဘာမျှ အထူးအဆန်း မဟုတ်ပါ၊ အာပတ်သင့်သော် ထိုအာပတ် ပျောက်အောင် ဖြေတတ်ရမည်၊ ဒုဗ္ဘာသီ၊ ဒုက္ကဋ်၊ ပါဋိဒေသနီ၊ ပါစိတ်၊ ထုလ္လစ္စည်းအာပတ်တို့ကို ရဟန်းတစ်ပါးထံ မိမိ၏အပြစ် ပြောပြရုံနှင့် အာပတ်ကင်းပါသည်။

သံဃာဒိသိသ်အာပတ် သင့်လျှင် ဝတ်ဆောက်တည်ရသည်၊ မာနတ် ကျင့်ရသည်၊ အဗ္ဘာန်သွင်းရသည်၊ ပါရာဇိကကျလျှင် လူထွက်ရသည်။

ဒါကြောင့် ရဟန်းမှန်လျှင် အာပတ်သင့်ရမည်၊ အာပတ်ကို ရဟန်းက ကြောက်ဖို့ မလိုပါ၊ စင်ကြယ်အောင် ပြုပြီးလျှင်လည်း ရဟန်း၌ ဘာအပြစ်မျှ မရှိပါ၊ ထို့ကြောင့် သာသနာတော်၌ ရဟန်းတော် ဝတ်စောင့်လျှင် ဘာကြောင့် ဝတ်စောင့်မှန်း ဒါယကာများ သိကြပါသည်၊ သို့သော် ဒီကိုယ်တော် ဟာ သည်လို မလျှော်တဲ့အမှုကြောင့် ဝတ်စောင့်ရသည်ဟု ဘယ်သူကမျှ ကဲ့ရဲ့ခြင်း မရှိပါ၊ လောက၌ အပြစ်မရှိသကဲ့သို့ သံသရာမှာလည်း အပြစ်မရှိပါ ဟု ဖြေလိုက်ပါတယ်ကွယ်"

http://www.dhammadownload.com



# ဒေါ်နွယ်နွယ်၏မေးခွန်း

ဟောဒီစာက မိုးညှင်း မ/၃၊ အရှေ့စု နွယ်နွယ် ဆိုသူထံမှ အမေး ပြဿနာများ ဖြစ်ပါတယ်ဘုရား"

"နွယ်နွယ်ဆိုတဲ့အမည်ကို ထောက်လို့ မေးသူဟာ မိန်းကလေးနှင့် တူတယ်ကွယ့်"

"မှန်ပါ၊ လက်ရေးကလည်း မိန်းကလေးလက်ရေးပါပဲဘုရား၊ သို့သော် လည်း အခုခေတ်က မိန်းကလေးကလည်း ယောကျ်ားအမည်မှည့်ပြီး ယောကျ်ား ကလေးကလည်း မိန်းကလေးအမည် မှည့်တတ်တာမို့ ကေန် မိန်းကလေးပဲ လို့တော့ မပြောနိုင်ပါဘူးဘုရား"

"မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အထီးအမက ပဓာနမဟုတ်ပါဘူး၊ ပြဿနာက ပဓာနဖြစ်လို့ သူ့ပြဿနာကို ပြောစမ်းပါဦး"

(၁) သူ့ရဲ့ပြဿနာက တစ်ရံရောအခါက သူဟာ ဘုန်းကြီးကျောင်းဝင်းအတွင်း ဖိနပ်စီးဝင်ပြီး ခြတ်ပုံ ရိုက်ဖူးသတဲ့၊ ဘုန်းကြီးကျောင်းဝင်း ဘုရားဝင်း အတွင်း ဖိနပ်မစီးရဘူးလို့ သူ့မိဘများက ပြောထားလို့ သိပါသတဲ့၊ သိကောင်းလျက်နှင့် အဝင်နက်ပြီး ဖိနပ်စီးမိတဲ့အပြစ်ကို ဘယ်လို ဖြေ ဖျောက်ရမလဲဆိုတာ မသိလို့ ဆရာတော်ထံ မေးလျှောက်ခြင်း ဖြစ်ပါ သတဲ့ဘုရား"

"ဘုန်းကြီး ကျောင်းဝင်းအတွင်း ဘိနပ်စီးသင့်, မစီးသင့် ပြဿနာဟာ ယခုအခါ မြန်မာနိုင်ငံတော်မှာ တော်တော် ကျယ်လောင်နေတယ်ကွယ့်၊

http://www.dhammadownload.com



အချို့ကျောင်း များမှာ ဖိနပ်စီးခွင့် ပြုထားကြောင်း သိရတယ်၊ သည်ဟာကို ထောက်သောအားဖြင့် ဘုန်းကြီးကျောင်းဝင်းအတွင်း ဖိနပ်စီးတာဟာ သိပ် အပြစ်ကြီးဖို့ မရှိပါဘူး၊ သို့သော် မရိုသေလိုတဲ့စိတ်နှင့် တမင်စီးလျှင်တော့ အပြစ်ဖြစ်မှာပေါ့ကွယ်၊ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး ဓားခွဲခံရခြင်းဟာ မရိုသေ၊ မလေးစားသော ပဒုဋ္ဌစေတနာကြောင့်ပါ၊ နွယ်နွယ်ကတော့ ဓာတ်ပုံရိုက်ချင် တဲ့စိတ်က လွှမ်းမိုးနေလို့ မရိုသေခြင်း ပဒုဋ္ဌစိတ်မျိုးတော့ ရှိမယ် မဟုတ်ပါဘူး"

(၂) အရှင်ဘုရား နွယ်နွယ်က ဒုတိယပြဿနာတစ်ခု ဆက်ခဲ့ပါသေးတယ် ဘုရား။

"ဆိုစမ်းပါဦး၊ ဒုတိယပြဿနာ"

"နွယ်နွယ်ရဲ့ **ဒုတိယပြဿနာ**က နွယ်နွယ်ရဲ့ မိဘများက မဆိုဖို့၊ မဆဲဖို့၊ မဟုတ်မတရား မပြောဖို့ ဆုံးမထားပါသတဲ့၊ သို့သော်လည်း သူဟာ ပါးစပ်ကိုလုံအောင် မစောင့်နိုင်ပါဘူးတဲ့၊ သူတစ်ပါးအပေါ် ဆိုမိ ပြောမိခြင်းများ ဖြစ်ခဲ့ဖူးပါသတဲ့၊ အဲဒီအမှုဟာကော ချေဖျက်လို့ ရနိုင်ပါသလားတဲ့ဘုရား"

"သူတစ်ပါးအပေါ် ဆိုမိပြောမိသော် အပြောအဆို ခံရသူကို ဝန်ချ တောင်းပန်ခဲ့လျှင် အဲဒီအမှုကို ချေဖျက်လို့ရပါတယ်၊ အမုကာသိ ပြည့်တန်ဆာမ ဟာ ကဿပဘုရားလက်ထက်မှာ သီလနှင့်ပြည့်စုံတဲ့ ဘိက္ခုနီမ ဖြစ်ခဲ့ဖူးတယ်၊ သို့သော် ရဟန္တာမတစ်ပါးကို ပြည့်တန်ဆာမလို့ ဆဲရေးခဲ့ဖူးလို့ ငရဲကိုလည်း ရောက်တယ်၊ အခုဘဝမှာလည်း ပြည့်တန်ဆာမ ဖြစ်ရတယ်၊ အကယ်၍ ထိုစဉ်က ရဟန္တာမကို တောင်းပန်ခဲ့လျှင် ဤမျှ နစ်နစ်နာနာဖြစ်ဖို့ မရှိဘူးပေါ့။

အမ္ဗပါလိကာထေရီမလည်း ဖုဿဘုရားလက်ထက်မှာ ဘုရားရှင်ရဲ့ နှမတော်ဖြစ်လို့ တရားလည်း နာ၊ အလှူလည်း ပေးခဲ့တယ်၊ သိခီဘုရား လက်ထက်မှာ ဘိက္ခုနီမ ဖြစ်တယ်၊ တစ်နေ့မှာ များစွာသော ဘိက္ခုနီမများ နှင့် စေတီတော်ကို လက်ယာရစ်ရှိခိုးကြရင်း ရဟန္တာမ ချေဆတ်လို့ ကျရစ်တဲ့ တံတွေးပေါက်ကို ဘယ် ပြည့်တန်ဆာမ ထွေးခဲ့သနည်းလို့ ဆဲဆိုမိတဲ့အတွက် ယခုဘဝမှာ ပြည့်တန်ဆာမ ဖြစ်လာရသတဲ့၊ အကယ်၍ ထိုစဉ်က ရဟန္တာမကို တောင်းပန်ခဲ့လျှင် ယခုလို အပြစ်ခံရမည် မဟုတ်ဘူးပေါ့၊ ဒီနေရာမှာ သိစရာ ပြောလိုက်ရဦးမယ်"

http://www.dhammadownload.com



"မိန့်တော်မူပါဘုရား"

"သံသရာဆိုတာ အစဘယ်မှာ မသိ၊ အဆုံးဘယ်မှာ မသိ၊ အလွန်ရှည်လျားတယ်၊ အဲဒီလောက် ရှည်လျားတဲ့ သံသရာမှာ ကျင်လည်ရစဉ် အမေကိုလည်း ဆိုမိတတ်တယ်၊ အဖေ၊ လင်၊ သား အစရှိသည်တို့ကိုလည်း ဆိုမိတတ် ဆဲမိတတ်ကြတယ်၊ ဘယ်သူမျှ ဝစီဒုစရိုက်က လွတ်လိမ့်မယ် မထင်ဘူး၊ အဆိုအဆဲခံရသူကို တောင်းပန်ဖို့ဆိုတာကလည်း သူက ဘယ်ဘဝ ရောက်နေမှန်း မသိတော့ အလွန်ခက်ခဲတယ်။

အဲဒီအပြစ်တွေကို ဘယ်လို ချေဖျက်ရသလဲဆိုတော့ လောကမှာ ဘုရားရှင်ဟာ အကြီးဆုံး အမြတ်ဆုံး ဖြစ်တယ်၊ ဘုရားရှင် ထံတော်မှာ ရှိခိုးရင်း ဝန်ချ တောင်းပန်ရတယ်၊ ဘုရားရှင်ထံတော်မှာ ဝန်ချ တောင်းပန်လျှင် သံသရာမှာ ပြစ်မှားခဲ့မိသမျှ အပြစ် အားလုံး ကျေတယ်လို့ မှတ်ရတယ်။

ဒါကြောင့် နှုယ်နှုယ်မှာ ဆိုပြောမိတဲ့ အပြစ်မျိုးရှိလျှင် ဘုရားရှင်ထံ ဝန်ချ တောင်းပန်ပါလို့ တိုက်တွန်း လိုက်ပါတယ်ကွယ်"

(၃) နှုယ်နှုယ်ရဲ့ **တတိယပြဿနာ** ကျန်ပါသေးတယ် ဘုရား။

"ဆိုစမ်းပါဦး၊ တတိယပြဿနာက ဘာတဲ့တုံး"

"တတိယပြဿနာက ၈-ပါး၊ ၉-ပါး၊ ၁၀-ပါး သီလ ဥပုသ်စောင့် ကြတဲ့အခါ ဝါတွင်းနှင့် ဥပုသ်နေ့များ၌ စောင့်ကြပါသတဲ့၊ အခြားနေ့များကော မစောင့်ကောင်းဘူးလားတဲ့ ဘုရား၊ အကယ်၍ ဥပုသ်နေ့မဟုတ်ဘဲ ဥပုသ် စောင့်သော် အကျိုးရ, မရ သိလိုပါသတဲ့ ဘုရား"

"ဥပုသ်နေ့လို့ ရက်သတ်မှတ်ထားတာက သတ်မှတ်ထားတဲ့ရက်မှာ ဥပုသ်စောင့်နိုင်အောင်လို့ ဖြစ်တယ်၊ ဥပုသ်စောင့်တယ်ဆိုတာ ဘယ်နေ့ပဲ စောင့်စောင့် အကျိုးရမြဲ ဖြစ်တယ်ကွယ့်၊ မဟာဇနကဇာတ်တော်မှာ ဇနကမင်း ဟာ သင်္ဘောပျက်တော့ သမုဒ္ဒရာတွင်း ကူးခတ်ရင်း ဥပုသ်စောင့်တယ်လို့ ဆိုတယ်၊ ဒါကြောင့် ဥပုသ်ဆိုတာ ဘယ်နေ့ စောင့်စောင့် ဥပုသ်ရဲ့အကျိုးကို ရမြဲပါပဲ၊ ဘယ်အခါစောင့်စောင့် စောင့်ရောက်လျှင် ဖြစ်ပါလျက်နှင့် ဘာကြောင့် ဥပုသ်နေ့ထားရတာလဲဆိုတော့ ဥပမာမှာ အလုပ်ဆိုတာ ဘယ်အချိန်လုပ်လုပ် ဖြစ်သော်လည်း အလုပ်ချိန်သတ်မှတ်ပေးထားတော့ အလုပ်လုပ်ဖြစ်တဲ့ ဥပမာလို

http://www.dhammadownload.com



ဥပုသ်ဆိုတာ ဘယ်အခါစောင့်စောင့် ရပါတယ်၊ ဥပုသ်နေ့သတ်မှတ်တာက လူအများ ဥပုသ်စောင့်ဖြစ်အောင် သတ်မှတ်ခြင်း ဖြစ်တယ်လို့ မှတ်သင့်တယ် ကွယ့်"

(၄) "**နွယ်နွယ်ရဲ့ ပြဿနာက စတုတ္ထတစ်ပုဒ်**ကျန်ပါသေးတယ်ဘုရား၊ ခုအခါ ဘုရားကျောင်းဆောင်မှာ နေ့ရောညပါ ဆွမ်း၊ သစ်သီးသစ်ဥများ ဆက်ကပ်နေကြပါတယ်၊ အဲဒါ သင့်, မသင့် လျှောက်ထားတာပါ ဘုရား"

"ဘုရားရှင်ဟာ ကေဘတ္တိကဆွမ်း တစ်ခါတည်းသာ စားတယ်၊ ဆွမ်းစားတာလည်း မွန်းမတည့်မီအတွင်း ဖြစ်တယ်၊ မွန်းလွဲလျှင် မည်သည့် အာဟာရကိုမျှ မစားဘူး၊ ဒါကြောင့် ဘုရားဆွမ်းတော်ကပ်လျှင် နံနက်ပိုင်းသာ ကပ်လှူသင့်တယ်၊ ညနေကို မကပ်လှူ ကောင်းပါဘူး။

မင်းတုန်းမင်းလက်ထက်က ဆွမ်းတော်ကြီးဆိုတာ ပေါ်လာပြီး ညနေ အလှူခံ၊ နံနက်ဆွမ်း ကပ်ကြတယ်၊ အလှူရှင်တွေက များတော့ မနက်မှ ပြင်နေလျှင် ပြီးမှာမဟုတ်ဘူး၊ ဒါကြောင့် ညနေကတည်းက ပြင်ဆင်ထားရ တယ်၊ ဘုရားဆွမ်းကပ်တော့ နံနက် အရုဏ်တက်ပြီးမှ ကပ်တာပါပဲ၊ အဲဒီ ဆွမ်းတော်ကြီး အစီအစဉ်ကို အမှီပြုပြီး နောက်လူများက တစ်နေ့လုံး ကပ်နေကြဟန် တူပါတယ်၊ အမှန်တော့ ဘုရားရှင်ကို ဆွမ်းကပ်တာဟာ နံနက်မှ ကပ်သင့်တာ အမှန်ပါပဲကွယ်"

သာဓု– သာဓု– သာဓု

http://www.dhammadownload.com

# ဦးထွန်းညွန့်အမေး

"ဟောဒီစာက ပေုတောမြို့က အငြိမ်းစား ကျောင်းဆရာကြီး ဦးထွန်းညွန့် ရဲ့ မေးလျှောက်လွှာပါ ဘုရား"

"ဦးထွန်းညွန့်က ဘာတွေ မေးလျှောက်သလဲကွယ့်"

"မှန်ပါ ဦးထွန်းညွန့်က ပုစ္ဆာ ၃-ပုဒ် မေးထားပါတယ်ဘုရား၊

(၁) ပထမပုစ္ဆာက တန္တရ,မန္တရဂိုဏ်းကို သူ နားမလည်လို့ ရှင်းပြစေချင်ပါသတဲ့၊

(၂) ဒုတိယပုစ္ဆာကတော့ သမ္ဗုဒ္ဓေ၊ ပရိမိတ္တဇာလသုတ်၊ ပရိတ်ကြီးသုတ်များကို ရွတ်ဖတ် ပူဇော်ထိုက်ပါသလားတဲ့၊

(၃) တတိယပုစ္ဆာက ထိုသုတ်များကို ရွတ်ဖတ် ပူဇော်သူများ ကုသိုလ်ရကြပါသလားတဲ့ဘုရား၊

ဆရာဦးထွန်းညွန့်ရဲ့ အမေးက ဒီ ၃-ပုဒ်မျှသာ ဖြစ်ပါတယ်ဘုရား"

"ဦးထွန်းညွန့်ရဲ့ အမေး ၃-ပုဒ်ထဲက **ပထမပုစ္ဆာ**ကို ဦးစွာ ဖြေဆိုမယ်ကွယ့်၊ တန္တရ, မန္တရဂိုဏ်းဟာ မြန်မာနိုင်ငံကို တိုက်ရိုက်တော့ မရောက်ပါဘူး၊ သွယ်ဝိုက်လို့တော့ နည်းနည်းပါးပါး ရောက်တယ်ကွယ့်။

တန္တရဆိုတဲ့စကားဟာ (ကျမ်းဂန်)ဆိုတဲ့အနက်ကို ဟောတယ်လို့ ဆိုကြတယ်၊ သို့သော် မဂဓအဘိဓာန်မှာတော့ ကျမ်းဂန်ဟော တန္တရပုဒ် မရှိဘူးကွယ့်၊ ပိဋကတ်တော်မှာ တန္တရပုဒ် မရှိရခြင်းသည် တန္တရ, မန္တရ အတတ်ဟာ ဗုဒ္ဓသာသနာတော်နှင့် မသက်ဆိုင်လို့ဖြစ်တယ်။

အခြားကဝင်လာတဲ့ သည် တန္တရ, မန္တရဝါဒဟာ ထေရဝါဒသာသနာနှင့် လုံးဝ မသက်ဆိုင်ဘူး၊ သာသနာတော်နှင့် မအပ်စပ်တဲ့ သည်ကျမ်းတွေက ဘာကျမ်းလဲဆိုတာကို မိဂဒါဝုန် ဦးကိတ္တိမရေးတဲ့ "မဇ္ဈိမဒေသဌ် ဗုဒ္ဓသာသနာ ထွန်းကားပုံနှင့် ကွယ်ပသွားပုံ"မှ ထုတ်နုတ်ဖော်ပြဦးမယ်။

http://www.dhammadownload.com



မဟာယာနရဟန်းတို့သည် ထေရဝါဒရဟန်း များ၏ ပိဋကတ်တော်ကို သက္ကတဘာသာ ပြန်ဆိုရေးသားရန် ကြိုးစားကြပါသော်လည်း အချိန်ကောင်းစွာ မရသဖြင့် တော်ရုံလျော်ရုံ တတ်အားသမျှ တစ်စွန်း တစ်စ အနည်းငယ်သော ပုဒ်ပါဠိဂါထာမျှကိုသာ ထုတ်နုတ်ပြီး ကမောက်ကမ ရှေ့နောက်မညီမျှသော ဗောဓိသတ္တ၏ တန်ခိုးအာနုဘော်ဆိုင်ရာ (၁) မဉ္ဇုသြီရိမူလကပ္ပ၊ (၂) ဂုဟျ သမဇ္ဇ၊ (၃) စကြသံဝရ စသော မန္တာန်ကျမ်းငယ်များကို ဂုတ္တအနွယ်ဝင် မင်းများ စိုးစံစအခါမှစ၍ (ဟရသျှဝရဓ)မင်း လက်ထက်တော်တိုင်အောင်သော ကာလအတောအတွင်း ရေးသားစုဆောင်းကြလေသည်။

ပြဆိုခဲ့သော မဉ္ဇုသြီရိမူလကပ္ပကျမ်းစာသည် မန္တန်၊ အင်းအိုင်တည်း ဟူသော လောကီအတတ်ပညာကို အားပေး၍ ဂုဟျသမဇ္ဇကျမ်းသည် ဘိုက်ရ ဝိစကြ တည်းဟူသော သေရည်သေရက်သောက်စား၍ မာတုဂါမဟူသမျှတို့နှင့် မြူးတူး ပျော်ပါးခြင်းတည်းဟူသော ကာမဂုဏ်အလုပ်မျိုးကို အားပေးသည်။


ဤကာမဂုဏ်ကျူး အကျင့်ထူးသော ရဟန်းဆိုး၊ ရဟန်းယောင်တို့၏ အပြုအမူကြောင့် မဟာယာနဝါဒသည် မန္တရယာန သို့မဟုတ် တန္တရယာန၊ ဝိဇ္ဇာယာနအဖြစ်သို့ ပြောင်းလွဲလာပြီးလျှင် ခရစ်နှစ် ၇၀၀–တိုင်အောင် မထင်မရှားသောနည်းဖြင့် လျှို့ဝှက် တွင်ကျယ်လေ၏။

သည်စကားရပ်က မိဂဒါဝုန် ဦးကိတ္တိမရဲ့ ရေးသားချက်က ထုတ်နုတ်ဖော်ပြတဲ့စကားဖြစ်တယ်၊ ဒါကြောင့် တန္တရဆိုတာ မဟုတ်တရုတ်ကျမ်းဂန်နှင့် မန္တရဆိုတာက ဟိန္ဒူဝါဒကလာတဲ့ ဥုံ ဩော်င်းစသော မန္တန်များလို့ မှတ်ယူစေချင်တယ်။

**ဒုတိယပုစ္ဆာ**အရ သမ္ဗုဒ္ဓေအစရှိတဲ့ဂါထာများဟာ မရေမတွက်နိုင်သော ဘုရားရှင်များကို ရှိခိုးပူဇော်ခြင်း ဖြစ်လို့ အလွန်ကုသိုလ်ရပါတယ်၊ ပရိတ် ရွတ်ခြင်း၊ ပဋ္ဌာန်းစီးဖြန်းခြင်းများလည်း ရွတ်ဖတ်နေစဉ်အတွင်း လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားများ ကင်းစင်နေတဲ့အတွက် အလွန် ကုသိုလ် ရပါတယ်၊ မိမိတို့ရတဲ့ ကုသိုလ်တရားက အတိတ်မှအကုသိုလ်ရဲ့အကျိုးများကို ပယ်ဖျက်နိုင်တဲ့အတွက် ယခုဘဝမှာလည်း ဘေးရန်အန္တရာယ် ကင်းရှင်းနိုင်တဲ့ အတွက် တတ်နိုင်သမျှ စီးဖြန်းသရဇ္ဈာယ်ပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# မတသန္တက

"ဟောဒီစာက ထီးချိုင့်မြို့၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးထွန်းအောင်ထံမှ တစ်ဆင့် မေးမြန်းတဲ့စာ ဖြစ်ပါတယ်ဘုရား"

"ဦးထွန်းအောင်မှတစ်ဆင့်ဆိုတော့ မူလ မေးသူက ဘယ်သူလဲ၊ သူကိုယ်တိုင် မမေးဘဲ ဘာကြောင့် ဦးထွန်းအောင်ကို အမေးခိုင်းတာလဲကွယ့်"

"မှန်ပါ... မူလ မေးသူကတော့ ဦးအောင်သန်း(အမျိုးသားညီလာခံ ကိုယ်စားလှယ်) စစ်ကိုင်းတိုင်း၊ မော်လိုက်ကဖြစ်ပါတယ်၊ ဦးအောင်သန်းဟာ ဒီပုစ္ဆာကို သူကိုယ်တိုင်မေးဖို့ စာအိတ်နှင့် ထည့်ယူခဲ့ပါတယ်၊ အမျိုးသား ညီလာခံမှာ ထီးချိုင့်ကိုယ်စားလှယ် ဦးထွန်းအောင်နှင့် တွေ့လို့ တစ်ဆင့် မေးလျှောက်ခြင်း ဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ သူ့အမေးက ဘာတွေများတုံး"

၁။ သူ့အမေးကတော့ မတသန္တကကျောင်းဆိုသည်မှာ ဘယ်လိုကျောင်းမျိုးကို ခေါ်ဆိုပါသလဲ။

၂။ ၎င်းမတသန္တကကျောင်းကို မည်သည့်ပုဂ္ဂိုလ်များ ကျောင်းထိုင်ရပါသလဲ။

၃။ ၎င်း မတသန္တကကျောင်းကိုထိုင်ဖို့ ဘုန်းတော်ကြီးတစ်ပါးကို ကျောင်းတင်ရာတွင် မည်သည့် ပုဂ္ဂိုလ်များမှ ကျောင်းတင်ရပါသလဲ၊ (ဥပမာ) မြို့နယ်ထဲမှ ဘုန်းတော်ကြီးများကိုသာ ကျောင်းတင်ရပါသလား၊ အခြား မြို့နယ်မှ ဘုန်းကြီးများ ကျောင်းလာတင်နိုင်ပါသလား၊ လူပုဂ္ဂိုလ်များက ကျောင်းတင်လို့ ရပါသလား။

ဒီပုစ္ဆာ ၃-ချက်က ဦးအောင်သန်းရဲ့အမေးပုစ္ဆာ ဖြစ်ပါတယ်ဘုရား"

http://www.dhammadownload.com



## အမေး ၁-အဖြေ

"ဒီအမေးများကို ဝိနယသမူဟ ဝိနိစ္ဆယကျမ်းက ကောက်နုတ်ပြီး အကျဉ်းချုပ် ဖြေလိုက်ပါမယ်၊ မတသန္တကဆိုတာ သေသောရဟန်း၏ပစ္စည်း လို့ ဆိုလိုတယ်၊ ဒီနေရာမှာ ပစ္စည်းက နှစ်မျိုးရှိသကွယ့်"

"ဘယ်လို နှစ်မျိုးပါလဲဘုရား"

"နှစ်မျိုးဆိုတာက ပုဂ္ဂလိကပစ္စည်းနှင့် သံဃိကပစ္စည်းကို ဆိုတာပါ၊ ပုဂ္ဂလိကပစ္စည်းဆိုတာက ပုဂ္ဂိုလ်ကို ရည်မှတ်လှူတဲ့ပစ္စည်းဖြစ်တယ်၊ သံဃိက ဆိုတာက ပုဂ္ဂိုလ်တစ်ပါးတည်း ရည်ညွှန်းတာ မဟုတ်ဘူး၊ အားလုံး ရဟန်း များကို ရည်ညွှန်းတဲ့ ပစ္စည်းဖြစ်တယ်၊ ဒီနေရာမှာ သတိပြုစရာတစ်ခု ပြောရ ဦးမယ်"

"မိန့်တော်မူပါဘုရား"

"ရဟန်းဆိုတာ သင်္ကန်းဝတ်တဲ့အချိန်ကစပြီး ကိုယ်ပိုင်ပစ္စည်း ဘာမျှ မရှိတော့ဘူး၊ ယုတ်စွအဆုံး ဒုကုဋ်၊ ကေသိ၊ သင်းပိုင်၊ သပိတ်တို့ကို ရဟန်းပြုစက ဒါဟာ သင်ပိုင်တဲ့ သင့်ရဲ့ပစ္စည်းလို့ ဆရာက ပြောခဲ့သော်လည်း မိမိက ကိုယ်ပိုင်လို့ မယူဆရဘူး၊ ဒါကြောင့် အဲဒီသင်္ကန်း သပိတ်တို့ကို ၁၀- ရက်အတွင်း ဝိကပ္ပနာသော်လည်းပြု၊ အဓိဋ္ဌာန်သော်လည်း တင်ရတယ်၊ ဝိကပ္ပနာ မပြု၊ အဓိဋ္ဌာန် မတင်ဘဲ သုံးဆောင်ခဲ့လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်တယ်၊ ဒါကြောင့် ရဟန်းပစ္စည်းဆိုတာဟာ ဒကာလှူတဲ့ ပစ္စည်း ဖြစ်တယ်၊ ဒကာက အဲဒီ ကိုယ်တော်တစ်ပါးတည်း ရည်ညွှန်းပြီး လှူခဲ့လျှင် ပုဂ္ဂလိကပစ္စည်းဖြစ်တယ်၊ ဒကာက အဲဒီကိုယ်တော် တစ်ပါးတည်း ရည်ညွှန်း သည် မဟုတ်၊ အားလုံး သံဃာကို ရည်ညွှန်းခဲ့လျှင် သံဃိကပစ္စည်းဖြစ်တယ်။

**မတသန္တက**ဆိုတာက သေလွန်သောရဟန်းရဲ့ သူပိုင်ပုဂ္ဂလိကပစ္စည်းကို ဆိုလိုတယ်၊ အများသံဃာကို လှူထားတဲ့ သံဃိကပစ္စည်းကို သေလွန်သူ ရဟန်းဟာ သူ့ကျောင်းမှာ ဖြစ်ခဲ့လျှင် သူဟာ ထိန်းသိမ်းပိုင်ခွင့် ရှိတယ်၊ သို့သော် သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်း မဟုတ်လို့ ပြုဖွယ်ကိစ္စ ကြုံခဲ့လျှင် သံဃာကို ပန်ကြားရတယ်၊ ဥပမာ-ကျောင်းဝင်းအတွင်း သံဃိကသစ်ပင်ကြီး ရှိတယ်၊ အဲဒီ သစ်ပင်ကြီးကို ခုတ်လှဲချင်တယ်ဆိုလျှင် သံဃာကို ပန်ကြားပြီးမှ

http://www.dhammadownload.com



ခုတ်လှဲရတယ်၊ ကိုယ်ခုတ်လှဲချင်တိုင်း မခုတ်လှဲရဘူး၊ ဒါကြောင့် မတသန္တက ဆိုတာ သေသောရဟန်း ပိုင်ဆိုင်တဲ့ ပစ္စည်းကိုသာ ဆိုလိုတယ်၊ သံဃိကပစ္စည်း မဟုတ်ပါဘူး၊ အခု ပြောခဲ့ပြီးတာကို ကြည့်လျှင် အမေး ၁-အရ မတသန္တက ကျောင်းဆိုတာဟာ သေသောရဟန်း ပိုင်ဆိုင်သောကျောင်းဖြစ်တယ်။

**ဒုတိယအမေးက** မတသန္တကကျောင်းကို မည်သည့်ပုဂ္ဂိုလ်များ ကျောင်းထိုင်ရပါသလဲတဲ့။

အဖြေကတော့ သေသောပုဂ္ဂိုလ်ဟာ အသက် ထင်ရှားရှိစဉ်က ဘယ် ပစ္စည်းကို ပိုင်သည်ဖြစ်စေ မိမိ ခန္ဓာကိုယ်ကိုပါ စွန့်ပစ်ရတဲ့အခြေဆိုက်ခဲ့တော့ ဘာဆို ဘာမျှ ပိုင်တာမရှိတော့ဘူး၊ သူ့ပစ္စည်းကို သူမပိုင်တော့ဘူး၊ ယခင်က သူ့ကို ရည်ညွှန်းလှူထားတဲ့ သူ့ရဲ့ကျောင်းဟာလည်း အခု သူ့ကျောင်း မဟုတ်တော့ဘူး၊ သို့ဖြစ်လျှင် ဘယ်သူ့ရဲ့ကျောင်း ဖြစ်သွားမလဲ။

ရဟန်းသေလျှင် သံဃိကအမွေဖြစ်တဲ့ဥစ္စာက- (၁) သပိတ်သင်္ကန်း၊ (၂) လဟုဘဏ်၊ (၃) ဂရုဘဏ်ရယ်လို့ ၃-မျိုး ရှိတယ်။

အမွေခံတဲ့ပုဂ္ဂိုလ်ကလည်း- (၁) နာသောရဟန်းကိုလုပ်ကျွေးသူ၊ (၂) မျက်မှောက်သံဃာ၊ (၃) စာတုဒ္ဒိသသံဃာလို့ ၃-မျိုးရှိတယ်။

နာသောရဟန်းကို လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်ကို သေသောရဟန်းရဲ့ သာပိတ် သင်္ကန်းကိုပေး၊ မျက်မှောက်သံဃာကို လဟုဘဏ်ပေး၊ စတုဒ္ဒိသသံဃာကို ဂရုဘဏ်ပေး၊ ဒါက အကြမ်းဆုံးဖြတ်ချက်ပေါ့၊ အနုအဆုံးအဖြတ်က သေတဲ့ ရဟန်းမှာ သပိတ် သင်္ကန်းသာရှိခဲ့လျှင် လုပ်ကျွေးတဲ့ရဟန်းကိုသာ ပေးရမယ်၊ သပိတ် သင်္ကန်းမျှမက အခြားပရိက္ခရာများ ရှိနေသေးလျှင်တော့ ပစ္စည်း အားလုံးကို မပေးရဘူး၊ ကြွင်းတဲ့ ပရိက္ခရာက များတယ်၊ သင်္ကန်းက အဖိုး အနည်းငယ်သာ ထိုက်ခဲ့လျှင် သင်္ကန်းသုံးထည်ဖိုး စေ့အောင် ကြွင်းပရိက္ခရာကို ပေးသင့်တယ်၊ လုပ်ကျွေးတဲ့ရဟန်းကို ပေးတဲ့အခါ ကမ္မဝါစာဖြင့်သော်လည်း ပေးရမယ်၊ အပလောကနကံဖြင့် ပန်ကြား၍သော်လည်း ပေးသင့်တယ်။

## သေသောရဟန်း၏ပစ္စည်း

သေသောရဟန်းရဲ့ပစ္စည်းဟာ ဒွိသန္တက၊ ဝိဿာသဂ္ဂါဟ၊ ပရဒိန္နလို့ ၃-မျိုးရှိတယ်၊ **ဒွိသန္တကဆိုတာက** ၂-ဦးပိုင်လုပ်ထားတဲ့ ပစ္စည်းမျိုး တစ်ဦး

http://www.dhammadownload.com



သေလျှင် ကျန်တစ်ဦးက ပိုင်ဆိုင်သင့်တယ်၊ **ဝိဿာသဂ္ဂါဟ**ဆိုတာ အကျွမ်းဝင်၍ ယူခြင်းတဲ့ကွယ့်၊ အကျွမ်းဝင်၍ယူခြင်းက အင်္ဂါ ၅-ပါးရှိတယ်၊ (၁) မြင်ဖူး ကာမျှဖြစ်ခြင်း၊ (၂) မြဲမြံသော အဆွေခင်ပွန်းဖြစ်ခြင်း၊ (၃) ငါ့ဥစ္စာကို ရလို လျှင် မပန်မကြား ယူပါဟု ဆိုဖူးခြင်း၊ (၄) အသက်ရှင်ဆဲဖြစ်ခြင်း၊ (၅) ယူသော် နှစ်သက်ခြင်းတဲ့ကွယ့်၊ အဲဒီအင်္ဂါ ၅-ပါးနှင့် ပြည့်စုံစွာ ယူထားတဲ့ ပစ္စည်းကို ဝိဿာသဂ္ဂါဟလို့ ခေါ်တယ်။

**ပရဒိန္န**ဆိုတာက သေသူဟာ အသက်ရှိစဉ်က ပေးထားတဲ့ပစ္စည်း ဖြစ်တယ်၊ ဒီ သုံးပါးကတော့ အထူး မရှိပါဘူး၊ ယူပြီးဟာ ယူပြီးပဲပေါ့၊ ထူးတာက ဒီ သုံးပါးမှလွတ်တဲ့ပစ္စည်းဖြစ်တယ်၊ အဲဒီလွတ်တဲ့ပစ္စည်းများမှ အပ်သောဘဏ္ဍာ၊ မအပ်သောဘဏ္ဍာ၊ လျောက်ပတ်သောဘဏ္ဍာ၊ မလျောက် ပတ်သော ဘဏ္ဍာ၊ ဝေဖန်အပ်သောဘဏ္ဍာ၊ မဝေဖန်အပ်သောဘဏ္ဍာ၊ နိဿဂ္ဂီ ဘဏ္ဍာ၊ နိဿဂ္ဂီမဟုတ်သော ဘဏ္ဍာမှန်သမျှ သံဃိကချည်းဖြစ်သတဲ့ကွယ့်၊ အဲဒီ သံဃိကဘဏ္ဍာကို တရားအားလျော်စွာ ဝေဖန်ရမယ်တဲ့။

ဝေဖန်အပ်တဲ့ ကပ္ပိယဘဏ္ဍာကို ကျောင်းတိုက်တွင်းရှိ သမ္မုခီဘူတ သံဃာအား ဝေဖန်ရမယ်၊ အပ်သော သင်္ကန်း စသည်ကို နိဿဂ္ဂီဖြစ်နေလျှင် ဝိနည်းကံအားလျော်စွာ စွန့်ရမယ်၊ ရွှေငွေစသော မအပ်သောအရာကို ရဟန်း တစ်ပါးအား သမုတိပေးပြီး စွန့်ပစ်ရမယ်၊ တရားအားလျော်သော ရွှေငွေ စသည်တို့ကို ကပ္ပိယကာရကတို့အား ပြောကြားအပ်သတဲ့၊ သေလွန်သူ ရဟန်းရဲ့ ပစ္စည်းဟာ အခြားကျောင်းတိုက်မှာရှိနေလျှင် ထိုကျောင်းတိုက် သံဃာပိုင်ဖြစ်သွားသတဲ့၊ အခြား ပြောစရာတွေတော့ ရှိသေးတာပေါ့ကွယ်၊ ဒါပေမယ့် မေးတာနှင့် မသက်ဆိုင်လို့ အသာချုံထားလိုက်ကြစို့ရဲ့၊ အခု ဒါယကာ မေးနေတာက မတသန္တကကျောင်းကိစ္စပဲ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်ဘုရား”

“ကျောင်းဟာလည်း ဒွိသန္တက၊ ဝိဿာသဂ္ဂါဟ၊ ပရဒိန္နတို့ဖြစ်ခဲ့လျှင် ရဟန်းကွယ်လွန်တဲ့အခါ ကျောင်းမှာရှိတဲ့ ရဟန်းထံရောက်တယ်၊ ကျောင်းမှာ ရဟန်းမရှိခဲ့လျှင် သံဃာပိုင်အဖြစ်ကိုရောက်တယ်၊ သံဃာပိုင်ဖြစ်ခဲ့သော် သံဃာ မှ သမ္မုတိတင်မြှောက်သော ရဟန်းတော်၊ ညွှန်ကြားသော ရဟန်းတော်

http://www.dhammadownload.com



ကျောင်းထိုင်ရပါလိမ့်မယ်၊ သို့သော် ၎င်းကျောင်းဟာ ရှေးကလို ပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိကတော့ မဟုတ်ဘူး၊ သံဃာပိုင် သံဃိကဖြစ်တယ်လို့ မှတ်သင့်တယ်။

**အမေးပုစ္ဆာ ၃**–အရ ကျောင်းတင်ရာမှာ မြို့မှ တောမှ ရွေးချယ်ခြင်းမရှိပါ၊ သာသနာကို ကျေးဇူးပြုမည့်ပုဂ္ဂိုလ်ကိုသာ ဦးစားပေး တင်မြှောက်သင့်ပါတယ်၊ ကျောင်းဆိုတာ သာသနာရေးကျောင်းမို့ လူက ကျောင်းတင်ခြင်းမျိုးတော့ မဖြစ်သင့်ဘူးပေါ့ကွယ်၊ ဒီလောက်ဆို ဦးအောင်သန်း ကျေနပ်လောက်ပြီ ထင်တယ်ကွယ်"

"မှန်ပါ... ကျေနပ်လောက်ပါပြီဘုရား"

သာဓု... သာဓု... သာဓု

http://www.dhammadownload.com



# မယားရှိသူနှင့် ဒုလ္လဘရဟန်း

"ဟောဒီစာက တောင်ကြီးမြို့၊ သွားဆရာဝန် ဒေါက်တာအောင်ကျော် ထံက ပေးစာပါဘုရား"

"ဒေါက်တာအောင်ကျော်ရဲ့စာက ဘာတဲ့လဲကွယ့်"

"ဒေါက်တာအောင်ကျော်က သူရေးတဲ့ အဝေရာခရီးစဉ်စာအုပ် ၆-အုပ် လှူဒါန်းကြောင်းရေးပြီး သူ မရှင်းလင်းတဲ့ ပြဿနာကိုလည်း ဆရာတော်ထံ လျှောက်ထားပါတယ်ဘုရား"

"သူ မရှင်းလင်းတဲ့ ပြဿနာက ဘာတဲ့လဲကွယ့်"

"တခြားမဟုတ်ပါဘူးဘုရား၊ အိမ်ထောင်ရှိသော ယောကျ်ား ခေတ္တ ဒုလ္လဘ ဝတ်ကောင်း၊ မဝတ်ကောင်း စိတ်ထဲမှာ သံသယရှိနေတဲ့ ပြဿနာ ပါတဲ့ဘုရား"

"ဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်ဟာ မဇ္ဈိမပဋိပဒါ အလယ် အလတ် အကျင့်ဖြစ်ကြောင်း ဓမ္မစကြာသုတ်မှာ ဟောပြီးသားဖြစ်တယ်ကွယ့်၊ အလယ်အလတ်အကျင့် မဇ္ဈိမပဋိပဒါဆိုတာ ဘာလဲဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးမျှသာဖြစ်သတဲ့၊ ဒီမဂ္ဂင်ရှစ်ပါးကို မဇ္ဈိမပဋိပဒါ အလယ်အလတ်အကျင့်လို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောထားတယ်ကွယ့်၊ ဒါကြောင့် သာသနာတော်အတွင်း ပြုလုပ်ကြတဲ့ ကောင်းမှုကုသိုလ်မှန်သမျှ ဟာ မဂ္ဂင်ရှစ်ပါးနှင့် ကိုက်ညီရမယ်ပေါ့၊ အကယ်၍ မိမိတို့အလုပ်ဟာ မဂ္ဂင် ရှစ်ပါးနှင့် မကိုက်ညီခဲ့လျှင် မဇ္ဈိမပဋိပဒါဆိုတဲ့ ဘုရားရှင်ရဲ့သာသနာတော်

http://www.dhammadownload.com



အတွင်း အကြုံးမဝင်ဘူးလို့ မှတ်သင့်တာပေါ့၊ ဒါဖြင့်လျှင် ရဟန်းရဲ့ဘဝ မဂ္ဂင်ရှစ်ပါးနှင့် ကိုက်,မကိုက် ချိန်ထိုးကြည့်ရမယ်ကွယ့်၊ ရဟန်းဘဝကို ချိန်မထိုးခင် မဂ္ဂင်ရှစ်ပါးရဲ့ လုပ်ပုံလုပ်နည်း(အကျင့်)ကို ဦးစွာ သိထားသင့်သေးတယ်။

အကျင့်ဆိုတဲ့ မြန်မာစကားကို ပါဠိလိုတော့ (သိက္ခာ)လို့ ခေါ်တယ်၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးကို အကျင့် သိက္ခာဖွဲ့လိုက်တော့ ပညာ၊ သီလ၊ သမာဓိလို့ ၃–မျိုး ထွက်ခဲ့တယ်၊ မဂ္ဂင်ရဲ့အစ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ၂–ပါးက ပညာသိက္ခာအတွင်း ထည့်သွင်းရေတွက်ရတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင် ၃–ပါးတို့ကို သီလသိက္ခာအတွင်း ထည့်သွင်းရေတွက်ရတယ်။

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင် ၃–ပါးတို့ကို သမာဓိသိက္ခာအတွင်း ထည့်သွင်း ရေတွက်ရတယ်၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးကို အကျင့်သိက္ခာနှင့် ရေတွက်တော့ သီလ၊ သမာဓိ၊ ပညာ သည် ၃–ပါးမျှသာ ရတယ်၊ သည် ၃–ပါးအတွင်း အကြုံးဝင်တာ မှန်သမျှကို သာသနာလို့ ခေါ်တယ်၊ သီလ, သမာဓိ, ပညာ သိက္ခာ ၃–ပါးအတွင်း ထည့်သွင်းလို့ မရတာကတော့ သာသနာ မဟုတ်ဘူးလို့ မှတ်ရမယ်။

ရဟန်းဘဝဟာ မဂ္ဂင်ရှစ်ပါးနှင့် ကိုက်,မကိုက် မေးခဲ့လျှင် ရဟန်းဖြစ်သည်နှင့်တစ်ပြိုင်နက် အကျဉ်း ၂၂၇–သွယ်၊ အကျယ် ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တွေဟာ ရဟန်းရဲ့သန္တာန်မှာ စုဝေးရောက်လာကြတယ်၊ ဒါကြောင့် ရဟန်းဖြစ်သူဟာ ဈာန်တည်းဟူသော သမာဓိကို မရသည်ဖြစ်စေ၊ မဂ်ဖိုလ်တည်းဟူသော ပညာသိက္ခာကို မရသည်ပင်ဖြစ်စေ သီလတည်းဟူသော သိက္ခာကို ဧကန်ရပြီးဖြစ်လို့ ရဟန်းမှန်သမျှ မဇ္ဈိမပဋိပဒါနှင့် ကိုက်ညီပြီး ဖြစ်တယ်လို့ မှတ်သင့်တာပေါ့ကွယ်။

ဒီနေရာမှာ သတိပြုစရာက မယားတည်းဟူသော ငှဲကွက်ရာ ထင်ရှားရှိလျက် ဒုလ္လဘပြုတဲ့ပုဂ္ဂိုလ်ကို ရဟန်းဖြစ်ပါရဲ့လားဆိုတော့ ဝတ္ထု၊ ကမ္မဝါစာဆရာ၊ သိမ်၊ ဥတ်၊ ပရိသတ် ပြည့်စုံလျှင် အမှန်ပင် ရဟန်းဖြစ်တယ်၊ ဘယ့်နှယ် မယားဟူသော ငှဲကွက်ခြင်း ရှိနေပါလျက်နှင့် ဘယ်လို ရဟန်းဖြစ်သွားတာလဲဆိုတာကို လူတိုင်းသိနေတဲ့ ဥပမာနှင့် ပြောပြမယ်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဥပုသ်နေ့ဆိုလျှင် ဥပုသ် ကျင့်သုံးကြတယ်၊ ဒီဥပုသ်သည်တွေဟာ မယား၊ လင်ဆိုတဲ့ ငဲ့ကွက်ရာ ရှိကြပါတယ် ဆိုသော်လည်း သူတို့ဆောက်တည်တဲ့ရက်အတွင်း (အဗြဟ္မ စရိယ)သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းနိုင်တဲ့အတွက် ဥပုသ်စောင့်ထိန်းဖို့ ဘုရားရှင် ခွင့်ပြုသလို ဒုလ္လဘရဟန်းလည်း ရဟန်းပြုနေတဲ့ ရက်အတွင်း ပဌမပါရာဇိကသိက္ခာပုဒ်ကို မလွန်ကျူးရအောင် စောင့်ရှောက် ထိန်းသိမ်း နိုင်တဲ့အတွက် ရဟန်းပြုဖို့ ဘုရားရှင် ခွင့်ပေးခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ဝတ္ထုကြောင်းကလေး ဆက်ပြောလိုက်ရဦးမယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ်က ဆင်ထိန်းရဲ့သား စိတ္တဟတ္ထဆိုသူဟာ ကျောင်းဝင်းအတွင်းက ဖြတ်ပြီး လယ်ထွန်သွားသတဲ့၊ သူ ကျောင်းဝင်းထဲဖြတ်စဉ် ကိုယ်တော်တစ်ပါး ဆွမ်းခံပြန်လာတာနှင့် ကြုံတယ်၊ အဲဒီ ကိုယ်တော်ရဲ့ သပိတ်ပေါ်လှမ်းကြည့်လိုက်တော့ ကောင်းမြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေ ရလာတာကို မြင်သတဲ့၊ ကြည့်စမ်းပါဦး၊ ငါတို့မှာ လုပ်လိုက်ရတာ နဖူးကချွေး ခြေမသာ ကျတယ်၊ ဒီလောက်ကောင်းတဲ့ အစာမျိုး မစားရဘူး၊ ငါလည်း သင်္ကန်းဝတ်မှ တော်မယ်လို့ ရဟန်းဝတ် သတဲ့၊ ရဟန်းဝတ်ပြီး တစ်လခွဲလောက် ကြာတော့ ကိလေသာထိုးဆွတဲ့ဒဏ် မခံနိုင်လို့ လူထွက်ပြန်တယ်၊ လူ့ဘဝမှာ အစားအသောက် ဆင်းရဲပြန်တော့ သင်္ကန်းဝတ်ပြန်သတဲ့၊ အဲဒီလို လူထွက်လိုက် ရဟန်းဝတ်လိုက်နဲ့ ၇–ကြိမ် အထိဖြစ်ခဲ့တယ်၊ နောက်ဆုံး ဝတ်တဲ့အခါမှ ရဟန္တာဖြစ်သွားသတဲ့။

ဒါကြောင့် မယားရှိတဲ့လူလည်း မယားကိုခဏ စွန့်ပြီး ဒုလ္လဘရဟန်း ပြုလို့ ဖြစ်ပါတယ်၊ အကြိမ်ကြိမ် လူထွက်ပြီး အကြိမ်ကြိမ် ဝတ်တာလည်း ဖြစ်ပါတယ်၊ ဝိနည်းဒေသနာဆိုတာ ဘုရားရှင်ရဲ့အလိုတော်အတိုင်း ဖြစ်လို့ မယားနှင့်လူကို ဘာကြောင့် သင်္ကန်းဝတ်ပေး ရတာလဲ၊ ခဏခဏ ထွက်တဲ့ လူကိုကော ဘာကြောင့် သင်္ကန်းဝတ်ပေးရတာလဲလို့ ဘယ်ပုဂ္ဂိုလ်မှ စောဒနာဖို့ အခွင့်အရေးမရှိဘူးလို့ မှတ်တော့တာပေါ့ကွယ်"

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# အရှင်နန္ဒောဘာသအမေးများ

“ဟောဒီစာက မြစ်ကြီးနားမြို့၊ လေတပ်စခန်းအနီး အဘယရာမိကာရုံကျောင်းက အရှင်နန္ဒောဘာသရဲ့ အမေးများဖြစ်ပါတယ်ဘုရား”

“အရှင်နန္ဒောဘာသရဲ့ အမေးများဆိုတော့ အမေးက တော်တော်များသလား”

“အမေးက ၄–ပုဒ်ဖြစ်ပါတယ်ဘုရား”

“**ပထမအမေး**က ဘုရားရှင်သည် အတုမရှိသော (အတုလ)ပုဂ္ဂိုလ်ဖြစ်ပါလျက် ဗြဟ္မာမင်း၊ ကရဝိက်၊ ခြသေ့် စသော တိရစ္ဆာန်များနှင့် နှိုင်းယှဉ်ကြရာ အတုမရှိဟုဆိုပါလျက် အတုရှိရာ ရောက်,မရောက်ပါတဲ့ ဘုရား။

**ဒုတိယအမေး**က ဘုန်းကြီးကိုပင့်ရာ ဘုန်းကြီး မအား၍ ဦးပဥ္စင်းကို အစားထည့်ရာ ဒါယကာ၏အလှူဝတ္ထုကို ဦးပဥ္စင်းက ယူခဲ့သော် အဆုံးအဖြတ်သိလိုပါသတဲ့ဘုရား။

**တတိယအမေး**က ရဟန်းတစ်ပါးဟာ အရောင်းဌာနတစ်ခုခုမှာ မိမိ၏အသုံးဟု အကြောင်းပြ၍ ပစ္စည်းကို ထုတ်ယူပါသည်၊ ထိုပစ္စည်းကို အကြောင်းပြသည့်အတိုင်း မိမိမသုံးဘဲ အခြား၌ ရောင်းစားခြင်းစသည် ပြုခဲ့သော် ထိုရဟန်း အပြစ် ဖြစ်,မဖြစ်ပါတဲ့ဘုရား။

**စတုတ္ထအမေး**ကတော့ မိမိနှင့် အတူနေရဟန်း ပါရာဇိကကျမှန်းသိပါလျက် ထင်စွာမပြောဆိုခဲ့သော် သိသောရဟန်း အပြစ် ဖြစ်,မဖြစ်ပါတဲ့ ဘုရား။

http://www.dhammadownload.com



## အတုလဂုဏ်တော်

အတုလ အတုမရှိသောမြတ်စွာဘုရားဆိုပြီး ဗြဟ္မသရော– ဗြဟ္မာမင်းကဲ့သို့ အသံကောင်းသော မြတ်စွာဘုရား၊ ကရဝိက်ငှက်မင်းကဲ့သို့ သာယာသော အသံ ရှိတော်မူသော မြတ်စွာဘုရား၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်း ရှိတော်မူသောမြတ်စွာဘုရားလို့ ပြောဆိုကြခြင်းဟာ ဘုရားရှင်ကို အတုမရှိဘူးလို့ လည်းဆိုရဲ့ အတူကိုလည်း ထုတ်ပြထားတာမို့ အတုလဆိုတဲ့ဂုဏ်တော်ကို များ ထိခိုက်လေမလားလို့ မေးထားတဲ့စကားတွေပေါ့ကွယ်။

ဒီနေရာမှာ ဥပမာ ၃–မျိုးဆိုတာကို သိသင့်တယ်ကွယ့်၊ ဥပမာ ၃–မျိုး ဆိုတာက (၁) သဒိသူပမာ၊ (၂) ဝိသဒိသူပမာ၊ (၃) ဧကဒေသူပမာတဲ့ကွယ့်။

(၁) **သဒိသူပမာ**ဆိုတာ တူရာ ခိုင်းနှိုင်းတဲ့ ဥပမာမျိုးပေါ့၊ ဘုရားရှင်ရဲ့မျက်နှာတော်ဟာ ကြာပန်းနှင့် တူတယ်ဆိုတဲ့ ဥပမာမျိုးပေါ့၊ အမှန်ကတော့ ဘယ်သူမျှ ကြာပန်းနှင့် မတူပါဘူး၊ ဘုရားရှင်ရဲ့ မျက်နှာတော်လည်း ကြာပန်းနှင့် မတူပါဘူး၊ ဒါဖြင့် ဘာကြောင့် ခိုင်းနှိုင်းတာလဲဆိုတော့ ကြာပန်းကို မြင်သူတကာက နှစ်သက်သလို ဘုရားရှင်ရဲ့ မျက်နှာတော်ကို လည်း ဖူးရသူတိုင်းဟာ နှစ်သက်ကြတယ်၊ အဲဒီ နှစ်သက်တာချင်း တူလို့ ကြာနှင့် မျက်နှာကို ခိုင်းနှိုင်းခြင်း ဖြစ်တယ်၊ အဲဒီ နမူနာအတိုင်းပါပဲ ဘုရားရှင် အသံနှင့် ကရဝိတ်အသံဟာ မတူပါဘူး၊ တူပင် မတူသော်လည်း နာကြားရသူရဲ့စိတ်တွင်းမှာ နှစ်သက်တာချင်း တူလို့ ဘုရားရှင်ရဲ့အသံကို ကရဝိတ်ငှက်အသံနှင့် ခိုင်းနှိုင်းခြင်း ဖြစ်တယ်ကွယ်၊ ယခု ပြောခဲ့တာက သဒိသူပမာပေါ့။

(၂) **ဝိသဒိသူပမာ**က မတူသောခိုင်းနှိုင်းခြင်းတဲ့၊ တူမှ မတူဘဲ ဘယ်လို နှိုင်းယှဉ်ချက်ဥပမာ ထုတ်ရမှာလဲဆိုတော့ နံ့သာဆီနှင့်အီးလောက် ကွာခြားတယ်ဆိုတဲ့ နှိုင်းယှဉ်ခြင်းမျိုးပေါ့၊ နံ့သာဆီနှင့်အီးဟာ ဘယ်မှာ တူသလဲ၊ မတူသော်လည်း နှိုင်းယှဉ်တင်ပြခြင်းမျိုးကို ဝိသဒိသူပမာလို့ ခေါ်တယ်ကွယ့်။

(၃) **ဧကဒေသူပမာ** ဆိုတာက အလုံးစုံတော့ မတူဘူး၊ တစ်စိတ် တစ်ဒေသ တူတာနှင့် ခိုင်းနှိုင်းခြင်းမျိုးကို ဆိုလိုတယ်။

http://www.dhammadownload.com



"လေလာလျှင် ကြွေကာနွမ်းရချည့်၊
ဖြေမသာ ဖေမှာလွမ်းသော်ကြောင့်..."

ဒီကဗျာမှာ လေလာလျှင် ကြွေကာနွမ်းတယ်ဆိုတာ သစ်ရွက်ကို ဆိုလိုတာပါပဲ၊ သို့သော် သစ်ရွက်တိုင်း လေလာလျှင် ကြွေသလားဆိုတော့ အားလုံးတော့ မကြွေပါဘူး၊ ကြွေတာက နည်းပြီး မကြွေတာက များပါတယ်၊ သို့သော် ကြွေသောတစ်စိတ်မျှကို ယူပြီး ခိုင်းနှိုင်းတဲ့အတွက် ဧကဒေသသူပမာလို့ ဆိုရမှာပေါ့။

ဥပမာဆိုတာ စကားကို လှပလာအောင် တန်ဆာ ဆင်တာပါ၊ အဲဒီ ဆင်တဲ့တန်ဆာဟာ အယုတ်အမြတ် ဖြစ်ချင်ဖြစ်မယ်ပေါ့၊ သို့သော် စကားအရာ လှသွားလျှင် တန်ဆာဆင်ရကျိုး နပ်တာပေါ့၊ ဒီနေရာမှာ ထင်လွယ်တဲ့ ဥပမာ ပြောပြပါ့မယ်၊ မိန်းကလေးတွေ အလှတန်ဆာ ဆင်ယင်ကြတယ်၊ အဲဒီလို တန်ဆာဆင်ရာမှာ အရေးအကြီးဆုံးက မျက်နှာလှဖို့ပါပဲ၊ ဒီတော့ မျက်နှာလှအောင် သနပ်ခါး လိမ်းကြတယ်၊ ပေါင်ဒါ လိမ်းကြတယ်၊ အဲဒီ သနပ်ခါးနှင့် ပေါင်ဒါတို့ဟာ မိန်းကလေးရဲ့ပါးလောက် အဖိုးမတန်ပါဘူး၊ အဖိုးတန်တန်,မတန်တန် သူ့ကို လိမ်းပေးတော့ လှခဲ့တယ်ပေါ့၊ လှတယ်ဆိုလျှင် လိမ်းရကျိုးနပ်တာပါပဲ၊ အဲဒီဥပမာလို ဘုရားစကားတော် စသည်ကို လှပ အောင် တိရစ္ဆာန် စသူတို့ရဲ့အသံနှင့် ဥပမာပေးကြတယ်၊ ဥပမာပေးလိုက်လို့ ဘုရားရှင်မှာ နစ်နာခြင်းရှိသလား၊ မရှိပါဘူး၊ မရှိတဲ့အပြင် ဂုဏ်တောင်တက် ခဲ့ပါသေးတယ်၊ ထို့ကြောင့် ရှေးအခါကစပြီး ဥပမာပေးခဲ့ကြပါတယ်၊ အဲဒီလို ဥပမာပေးခြင်းကြောင့် ဘုရားရှင်ရဲ့ အတုလဂုဏ်တော်ကြီး မပျက်စီးပါဘူးလို့ ပြန်ကြားလိုက်ပါတယ်ကွယ်။

**ဒုတိယအမေး**က ဘုန်းကြီးများနှင့် ပတ်သက်တယ်ကွယ့်၊ ဘုန်းကြီး ကျောင်းမှာ ဦးပဉ္စင်း၊ ကိုရင်ဆိုတာ ရှိတတ်ကြပါတယ်၊ ဘုန်းကြီးက မအားလပ်လို့ အလှူကိစ္စမှာ ဦးပဉ္စင်းကို ထည့်လိုက်တယ်၊ ထည့်လိုက်တဲ့ ဦးပဉ္စင်းဟာ ဘုန်းကြီးကိုယ်စားမျှ ဖြစ်တယ်၊ အစစ် မဟုတ်ပါဘူး၊ ဒါကြောင့် ဒကာလှူတဲ့ အလှူဝတ္ထုဟာ ဘုန်းကြီးနှင့်သာ သက်ဆိုင်တယ်၊ ဦးပဉ္စင်းနှင့် မဆိုင်ပါဘူး၊ အကယ်၍ ဦးပဉ္စင်းက လိုချင်လျှင် ဘုန်းကြီးထံ လျှောက်ထားပြီးမှ ယူပါ၊ မလျှောက်မထား ယူခဲ့သော် ဦးပဉ္စင်းမှာ အပြစ်ရှိတယ်။

http://www.dhammadownload.com



ပစ္စည်းရဲ့တန်ဖိုးအလျောက် ဆုံးဖြတ်ဖို့ ရှိတယ်၊ သို့သော် အလှူဝတ္ထု ဆိုတာ အလှူရှင်ရဲ့သဘောအတိုင်း ဖြစ်တယ်၊ အလှူရှင်ရဲ့သဘောအတိုင်း ဆိုတာက အလှူရှင် လှူလိုသောပုဂ္ဂိုလ်ထံ ရောက်တယ်လို့ ဆိုလိုတယ်၊ အလှူရှင်က ငါ့ဆွမ်းစားသောပုဂ္ဂိုလ်ကို လှူမယ်၊ ငါ့ မျက်မှောက် ကြွရောက် လာတဲ့ပုဂ္ဂိုလ်ကို လှူမယ်ဆိုလျှင် ဘုန်းကြီးဟာ ကြွလာသူ မဟုတ်လို့ အလှူဝတ္ထုနှင့် မဆိုင်ဘူး၊ ကြွလာတဲ့ဦးပဥ္စင်းနှင့်သာ သက်ဆိုင်တယ်။

သို့သော်လည်း ဆရာတပည့်ဆိုတာ သားနှင့်အဖပါပဲ၊ အဖေက ခိုင်းလျှင် သားလုပ်ရတယ်၊ သို့သော် အဲဒီအလုပ်ဟာ သားရဲ့အလုပ် မဟုတ် ဘူး၊ အဖရဲ့ အလုပ်သာဖြစ်တယ်၊ ဒီသဘောကို ပိုင်ထားလျှင် တပည့်ဖြစ်တဲ့ ဦးပဥ္စင်းဟာ ဘုန်းကြီးကို ကျော်မလုပ်သင့်ဘူး၊ အကယ်၍ ကျော်လုပ်ခဲ့သော် အခြားအပြစ်ကို ထားပါတော့၊ ဆရာ့လက်အောက် အဲဒီကျောင်းမှာတော့ ဦးပဥ္စင်း မနေရတာ သေချာတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်။

**တတိယအမေး**က ရဟန်းတစ်ပါးဟာ အရောင်းဌာနမှာ မိမိရဲ့အသုံးကို အကြောင်းပြု ပစ္စည်းထုတ်၊ ရတဲ့ပစ္စည်း အခြားမှာ ပြန်ထုတ်ခဲ့သော် အပြစ် ဖြစ်, မဖြစ် မေးထားတယ်။

ရဟန်းလုပ်နေပြီး အရောင်းဌာနသွားဝယ်သတဲ့၊ ရတဲ့ပစ္စည်း အမြတ် တင်ပြီး ပြန်ရောင်းသတဲ့၊ ဒီရဟန်းဟာ ရဟန်းအလုပ် လုပ်သည် မဟုတ်၊ လူအလုပ် လုပ်နေခြင်းသာဖြစ်၍ ရဟန်းဘဝမှာ ရှည်ကြာစွာ တည်နေမည် မဟုတ်ပါ၊ လူစိတ်ဝင်ပြီး မကြာမီ လူထွက်မည် ဖြစ်ပါတယ်၊ သူ့ရဲ့အလုပ် အတွင်း ကောင်းကွက်တစ်ခုမျှ မပါတဲ့အတွက် အပြစ် ဖြစ်,မဖြစ် ပြောကြား ရန်တောင် မလိုပါဘူးကွယ်။

**စတုတ္ထအမေး**က မိမိနှင့် အတူနေရဟန်းတစ်ပါး ပါရာဇိက ကျမှန်း သိပါလျက် ထင်စွာ မပြောဆိုသောရဟန်း အပြစ် ဖြစ်,မဖြစ်တဲ့ကွယ့်၊ ဘိက္ခု ပါတိမောက်၊ သပ္ပါဏကဝဂ်မှာ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ရှိတယ်၊ ဥက္ခိတ္တ ရဟန်းမှန်းသိလျက် ထိုပုဂ္ဂိုလ်နှင့် ပစ္စယသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ပြုလုပ်ခဲ့လျှင် ပြုလုပ်သောရဟန်း ပါစိတ်အာပတ် သင့်တယ်။

ဒီနေရာမှာ ဥက္ခိတ္တကရဟန်းဆိုတာက ရဟန်းဘောင်က နှင်ထုတ်လိုက် တဲ့ရဟန်းကို ဆိုလိုတယ်၊ ရဟန်းဘောင်က နှင်ထုတ်လိုက်တဲ့ ဥက္ခိတ္တက

http://www.dhammadownload.com



ရဟန်းက ၃–ယောက်ရှိတယ်၊ အဲဒီ ရဟန်း ၃–ယောက်ကို 'မရှု၊ မကု၊ မစွန့်မှု သုံးခု ဥက္ခိတ္တက"လို့ ဆရာများက ရေးခဲ့ကြတယ်။

**မရှု**ဆိုတာ အာပတ်ကို မရှုတဲ့ရဟန်း၊ အာပတ်ကို မရှုဘူးဆိုတာက အာပတ်ကို အလေးမထားတဲ့ရဟန်း၊ အာပတ်ကို အလေးမထားဘူးဆိုတာက "အာပတ်ဆို ချိုနှင့်လား ဘုန်းကြီးကာလသား"ဆိုတဲ့ ရဟန်းမျိုးကို ဆိုလိုတယ်၊ **မကု**ဆိုတာက မိမိမှာ အာပတ်သင့်မှန်း သိသော်လည်း ရဟန်းတစ်ပါးထံမှာ ဒေသနာကြားခြင်း စသည်ဖြင့် မကုသသောရဟန်းကို ဆိုလိုတယ်။


ရဟန်းဆိုတာ အာပတ်သင့်တာပဲ၊ သင့်တဲ့ အာပတ်ကို အာယတိ သံဝရပြုပြီး ရဟန်းတစ်ပါးထံမှာ ပြောကြားခဲ့လျှင် သင့်ရောက်တဲ့အာပတ်ဟာ ပျောက်ပျက်ပြီးဖြစ်တယ်၊ သို့သော် ထိုရဟန်းက အာပတ်သင့်ကော ဘာဖြစ်သလဲဆိုတဲ့သဘောနှင့် အာပတ်ကို မကုစားဘူးတဲ့ကွယ့်။

**မစွန့်**တဲ့ရဟန်းဆိုတာက မိမိယူထားတဲ့ မှားယွင်းသောမိစ္ဆာအယူကို မစွန့်တဲ့ ရဟန်းတဲ့၊ ဒီရဟန်းသုံးယောက်ဟာ နှင်ထုတ်လိုက်တဲ့ ဥက္ခိတ္တက ရဟန်းတွေပဲ၊ အဲဒီ ဥက္ခိတ္တကရဟန်းများနှင့် ပစ္စယသမ္ဘောဂ–ပစ္စည်းချင်း ပေါင်းဖော်မှု၊ ဓမ္မသမ္ဘောဂ– စာချစာတက်သဘောအားဖြင့် တရားပေါင်းဖော်မှု လုပ်ခဲ့လျှင် လုပ်သောရဟန်း ပါစိတ်အာပတ်သင့်တယ်၊ သို့သော်လည်း ဒီ သိက္ခာပုဒ်က ဥက္ခိတ္တကကံ ပြုပြီးတဲ့ရဟန်းနှင့် ပေါင်းဖော်မှ သင့်တာကိုး၊ အခုအမေးနှင့်တော့ တိုက်ရိုက်မပတ်သက်ဘူးပေါ့၊ အခုမေးတာနှင့် တိုက်ရိုက် သင့်တဲ့အာပတ်က **အာပတ်မှုကို၊ ပြုမှန်းသိလျက်၊ ငဲ့ကွက်သောအား၊ ဖော်မကြား၊ ဖုံးထားအာပတ်တည်း**...တဲ့ကွယ့်။

အဓိပ္ပာယ်ကတော့ တစ်ပါးသောရဟန်း အာပတ် သင့်သည်ကိုသိလျက် သူတစ်ပါး သိမည်ကို ညှာတာ ငဲ့ကွက်၍ တခြားသောရဟန်းအား မပြောမကြားမူ၍ ထိုရဟန်းနှင့် စိတ်တူ သဘောတူ ဖုံး၍ထားသောရဟန်းသာ အာပတ်သင့်၏၊ သံဃာဒိသိသ်မှုကို ဖုံးလျှင် ပါစိတ်၊ ကြွင်းသော အာပတ်စုကို ဖုံးလျှင် ဒုက္ကဋ်၊ တမင် ဖုံးလွှမ်းလိုစိတ် မရှိ၊ သူ့အမှုနှင့်သူ ထင်ရှားမည်ဟု နေလျှင် မပြောကြားသော် လွတ်၏လို့ ဝိနယသံခိပ်ကျမ်း ၂၈၂–အဖွင့်မှာ ဖော်ပြထားပါတယ်ကွယ်။

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# မဇ္ဈိမတိုက်

“ဟောဒီစာက တောင်ငူမြို့၊ မြန်မာ့သစ်လုပ်ငန်း၊ လ/ထ အထွေထွေမန်နေဂျာ ဦးမြတ်ကျော်ထံက အမေးစာဖြစ်ပါတယ်ဘုရား”

“ဦးမြတ်ကျော်ရဲ့အမေးက ဘာတဲ့တုံးကွယ့်”

“ဦးမြတ်ကျော်က ရှေးက မဇ္ဈိမတိုက်အမှတ်အသားကို ယခု ဘယ်လို ခေါ်သလဲဆိုတာ သိချင်ပါသတဲ့ဘုရား”

“မဇ္ဈိမတိုက်အမှတ်အသားကို သီလက္ခန္ဓအဋ္ဌကထာ၊ သာမညဖလသုတ်အဖွင့် ၁၅၆–မှာ

၁။ အရှေ့အရပ်က ဂဇင်္ဂလနိဂုံး၊

၂။ အရှေ့တောင်မျက်နှာက သလလဝတီခေါ်သော သလ္လာဝတီမြစ်၊

၃။ တောင်မျက်နှာက သေတကဏ္ဏိကနိဂုံး၊

၄။ အနောက်မျက်နှာ ထူဏပုဏ္ဏားရွာ၊

၅။ မြောက်မျက်နှာက ဥသီရဒ္ဓဇတောင်၊

အလျား ယူဇနာ–၃၀၀၊ အနံယူဇနာ–၂၅၀၊ အဝန်းယူဇနာ–၉၀၀ ကျယ်ဝန်းတယ်လို့ ပြဆိုထားတယ်။

ရှေးက သည်အခေါ်အဝေါ်တွေကို ယခု ဘယ်လို ခေါ်သလဲ၊ ဘယ်အရပ်ဆီ ကျသလဲဆိုတဲ့ မေးခွန်းကို ဖြေဆိုဖို့ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီးကို ကြည့်ခဲ့တယ်ကွယ့်၊ တွေ့ပါရဲ့၊ သို့သော်လည်း ရှည်လျားလွန်းနေတယ်၊ ဒါကြောင့် တိုစိမ့် ဖော်ပြရသော်–

http://www.dhammadownload.com



မဇ္ဈိမဒေသရဲ့ အမှတ်အသား ငါးရပ်မှာ **အရှေ့အရပ်က ဂဇင်္ဂလနိဂုံး** တဲ့၊ ဂဇင်္ဂလဟာ ဇင်္ဂလလို့လည်း ရှိတယ်၊ တဇင်္ဂလလို့လည်း ရှိတယ်၊ ဂဇင်္ဂလဆိုတာ သုတ်သီလက္ခန်ကလာတဲ့ စကားပဲကွယ့်၊ အဲဒီ ဂဇင်္ဂလရွာဟာ စမ္ပာနဂိုရ်က အရှေ့ဘက် ၆၆-မိုင်အရပ်မှာ ရှိတယ်လို့ ပထဝီဝင်ကျမ်းကြီးမှာ ပြထားတယ်၊ နယ်ကတော့ ဗိဟာရနယ်အတွင်း ရှိသတဲ့ကွယ်၊ အရှေ့တောင် မျက်နှာက သလလဝတီမြစ်တဲ့၊ သလလဝတီကို သလ္လာဝတီလို့လည်း ခေါ်ကြ တယ်၊ အဲဒီ သလ္လာဝတီမြစ်ဟာ ကလကတ္တားမြို့ရဲ့ အနောက်မြောက်အရပ်မှာ ရှိသတဲ့၊ ဆရာအချို့က ပြောတော့ သလ္လာဝတီဆိုတာ ချောင်းမျှသာရှိပါသတဲ့၊ ဣန္ဒမြစ်ကခွဲပြီး မြန်မာပြည် ချင်းတွင်းမြစ်ဆီသို့ ကျရောက်လာလို့ မြန်မာက သလ္လာဝတီကို ချင်းတွင်းလို့ ခေါ်ကြခြင်းဖြစ်တယ်လို့ ပြောကြတယ်။

**တောင်မျက်နှာက သေတကဏ္ဏိကနိဂုံးရွာ**တဲ့၊ တောင်မျက်နှာ သေတ ကဏ္ဏိကနိဂုံးနှင့် **အနောက်ဘက် ထူဏပုဏ္ဏားရွာ**အကြောင်း အထူး ဖော်မပြလို့ မသိရဘူး၊ **မြောက်ဘက် ဥသီရဒ္ဓဇတောင်၊ ဥသီရဒ္ဓဇတောင်**ကတော့ အိန္ဒိယ ပြည် အနောက်မြောက်အစွန်းမှာ တည်ရှိသတဲ့၊ ဘုရားဖွားတဲ့ ကပိလဝတ်ပြည် မြောက်ဘက်၊ နေပေါလ်နယ်အတွင်း ပါဝင်သတဲ့၊ တရိဒ္ဓါရအမည်ရှိတဲ့ အရပ် အနီး တည်ရှိတယ်လို့ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီးမှာ ဆိုတယ်ကွယ့်။

အိန္ဒိယကြေးမုံကျမ်းကြီးမှာဆိုတာက အရှေ့ဘက် ဇင်္ဂလနိဂုံးဆိုတာကို ဟိန္ဒီသက္ကတကျမ်းက ကဇင်္ဂလလို့ ပြသတဲ့ကွယ်၊ ယခု ဗိဟာရ်နယ်၊ ဆံထာလ် ပရဂနာစီရင်စုအတွင်း (ကံကဂျိုလ်)ခေါ်တဲ့အရပ် ဖြစ်သတဲ့၊ ဟာဂျာရိဗါဒ် စီရင်စုနှင့် မေဒနိပုရ်စီရင်စု အတွင်းရှိ (ဆိလဤ)မြစ်သည် သလ္လာဝတီမြစ် ဖြစ်၏။

ဗာဂျာရိဗါက်စီရင်စုအတွင်း သေတကဏ္ဏိကရွာ ဖြစ်၏၊ ကာရ်နာလ် စီရင်စု၊ ထာရေဆရ်ရွာသည် ထူနရွာဖြစ်၏၊ ဟိမဝန္တာတောင်တွင် (ဥသျှိရဂျေ) တောင်သည် ဥသီရဒ္ဓဇတောင်ဖြစ်၏လို့ ပြဆိုထားတယ်၊ စာရေးသူ ကိုယ်တိုင် တော့ မဇ္ဈိမဒေသကို မရောက်ဖူးပါဘူးကွယ်။

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# ပရိနိဗ္ဗာန်စံလွန်ပြီး ရဟန္တာထံ မေတ္တာပို့ခြင်း

"အရှင်ဘုရား ဟောဒီစာက ကသာမြို့၊ မြို့သူကြီးဟောင်း ဦးဘခိုင်ထံမှ လျှောက်ထားစာပါဘုရား"

"ဦးဘခိုင်က ဘာတွေများ လျှောက်ထားသလဲကွယ့်"

"ဦးဘခိုင်က ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ရဟန္တာများကို မေတ္တာပို့သနေသူတစ်ဦးကို သူ တွေ့ဖူးပါသတဲ့၊ အဲဒါနဲ့ပတ်သက်ပြီး ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်များကို မေတ္တာ ပို့သင့်၊ မပို့သင့် သူ့စိတ်ထဲမှာ အကြံဖြစ်ခဲ့ပါသတဲ့၊ သူ့ရဲ့အကြံကို ယခု ဆရာတော်ဘုရားကို လျှောက်ထားပါတယ်၊ ပရိနိဗ္ဗာန် စံလွန်ပြီးသော ရဟန္တာများကို မေတ္တာပို့ ဖြစ်,မဖြစ် ဖြေကြားပေးတော်မူပါဦးဘုရား"

"မေတ္တာပို့တယ်ဆိုတာ ပါဠိလိုတော့ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု–ရယ်လို့ လေးမျိုးတည်းရှိတယ်၊ မြန်မာလိုဆိုရင်တော့ သတ္တဝါအများ ဘေးရန်ကင်းကြပါစေ၊ ကြောင့်ကြခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ။

မေတ္တာပို့တယ်ဆိုတာ ဒီအနက် ၄–ချက်မျှသာ ရှိတယ်၊ အပိုမရှိပါဘူး၊ ဒီမေတ္တာ ၄–ပါးကို မူတည်၊ မရည်ညွှန်းသောပုဂ္ဂိုလ် ၅–ယောက်၊ ရည်ညွှန်းသော ပုဂ္ဂိုလ် ၇–ယောက်၊ ပေါင်း ၁၂–ယောက်နှင့်မြှောက် (၄ x ၁၂) ၄၈–

http://www.dhammadownload.com



ဖြစ်တယ်၊ ဒီမေတ္တာရှင် ၄၈–ဦးတို့ဟာ အရပ် ၁၀–မျက်နှာမှာရှိတဲ့အတွက် ၄၈–ကို အရပ် ၁၀–မျက်နှာနှင့်မြှောက် (၁၀ x ၄၈) ၄၈၀–ဖြစ်တယ်၊ ၎င်း ၄၈၀–အတွင်း အရပ်ဆယ်မျက်နှာမှာ မနေတဲ့ ပကတိ ၄၈–ကို ပြန်ရော အားလုံး ၅၂၈–သွယ် မေတ္တာဆိုတာ ဖြစ်လာတယ်။

ပရိနိဗ္ဗာန်စံလွန်ပြီးတဲ့ ရဟန္တာဆိုတာ ယခု မရှိတော့ဘူး၊ မရှိတော့တဲ့ သူကို ဘေးရန်ကင်းပါစေ၊ ကြောင့်ကြကင်းပါစေ၊ ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေလို့ မေတ္တာပို့သော်လည်း ပုဂ္ဂိုလ်မှ မရှိတော့ဘဲ ဘာအကျိုးဖြစ်ခဲ့ဦးမှာလဲ၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရ နိဒ္ဒေသမှာ...

(၁) မိမိမုန်းသူကို ဦးစွာ မေတ္တာမပို့အပ်၊
(၂) မိမိ အလွန်ချစ်သူကို ဦးစွာ မေတ္တာမပို့အပ်၊
(၃) အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်ကိုလည်း ဦးစွာ မေတ္တာမပို့အပ်၊
(၄) မိမိ၏ ရန်သူ ဝေရိပုဂ္ဂိုလ်ကိုလည်း ဦးစွာမေတ္တာ မပို့အပ်၊
(၅) လိင်အသွင်မတူသူကို သီးခြားဝေဖန်သောအားဖြင့် မေတ္တာမပို့အပ်၊
(၆) သေလွန်ပြီးသူကို အချင်းခပ်သိမ်း မေတ္တာမပို့အပ်လို့ ပြထားတယ်။

ဒါကြောင့် ပရိနိဗ္ဗာန်စံလွန်ပြီးသော ရဟန္တာများကို အချင်းခပ်သိမ်း မေတ္တာမပို့အပ်ဘူးလို့ ဖြေဆိုလိုက်ပါတယ်။

သာဓု... သာဓု... သာဓု။

http://www.dhammadownload.com



# အရှင်ကုသလ မေးလျှောက်လွှာ

"ဟောဒီစာက ကောလင်းမြို့နယ်၊ အရှင်ကုသလထံမှ မေးလျှောက်လွှာ ဖြစ်ပါတယ်၊ အရှင်ကုသလရဲ့ နေရပ်၊ ကျောင်းအမည်များ မပါ၊ သာသနာဝင် အမှတ်– ၅/ ဝသန(သ) ၀၀၀၄၃၂–သာ ပါတယ်ဘုရား"

"ဝသနဆိုတော့ ဝန်းသိုနယ် ဖြစ်ပါလိမ့်မယ်၊ ကောလင်းနယ် မဟုတ်ပါဘူး"

"မှန်ပါ၊ မှတ်ပုံတင်ပြုလုပ်စဉ်က ဝန်းသိုနယ်ဖြစ်ပြီး ယခု ကောလင်း နယ်မှာနေသူ ဖြစ်ပါလိမ့်မယ် ဘုရား"

"အရှင်ကုသလ ဘာတွေများ မေးထားသလဲကွယ်"

"အရှင်ကုသလရဲ့အမေးက နှစ်ပုဒ်တည်းပါဘုရား၊

(၁) ပထမအမေးကတော့– လေးလရက်စုံသတ်၊ နှစ်လရက်စုံသတ်ရယ်လို့ ဝါထပ်တာကို ဘာကြောင့် ထပ်တယ်လို့ မသိပါဘူးတဲ့၊ ဘုရားရှင် လက်ထက်ကရော ဒီလို ဝါထပ်တာ ရှိပါသလားတဲ့ဘုရား။

(၂) ဒုတိယအမေးကတော့– ယခု ဦးကုသလ သီတင်းသုံးရာ ကျေးရွာ အတွင်းမှာ ဉာဏ်တော် ၉– တောင်ခန့်မျှ စေတီပျက် ၃–ဆူရှိပါသတဲ့၊ ၎င်း စေတီပျက်ကို တောဖုံးနေတဲ့အတွက် အချို့ သိနားလည်မှုမရှိကြတဲ့ ရွာသူရွာသားတွေဟာ စေတီပျက်ကို အရိုအသေကင်းမဲ့ပြီး သွားလာနေထိုင် ကြပါသတဲ့၊ ထိုစေတီများဟာ ရှေးတည်စဉ် ကာလက ကြည်ညိုဖွယ် နေရာဌာန ဖြစ်မည် မှန်သော်လည်း ယခုတော့ဖြစ်၍ တည်ရာဌာန

http://www.dhammadownload.com



မကောင်းဖြစ်နေပါသတဲ့၊ ဒါကြောင့် ၎င်း စေတီပျက်များကို ရွှေ့ပြောင်း၍ ဘုန်းကြီးကျောင်း တည်ရာ ရွာဦးသို့ ပြောင်းရွှေ့ သင့်၊မသင့် လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"အရှင်ကုသလရဲ့ အမေး (၁)ကို ဦးစွာဖြေကြစို့ရဲ့။

(၁) တစ်နှစ်ဆိုတဲ့အချိန်ကာလကို ဘာနှင့် သတ်မှတ်သလဲ၊ အခုလူတိုင်းကတော့ လနှင့်သတ်မှတ်ကြ တယ်၊ တန်ခူးလကစပြီး တစ်လပြီးတစ်လ လွန်သွားရာ ၁၂–လပြည့်တဲ့ တပေါင်းလကွယ်ဟာ တစ်နှစ်လို့ ယူဆကြတယ်၊ အဲဒီအယူအဆကို 'စန္ဒရမာသနည်း'လို့ ခေါ်တယ်။

စန္ဒရမာသနည်းဟာ ဟုတ်တော့မှာတ်တယ်၊ ဒါပေမယ့် မမှန်ဘူးကွယ့်၊ ဘာကြောင့် မမှန်တာလဲဆိုတာကို ပြောပြဦးမယ်၊ ကမ္ဘာပေါ်မှာ နေမင်းဟာ ပဓာနပဲ၊ ဒီနေ့ နေထွက်က နောက်နေ့နေထွက်ကို တစ်ရက်လို့ ယူဆကြတယ်။

သို့သော်လည်း နေက ပဓာနမဟုတ်ဘူး၊ နက္ခတ်က ပဓာနဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ နေဆိုတာ တနင်္ဂနွေဂြိုဟ်ပဲ၊ သူဟာ အသွားအလာ မမှန်ဘူး၊ တစ်ခါတစ်ရံ မြန်တယ်၊ တစ်ခါတစ်ရံ နှေးတယ်၊ အသွားအလာ မှန်ကန်တာက နေမဟုတ်ဘူး၊ နက္ခတ်ဖြစ်တယ်၊ ဒါကြောင့် နေက ပဓာန မဟုတ်ဘူး၊ နက္ခတ်က ပဓာနလို့ မှတ်သင့်တာပေါ့၊ နက္ခတ်နှင့်နေ ကောင်းကင်မှာ ယှဉ်ပြိုင်သွားကြတဲ့အခါ နက္ခတ်က အသွားမြန်ပြီး နေက အသွားနှေးတယ်၊ နက္ခတ်က ဘယ်လောက်မြန်သလဲဆိုတော့ တစ်လ (ရက်ပေါင်း–၃၀)မှာ နေကို ၉–ပါဒ် လွန်သွားတယ်။

ဒီနေရာမှာ ၉–ပါဒ်ဆိုတာ ဘာလဲလို့ သိချင်လိမ့်မယ်ထင်တယ်၊ ပါဒ်အကြောင်း ပြောရလျှင်ဖြင့် အတော်ရှည်သွားမှာပဲ၊ ဒါပေမယ့် ပါဒ်အကြောင်း မပြောလျှင်လည်း အဓိပ္ပာယ်ပေါက်မှာ မဟုတ်လို့ ခပ်တိုတိုတော့ ပြောရဦးတော့မှာပဲ။

မိုးပေါ်မှာ နက္ခတ် ၂၇–လုံးရှိတယ်ဆိုတာတော့ ကြားဖူးပါလိမ့်မယ်၊ **နက္ခတ် ၂၇–လုံးက** (၁) အဿဝဏီ၊ (၂) ဘရဏီ၊ (၃) ကြတ္တိကာ၊ (၄) ရောဟဏီ၊ (၅) မိဂသီ၊ (၆) အဒြ၊ (၇) ပုနဗ္ဗုသျှ၊ (၈) ဖုသျှ၊ (၉) အသလိဿ၊ (၁၀) မာဃ၊ (၁၁) ပြုဗ္ဗဖလဂုနီ၊ (၁၂) ဥတ္တရဖလဂုနီ၊ (၁၃)

http://www.dhammadownload.com



ဟာဿတ၊ (၁၄) စိတြ၊ (၁၅) သွာတိ၊ (၁၆) ဝိသာခါ၊ (၁၇) အနုရာဓ၊ (၁၈) ဇေဋ္ဌ၊ (၁၉) မူလ၊ (၂၀) ပြုဗ္ဗာသာဠ်၊ (၂၁) ဥတ္တရာသာဠ်၊ (၂၂) သရဝဏ်၊ (၂၃) ဓနသိဋ္ဌ၊ (၂၄) သတဘိသျှ၊ (၂၅) ပြုဗ္ဗဘဒြပိုဒ်၊ (၂၆) ဥတ္တရာဘဒြပိုဒ်၊ (၂၇) ရေဝတီ၊ အားလုံး ၂၇-လုံးရှိတယ်၊ ဒီနက္ခတ် ၂၇-လုံး ကုန်ဆုံးတဲ့နေ့ဟာ တစ်နှစ်ပြည့်တဲ့နေ့ပဲ။

နက္ခတ် ၂၇-လုံးက ဘယ်လိုကုန်သွားတာလဲ ဆိုတာကို ပြောပြဦးမယ်၊ နက္ခတ်နှင့်နေ ယှဉ်ပြိုင်သွားကြတဲ့အခါ နက္ခတ်က မြန်တယ်၊ နေက နှေးတယ်၊ နက္ခတ်က နေထက် ဘယ်လောက်မြန်သလဲဆိုတော့ နက္ခတ်အစ၊ အသဝနီက နေနှင့်အတူ ယှဉ်ပြိုင်ပြေးရာမှာ နေက တစ်စတစ်စ နောက်ကျပြီး နက္ခတ်က တစ်စတစ်စ ရှေ့တက်သွားလိုက်တာ နောက်ဆုံး နက္ခတ် ရေဝတီလည်း လွန်ရော တစ်နှစ်လည်း ပြည့်ရောပဲတဲ့ကွယ့်။

ဆိုလိုတာက နက္ခတ် ၂၇-လုံးဟာ တစ်နှစ်ပြည့်တဲ့အချိန် နေကို လွန်သွားတယ်လို့ ဆိုလိုတယ်၊ တစ်လကို နက္ခတ်က ဘယ်လောက်လွန်သလဲ ဆိုတာကိုတော့ တစ်နှစ်မှာ ၁၂-လရှိပြီး နက္ခတ်က ၂၇-လုံးမို့ နက္ခတ် အတိအကျ တွက်လို့မရဘူး၊ ဒါကြောင့် နက္ခတ်တစ်လုံးကို ၄-ပိုင်း ပိုင်းလိုက်တယ်၊ အဲဒီ ၄-ပိုင်းကို ၄-ပါဒ် လို့ခေါ်တယ်၊ နက္ခတ် ၂၇-လုံးကို ၄-ပါဒ်နှင့်မြှောက် နက္ခတ် ၂၇-လုံးမှာ ပါဒ် ၁၀၈-ရှိတယ်။

ပါဒ် ၁၀၈-ကိုတည် ၁၂-လနှင့်စားလျှင် တစ်လတစ်လလျှင် နက္ခတ်က နေထက် ၉-ပါဒ် သာလွန်ကြောင်း သိရတယ်၊ ကိုးနဝင်းတို့ ၁၀၈-ပါဒ်တို့ ဆိုတာ အဲဒီက လာတဲ့စကား ဖြစ်တယ်ကွယ့်၊ မကြားဘူးလို့ စကားထူး ဖြစ်နေတာပေါ့၊ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး၊ တစ်လလျှင် နေထက် နက္ခတ်က ၉-ပါဒ် သာလွန်ကြောင်း သိရပြီ၊ အဲဒီ ၉-ပါဒ်ကို သိလွယ်အောင် ရုပ်ပုံကလေးများနှင့် ပြတယ်။

- ပထမ ၉-ပါဒ်ကြယ်စုက ဆိတ်ရုပ်နှင့်တူလို့ **မိဿရာသီ**ခေါ်တယ်၊
- ဒုတိယ ၉-ပါဒ်ကြယ်စုက နွားရုပ်နှင့်တူလို့ **ပြိဿရာသီ**၊
- တတိယ ၉-ပါဒ်ကြယ်စုက မိန်းမယောကျ်ား ပေါင်းဖော် ဟန်တူလို့ **မေထုန်ရာသီ**၊

http://www.dhammadownload.com



- စတုတ္ထ ၉–ပါဒ်ကြယ်စုက ပုစွန်လုံးနှင့်တူလို့ **ကရကဋ်ရာသီ၊**
- ပဥ္စမ ၉–ပါဒ်ကြယ်စုက ခြင်္သေ့နှင့်တူလို့ **သိဟ်ရာသီ၊**
- ဆဋ္ဌမ ၉–ပါဒ်ကြယ်စုက အပျိုနှင့်တူလို့ (ကညာ) **ကန်ရာသီ၊**
- သတ္တမ ၉–ပါဒ်ကြယ်စုက ချိန်ခွင်နှင့်တူလို့ **တူရာသီ၊**
- အဋ္ဌမ ၉–ပါဒ်ကြယ်စုက ကင်းမြီးကောက်နှင့် တူလို့ **ဗြိစ္ဆာရာသီ၊**
- နဝမ ၉–ပါဒ်ကြယ်စုက လေးကိုင်မြင်းစီးရုပ်နှင့် တူလို့ **ဓနုရာသီ၊**
- ဒသမ ၉–ပါဒ်ကြယ်စုက မကာရ်းနှင့်တူလို့ **မကာရရာသီ၊**
- ဧကာဒသမ ၉–ပါဒ်ကြယ်စုက အိုးနှင့်တူလို့ (ကုမ္ဘ)**ကုံရာသီ၊**
- ဒွါဒသမ ၉–ပါဒ်ကြယ်စုက ငါးနှင့်တူလို့ (မိန) **မိန်ရာသီ**လို့ အမည်ပေးထားကြတယ်။

၉–ပါဒ်တစ်စုလျှင် တစ်လမို့ ၁၂–လရာသီလည်း စေ့ရော တစ်နှစ်လည်း ကုန်ဆုံးတာပါပဲ၊ တစ်ရာသီလျှင် ရက်ပေါင်း ၃၀–နှင့်တွက်ခဲ့လျှင် ၁၂–လ၊ ၁၂– ရာသီမှာ ရက်ပေါင်း ၃၆၀–ပဲရှိတယ်၊ အမှန်တကယ်ကတော့ နက္ခတ် ၂၇–လုံးကုန်ဆုံးတာဟာ ရက်ပေါင်း ၃၆၅–ရက် ၄–ပိုင်း ၁–ပိုင်း ရှိတယ်၊ ဒါကြောင့် ပြက္ခဒိန်မှာ ပြထားတဲ့ရက်ဟာ အပြည့်အဝ မဖြစ်ဘူး၊ ဒါကြောင့် ၃–နှစ်လျှင်တစ်ကြိမ် ဝါထပ်ရတယ်၊ ဝါငယ် ကပ်ရုံနှင့် ရက်က မကုန်ဘူး၊ အားလုံး နက္ခတ်နှင့် ရက်နှင့် ကိုက်သွားအောင် ဝါကြီး ၄–လ ရက်စုံသတ်ရတယ်၊ ဒီလောက်ဆိုလျှင် ဝါထပ်ရတဲ့အကြောင်း အကြမ်းနည်းတော့ သိသင့်ပါပြီ၊ သို့သော်လည်း အဖြေအနည်းငယ် ကျန်နေသေးသကွယ့်၊ မေးတဲ့ပုဂ္ဂိုလ်က ဒီလို ဝါထပ်တာဟာ ဘုရားရှင်လက်ထက်ကရော ရှိပါသလားတဲ့ ဟုတ်လားကွယ့်"

"မှန်ပါတယ်ဘုရား"

"ဝါထပ်တယ်ဆိုတာ ဗေဒင်ဆရာများ တွက်ချက်ပြီး ပြောကြတာကိုး၊ သူလို ငါလို ဘာသိဘာသာ ပုဂ္ဂိုလ်တွေကတော့ ဝါထပ်လား မထပ်လား၊ အရေးထားကြမယ် မထင်ပါဘူး၊ ဒါကြောင့် မင်းရဲ့ ဗေဒင်ဆရာက တွက်ချက်ကြည့်ပြီး သည်နှစ် ဝါထပ်တယ်လို့ မင်းကိုလျှောက်တော့ မင်းက ဝါထပ်ကြောင်း ကြေညာခဲ့လျှင် မင်းရဲ့အလိုကိုလိုက်ပြီး ဒုတိယ ဝါဆိုလပြည့်ကျော်တစ်ရက်

http://www.dhammadownload.com



နေ့မှ ဝါဆိုသင့်ကြောင်း (အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝသိတုံ)လို့ မဟာဝဂ်ပါဠိတော် ဝဿူပနာယိကက္ခန္ဓကမှာ ပါတာကို ထောက်ပြီး ဘုရားရှင် လက်ထက်တော်ကလည်း ဝါထပ်မှုရှိကြောင်း ဖြေဆိုလိုက်ပါတယ်။

(၂) အရှင်ကုသလရဲ့ ဒုတိယအမေးက **ပျက်စီး၍ တောဖုံးနေသော စေတီတော်များကို သင့်လျော်ရာ ဌာနသို့ ရွှေ့သင့် မရွှေ့သင့်တဲ့ကွယ်။**

မြန်မာနိုင်ငံတော်ဟာ ရှည်ကြာလေးမြင့်တဲ့ကာလက စပြီး ဗုဒ္ဓသာသနာတော် ဝင်ရောက်နေတာမို့ ရှေးက ရွာဟောင်း မြို့ဟောင်း အတော်များများမှာ စေတီအပျက် အတော်များများကို မြင်တွေ့ကြရပါတယ်၊ ဒီစေတီပျက်တွေဟာ မူလကတော့ စေတီတည်ထိုက်တဲ့ နေရာတွေမှာပဲ တည်တာပါပဲ၊ နောက်တော့ အခြေအနေတွေ ပြောင်းလဲပြီး အိမ်ကြိုအိမ်ကြား ရောက်တာက ရောက်၊ ချုံအုပ်တာက အုပ်၊ ညောင်ပေါက်တာက ပေါက်နှင့် ဖြစ်ချင်သလို ဖြစ်လာကြတယ်။

ဒီလို စေတီတွေကို ဖျက်ပြီး တစ်နေရာရာ ရွှေ့ဖို့နှင့်ပတ်သက်ပြီး ရွှေ့ကောင်းတယ်၊ မရွှေ့ကောင်းဘူးဆိုတဲ့ အငြင်းအခုန်တွေဟာ ဟိုရှေးရှေးကပင် ဖြစ်ခဲ့ဖူးပါတယ်။

ပုသိမ် ရွှေမုဋ္ဌောဘုရား ဓာတ်ကြိုးမြုပ်မှုနှင့်ပတ်သက်ပြီး ဆရာတော် ဦးပဒုမက စေတိယံ ဘိန္ဒတ္တိ၊ ဗောဓိရုက္ခံ ဘိန္ဒတ္တိ လို့ ကျမ်းလာတယ်၊ စေတီဖျက်ဆီးသူ၊ ဗောဓိပင် ခုတ်သူမှန်သမျှ အပါယ်ကျတတ်တယ်၊ လုံးဝ မလုပ်ရဘူးလို့ ကန့်ကွက်တယ်၊ မန်လည်ဆရာတော်ဘုရားကတော့- (ယာနိကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ၊ ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ)ဟူသော ဂါထာကိုကိုး၍ စိတ်ဆိုးဖြင့် မဖျက်အပ်၊ စိတ်ကောင်းဖြင့် ကောင်းအောင် ပြုလုပ်သည်မှာ ဖျက်သည်မဟုတ်၍ အပြစ်မရှိကြောင်း ဆုံးဖြတ်ပါသည် စာရေးသူ၏ အလိုမှာမူကား အုတ် ကျောက် စသည်ဖြင့် ပြုလုပ်ထားသော စေတီဆိုသည်မှာ ဓာတ်တော်ထားသော ဓာတ်တော်တိုက်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရှိခိုးပူဇော်အပ်သော ဓာတ်တော်များ မပျက်စီးမီ စေတီပျက်ကို ပြောင်းရွှေ့ခြင်းဖြင့် တစ်စုံတစ်ရာ အပြစ်အနာအဆာကို မတွေ့ပါ၊

http://www.dhammadownload.com



ပိဋကတ် စာအုပ်များထည့်ထားသော ဗီရိုသေတ္တာသည် စေတီပင် ဖြစ်ပါသည်၊ ဗီရိုသေတ္တာ ပျက်စီးသောကြောင့် လူတိုင်း လွယ်ကူစွာ ပြုပြင်တတ်ကြသော်လည်း အုတ်ကျောက်ဖြင့် ပြုလုပ်ထားသော စေတီပျက်ကို ဖျက်ရန်ကား အလွန် ဝန်လေးနေကြပါသည်၊ အမှန်သော်ကား စိတ်ကောင်းနှင့် ပြုပြင်လျှင် လွန်စွာ အကျိုးကြီးပါသည်၊ သို့သော် စိတ်ဆိုးစိတ်ယုတ်ဖြစ်မှု ပျက်စီးသောစေတီကို မဖျက်ဆီးပါနှင့်။

အထူးအားဖြင့် စေတီဟူသည် ဗုဒ္ဓဘာသာတိုင်းနှင့် သက်ဆိုင်ပါသည်၊ ထို့ကြောင့် စေတီပျက်ကို ပြောင်းရွှေ့လိုသော် ဗုဒ္ဓဘာသာများနှင့် တိုင်ပင်၍ အများ ညီညွတ်မှ ပြောင်းရွှေ့ပါမှု တစ်စုံတစ်ရာ အပြစ်မရှိကြောင်း အဖြေ ပေးလိုက်ပါတယ်။

သာဓု... သာဓု... သာဓု။

